ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၁)၊ အမှတ်(၂၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၂၃ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS



# မြန်မာ့စပါးကျီ ရေကြီးရေလျှံ

**ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းမှာပင် လယ်ဧက နှစ်သိန်းခန့် ရေနစ်ပြီး လူ ရှစ်သောင်းခွဲခန့် ရေဘေးသင့်နေ**

သတင်းအဖွဲ့

ဧရာဝတီတိုင်းသားတစ်ယောက်ဖြစ်ပြီး လူမှုန်းသိတတ်စ အရွယ်ကတည်းက ရေကူးကျွမ်းကျင်ခဲ့သော အသက် ၅၄ နှစ်အရွယ် ဦးလှကြိုင်သည် ဩဂုတ်လ ၁၃ ရက်က ရေနစ်သေဆုံးသွားခဲ့သည်။ ပုံမှန်ထက် ၁၀ပေကျော် မြင့်တက်လာသောရေပြင်တွင် ၎င်း၏ သစ်သားလှေကို လှော်ခတ်ခဲ့ပြီး မိတ်ဆွေတစ်ယောက်အိမ်မှအပြန် ဓာတ်ကြိုးနှင့် တိုက်မိကာ ရေထဲသို့ ပြုတ်ကျသေဆုံးသွားခဲ့ခြင်းဖြစ်သည်။ စာ(၂၈)သို့

ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)

ပုသိမ်မြို့ ရပ်ကွက်တစ်ခုတွင် အလှူရှင်များကဝေငှသော ထမင်း၊ဟင်းထုပ်များနှင့်အတူတွေ့ရသည့် ရေဘေးဒုက္ခသည်များ

## လွှတ်တော် ကိုယ်စားလှယ်များက ခုံရုံးအား စွပ်စွဲပြစ်တင်သည့် နည်းလမ်းကိုသာအသုံးပြုမည်

သီဟ

**နေပြည်တော်၊ဩဂုတ် - ၂၀**

လွှတ်တော်အသီးသီးမှ ဖွဲ့စည်းသည့်ကော်မတီနှင့်ကော်မရှင်များအား ပြည်ထောင်စုအဆင့်မဟုတ်ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်မှုအပေါ် လွှတ်တော်များနှင့် ခုံရုံးတို့အကြားအငြင်းပွားမှုများဖြစ်ပေါ်နေမှုအား စာ(၇)သို့

## သတင်းဂျာနယ်များအား စိစစ်ဖြတ်တောက်မှု ရပ်ဆိုင်း

### ဆယ်စုနှစ်ငါးခုနီးပါးကြာ စိစစ်ဖြတ်တောက်မှုများ ဆုံးခန်းတိုင်သွားခြင်းဖြစ်

**ရန်ကုန်၊ဩဂုတ် - ၂၀**

ပြည်တွင်းထုတ်သတင်းဂျာနယ်နှင့် စာစောင်၊ မဂ္ဂဇင်းများအားလုံး ဩဂုတ် ၂၀ရက်မှစ၍ စာပေစိစစ်ရေးသို့ကြို၍တင်စရာမလိုတော့ဘဲ ပုံနှိပ်ပြီးမှတင်ပြရသည့်ထုတ်တင်စနစ်သို့ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း စာပေစိစစ်နှင့်မှတ်ပုံတင်ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်မောင်ကပြောကြားသည်။

ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ စာများကို ကြိုတင်စိစစ်ဖြတ်တောက်သည့် စာပေစိစစ်ရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဦးစီးဌာနသို့ ယခုကဲ့သို့ မိတ္တူနှစ်စောင် တင်ပြနေရခြင်းများက ဆယ်စုနှစ် ၅ ခုနီးပါးကြာခဲ့ပြီဖြစ်ပြီး ယခုနောက်ဆုံးအဆင့်အဖြစ် သတင်းဂျာနယ်များကို ဖြေလျှော့ပေးလိုက်ခြင်းဖြစ်သည်။

"ပုံမနှိပ်မီ ကြိုတင်ခဲ့ရတဲ့ကာလက ၄၈ နှစ်နဲ့ နှစ်ပတ်ရှိပါပြီ။ ခုတော့ အားလုံးစိစစ်ခြင်း မရှိတော့ပါဘူး" ဟုစာပေစိစစ်နှင့်မှတ်ပုံတင်ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေကပြောကြားသည်။

စာနယ်ဇင်းကောင်စီကိုဖွဲ့စည်းပြီး ၂၀၁၂ခုနှစ်ဇွန်လတွင်စာပေစိစစ်မှုများကိုပြုလုပ်တော့မည်မဟုတ်ကြောင်းပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူများက ပြောကြားထားခဲ့သော်လည်း စာပေစိစစ်ခြင်းကို အမြဲတမ်းစာနယ်ဇင်းကောင်စီ ဖွဲ့စည်းအပြီး ရက်သတ္တနှစ်ပတ်အကြာ ယခုဩဂုတ်လတွင်မှ စိစစ်မှုများကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။ စာ(၁၂)သို့

မလေးရှားတွင် ဓာတ်ငွေ့ဖြည့်ဂိုဒေါင်ပေါက်ကွဲ၍ မြန်မာလုပ်သား သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ
စာမျက်နှာ ၂

ပြည်တွင်းရုပ်သံလိုင်းများ ဈေးကွက်ယှဉ်ပြိုင်မှုပြင်းထန်လာပြီးနောက် ...
အချပ်ပို C

မြေယာအသိမ်းခံရမှုများ စုံစမ်းရေးကော်မရှင် လွှတ်တော်ပြီးလျှင် လုပ်ငန်းစတင်မည်
စာမျက်နှာ ၅



7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## မြေနှင့်အိမ်ရာစီမံခန့်ခွဲမှုများကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ရမှသာ ဆောင်ရွက်ရန် သမ္မတညွှန်ကြား

**အေးမြကျော်**

**ရန်ကုန်၊ဩဂုတ်-၁၆**

ပြည်သူများနှင့် ထိတွေ့ဖြေရှင်းရသည့်အထဲတွင် မြေနှင့်အိမ်ရာ စီမံခန့်ခွဲမှုများသည် ပြဿနာရှုပ်ထွေးသည့်အတွက် ပြည်နယ်၊ တိုင်းအစိုးရများအနေနှင့် ပြည်ထောင်စုအစိုးရ၏ သဘောထားမှတ်ချက် မပါဘဲ တိုက်ရိုက်စီမံခန့်ခွဲမှု မပြုလုပ်ရန်နှင့် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက် ရယူသွားရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နေပြည်တော်တွင် ဩဂုတ်လ ၁၅ ရက် နံနက်က ပြုလုပ်သော ဒုတိယအကြိမ် စီမံကိန်းကော်မရှင် တတိယနေ့အစည်းအဝေး၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဌာနများကလည်း နိုင်ငံတော်က ဖွဲ့စည်းပေးထားသော မြေအဆောက်အအုံများမှတစ်ပါး ကျန်ဝန်ကြီးဌာန အစီအစဉ်ရှိနေသည့် မြေနှင့် အဆောက်အအုံများကို တိုင်းနှင့် ပြည်နယ် အစိုးရအဖွဲ့များက စီမံကိန်းကော်မရှင်သို့ တင်ပြထားသည့် မြို့ပြစီမံကိန်းနှင့် အညီ ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြလွှဲပြောင်းသွားရမည် ဖြစ်ကြောင်းလည်း သမ္မတက ပြောကြားခဲ့သည်။

အောက်ခြေမြို့နယ် အချို့တွင်မြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများက သူ့နည်းသူ့ဟန်ဖြင့် ရင်းနှီးမြှုပ်နှံမှုများကို နေရာချပေးခြင်း၊ ဘာသာရေးအဆောက်အအုံ တိုးချဲ့မှုများကို မ သိရှိခြင်း၊ အချို့ဓာတ်ဆီဆိုင်နေရာများကို ယင်းတို့သဘောအတိုင်း နေရာချထားခြင်းကြောင့် ပြည်သူများနှင့် ပြဿနာဖြစ်ပွားခြင်း စသည့်ပြဿနာများ ကြုံတွေ့နေရကြောင်းလည်း သမ္မတက အစည်းအဝေး နိဂုံးချုပ် မိန့်ခွန်းတွင် ရည်ညွှန်းပြောဆိုသွားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံကြမည့်သူများအတွက် အခြားနိုင်ငံများကဲ့သို့ အဆင်ပြေချောမွေ့ခြင်း မရှိသည့်ကိစ္စမှာ မြေနေရာရရှိရေး ကြန့်ကြာနေခြင်းကြောင့် ဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အနေနှင့် မြေယာခွဲဝေ အသုံးချမှု စိစစ်ရေး ဆောင်ရွက်ရေး ကော်မတီကို ဖွဲ့စည်းပေးထားပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ အရေးကြီးသည့်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများ အမြန်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်လည်း စီစဉ်နေကြောင်း သမ္မတက ပြောကြားခဲ့သည်။




## ဒေါ်အောင်ဆန်းစုကြည် အာဆီယံခေါင်းဆောင်မှု ဆွေးနွေးပွဲသို့ တက်ရောက်မည်

**ကွာလာလမ်ပူ၊ ဩဂုတ်-၁၈**

လာမည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံတွင် ကျင်းပမည့် ASEAN 100 ခေါင်းဆောင်မှုဖိုရမ်သို့ နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မည်ဖြစ်ကြောင်း Asia Inc ဖိုရမ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နှစ်စဉ်ကျင်းပသော ဖိုရမ်တွင် မိန့်ခွန်းပြောကြားရန်ရှိပြီး အခမ်းအနားဒုတိယနေ့တွင် ဆွေးနွေးပွဲသို့ လာရောက်သူများနှင့် ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း Asia Inc ၏ ထုတ်ပြန်ချက်က ဖော်ပြသည်။

ယခုနှစ်တွင် ဆွေးနွေးမည့်ခေါင်းစဉ်မှာ "လှိုင်းထန်နေသော ကမ္ဘာကြီး၊ အမြင့်ပျံနေသော အာရှ၊ ထိုမှ ဘယ်လိုရှေ့ဆက်ကြမလဲ"ဟူ၍ဖြစ်ပြီး အခမ်းအနားအား ဒီဇင်ဘာ ၅၊ ၆ ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

Asean 100 Leadership Forum သည် ဒေသတွင်း၌ ၎င်းတို့ကျင်းပသော အခမ်းအနားများတွင် အအောင်မြင်ဆုံးဖြစ်ပြီး အာဆီယံဒေသ၏ အနာဂတ်စီးပွားရေးခေါင်းဆောင်များ၊ အစိုးရအကြီးအကဲများနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင်များအတွက် အဓိကရည်ရွယ်ကြောင်း Asia Inc ကြေညာချက်က ဖော်ပြသည်။

ယခုနှစ် ဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ဆွေးနွေးမည်ဆိုခြင်းအတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ သူမ၏ ဘဝခရီးလမ်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုမှာ အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွက်ပါ အတုယူလေးစားစရာဖြစ်သည်ဟု Asia Inc ကုမ္ပဏီဥက္ကဋ္ဌမစ္စတာ တင်မိုသီအွန်က ပြောကြားသည်။ Asean 100 Forum

## မြန်မာအပါအဝင် ၁၀နိုင်ငံ သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးထိခိုက်မှုများနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၆**

မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ ၁၀ နိုင်ငံမှာ ရေကြီးခြင်း အပူပိုင်းမုန်တိုင်း တိုက်ခတ်ခြင်းနှင့် ငလျင်လှုပ်ခြင်းများကြောင့် အဆိုပါနိုင်ငံများ၏ ဘဏ္ဍာရေးကို ကြီးမားစွာထိခိုက်နိုင်ကြောင်း The Economic မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

နိုင်ငံပေါင်း ၁၉၇ နိုင်ငံအား လေ့လာထားသော အင်္ဂလန်နိုင်ငံ အခြေစိုက် Maplecroft ဘေးအန္တရာယ် လေ့လာရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာကို ကိုးကား၍ The Economic သတင်းစာက ရေးသားထားခြင်းဖြစ်သည်။



**ပုသိမ်မြို့ ရေဝင်နေသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံအပါအဝင် စီးပွားရေး များစွာထိခိုက်နိုင်သော နိုင်ငံဆယ်နိုင်ငံတွင် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နှင့် ဟွန်းဒူးရပ်စ်နိုင်ငံများလည်း ပါဝင်သည်ဟု ဖော်ပြထားသည်။

"ဒီမှာက ရေကြီးတာအပြင် မိုးခေါင်တာပါ ကြုံနေရတာ။ အရင်ထဲက စီးပွားရေးက ကျနေတာကို ထပ်ကြုံရတော့ အတိုင်းအတာတစ်ခုထိတော့ စီးပွားရေးမှာ ထိခိုက်နိုင်ပါတယ်"ဟုမြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က သုံးသပ်သည်။

ဇူလိုင်လကုန်တွင် ရေကြီးခဲ့ခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ လယ် ၆ ဧက လုပ်ကိုင်သူ တောင်သူတစ်ဦးက ကျပ်တစ်သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း ပြောကြားသည်။

ဆန်စပါးအဓိကစိုက်ပျိုးသော ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းဒေသတို့တွင် ရေကြီးနစ်မြုပ်ခဲ့သော စပါးခင်းများမှ ထက်ဝက်ခန့် မှာ ပျက်စီးနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းနေကြသည်။

ထိုအတူ ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးသော စစ်ကိုင်းတိုင်းတောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးခေါင်နေသဖြင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။

ယခုနှစ်တွင်မိုးခေါင်ခဲ့သဖြင့် ယာသုံးဧကလုပ်ခဲ့သော ပခုက္ကူမြို့နယ်မှ တောင်သူဦးညွန့်ရွှေက ကျပ်သုံးသိန်းကျော်ဖိုး ဆုံးရှုံးခဲ့ကြောင်း ပြောသည်။

"ထိခိုက်မှုလျော့နည်းအောင် အစိုးရအပါအဝင် အရပ်ဘက်အဖွဲ့အစည်းတွေပါ ပူးပေါင်းလုပ်ရမယ့်အခြေအနေပါ"ဟု ဦးချစ်ခိုင်က ဆိုသည်။

တောင်တရုတ်ပင်လယ်ပြင်တွင် တစ်နှစ်ပျမ်းမျှမုန်တိုင်း ၂၉ လုံးဖြစ်ပေါ်ပြီး ထပ်မံဖြစ်ပေါ်ရန် ကျန်ရှိသေးကြောင်းနှင့် ယခုရေကြီးမှုမှာ ထိုမုန်တိုင်းမိုးများကြောင့် ပါဝင်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ပြောသည်။

ထို့အပြင် ယခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းမဖြစ်သေးခြင်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် စိုးရိမ်ရကြောင်း ဦးထွန်းလွင်က ဆက်လက်ပြောသည်။

ပြီးခဲ့သည့်နှစ် မိုစပါးရာသီတွင်လည်း ရေကြီးနစ်မြုပ်ခဲ့သဖြင့် မိုးစပါးတင်သန်းပေါင်း ၁၇၇ သန်းအထွက်လျော့ခဲ့ပြီး နွေစပါးတွင်လည်း သန်းပေါင်း ၃၇ သန်းလျော့ကျခဲ့သည်ဟု သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

## မလေးရှားတွင် ဓာတ်ငွေ့ဖြည့်ဂိုဒေါင်ပေါက်ကွဲ၍ မြန်မာလုပ်သား သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ

**အိဖြူမွန်** **ရန်ကုန်၊ဩဂုတ်-၁၅**

မလေးရှားနိုင်ငံ ကူးလင်းမြို့ ဘာသဝက်ရပ်ကွက်တွင် ဓာတ်ငွေ့ဖြည့်လုပ်ငန်း ဂိုဒေါင်တစ်ခုပေါက်ကွဲခဲ့ရာ မြန်မာလုပ်သားသုံးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ပီနန်မြို့ရှိ မြန်မာနာရေးကူညီမှုအသင်း တာဝန်ခံ ကိုဝင်းသန်းထွန်းကပြောသည်။

ဩဂုတ် ၄ ရက် နံနက် ၃နာရီခန့်က မြန်မာအလုပ်သမားများ လုပ်ကိုင်နေသည့် စက်ရုံတွင် (ဓာတ်ငွေ့)ဖြည့်နေစဉ် ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပြီး မြန်မာအလုပ်သမားသုံးဦး မီးလောင်ဒဏ်ရာ အပြင်းအထန်ရရှိကာ ဆေးရုံတွင် ဆေးကုသမှုခံယူရင်း သေဆုံးသွားသည်။ ကျန်နှစ်ဦးမှာလည်း ဒဏ်ရာအပြင်းအထန်ရရှိပြီး ဆေးကုသမှု ခံယူလျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ကျန်တဲ့နှစ်ယောက်က ၅၀ ရာခိုင်နှုန်းစီပဲ အခုချိန်ထိ သတိမရသေးဘူး။ မလေးနှစ်ကူးနဲ့ တိုက်နေလို့ နောက်တစ်ပတ်ကျရင် သေဆုံးသူသုံးဦးကို သင်္ဂြိုဟ်မယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သေဆုံးသူသုံးဦးအနက် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောင်သာရွာဇာတိနှင့် ပုဂံညောင်ဦးခရိုင်၊ ငါးသရောက်မြို့နယ်၊ ထန်းငယ်တောရွာဇာတိ ဇော်လင်းတို့၏ နေရပ်လိပ်စာကိုသာ စုံစမ်းသိရသည်။ သို့သော်လည်း သေဆုံးသူ မိုးလွင်အပါအဝင် ဒဏ်ရာရရှိပြီး သတိမေ့နေသူကရင်နှင့် ကိုထွန်းဆိုသူသုံးဦးမှာ အဆက်အသွယ် မရရှိသေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

၎င်းတို့ လုပ်ကိုင်သော ဓာတ်ငွေ့ဖြည့် ဂိုဒေါင်စက်ရုံသည် တရားမဝင် စက်ရုံဖြစ်ပြီး လုပ်ကိုင်သူငါးဦးမှာ တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်လုပ်ကိုင်သောသူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"ရန်ကုန်က အောင်ဆန်းဦးဆိုတဲ့ တစ်ယောက်က ပို့ပေးတာ။ ဟိုကိုရောက်တာ ရှစ်လနဲ့ ရက်နှစ်ဆယ်ရှိပြီ။ ရွာက လုပ်ဖော်ကိုင်ဖက်တွေက အကြောင်းကြားလို့ သိရတာ။ ကျွန်မ မယုံဘူး"ဟု ကိုဇော်မျိုးခိုင်၏ ဇနီးဖြစ်သူ ဒေါ်ခင်မျိုးထွေးကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## PHOTO NEWS




ရခိုင်ပြည်သူများအား ခွဲခြားဆက်ဆံခြင်း ရပ်တန့်ပေးရန်နှင့် ရခိုင်ပြည်နယ်တွင်း ပဋိပက္ခဖန်တီးမှုများ ရပ်တန့်ပေးရန်အတွက် ရန်ကုန်မြို့နေ ရခိုင်တိုင်းရင်းသား ၁၀၀ ခန့်သည် ဩဂုတ်လ ၁၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင်စမ်းချောင်းမြို့နယ် အာရှတော်ဝင် အထူးကုဆေးရုံအနီးမှစတင်ကာ ရှင်စောပုလမ်းအတိုင်း မိနစ် ၃၀ ကြာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြသည်။ တရားဝင်ခွင့်ပြုချက်ဖြင့်ဆန္ဒဖော်ထုတ်သူများမှာ ရခိုင်တိုင်းရင်းသားအဖွဲ့ အစည်းအသီးသီးမှ လူငယ်များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်လည်း လာရောက်ကြည့်ရှုခဲ့သည်။ သတင်း၊ ဓာတ်ပုံ-ဥက္ကာကိုကို

# ထိုင်းသို့ တရားဝင်အလုပ်သမားစေလွှတ်မှု မကြာမီခွင့်ပြုမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဩဂုတ်-၂၀**

ထိုင်းနိုင်ငံသို့ အလုပ်သမားများ တရားဝင် ပို့ဆောင်နိုင်ရန် တင်ဒါစနစ်ဖြင့် ခေါ်ယူထားသော အေဂျင်စီများအား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို မကြာမီ ထုတ်ပေးတော့မည်ဖြစ်ကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

ပြည်တွင်း၌ရှိသော အေဂျင်စီများအား လျှောက်ထားခွင့်ပြုရာ လက်ရှိအေဂျင်စီ ၅၁ ဖွဲ့ လာရောက်လျှောက်ထားပြီးဖြစ်၍ လိုင်စင်ရရှိသော ကုမ္ပဏီများအနေဖြင့် ထိုင်းနိုင်ငံဘက်မှ ကုမ္ပဏီများနှင့် လုပ်ငန်းစဉ်များ ဆွေးနွေးရန် ထိုင်းနိုင်ငံသို့ သွားရောက်ညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

"လိုင်စင်ရတာနဲ့ ချက်ချင်းလုပ်လို့မရသေးဘူး။ ဒီကအေဂျင်စီတွေကို ထိုင်းကိုခေါ်သွားပြီး အဲဒီက ကုမ္ပဏီတွေနဲ့ လုပ်ငန်းကိစ္စ ဆွေးနွေးမှုတွေ လုပ်ရဦးမှာ"ဟု ၎င်းကပြောသည်။

ယခုအခါ ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်သူများအနေဖြင့် ပွဲစားများ၏ ခေါင်းပုံဖြတ်မှု အပြင် ကုန်ကျစရိတ် သက်သာလာကာ အလုပ်သမားများအား အခမဲ့ဝန်ဆောင်မှုတို့ဖြင့် အလုပ်သမား စုဆောင်းပေးမည်ဖြစ်၍ ထိုင်းနိုင်ငံမှ အလုပ်ခေါ်စာများကိုလည်း တိုင်းနှင့်ပြည်နယ်များရှိ အစိုးရအလုပ်သမားရုံးများ၌ အလုပ်ခေါ်စာများအား ကြေညာပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ရွေးချယ်နိုင်ရန် အတွက် အလုပ်သမားဝန်ကြီးဌာနမှ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများအား ဇူလိုင်လ ၁၈ ရက်မှစ၍ လျှောက်လွှာများ တင်ရန် အကြောင်းကြားခဲ့သည်။

ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများအနေဖြင့် ယခုနှစ်ပိုင်း အတွင်း မလေးရှား နိုင်ငံထက် ထိုင်းသို့သွားရောက်မှု ပိုများလာကြောင်း သတင်းရရှိသည်။

# ပုဂ္ဂလိက လေကြောင်းလိုင်းသစ်နှစ်ခု ပျံသန်းရန်စီစဉ်

**အိဖြူလွင်၊ အောင်သူရ**

**ရန်ကုန်၊ဩဂုတ်-၁၈**

ပုဂ္ဂလိကကုမ္ပဏီနှစ်ခုက မြန်မာနိုင်ငံတွင် လေကြောင်းလိုင်းအသစ်နှစ်ခုကို ပြေးဆွဲရန်စီစဉ်နေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းများမှာ Golden Myanmar နှင့် တနင်္သာရီလေကြောင်းလိုင်းများဖြစ်ပြီး ပျံသန်းရန် စီစဉ်ညှိနှိုင်းဆဲ အခြေအနေသာရှိသေးကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

Golden Myanmar လေကြောင်းလိုင်းအား CB ဘဏ်နှင့် MGS ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တနင်္သာရီ လေကြောင်းလိုင်းကိုမူ တနင်္သာရီတိုင်းဒေသကြီး ကံပေါက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဦးနှင့် ၎င်း၏မိတ်ဆွေ လုပ်ငန်းရှင်များက စုပေါင်းလုပ်ကိုင်ရန် စီစဉ်နေကြခြင်းဖြစ်ကြောင်း လေကြောင်းလုပ်ငန်းရှင်များအကြား သတင်းထွက်ပေါ်နေသည်။

လေကြောင်းပျံသန်းမှုများကို ညှိနှိုင်းဆောင်ရွက်ပြီးပါက ယင်းလေကြောင်းလိုင်းများသည် ပြည်တွင်းနှင့် ပြည်ပခရီးစဉ် နှစ်မျိုးလုံးတွင် ပြေးဆွဲပျံသန်းမည်ဟုဆိုသည်။

လက်ရှိပြေးဆွဲနေသော ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများမှာ အဲပုဂံ၊ အဲမန္တလေး၊ ရန်ကုန်အဲဝေး၊ အဲကမ္ဘောဇ၊ အေးရှားဝင်းလေကြောင်းလိုင်းတို့ ဖြစ်သည်။

အဆိုပါ လေကြောင်းလိုင်းသစ်နှစ်ခု ထပ်မံပျံသန်းမည်ဆိုပါက ပြည်တွင်းပုဂ္ဂလိကပိုင်လေကြောင်းလိုင်းခုနစ်ခုထိ ရှိလာမည်ဖြစ်သည်။

နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများအရပြည်တွင်း ပြည်ပ ဆက်သွယ်ခရီးသွားမှု များပြားလာသောကြောင့် လေကြောင်းလိုင်းများလည်း များပြားလာရန်လိုအပ်သည်ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။



7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## CRIME မှုခင်းသတင်း CORNER

### အမေ့ကိစ္စစကားများရာမှ မယားညီအစ်ကိုနှစ်ဦး ဓားရေးယှဉ် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**အိဖြူလွင်**

**ရန်ကုန်၊ဩဂုတ်-၁၆**

အမေ့ကိစ္စဖြင့် မယားညီအစ်ကိုနှစ်ဦး စကားများရန်ဖြစ်ရာမှ ဓားဖြင့် အပြန်အလှန် တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကာ ရွှေပြည်သာမြို့နယ် ရဲစခန်းတွင် အပြန်အ လှန် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

ဩဂုတ်လ ၁၃ရက်က ရွှေပြည်သာမြို့နယ်နေသူအသက် ၂၄ နှစ်ရှိ ကိုညီညီထွန်း ၎င်း၏ဇနီး မ. . . တို့နှင့် မယားညီအစ်ကိုတော်သူအသက်၄၁နှစ်ရှိကိုဝင်းဇင်သည်ရွှေပြည်သာမြို့နယ် ၉ရပ်ကွက် မဟာမြိုင်လမ်းဘေးတွင် စကားများ ရန်ဖြစ်ပြီး ဓားကိုယ်စီဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရန်ဖြစ်မှုကြောင့် အသက် ၂၄နှစ်အရွယ် ကိုညီညီထွန်းမှာ သေဆုံးသွားပြီး ကိုဝင်းဇင်မှာ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေရသဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အမှုဖွင့်ထားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

သေဆုံးသူ ညီညီထွန်းက အရိုးအသွား ၁၁ လက်မခွဲခန့်နှင့်ဖြက်၄လက်မခန့်ရှိအသားလှီးဓားဖြင့်ကိုဝင်းဇင်ကိုခုတ်ခဲ့ပြီး ကိုဝင်းဇင်က အရိုးအသွား ၁၃လက်မခန့်ရှိ ဦးချွန်နှစ်ဘက်သွားဓားဖြင့် ကိုညီညီထွန်းကို ထိုးခဲ့ခြင်းဖြစ်သည်။

အမှုကို ရွှေပြည်သာ ရဲစခန်းက (ပ) ၈၉၅/၁၂ ပုဒ်မ ၃၀၂/ ၃၂၆၊(ပ) ၈၉၆/၁၂ပုဒ်မ ၃၂၆ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်နေသည်။

### ဗိုလ်ချုပ်တစ်ဦး၏သားဟု အယောင်ဆောင်သူကို ယာဉ်တိုက်မှုဖြင့် ဖမ်းဆီး

**ကျော်ဇေယျ**

**နေပြည်တော်၊ဩဂုတ်-၈**

နေပြည်တော်မြို့မဈေးရဲကင်းအနီးတွင်ဩဂုတ် ၂ရက်ည၈ နာရီ ၄၅ မိနစ်အချိန်က လူသုံးဦး စီးနင်းလာသော ဆိုင်ကယ်အားကားတစ်စီးက ဝင်တိုက်ရာ ဆိုင်ကယ်စီးနင်းသူ သုံးဦးအနက် အမျိုးသမီးတစ်ဦးမှာခြေကျင်းဝတ်တွင် ဒဏ်ရာရရှိသွားခဲ့သည်ဟုဆို၏။

ထိုစဉ် ကားပေါ်မှ ယာဉ်မောင်းဖြစ်သူတစ်ဦး ဆင်းလာပြီး မေးမြန်းရာ အမျိုးသမီးက ခြေကျင်းဝတ်ဘာဖြစ်မှန်းမသိကြောင်းပြန်လည်ဖြေစဉ်ယာဉ်မောင်းကယင်းသည် ကက(ဝယ်)မှ ဗိုလ်ချုပ်×××၏သားဖြစ်ကြောင်း ခြေထောက်နာလျှင်ခြေထောက်ကိုပါဖြတ်ပစ်ရန် ကုန်ကျငွေအား ကျသင့်သလောက်ပေးလျော်မည်ဖြစ်ကြောင်း မိုက်ရိုင်းစွာ ပြောဆိုသည့်အပြင်အနီးရှိရဲကင်းမှရဲတပ်ဖွဲ့ဝင်များနှင့်သက်ဆိုင်ရာနယ်မြေမှတာဝန်ရှိတပ်ဖွဲ့ဝင်များ(သတင်းတပ်ဖွဲ့၊စ. ရ. ဖ များအားလုံး) လာရောက်ကြည့်ရှုစဉ် ၎င်းသည် ဗိုလ်ချုပ်×××၏သားဖြစ်၍ ဝင်မရှုပ်ရန် ငေါက်ငန်းလွှတ်ခဲ့သည်ဟုဆို၏။

ထိုစဉ်အနီးရှိ နယ်မြေခံသတင်းထောက်ဖြစ်သော ကိုတင်မောင်လွင်က အဆိုပါဖြစ်ရပ်ကိုဓာတ်ပုံရိုက်စဉ်“မင်းဘာကောင်လဲ အလုပ်ပြုတ်သွားမယ်။ ငါက ဗိုလ်ချုပ်×××ရဲ့သား။ မဆိုင်ရင်ဝင်မရှုပ်နဲ့ အကုန်နာကုန်မယ်”ဟု ပြောဆိုကာ ပတ်ဝန်းကျင်ရှိ တာဝန်ရှိသူများအားလုံးကို ကြိမ်းမောင်း၍ ဆိုင်ကယ်အား အခင်းဖြစ်နေရာမှ အတင်းရွှေ့ခိုင်းသည်ဟုဆို၏။ တာဝန်ရှိသူများကလည်း လူကြီးတစ်ယောက်၏ သားသမီးဟုဆိုလာသဖြင့် ဇဝေဇဝါဖြစ်နေသော်လည်း အမှန်တကယ်စစ်ဆေးဆောင်ရွက်မှုပြုသောအခါ ယင်းဗိုလ်ချုပ် ×××၏ သားဟုဆိုသော လူငယ်မှာ အမှန်တကယ်မဟုတ်ဘဲ သာမန်ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦးသာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ ဗိုလ်ချုပ်×××၏ သားဟုဆိုခဲ့သော အထက်ပါ ယာဉ်မောင်းက ယင်း၏ ဗိုလ်ချုပ် ×××၏သားဟု ကြိမ်းဝါးမှုအပေါ် အခင်းဖြစ်စဉ်ကရှိခဲ့သော တာဝန်ရှိသူများ အားလုံးကိုနောက်ပိုင်းတွင် လိုက်လံတောင်းပန်ခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကို နေပြည်တော်ယာဉ်မှုစစ်က (ပ)၃၉/ ၂၀၁၂ ဥပဒေပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်ခဲ့ကြောင်းလည်း သိရသည်။

## ဆုံးရှုံးမှုများ၍ ပုလဲသွယ်စပ်မျိုးစပါး မစိုက်လိုတော့ကြောင်း လယ်သမားအချို့ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ပျက်စီးဆုံးရှုံးမှုများသဖြင့် ပုလဲသွယ်စပ်မျိုးစပါးအားထပ်မံမစိုက်ပျိုးတော့ကြောင်း ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ လယ်သမားများထံမှ သတင်းရရှိသည်။

“ပုံမှန်စပါးက ရေကြီးလို့သေရင် တစ်ဧကကို ကျပ်တစ်သောင်းလောက်ပဲ ကုန်တယ်။ ဒီပုလဲသွယ်က တစ်ဧကကို မျိုးဖိုးကြီးပဲ ကျပ်လေးသောင်း ကုန်တဲ့အတွက် မကိုက်ဘူး” ဟု ဝေါမြို့မှ တောင်သူတစ်ဦးက မှတ်ချက်ပြုသည်။

သက်ဆိုင်ရာဝန်ကြီးဌာနက ယခုနှစ်မိုးရာသီတွင် ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အပါအဝင် မိုးစပါးစိုက်ပျိုးသောဒေသများ၌ စိုက်ပျိုးရန် ညွှန်ကြားခဲ့ပြီး ဝေါမြို့နယ်တွင် ဧကတစ်ရာခန့် စိုက်ပျိုးခဲ့သည်။

“လာစိုက်ဖို့ ပြောကတည်းက ဒီဒေသနဲ့မကိုက်ဘူး၊မဖြစ်နိုင်ဘူးဆိုပြီး မစိုက်ခဲ့ဘူး။ စိုက်တဲ့လူတွေ ရေလည်းကြီးရော စိတ်ပျက်ကုန်ကြပြီ”ပဲခူးတိုင်းကဝမြို့နယ်မှ တောင်သူကိုသိုက်စိုးက ပြောသည်။

အဆိုပါ စပ်မျိုးစပါးများမှာ ဆည်ရေသောက်ဒေသများတွင်သာ ဖြစ်ထွန်းအောင် မြင်နိုင်သော်လည်း မိုးများသော ဒေသများတွင် အောင်မြင်ရန် မလွယ်ကူကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက မှတ်ချက်ပြုသည်။ယခုနှစ် မိုးစပါးရာသီတွင်ပုလဲသွယ်စိုက်ပျိုးသောတောင်သူများ ပုလဲဓာတ်မြေဩဇာနှင့် အာမိုဓာတ်မြေဩဇာတို့ကို သက်ဆိုင်ရာက ပံ့ပိုးပေးခဲ့သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စိုက်ပျိုးရေးပညာရှင်ဦးမှတ်ကြီးက စပ်မျိုးစပါးများအား စနစ်တကျစမ်းသပ်မှု မလုပ်ဘဲ တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရန် မသင့်ကြောင်း ပြောကြားခဲ့သည်။

## အမေရိကန်နှင့် ပြည်တွင်းကြော်ငြာကုမ္ပဏီတစ်ခု ပူးပေါင်းမှုစာချွန်လွှာရေးထိုး

**အောင်သူရ၊ ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

စင်ကာပူအခြေစိုက် အမေရိကန်ကုန်သည်များအသင်း အဖွဲ့ဝင်ကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံမှ ကြော်ငြာလုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီအသစ်တစ်ခုတို့ ပူးပေါင်းမှုစာချွန်လွှာရေးထိုးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။



အမေရိကန်သံအမတ်ကြီးနှင့်စင်ကာပူအခြေစိုက်အမေရိကန်ကုန်သည်များအသင်းဝင် ကုမ္ပဏီတာဝန်ရှိသူများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပထမအဆင့်အနေဖြင့် အချက်အလက်များဖလှယ်ရန် သဘောတူညီခဲ့ပြီး ပူးပေါင်းလုပ်ဆောင်မည့် အမေရိကန်ကုမ္ပဏီမှာ Omnicom Group (Advertising and Marketing Communications services company)ဖြစ်သည်ဟုကုမ္ပဏီဒုဥက္ကဋ္ဌ Mr. Tm Loveကသတင်းထောက်များအား ပြောကြားသည်။

မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီနာမည်ကိုမေးရာတွင် ကုမ္ပဏီမှာ အသစ်ဖြစ်ပြီး ပိုင်ရှင်မှာ ဒေါက်တာခင်ခင်ကျော်ဖြစ်ကြောင်း Mr. Tm Love က ဖြေကြားခဲ့သည်။

AmCham Singapore Organization အဖွဲ့ဝင်ကုမ္ပဏီ ၂၀ ကျော်သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာ လာရောက်လေ့လာပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့သည်။

အမေရိကန်ကုမ္ပဏီများအနေဖြင့် ပူးပေါင်းလုပ်ဆောင်မည့်ကုမ္ပဏီများ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာ၍ ကျင့်ဝတ်လိုက်နာပြီး ထင်သာမြင်သာရှိသော ကုမ္ပဏီများနှင့် သာ ပူးပေါင်းဆောင်ရွက်ကြောင်း အဆိုပါအဖွဲ့ဥက္ကဋ္ဌကပြောကြားခဲ့သည်။

မကြာသေးမီက လာရောက်ခဲ့သော အမေရိကန် အာဆီယံစီးပွားရေးလုပ်ငန်းအဖွဲ့ဝင် General Electric ကုမ္ပဏီက ပန်းလှိုင်နှင့် ဗဟိုစည်ဆေးရုံတို့နှင့် ဒေါ်လာနှစ်သန်းတန်ဖိုးရှိဆေးရုံသုံးပစ္စည်းများ ရောင်းချရန် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

အမေရိကန်ပြည်ထောင်စုအခြေစိုက် အမေရိကန်ကုန်သည်များအသင်းသည်ယခုနှစ်ဇူလိုင်လအတွင်းပထမအကြိမ်လာရောက်ခဲ့ပြီး ယခုအကြိမ်တွင် စင်ကာပူအခြေစိုက် ကုန်သည်ကြီးများအသင်းက ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ကာ အမေရိကန်ထိပ်တန်းကုမ္ပဏီများဖြစ်သည့် Ford မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီ၊ Hewlet Packard ကော်ပိုရေးရှင်း၊ Citibank အစရှိသော ကုမ္ပဏီများ ပါဝင်သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# မြေယာအသိမ်းခံရမှုများ စုံစမ်းရေးကော်မရှင် လွှတ်တော်ပြီးမှ လုပ်ငန်းစတင်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၁၆**

မြေယာအသိမ်းခံရမှုများ စုံစမ်းရေးကော်မရှင်သည် ယခုကျင်းပနေသော စတုတ္ထအကြိမ်ပုံမှန်လွှတ်တော်အစည်းအဝေးပြီးမှ လုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခိုင်မောင်ရည်ကပြောသည်။

"လောလောဆယ်တော့ ဘာမှ မဆောင်ရွက်နိုင်သေးဘူး။ လွှတ်တော်ပြီးမှပဲ စုံစမ်းဖော်ထုတ်ခြင်းနဲ့ အစီရင်ခံစာတင်သွင်းခြင်းဆိုပြီးတော့ လုပ်ရမှာပါ" ဟု ၎င်းက ဆိုသည်။

စုံစမ်းရေးကော်မရှင်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် လွှတ်တော်အဖွဲ့တို့ အကြား အမြင်ကြည်လင်စွာ လုပ်ဆောင်နိုင်ရန်အတွက် စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့်လည်း ဆွေးနွေးထားကြောင်း ဦးခိုင်မောင်ရည်က ပြောသည်။

စုံစမ်းရေးကော်မရှင်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကို စုံစမ်းနိုင်ရန်အတွက် အဖွဲ့ခွဲ ၉ ဖွဲ့ကို ထပ်မံဖွဲ့စည်းထားသည်။



**လှိုင်သာယာမြို့နယ် အတွင်းပဒံ၊အပြင်ပဒံနှင့် ကျွန်းကြီးကျေးရွာမှ လယ်သိမ်းခံရပြီး လျော်ကြေးကိစ္စ ကုမ္ပဏီနှင့်ညှိနှိုင်းရာတွင် အဆင်မပြေသေးသော လယ်သမားများ အသိမ်းခံရသောလယ်မြေပေါ်တွင် စပါးစိုက်၍ ဆန္ဒဖော်ထုတ်နေကြစဉ်**

ဓာတ်ပုံ-ခိုင်ထွန်း

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးတင်ထွတ်(ဇလွန်မဲဆန္ဒနယ်)၏ လယ်မြေများသိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးရန် အဆိုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ၌ ထောက်ခံမဲများသဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို အဖွဲ့ဝင် ၆၀ ဦးဖြင့် ဩဂုတ် ၈ရက်မှ စတင်ဖွဲ့စည်းခဲ့ကြောင်းပြည်ထောင်စုလွှတ်တော်နာယက ဦးခင်မောင်မြင့်ကထုတ်ပြန်ခဲ့သည်။

၎င်းစုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ ခေါင်းဆောင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးတွင်ဦးတင်ထွတ်(ဇလွန်မဲဆန္ဒနယ်)ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)ကလည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဦးလှဆွေ(မကွေးမဲဆန္ဒနယ် ၁၂)ကလည်းကောင်း၊

**စာ(၁၂)သို့**

# မြန်မာ့စီးပွားရေးဆယ်စုနှစ်အတွင်း တစ်နှစ် ရှစ်ရာခိုင်နှုန်း တိုးတက်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် ခန့်မှန်း

**နယူးယောက်၊ ဩဂုတ်-၁၉**

မြန်မာ့စီးပွားရေးသည် အိမ်နီးချင်းတရုတ်၊ အိန္ဒိယတို့နှင့် ကုန်သွယ်မှုတိုးတက်အောင် အစိုးရက ပြုလုပ်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းနိမ့်အောင် ထိန်းထားခြင်းအားဖြင့် လာမည့်ဆယ်စုနှစ်အတွင်း တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဖြင့်စီးပွားရေးတိုးတက်လာနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ADB ကခန့်မှန်းလိုက်သည်။

ယနေ့ထုတ်ပြန်သော ADB ၏ အစီရင်ခံစာ၌ "စီးပွားရေးအတွက် အနီးကပ်ကာလ ခန့်မှန်းချက်မှာ ထိုင်းစီးပွားရေး၏ ဆယ်ပုံတစ်ပုံပမာဏရှိပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ရောင်းချရမှု မြင့်တက်ခြင်းကြောင့် မျှော်လင့်ချက်အပြည့်ရှိနေသည်"ဟု ဖော်ပြထားကာ နှစ်စဉ်စီးပွားရေးတိုးတက်နှုန်း ရှစ်ရာခိုင်နှုန်းမှ ၂၀၃၀ ခုနှစ်အရောက်တွင် တစ်ဦးချင်း ဂျီဒီပီကိုသုံးဆတိုးစေကာ ဒေါ်လာ ၃,၀၀၀ ခန့်ရှိလာစေမည်ဟု ခန့်မှန်းထားသည်။

ADB ၏ လက်ထောက်စီးပွားရေးအကြီးအကဲ စင်ယောင်ပက်ကလည်း "မြန်မာဟာ သဘာဝရင်းမြစ်တွေ ကြွယ်ဝပြီး ဒေသတွင်းမှာ မဟာဗျူဟာကျတဲ့ တည်နေရာမှာရှိသလို လူငယ်ဦးရေလည်းအများအပြားရှိပါတယ်။ ဒီအချက်တွေအားလုံးက ကာလတိုအတွင်းမှာပဲမြန်မာကိုအလွန်အားကောင်းတဲ့ တိုးတက်ဖွံ့ဖြိုးမှုရအောင် ကူညီပေးနိုင်မှာပါ"ဟု ပြောသည်။ ADB က အစိုးရသည် နိုင်ငံ၏ လုပ်သားအင်အား သုံးပုံနှစ်ပုံနီးပါးရှိနေသော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးအောင် လက်ငင်းလုပ်သင့်ကြောင်းနှင့် နိုင်ငံတော်လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းမြစ်များကို ကုန်ထုတ်လုပ်မှု တိုးတက်အောင် အသုံးချနိုင်စွမ်းအလားအလာမှာလည်း အလွန်ကြီးမားကြောင်း ဆိုခဲ့သည်။

မြန်မာ့စီးပွားရေး တိုးတက်မှုအတွက် အန္တရာယ်များမှာ မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုပိုင်း၊ အခြေခံအဆောက်အအုံချို့တဲ့မှုနှင့် အခွန်ရငွေနိမ့်ကျမှုတို့ဖြစ်ပြီး လူဦးရေ၏ လေးပုံတစ်ပုံခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးပြီး၊အင်တာနက်ကို နိုင်ငံ၏လူအနည်းစုကသာ အသုံးပြုနိုင်သေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ တစ်ဦးချင်းတစ်နှစ်ပျမ်းမျှဝင်ငွေမှာ ဒေါ်လာ ၈၀၀ခန့်သာရှိပြီး၊ အစိုးရ၏ စီးပွားရေးငါးနှစ်စီမံကိန်းအရ ငါးနှစ်အတွင်း ဂျီဒီပီ၇ဒသမ၇ရာခိုင်နှုန်းတိုးရန် မျှော်မှန်းကြောင်း နိုင်ငံတော်သမ္မတကပြောသည်။

Businessweek




Panasonic
eco ideas
INTELLIGENT INVERTER + INTELLIGENT ECO SENSORS ECONAVI
သက်သောင့်သက်သာဖြင့် အကောင်းဆုံး စွမ်းအင်ချွေတာနိုင်မှု
INTELLIGENT INVERTER Up To 50%* Less Energy Consumption
INTELLIGENT ECO SENSORS ECONAVI Up To 45%** Less Energy Consumption
NA-148VG3 (8 kg)
NA-140VG3 (10 kg)
INTELLIGENT ECO SENSORS ECONAVI
Panasonic ၏ အဆင့်မြင့်တီထွင်မှု ECONAVI နည်းပညာသည် အသိဉာဏ်များစွာဖြင့် sensors နှင့် ထိန်းချုပ်မှု အဆင့်ဆင့်တို့က စွမ်းအင်အလဟဿ လေလွင့်ဆုံးရှုံးမှုကို စောင့်ကြည့်စစ်ဆေးနေပြီး စွမ်းအင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပါသည်။
INTELLIGENT INVERTER
ကွန်ပရက်ဆာလည်ပတ်နှုန်းကို လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်နှင့် အံ့ဩဖွယ်ကောင်းလောက်အောင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်ပါသည်။
*စွမ်းအင်သုံးစွဲမှု 50% လျှော့ချနိုင်ခြင်းကို နှိုင်းယှဉ်ချက်
NA-FS Series အင်ဗာတာမော်ဒယ်လ်နှင့် အင်ဗာတာမပါဝင်သော မော်ဒယ်လ်နှိုင်းယှဉ်ချက်
**စွမ်းအင်သုံးစွဲမှု 45% လျှော့ချနိုင်ခြင်းကို ECONAVI စနစ် အသုံးပြုခြင်းနှင့် အသုံးမပြုခြင်း နှိုင်းယှဉ်ချက်
စမ်းသပ်သည့်အခြေအနေ၊ ရေအေးလျှော်ဖွတ်မှု နှိုင်းယှဉ်ချက် စမ်းသပ်စစ်ဆေးသည့် အဖွဲ့အစည်း ပါဝင်သည့် TUV Rheinland(Shanghai) ECONAVIမော်ဒယ်လ် (အဝတ်အထည်ပမာဏ(2kg) ၊ ရေအပူချိန် ( 35·C အထက်) ECONAVI မပါဝင်သည့်မော်ဒယ်လ် ( အဝတ်အထည်ပမာဏ (8kg) )၊ ရေအပူချိန် 25·Cထက်လျော့နည်း)
- အထက်ပါစမ်းသပ်စစ်ဆေးချက်သည် ရေအပူချိန်ထက် IEC60456 ကို အခြေခံထားပါသည်။
Infinity Investment Co., Ltd. အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း
ရန်ကုန် - အမှတ်(၄၈)၊ လသာလမ်း၊ လသာမြို့နယ်။ ဖုန်း - ၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၀၉-၇၃၀၃၂၃၆၅ ဖက်(စ) ၃၈၂၂၉၅ Email: infiniti@myanmar.com.mm, infinity.myanmar@gmail.com
မန္တလေး - အမှတ် (၁၅၀/A)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား။ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉-၉၁၀၀၀၄၁၉၊ ၀၉ -၅၀၁၀၉၁၅
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

# ရေးရာကော်မတီများ ပြည်ထောင်စုအဆင့် သတ်မှတ်ရန်တောင်းဆိုရခြင်းအကြောင်းရင်း

**မင်းဟိန်းကျော်၊ အိဖြူလွင်**
**ရန်ကုန်၊**
**ဩဂုတ် - ၁၈**

လွှတ်တော်များမှ ဖွဲ့စည်းထားသော ရေးရာကော်မတီများအား ပြည်ထောင်စုအဆင့်သတ်မှတ်ရန် တောင်းဆိုခြင်းသည် အပြန်အလှန်ထိန်းကျောင်းခြင်းစနစ် အသက်ဝင်စေရေးနှင့် ဥပဒေပြုလုပ်ငန်းစဉ်ပိုမိုမြန်ဆန်စေရေးအတွက်သာဖြစ်ပြီး ဘဏ္ဍာရေး အကုန်အကျနှင့် အထူးအခွင့်အရေးပေးရန် တောင်းဆိုနေခြင်းမဟုတ်သည်ကိုသတိပြုမိရန်လိုကြောင်း သာပေါင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ပြောသည်။

ပြည်ထောင်စုအဆင့်တောင်းဆိုခြင်းသည် လွှတ်တော်ကိုယ်စားလှယ်၆၀၀ကျော်အားပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်များပေးအပ်ရန်တောင်းဆိုခြင်းမဟုတ်ကြောင်းဦးဝင်းသန်းက ပြောသည်။

"လွှတ်တော်တွေက ဖွဲ့စည်းထားတဲ့ ကော်မတီတွေဟာ ဝန်ကြီးတွေကို ထိန်းညှိရမယ့်အဆင့်ပါ။ ကော်မတီတွေဟာ ဝန်ကြီးဌာနတွေရဲ့အထက်မှာရှိတယ်။ ဘယ်သူ့ကိုမဆိုမေးပိုင်ခွင့်ရှိတယ်။ ဒီလို မေးတဲ့နေရာမှာ လိမ်လည်ထွက်ဆိုရင် အရေးယူပိုင်ခွင့်ရှိတယ်။ အမေရိကန်မှာလည်း ရေးရာကော်မတီ၊ ကော်မရှင်တွေကို ပြည်ထောင်စုအဆင့်ပဲသတ်မှတ်တာပါပဲ။ အဲဒါကြောင့် ကျွန်တော်လည်း လက်မှတ်ထိုးခဲ့တာပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်က ပြောသည်။

ယခုကိစ္စရပ်အား မိမိတို့လွှတ်တော်ဘက်မှ ယခုထက် ပိုမိုသေချာစွာ လေ့လာရန်လိုအပ်ပြီး နိုင်ငံတကာရှိလွှတ်တော်များတွင် ရေးရာကော်မတီများမှ ပြဋ္ဌာန်းလိုက်သော ဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများနှင့် လူပုဂ္ဂိုလ်များအား ထိန်းညှိရသည့်တာဝန်ရှိကြောင်း ဦးအုန်းကြိုင်က ပင်ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတင်ပြထားသကဲ့သို့ အခြေခံဥပဒေခုံရုံးအား စွပ်စွဲပြစ်တင်၍ ရာထူးမှ နုတ်ထွက်စေခြင်း မပြုလုပ်လိုပါက အခြေခံဥပဒေကိုပြင်ဆင်ဖြည့်စွက်ရန်သာရှိကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကပြောသည်။

နိုင်ငံတော်သမ္မတ၏ ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်မှ ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် လွှတ်တော်အသီးသီး၏ ဥပဒေများတွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဓိပ္ပာယ်ဖွင့်ဆိုချက်များသည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးပေးရန် အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းမှုအပေါ် ယင်းခုံရုံးမှ ဖေဖော်ဝါရီ ၂၈ ရက်တွင်လွှတ်တော်အသီးသီးမှ ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်များသည် အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၃၃၄(က)(၂)ပါပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပုဒ်မခွဲငယ် (၅) အရ ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမထမ်းဆောင်နိုင်ခြင်းတို့ကြောင့် စွပ်စွဲပြစ်တင်မှုများ ပြုလုပ်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးက လက်မှတ်ရေးထိုး၍ ယခုလ ၈ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့သည်။

ယင်းတင်ပြမှုအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့၍ ယခုလ ၂၁ ရက် နောက်ဆုံးထားပြီး ခုံရုံးသို့ တင်သွင်းလွှာအား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ၎င်းတို့၏ အသိစိတ်ဓာတ်ဖြင့် တာဝန်မှ အနားယူစေခြင်းတို့ကို ဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးပါက စွပ်စွဲပြစ်တင်မှုကိုပြုလုပ်တော့မည်မဟုတ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းသို့ လွှတ်တော်ကိုယ်စားလှယ်များက စုပေါင်းလက်မှတ်ရေးထိုး၍ စွပ်စွဲပြစ်တင်မှုပြုလုပ်ခြင်းသည်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကပြည်ထောင်စုဝန်ကြီး အဆောင်အယောင်နှင့် လစာများ ခံစားလို၍ တောင်းဆိုသည်ဟု ထင်မြင်သူအချို့ရှိနေကြောင်းသိရသည်။

လွှတ်တော် အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လစာချီးမြှင့်ငွေ တစ်လကျပ်သုံးသိန်းနှင့် အစည်းအဝေးတက်ရောက်စဉ်အတွင်း နေ့တွက်စရိတ် ကျပ်တစ်သောင်း၊ ခရီးသွားလာစရိတ်များကိုသာ ဥပဒေအရ ခံစားခွင့်ရှိသည်။

## မျက်နှာဖုံး—လွှတ်တော်ကိုယ်စားလှယ်များက ခုံရုံးအား စွပ်စွဲပြစ်တင်သည့် နည်းလမ်းကိုသာ အသုံးပြုမည် မှ

နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၂ တွင် ပေးအပ်ထားသည့် အခြေခံဥပဒေအားပြင်ဆင်သည့်နည်းလမ်းကို အသုံးပြုရန် ယနေ့ပြည်သူ့လွှတ်တော်သို့ပေးပို့သည့် သဝဏ်လွှာတွင် အကြံပြုထားသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစုက စွပ်စွဲပြစ်တင်သည့်နည်းလမ်းကိုသာအသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခုံရုံးအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း ပေးအပ်သည့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်သည့်အတွက် ခုံရုံးအဖွဲ့ဝင်များနုတ်ထွက်သွားသည့်တိုင် အခြေခံဥပဒေကိုမပြင်ဆင်သေးသရွေ့ ဆုံးဖြတ်ချက်သည် အတည်ဖြစ်နေမည်ဖြစ်ကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌဦးသိန်းစိုးက ဩဂုတ် ၂၀ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားသည်။

"ဒီကိစ္စ အခြေခံဥပဒေပြင်ရလောက်အောင် ကိစ္စမျိုးမဟုတ်ဘူး။ စွပ်စွဲပြစ်တင်တာပဲအားသာတယ်"ဟု မလှိုင်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ပြောသည်။လွှတ်တော်များမှ ဖွဲ့စည်းသည့် ကော်မတီများနှင့် ကော်မရှင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သည်ဟု ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်ခြင်းမရှိပေ။သို့သော် ပြည်ထောင်စု လွှတ်တော်၊ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများတွင် ပြည်ထောင်စုအဆင့်ဖြစ်သည်ဟု ပါရှိသည့်အတွက် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အငြင်းပွားနေကြခြင်းဖြစ်သည်။ ထိုအချက်အား အခြေခံဥပဒေခုံရုံး ဥက္ကဋ္ဌဦးစိုးသိန်းက ဥပဒေရေးသားသူလက်ချော်သွားခြင်းသာဖြစ်သည်ဟု ယနေ့သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားသည်။

နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က လွှတ်တော်များမှဖွဲ့စည်းသည့် ကော်မတီနှင့် ကော်မရှင်များသည်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဟုတ်၊မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လျှောက်ထားတင်သွင်းလာခြင်းဖြစ် သည်။ ထိုတင်သွင်းချက်အပေါ် တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပါယ်ဖွင့်ဆိုခြင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်ကိုက်ညီခြင်းမရှိဟု မတ်လ ၂၈ ရက်နေ့က ဆုံးဖြတ်ချက်ချလိုက်သည်မှစ၍ အထက်ပါအငြင်းပွားမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## ၂၀၁၂ ဩဂုတ် ၂၃မှ ၂၇ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်လာနိုင်သော်လည်း မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာ မရှိသေးပါ။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ် အော်မြောက်ပိုင်းမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်မှာ အများအားဖြင့်အား အသင့်အတင့်ရှိနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် ၄ပေမှ ၅ ပေခန့်သာ ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ ဩဂုတ် ၁၁-၁၇ ရက်အထိ ရက်သတ္တ တစ်ပတ်အတွင်းမှာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်း မြောက်ပိုင်းတွေ မှာ (၁ လက်မခွဲမှ ၁၀ လက်မ)ခန့်၊ ကျန်ဒေသတွေမှာ မိုးရေချိန်(၁ လက်မမှ ၁ ဒသမ ၅ လက်မ)ခန့် ရွာသွန်းခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းဒေသတွေမှာ နေရာအနှံ့အပြား၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှာနေရာစိပ်စိပ်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာနေရာကွက်ကျားမှကျဲကျဲ ၆ ရက်မှ ၇ ရက်ခန့် မိုးရွာနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအ ခြေအနေ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း တို့မှာ ၅ ရက်မှ၆ ရက်ခန့် မိုး တိမ်တောင်များ ဖြစ်ပေါ်နိုင်ခြေ အများဆုံးရှိပြီး သေချာမှု ၃၅ ရာခိုင်နှုန်း ရှိပါတယ်။ ကျန် မြန်မာ နိုင်ငံ အလယ်ပိုင်းနဲ့ မြောက်ပိုင်း တွေမှာ ၅ ရက်ခန့် မိုးတိမ်တောင်ဖြစ်ဖို့ ၂၅ ရာခိုင်နှုန်း ရှိပါတယ်။ တစ်ခါတစ်ရံနေရာကွက် မိုးကြီးပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုမှု အန္တရာယ်များ ကြုံတွေ့နိုင်ပ တယ်။

### နေ့အပူချိန်များအခြေနေ

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်း၊ ဧရာ ဝတီတိုင်းအနောက်ပိုင်း၊ ပဲခူးတိုင်း မြောက်ပိုင်း၊ မန္တလေးတိုင်းတောင် ပိုင်းတို့မှာ အပူရှိန်များ မြင့်တက်နေနိုင်ပါတယ်။ ကချင်ပြည် နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ အပူရှိန်ပုံမှန်အောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသများမှာ အပူရှိန်ပုံမှန်ခန့် ရှိနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသများတို့တွင် နေရာကွက်ပြီး မြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ချောင်းများမှာ ရေလျှံမှုအလားအလာများ မြင့်မားနိုင်ပါတယ်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ တနင်္သာရီမြစ်စသည့် မြစ်တို့တွင် လက်ရှိ ရေအမှတ်များထက်ပိုမိုမြင့်တက်လာနိုင်ပြီး မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ် ။

### တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ် အတွင်းမှာ မုန်တိုင်းများ ဆက်တိုက်ဖြစ်လာနိုင်ပြီး မြန်မာနိုင်ငံ အထက်ပိုင်းဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ ရှိနေပါတယ်။ မုန်တိုင်းအကြွင်းအကျန်များ လာရောက်ခဲ့ပါက မိုးကောင်းနိုင်ပြီး သံလွင့်မြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင် မြစ်၊ ရွှေကျင်မြစ်တို့တွင် ရေကြီးမှု အန္တရာယ်များ မြင့်မားနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များ ပဋိပက္ခဖြစ်အောင် တိဗက်ဘုန်းတော်ကြီးများဓာတ်ပုံကို တလွဲအသုံးပြုနေမှုကို ပြည်ပရောက်တိဗက်အစိုးရကန့်ကွက်

**ဒါရမ်ရှာလာ၊ ဩဂုတ်-၁၅**

ပြည်ပရောက်တိဗက်အုပ်ချုပ်ရေးအဖွဲ့က ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များကြား ပဋိပက္ခဖြစ်အောင် လှုံ့ဆော်ရာတွင် တိဗက်ဘုန်းတော်ကြီးများ၏ ရုပ်ပုံများကို အလွဲသုံးစားပြုနေသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဒါရမ်ရှာလာအခြေစိုက်CTA ၏ ကြေညာချက်၌ မကြာမီက မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း အချို့သော လူမှုဝက်ဘ်ဆိုက်များ၌ တိဗက်ဘုန်းတော်ကြီးများ၏ ဓာတ်ပုံများကို အလွဲသုံးစားပြုကာ ဝါဒဖြန့်ခဲ့သည်ဟုဆိုသည်။

CTAက "ဒါဟာ သိပ်ပြီးစိတ်အနှောင့်အယှက်ဖြစ်စရာ စိုးရိမ်စရာဖြစ်ပါတယ်" ဟု လူသေများ ရှေ့၌ ရပ်နေသော တိဗက်ဘုန်းတော်ကြီးများပုံကို မြန်မာ (ရခိုင်ပြည်နယ်)မှ ဖြစ်လေဟန် အသွင်ပြောင်း အသုံးပြုခြင်းကို ဖော်ပြခဲ့သည်။ ကြေညာချက်၌ "ဒီဓာတ်ပုံဟာ တိဗက်ဘုန်းတော်ကြီးတွေ တိဗက် အရှေ့ပိုင်း ကျီဂူဒို (ယူရှုးလ်)မှာ ၂၀၁၀ ဧပြီ ၁၄ ရက်က ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေး လုပ်နေကြတဲ့ပုံတွေသာဖြစ်ပါတယ်"ဟု ရှင်းပြထားသည်။

ထိုဓာတ်ပုံကို ပါကစ္စတန်ရှိ ဝက်ဘ်ဆိုက်တစ်ခုက စတင်ဖော်ပြခဲ့ပြီး CTA မှ ထောက်ပြ၍ ပြန်လည်ပယ်ဖျက်ခဲ့ကြောင်းသိရသည်။ သို့သော်CTAက "အိန္ဒိယသတင်းရုပ်သံလိုင်း Zee News မှာ ဩဂုတ် ၁၁ ရက်က ထုတ်လွှင့်ခဲ့တဲ့ မွမ်ဘိုင်းဆန္ဒပြမှုသတင်းပြကွက်မှာ မွတ်ဆလင်တွေဟာ ဒီဓာတ်ပုံကို ကိုင်ဆောင်ခဲ့ကြပါတယ်။ ဒါဟာ ဒီဓာတ်ပုံပျံ့နှံ့နေဆဲဆိုတာပြတာပါပဲ"ဟု ဆိုသည်။ CTA က ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား ပဋိပက္ခများ မဖြစ်စေရန် ထိုဓာတ်ပုံကို လွဲမှားစွာ အသုံးမပြုရန် ပန်ကြားထားသည်။

# OIC ကမြန်မာနိုင်ငံမှဘင်္ဂါလီများကိစ္စကုလသမဂ္ဂသို့တင်ပြမည်

**မက္ကာ၊ ဩဂုတ်-၁၆**

ဂိုဏ်းဂဏစွဲ အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်း နေထိုင်နေရသော ဘင်္ဂလီများကိစ္စ ကုလသမဂ္ဂသို့ တင်ပြသွားရန် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (OIC)က ဆုံး ဖြတ်လိုက်သည်။

၎င်းကိစ္စအား ကုလသမဂ္ဂ အ ထွေထွေညီလာခံသို့ ဆောင်ယူသွားရန် ထိပ်သီးအစည်းအဝေးက ဆုံးဖြတ်လိုက်ကြောင်း OIC ၏ ကြေညာချက်တွင် ဖော်ပြသည်။ အဖွဲ့ဝင် ၅၇ ဦး ပါဝင်သော OIC ၏ ထိပ်သီးအစည်းအဝေးအား ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

-Ref: AFP

# INGO ဝန်ထမ်းငါးဦး ပြန်လည်လွတ်မြောက်

**သတင်းအဖွဲ့**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ဆူပူအကြမ်းဖက်ရာတွင် ပါဝင်ပတ်သက်ခဲ့သည် ဆိုသောစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသည့် အိုင်အင်န်ဂျီအိုဝန်ထမ်း ငါးဦးကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီ၃၀မိနစ်ခန့်ကပြန်လည်လွှတ်ပေးခဲ့ကြောင်းသတင်းရရှိသည်။

စစ်တွေမြို့ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (AZG)မှ ပြန်လွတ်လာသူများမှာ ဦးကျော်လှအောင်နှင့် ဦးဝင်းနိုင်၊ ဘူးသီးတောင်မြို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ဦးစောမြင့်(ခေါ်) မာမက်နုရ်အာနှင့် အခြား အိုင်အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုမှ စန်းနိုင်(ခေါ်)အဒူဟိုက်နှင့် ဇော်မြင့်တို့ဖြစ်ကြသည်။

"စစ်တွေထောင်ကနေ လွှတ်ပေးတာက AZG က နှစ်ယောက်ပါ။ သူတို့ကို ထောင်သားဘဝနဲ့ လွှတ်တာမဟုတ်ဘူး။ အချုပ်သားဘဝနဲ့ပဲ အပြစ်မရှိလို့ လွှတ်ဝရမ်းနဲ့ ဥပဒေရုံးက လွှတ်ပေးဖို့ ပြောလို့ လွှတ်လိုက်တာ"ဟုစစ်တွေထောင်မှ ဦးစီးအရာရှိကပြော သည်။

အထိန်းသိမ်းခံခဲ့ရသည့်နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ ဝန်ထမ်းများအနက် လေးဦးသည် ယမန်နေ့ကပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အဆိုပါအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာရုံး ဒုတိယအကြီးအကဲ Ms. Vickie Hawkins က 7Day News သို့ အတည်ပြုပြောကြားသည်။

လွတ်မြောက်လာသူများအနက်မှ အချို့နှင့်လည်း အဆက်အသွယ်ရှိခဲ့ကြောင်း၊ ၎င်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေများမှာကြားသိရသလောက် ကောင်းမွန်ကြောင်း ၎င်းကဆိုသည်။

**စာ(၁၂)သို့**



Life
7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လမ်းပျောက်သွားသော လမ်းဘေးအခွေရောင်းသူများ

**အခွေရောင်းသူတစ်ဦး**

ကျွန်တော်တို့သည် လမ်းဘေးတွင် ဒီဗီဒီအခွေရောင်းချပြီး မိသားစု ရပ်တည်ရေးအတွက် ဝင်ငွေရှာနေရသူများဖြစ်ပါသည်။ ထိုကဲ့သို့ ဒီဗီဒီအခွေများ (တရားခွေ၊ နိုင်ငံခြားဇာတ်လမ်းများ-အင်္ဂလိပ်၊ ကိုရီးယား၊ တရုတ်၊ ကာတွန်း) ရောင်းချပြီး ဝမ်းရေးဖြေရှင်းနေရသူများ ဖြစ်ပါသည်။ အခွေရောင်း ချရာတွင် မည်သည့်အချိန် အဖမ်းခံရမည်ကိုစိုးရွံ့ထိတ်လန့်စွာဖြင့် ရောင်းချရပ်တည်နေရပါသည်။

ယခုလို အင်တာနက်ခေတ်ထဲတွင် နိုင်ငံခြား ကားရောင်းချခြင်း၊ အများပြည်သူကြည့်ရှုခြင်းသည် တရားဥပဒေကို ချိုးဖောက်ရာရောက်နေပါသလားဟု မိမိတို့သိချင်ပါသည်။ မြန်မာပြည်သူအများစုမှာ ဆင်းရဲသားလူတန်းစားဖြစ်ကြပြီး လမ်းဘေးတွင် အခွေရောင်းသူများသည်လည်း ဆင်းရဲသားလူတန်းစားပင် ဖြစ်ပါသည်။

မိမိတို့ ခွေရောင်းသူများအနေဖြင့် ခိုးကူးဟုသတ်မှတ်သော ခွေများမှာ မြန်မာဗီဒီယို ဆင်ဆာအဖွဲ့မှ ဆင်ဆာခွင့်ပြုချက်လက်မှတ်ပါ သီချင်းခွေ၊ ဗီဒီယိုဇာတ်လမ်း၊ အငြိမ့်၊ လက်ဝှေ့ခွေများအား ခိုးယူရောင်းချမှသာ ခိုးကူးဟု သတ်မှတ်သည်ဟု ထင်မိပါသည်။ နိုင်ငံခြားဇာတ်လမ်းတွင်လည်း (ညစ်ညမ်းခွေ)ဖြန့်ချိရောင်းချမှသာ တရားဥပဒေချိုးဖောက်ရာရောက်သည်ဟုထင်ပါသည်။ မိမိတို့ နိုင်ငံရှိ ရုပ်သံလွှင့်ဌာနများ (MRTV, MRTV-4, MWD, Sky Net)စသည့် ရုပ်သံလွှင့်ဌာနများတွင်လည်း နိုင်ငံခြားဇာတ်လမ်းပြသနေပြီး ထိုနိုင်ငံခြားဇာတ်လမ်းများကို ပြင်ပတွင် ရောင်းချပါက တရားမဝင်ဆင်ဆာမဲ့ဆို၍ ဖမ်းဆီးနေခြင်းမှာ ဘာကြောင့်ပါလဲ။ ဆင်းရဲသားလူတန်းစားအနေဖြင့် Sky-Net, 5-movie နှင့် အခြားလစဉ်ကြေးပေးသွင်းရသော ဂြိုဟ်တုစလောင်းရုပ်သံဖမ်းစက်များ ဝယ်ယူကြည့်ရှုရန် မတတ်နိုင်သူများအနေဖြင့် ကိုယ့်အိမ်မှာရှိသော ဒီဗီဒီစက်ဖြင့် လမ်းဘေးခွေဆိုင်မှ နိုင်ငံခြားဇာတ်လမ်းလေးများ ဝယ်ယူကြည့်ရှုခြင်း၊ ရောင်းခြင်းတို့ကို တရားမဝင်ခွေများ ကြည့်ရှုခြင်း၊ ရောင်းချခြင်းဟုဆို၍ ဖမ်းဆီးအရေးယူခံနေရပါသည်။ ဤကဲ့သို့ဆိုလျှင် ဝင်ငွေနည်း၍ တစ်နေ့လုပ် တစ်နေ့စားလူတန်းစားများ၊ ရုပ်ရှင်ရုံသို့ သွားကြည့်ရှုရန် ငွေကြေးမတတ်နိုင်သူများ၊ အခပေးရုပ်သံလိုင်းဝယ်၍ မကြည့်နိုင်သူများ၊ မြန်မာဇာတ်လမ်းများ မကြိုက်ဘဲ နိုင်ငံခြားဇာတ်ကားများကို သာကြည့်လိုသူများအတွက် နိုင်ငံခြားဇာတ်လမ်းများ ကြည့်ရှုခွင့်မရရှိတော့ဟု ထင်ပါသည်။

မိမိတို့ လမ်းဘေးတွင် ခွေရောင်းချခြင်းကြောင့် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး၊ တေးထုတ်လုပ်ရေး လုပ်ငန်းများ အရှုံးပေါ်နေကြောင်း သိရပါသည်။ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး လုပ်ငန်းအရှုံးပေါ်နေပြီဟု ပြောသော်လည်း နေ့စဉ်ဗီဒီယိုဇာတ်ကား ၁၅ ကားခန့်ထွက်ရှိနေပြီး မင်းသား၊ မင်းသမီးများ ရိုက်ရက်မအားအောင် ရှုတင်အိမ်များ ငှား၍မရလောက်အောင် ရိုက်နေရကာ လစဉ်ဝင်ငွေ သိန်းဆယ်ဂဏန်းရနေသော သူများက လမ်းဘေးတွင် နိုင်ငံခြားခွေလေးများကို ကြောက်ရွံ့မှုပေါင်းများစွာကြားမှ ရောင်းချ၍ မိသားစု ဝင်ငွေရှာနေသူများအား "ခိုးကူးရောင်းသူ၊ ဆင်ဆာမဲ့ရောင်းသူ" ဟု ပြောပြီး ဖမ်းဆီးအရေးယူခိုင်းခြင်းကို ရင်ဆိုင်နေရပါသည်။

မိမိတို့လမ်းဘေးတွင် ခွေရောင်းရာ၌ မြန်မာရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်သော ဆင်ဆာရှိ သီချင်းခွေနှင့် ဇာတ်လမ်းခွေများ ရောင်းချခြင်းတို့အပြင် တရားမဝင် ညစ်ညမ်းခွေများ ရောင်းချနေမှုအား တွေ့ရှိပါက ညှာတာထောက်ထားစရာ မလိုဘဲ ဖမ်းဆီးအရေးယူပြီး ထိရောက်စွာ အပြစ်ပေးခြင်းကို ဝမ်းမြောက်ဝမ်းသာလက်ခံကြိုဆိုပါသည်။

စာ(၁၁)သို့



# အိုးလေး ချက်ကြရအောင်

ဝိုက်ဖီ

## ငါး ချို ချဉ် နှပ်



ဒီတစ်ပတ် ဝိုက်ဖီက စားသောက်ဆိုင်ဟင်းတစ်ခွက်ချက်ထားပါတယ်။ ဒါကတော့ ငါးချိုချဉ်နှပ်ဖြစ်ပါတယ်။

လိုအပ်တာတွေကတော့ ငါးကြင်းခေါင်းပိုင်း ဒါမှမဟုတ် အမြီးပိုင်းကိုအပိုင်းလိုက်ဝယ်ပါ။ တစ်ကောင်လုံးကိုနှစ်ပိုင်းပဲပိုင်းခိုင်းပါ။ နောက်ပြီးရင်တော့ ပန်းငရုတ်ပွနှစ်နှင့် မုန်လာဥနီတစ်တောင့်၊ ခရမ်းချဉ်သီးတစ်လုံး၊ နာနတ်သီး တစ်စိတ်ပဲလိုပါတယ်။

ငါးကြင်းအမြီးပိုင်း ဒါမှမဟုတ် ခေါင်းပိုင်းကို အကြေးထွင်ပြီး အသားပေါ်မှာ အမြှောင်းလိုက်သုံး၊လေးစင်းလောက် အရှည်လိုက်မွှန်းပေးပါ။ ပြီးရင်ငါးကို အရသာနယ်ပေးပြီး ရဲနေအောင် ကြော်ပါ။ ပြီးရင်ဆယ်ပြီး ဆီစစ်ထားပါ။ ထည့်မယ့်အသီးတွေကိုတော့ လှီးပြီး ပြင်ဆင်ထားပါ။

အသီးတွေကိုကြော်ဖို့ကော်ရည်ဖျော်ပါမယ်။ ကော်မှုန့်၊ သကြား အရသာမှုန့်တွေကို ခရမ်းချဉ်သီးဆော့လေးနည်းနည်းနဲ့ ရောဖျော်ပါမယ်။ ပြီးရင် ကြက်သွန်ဖြူတပြားရိုက်ထားတာနဲ့ ခုနက လှီးထားတဲ့ အသီးတွေထည့်ကြော်ပါမယ်။

အသီးထည့်တဲ့အခါ နာနတ်သီးကို နောက်ဆုံးမှထည့်ပါ။ နာနတ်သီးထည့်ပြီးတဲ့အခါ အသင့်ဖျော်ထားတဲ့ကော်ရည်ပျစ်ပျစ်ကို လောင်းထည့်လိုက်ပါ။

ပန်းကန်ကြီးကြီးထဲမှာ ထည့်ထားတဲ့ ခုနကြော်ထားတဲ့ငါးကြော်ပေါ်ကို ခုနအသီးကြော်တွေ လောင်းထည့်လိုက်ပါ။ ငရုတ်ဖတ်လေး ဖြူးလိုကလည်း ဖြူးနိုင်ပါတယ်။

ကဲ. . . ဒါဆိုရင်တော့ အရသာထူးတဲ့ စားသောက်ဆိုင် ဟင်းလျာတစ်ခွက်စားလို့ရပြီပေါ့။

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဈေးဝယ်ထွက်မယ်

## အစားအသောက်နဲ့ ဆေးဝါးကောင်းကောင်းတွေရှိတဲ့နေရာ

**အိဖြူလွင်**













ပုံမှန် လူသုံးကုန်ပစ္စည်းတွေ၊ အဝတ်အစားတွေ ဝယ်ရတာ ပိုက်ဆံလည်းကုန်၊ လူလည်း ဗိုက်မဝဘူးဆိုသူတွေအတွက် စားလို့ရ ဗိုက်ပြည့်စေတဲ့ အစားကောင်းတွေနဲ့ ခန္ဓာကိုယ်အတွက် အကျိုးရှိမယ့်ဆေးတွေ ရနိုင်တဲ့ဆိုင်ကို ဒီတစ်ပတ်မှာ ဈေးဝယ်လမ်းညွှန် ပေးလိုက်ပါတယ်။

အစားကောင်း ကြိုက်သူတွေအတွက် အမေရိကန်နိုင်ငံထုတ် ဝက်ပေါင်ခြောက်၊ အမဲခြောက်၊ ကြက်ဆင်သားခြောက် စတာတွေကို ဈေးနှုန်းသင့်တင့်စွာနဲ့ရနိုင်သလို လူငယ်တွေ၊ ကလေးတွေအကြိုက် ချောကလက်တွေကို တံဆိပ်အစုံရနိုင်တာပါ။

ချောကလက် ကောင်းကောင်းကိုမှ လက်ဆောင်အဖြစ်ပေးလိုတယ်ဆိုရင်လည်း ဒီမှာက အရသာအပြည့်ရှိတဲ့ ချောကလက်တွေကို ပါကင်လှလှလေးတွေနဲ့ ရနိုင်တာကြောင့် ဝယ်ချင်စရာကောင်းတာသေချာပါတယ်။

ကော်ဖီကြိုက်သူတွေအတွက်ဆိုလည်း Starbucks' ကော်ဖီကို အမှုန့်အနေနဲ့ရော ကော်ဖီစေ့အနေနဲ့ပါ ရနိုင်တာလို့ သိရပါတယ်။ အစားအသောက်တင်မဟုတ်ဘဲ ဆေးဝါးအတွက်ဆိုလည်း Gummy Vites လိုကလေးအားဆေး၊ အသက်ကြီးသူတွေအတွက် ဒူးနာကောင်းတဲ့ Move Free အရိုးအဆစ်အားဆေးစတာတွေအပြင် အသက်အရွယ်မျိုးစုံအတွက် အမျိုးအစားစုံရှိတဲ့ Centrum အားဆေးတွေပါရနိုင်တာပါ။ ပစ္စည်းကောင်းကြိုက်သူတွေအတွက် ရွေးချယ်ဝယ်ယူစရာများပြားပြီး ဈေးနှုန်းက သင့်တင့်တာကြောင့် ဒီတစ်ပတ်မှာ လမ်းညွှန်တဲ့ အစားအသောက်နဲ့အားဆေးတွေရနိုင်တဲ့ဆိုင်လေးကိုစိတ်ကျေနပ်မယ်လို့ထင်ပါတယ်။

ဒီဆိုင်ကို ဈေးဝယ်ထွက်ကြည့်ဖို့ စိတ်ဝင်စားတယ်ဆိုရင် လိပ်စာက ပြည်လမ်းမပေါ် ဒေင်မီးပွိုင့်အနီး ခြောက်မိုင်ခွဲနားက American Store မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



# ကန်တော်ကြီးရေခဲကမ္ဘာ ခေတ္တပိတ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၁၃**

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်တွင်းရှိ ရေခဲကမ္ဘာကို ဩဂုတ် ၁၅ ရက်မှစ၍ နည်းပညာပိုင်းပြုပြင်မှု ပြုလုပ်ရန် တစ်လခွဲခန့်ကြာ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အဆိုပါရေခဲကမ္ဘာမှ အမှုဆောင် ဒါရိုက်တာဦးခင်မောင်ဖြူက ပြောသည်။

ရေခဲကမ္ဘာတွင်းရှိ ရေခဲနှင့်ထုလုပ်ထားသော ရုပ်ထုများအားလုံးကို ပြန်လည်ပြုပြင်မည်ဖြစ်ပြီး ကလေးများစိတ်ဝင်စားသည့် ကစားနည်းရုပ်တုများ၊ နှင်းနှင့် ပြုလုပ်သည့် လျှောများကို ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါ ရေခဲကမ္ဘာကို တာဝန်ယူ ဆောင်ရွက်နေသည့် Asia Myanmar Development Co., Ltd. မှ အမှုဆောင် ဒါရိုက်တာဦးခင်မောင်ဖြူကပြောသည်။

"ကလေးတွေအတွက် ရေခဲထဲမှာဆော့လို့ရတဲ့ကားနှစ်စီးထပ်ထည့်မယ်။ လက်ရှိဒီမှာ ရေခဲနဲ့ဆောက်တဲ့ လျှောနှစ်ခုရှိတယ်။ အခုနှင်းနဲ့ လျှောစီးလို့ရမယ့် လျှောထပ်ထည့်မယ်။ ပြုပြင်မှုအတွက် ထပ်ထည့်မယ်။ ပြုပြင်မှုအတွက် တရုတ်ဘက်က ပညာရှင်တွေ ဒီရက်ပိုင်းရောက်လာတော့မှာပါ" ဟု ၎င်းကပြောသည်။

ခေတ္တပိတ်ထားသည့်ကာလအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၇၀ နီးပါး

**တစ်ဖက်သို့**

"ONE OF SOUTH EAST ASIA'S BEST PRIVATE HOSPITAL FOR KIDNEY TRANSPLANTATION"


ပရာရမ်နိုင်းဆေးရုံ (ဘန်ကောက်) မှ ကျောက်ကပ်အထူးကုဆရာဝန်ကြီး Dr. North Techawathanawanna နှင့် အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းအထူးကု ဆရာဝန်ကြီး Dr. Attaporn Pornananrat တို့သည် 30.8.2012 တွင် ရန်ကုန်မြို့သို့ လာရောက်၍ "အခမဲ့" ကြည့်ရှုပေးမည်ဖြစ်ပါသဖြင့် လူနာသစ်လူနာဟောင်းများ ဆက်သွယ်နိုင်ပါသည်။

PRARAM 9 HOSPITAL

World Class Medical Services
Accredited by JCI (USA)

မြန်မာပြည်ရုံးခွဲ ◆ အမှတ် (၂၅)၊ အခန်း (၄၀၇)၊ Yuzana Business Tower ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၀၅၆၈၈ ၊ ၀၉ ၇၃၁ ၄၆၉၈၈ ၊ ၀၉ ၅၁၃ ၆၅၅၄ ၊
E-mail : knl.praram9@gmail.com

9 Heart PRARAM 9 HOSPITAL






**တစ်ဖက်မှအဆက်**

လစာတစ်ဝက် ခံစားခွင့်ပေးထားမည်ဖြစ်ပြီး အမျိုးသားဝန်ထမ်းများမှာ ပြုပြင်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ရန်နှင့် ရေခဲကမ္ဘာကိုပြန်လည်ဖွင့်လှစ်ပါက မူလတာဝန်များအတိုင်းပြန်လည်လုပ်ကိုင်ရန် အလုပ်သမားများနှင့် ညှိနှိုင်းထားကြောင်း ဦးခင်မောင်ဖြူက ပြောသည်။

အဆိုပါရေခဲကမ္ဘာကို ယခုနှစ်ဆန်းပိုင်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဝင်ကြေးဈေးနှုန်းမှာ လူကြီးတစ်ဦးလျှင် ကျပ်ငါးထောင်နှင့် ကလေးတစ်ဦးလျှင် ကျပ်လေးထောင် သတ်မှတ်ထားပြီး ဈေးနှုန်းမြင့်မားခြင်းကြောင့် လည်ပတ်လိုသူများကြား ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။ ထို့ပြင် ဖွင့်လှစ်ပြီး မကြာသေးမီကာလတွင် လာရောက်လည်ပတ်သူအချို့၏ ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ ရေခဲကမ္ဘာမှ တာဝန်ရှိ သူများက အသိပေးချက်များ ထုတ်ပြန်ခဲ့ရသေးသည်။

ရေခဲကမ္ဘာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ Asia Myanmar Development Co.,Ltdက တစ်နှစ် သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်နေခြင်းဖြစ်ပြီး တစ်နှစ်ချင်းစီ သက်တမ်းတိုးငှားရမ်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## တရားပေါ်မှာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ဒုက္ခတွေရှင်းတယ်

ဝိပဿနာရှုမှတ်နေသူဟာ ရုပ်၊ နာမ်တစ်ချက် ရှုလိုက်ရင် ဖြစ်လာမယ့်ကံတစ်ခု ပြတ်သွားတယ်လို့ပြောကြတယ်။ တစ်ချက်ရှုလိုက်ရင် ဖြစ်လာမယ့် ကံတစ်ခုပြတ်သွားပါတယ်။ ရုပ်ကို ရုပ်၊ နာမ်ကို နာမ်လို့ တစ်ချက်ရှုနိုင်တာ အလကားမဟုတ်ဘူး။ နည်းတဲ့တန်ဖိုး မဟုတ်ပါဘူး။ တစ်ချက်ရှုလိုက်ရင် ကိုယ့်မှာဖြစ်လာမယ့် တစ်ဘဝစာ ဒုက္ခသက်သာသွားတယ်။ မရှုလို့ရှိရင် တစ်ဘဝစာဒုက္ခတွေ ထပ်တိုးလာတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကနေ ကံဆီကိုရောက်ရင် ဘဝဒုက္ခတွေတိုးလာပါတယ်။ ရှုမှတ်လိုက်တဲ့အတွက် အရှုဉာဏ်က တစ်ဘဝစာတွေ့ကြုံရမယ့် အိုရမယ့်ဒုက္ခ၊ နာရမယ့်ဒုက္ခ၊ သေရမယ့်ဒုက္ခ၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရမှာတွေ၊ ငိုကြွေးပူဆွေးရမှာတွေ၊ သောကရောက်ရမှာတွေကို ဖြိုချဖျက်ဆီးပေးလိုက်ပါတယ်။

တရားအားထုတ်တာကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ တစ်နာရီရှုလို့ လေးငါးဆယ်ချက်ပဲ ရှုနိုင်ရှုနိုင်၊ ရုပ်ရုပ် နာမ်နာမ်လို့ တစ်ခဏလေးပဲ ရှုနိုင်ရှုနိုင် စိတ်ပျက်ဖို့မလိုပါဘူး။ တစ်နေ့လုံး အားထုတ်လို့မှ ရုပ်ဆိုတာ တစ်ချက်ကလေးသာ ရှုနိုင်မှတ်နိုင်လိုက်ရင် တစ်ဘဝစာမှာ တစ်ခု သက်သာသွားပါတယ်။ တရားပေါ်မှာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကိုယ့်ဒုက္ခတွေကို ရှင်းပစ်နေတာပဲဖြစ်တယ်။ ကိုယ့်ဒုက္ခတွေကို ရှင်းအောင်လုပ်နေတာလို့ သဘောပေါက်ပြီး ရှုမှတ်တဲ့အပေါ် မှာလည်း ပိုပြီးအားစိုက်ရှုမှတ်ရမှာဖြစ်တယ်။ ရုပ်နာမ်ကို ရှုရင် ဝိပဿနာဉာဏ်က ရှေ့ကနေ ကံတွေ အသစ်ထပ်မဖြစ်အောင်ဖြတ်တောက်ပေးတယ်။ နောက်ကနေ ပေါ် လာမယ့်လောကုတ္တရာမဂ်ဉာဏ်ကတော့ ကံတွေကို အပြီးတိုင် ပယ်ဖျက်ပေးတယ်။

ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ် မှာ'

# အခွေဆိုင်များ ဖမ်း၍ နိုင်ငံခြားရုပ်ရှင်ပရိသတ်များပါ အခက်တွေ့

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ရန်ကုန်မြို့တွင်းရှိ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ ဇာတ်ကားများကို ကြည့်ရှုသူအများစု အားထားနေရသော လက်လီရောင်းချသည့် လမ်းဘေးခွေဆိုင်များမှာ ခိုးကူးနှိမ်နင်းရေး စီမံချက်ကြောင့် ရောင်းချနိုင်ခြင်းမရှိသည့်အတွက် ပြည်ပဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ကြည့်ရှုလိုသည့်ပရိသတ်များ အခက်တွေ့နေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်သစ်အဖွဲ့နှင့် ယခုနှစ် မေလဆန်းပိုင်းက တွေ့ဆုံပွဲတွင် တစ်ပိုင်တစ်နိုင် ရောင်းချနေသည့် နိုင်ငံခြားခွေရောင်းချသူများကိုညစ်ညမ်းခွေများမှလွဲ၍ ဖမ်းဆီးခြင်းမပြုရန် ပြောကြားထားခဲ့သော်လည်း ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များက ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ခိုးကူးနှိမ်နင်းရေးစီမံချက်များဖြင့် ဆက်တိုက်ဖမ်းဆီးနေမှုများကြောင့်လမ်းဘေးခွေရောင်းဆိုင်များမှာ ဇူလိုင်လမှစ၍ရောင်းချခြင်းမရှိတော့ပေ။

"ကျွန်တော်တို့က အင်္ဂလိပ်ဇာတ်လမ်းတွဲခွေတွေ၊ အင်္ဂလိပ်ကားတွေကိုပဲ ဝယ်ကြည့်တာ။ ဒီဆိုင်လေးတွေကို အားထားနေရတာ။ အင်္ဂလိပ်ကားသစ် သုံးခွေတစ်ထောင်၊ ဇာတ်လမ်းတွဲဆို သုံးချပ်တစ်ထောင်နဲ့ ပုံမှန် ဝယ်ကြည့်နေကျပဲ။ အခု အဖမ်းအဆီးရှိတယ်ဆိုတော့ ဘယ်ဆိုင်မှမရောင်းတော့ဘူး။ ခွေအဆက်ပြတ်လို့ဝယ်ချင်တာတောင် ဘယ်သွားဝယ်ရမလဲမသိဘူး။ အရင်လို စီမံချက်ရှိတုန်းခဏလည်းမဟုတ်ဘူး။ တောက်လျှောက်ကို မတွေ့ရတော့ ခွေကြည့်ချင်တာ ဘယ်ဝယ်ရမှန်းမသိဘူး"ဟု ရန်ကုန်မြို့နေ ဂရပ်ဖစ်ဒီဇိုင်နာတစ်ဦးကပြောသည်။

အဆိုပါ လမ်းဘေးခွေဆိုင်များမှာ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ အင်္ဂလိပ်ဇာတ်ကားသစ်များကို အဓိကအားထားရောင်းချကြခြင်းဖြစ်ပြီး၊ ဝယ်ယူကြည့်ရှုသူအနည်းစုကသာ မြန်မာဗီဒီယိုဇာတ်ကားများကို ဝယ်ယူသည်။ ထို့ကြောင့် နိုင်ငံခြားဇာတ်ကားများ ရောင်းချခြင်းကိုမူ ဖမ်းဆီးခြင်း မပြုသင့်ကြောင်း ဝေဖန်ပြောမှုများ ပေါ်ထွက်နေသည်။

"ကားသစ်တွေ ထွက်တာသိပြီး အရင်လို ချက်ချင်း မကြည့်ရတော့ဘူး။ ခွေရှာရတာလည်း ရှားလာတယ်။ နီးစပ်ရာလေး ရှာဝယ်တော့လည်း ခွေအရည်အသွေးကောင်း၊ မကောင်း အရင်လို စိတ်ကြိုက်မရွေးရဘူး။ ရတာယူပဲ။ အရင်ကဆို ခွေက မဲမှောင်နေတာတို့၊ မကြည်တာတို့ ပြန်လဲလို့ရသေးတယ်။ အခု ရတာယူရတဲ့အပြင် ဈေးလည်း နည်းနည်းတက်တယ်။ အင်္ဂလိပ်ကားတွေ၊ ကိုရီးယားဇာတ်လမ်းတွဲတွေတော့ ပေးရောင်းသင့်ပါတယ်"ဟု နိုင်ငံခြားဇာတ်ကားများ ပုံမှန်ကြည့်ရှုသူပရိသတ်တစ်ဦးကပြောသည်။

လမ်းဘေး ပလက်ဖောင်းတွင် ဖွင့်လှစ်ရောင်းချသည့် ခွေဆိုင်အများစုမှာ နိုင်ငံခြားဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ သီးသန့်ရောင်းချခြင်းများ ရှိသကဲ့သို့ မြန်မာသီချင်းခွေဗီစီဒီ၊ ဒီဗီဒီချပ်များကို ပူးတွဲရောင်းချသည့်ဆိုင်အချို့လည်း ရှိသည်။ ဖမ်းဆီးရာတွင် မြန်မာဗီစီဒီခိုးကူးချပ်များတွေ့ပါက တစ်ဆိုင်လုံးရှိ ခွေများကိုသိမ်းဆည်း အရေးယူခြင်းတို့ကြောင့် ခွေဆိုင်များဘက်မှလည်း စွန့်စားရောင်းချခြင်း မရှိတော့ပေ။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်လက်ထက် လေးလနီးပါးအတွင်း ခိုးကူးဖမ်းဆီးမှုပေါင်း ၁၇၆ မှုရှိခဲ့ပြီး ယခုကာလကဲ့သို့ လမ်းဘေးခွေဆိုင်များကာလရှည်ကြာစွာမရောင်းချရခြင်းမျိုးမရှိခဲ့ပေ။ "တကယ်ဖမ်းမယ်ဆိုလည်း လက်ကြီးသမားကို ရအောင်ဖမ်းပေါ့။ ခုကျတော့ အလွယ်တွေ့ရတဲ့ လမ်းဘေးဆိုင်တွေကိုလိုက်ဖမ်းတယ်။ မြန်မာသီချင်းခိုးကူးတွေ တင်တဲ့ဆိုင်တွေလည်းရှိပါတယ်။ ဒါပေမဲ့ တကယ်ထိထိရောက်ရောက် နှိမ်နင်းမယ်ဆိုရင်တော့ တွေ့သမျှ လမ်းဘေးဆိုင်ဖမ်းရုံနဲ့မရဘူး။ ဒိုင်တွေကိုပါမိအောင်လုပ်ရမှာ"ဟု ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ ခွေရောင်းချသူတစ်ဦးကပြောသည်။

နိုင်ငံခြားဇာတ်လမ်းတွဲများ၊ ဇာတ်ကားများကို အဓိကရောင်းချသော လမ်းဘေးဆိုင်များကိုသာ ဦးတည်ဖမ်းဆီးနေခြင်းကြောင့် အင်္ဂလိပ်ဇာတ်ကားနှင့် အခြားနိုင်ငံခြားဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ကြည့်ရှုလိုသည့်ပရိသတ်များ အခက်ကြုံနေရသည်။

ရုပ်ရှင်ကြည့်သည်ကို ဝါသနာပါသော လုပ်ငန်းရှင်တစ်ဦးက ၎င်း၏သားသမီးများကို မြန်မာဇာတ်ကားနှင့်အငြိမ့်ခွေများ ကြည့်ရှုခွင့်မပြုကြောင်းပြောသည်။ အကြောင်းမှာ မြန်မာဇာတ်ကားများမှာ အားထုတ်မှုနည်းပါးပြီး ပရိသတ်အတွက် ယူစရာဘာမျှမရှိသည့်အပြင် အချို့ဇာတ်လမ်းများမှာ ကြည့်ရှုသူဉာဏ်ရည်ကိုပါ နိမ့်စေနိုင်သည့်အတွက်ဟုဆိုသည်။ အငြိမ့်ခွေများမှာလည်း အောက်ပိုင်းပြက်လုံးများလွန်း၍ ကလေးငယ်များ အကျင့်မပျက်စေရန် ကြည့်ရှုခွင့်မပြုခြင်းဟု ၎င်းကရှင်းပြသည်။

"ခုဟာက အရင်လို ခွေပြန်ရောင်းချင်ရင် မြန်မာသီချင်းခွေကို လုံးဝ တင်မရောင်းရတော့မလို ဖြစ်နေတယ်။ ဝန်ကြီးကလည်း နိုင်ငံခြားကားတော့ မဖမ်းပါနဲ့လို့ ပြောထားတော့ စီးပွားမပျက်ချင်ရင် မြန်မာသီချင်းဗီစီဒီတွေမရောင်းဘဲ နိုင်ငံခြားခွေလေးတွေတော့ ပြန်ရောင်းခွင့်ရချင်ပါတယ်"ဟု အခွေရောင်းချသူတစ်ဦးကပြောသည်။

## စာ-၉၊ လမ်းပျောက်သွားသော လမ်းဘေးအခွေရောင်းသူများ မှ

ထိုကဲ့သို့ အခွေများ မပါဘဲ ရိုးရိုးနိုင်ငံခြားဇာတ်လမ်းခွေ၊ တရားခွေ၊ ကလေးများအတွက် ကာတွန်းကားရောင်းချမှုများကို အားလုံးတရားမဝင်ခွေဟု ဖမ်းဆီးနေမှုကြောင့် မိမိတို့ကဲ့သို့ လမ်းဘေးတွင် အခွေရောင်း၍ စားဝတ်နေရေးဖြေရှင်းရရှာသည့် အလုပ်လက်မဲ့ ဘဝတူအချို့ဆိုလျှင် ထောင်ကျတဲ့ ဘဝရောက်ရှိခဲ့ရပါသည်။

မြန်မာနိုင်ငံရှိ တေးသံရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များသည်လည်း နိုင်ငံခြားတေးသီချင်းများ၊ ဇာတ်လမ်းများအား မှီငြမ်းသီဆို ရိုက်ကူးနေသူများလည်း အများအပြားရှိနေပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ကွန်ပျူတာများတွင် အများစုအသုံးပြုနေသော ဆော့ဖ်ဝဲများသည် တရားမဝင်ခိုးကူး ဆော့ဖ်ဝဲများ ဖြစ်ပါသည်။ ထိုသို့ဖြစ်နေရခြင်းမှာ မြန်မာပြည်သူအများစုမှာ တရားဝင်မူရင်းခွေများ ဝယ်ယူရလောက်အောင် ချမ်းသာသူများ မဟုတ်၍ဖြစ်ပါသည်။

ဩဂုတ် ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဩဂုတ် ၅ ရက်ထုတ် ကြေးမုံသတင်းစာများတွင် မေတ္တာရပ်ခံခြင်း ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဗီဒီယိုလောကသားများ အကျိုးစီးပွားအတွက် ခိုးကူးနှိမ်နင်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ခိုး ကူးခွေ (ပွားခွေ၊ နယ်ကျော်ခွေ၊ ဆင်ဆာမဲ့ခွေ၊ ညစ်ညမ်းခွေ) များနှင့် ပတ်သက်၍ ရောင်းချမှုတွေ့ရှိပါက ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်နှင့်တကွ တွေ့ရှိပါသည်။ မိမိတို့ အခွေဆိုင်များ အနေဖြင့် ထိုကြေညာချက်မပေါ် ထွက်မီ ဇွန်လမှစ၍ ကိုယ့်ရှေ့မှာတင် ဖမ်းဆီးမှုများကြောင့် ဆက်လက်မရောင်းချရဲတော့ဘဲ ဝင်ငွေမရှိ အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိသွားပါသည်။ ကျွန်တော်တို့ အခွေရောင်းချခြင်းသည် နှစ်လုံးထီ၊ သုံးလုံးထီ၊ အရက်၊ လောင်းကစားစသည့်တို့ထက် အပြစ်ပိုကြီးနေပါသလားဟု သိချင်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ရပ်ကွက်တစ်ခု၊ မြို့နယ်တစ်ခုတွင် နှစ်လုံးထီ၊ သုံးလုံးထီ၊ အရက်ဆိုင်များမှာ လမ်းဘေးခွေဆိုင်ထက် ပိုမိုများပြားပါသည်။ မြင်ရတာနှင့် မမြင်ရတာ သာ ကွာခြားပါသည်။ ကျွန်တော်တို့ ခွေဆိုင်များတွင် အမှန်တကယ် ညစ်ညမ်းခွေများနှင့် ဗီဒီယိုဆင်ဆာရှိ သီချင်း၊ ဇာတ်လမ်းများ ရောင်းချနေပါက အဖမ်းအဆီးခံရန် ဝန်မလေးပါဟု ပြောချင်ပါသည်။ ကျွန်တော်တို့ အခွေဆိုင်များအား ဖမ်းဆီးသူများကိုယ်တိုင်လည်း မိမိတို့အခွေဆိုင်မှ နိုင်ငံခြားဇာတ်လမ်းများ ဝယ်ယူကြည့်ရှုနေသူများဖြစ်ပါသည်။ မိမိတို့ လမ်းဘေးခွေဆိုင်လေးများအား နိုင်ငံခြားခွေမှ ရောင်းချခွင့်မပေးလျှင် အောက်ခြေဆင်းရဲသားလူတန်းစား(ရုပ်ရှင်ရုံ မသွားနိုင်သူ၊ Sky Net စသည့် အခပေးရုပ်သံလိုင်း ဝယ်ယူမကြည့်နိုင်သူ) များကို မြန်မာဇာတ်ကားမှလွဲ၍ အခြားဇာတ်ကားကြည့်ရှုခွင့် ပိတ်ပင်ခြင်းဟု ယူဆမိပါသည်။ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ ကိုယ်တိုင်ပင် မိမိတို့အိမ်တွင်ရှိသော ဒီဗီဒီနှင့် အခွေများ ကြည့်ရှုလိမ့်မည်ဟု ထင်ပါသည်။

ညစ်ညမ်းခွေဆိုလျှင် လမ်းဘေးအခွေဆိုင်များမှာသာလျှင် ရနိုင်သည်ဟု သတ်မှတ်နေပါသည်။ အမှန်တကယ်တော့ အင်တာနက်ခေတ်ထဲတွင် အင်တာနက်မှ ညစ်ညမ်းဝက်ဘ်ဆိုက်များမှ ဒေါင်းလော့ဆွဲခြင်း၊ တင်ချင်ရာတင်ခြင်းကို အလွယ်တကူလုပ်နိုင်သော ခေတ်တွင် လမ်းဘေးအခွေဆိုင်များသာ ခံစားခံဖြစ်နေသည်။ ကျွန်တော်တို့ အခွေဆိုင်များမှာ ညစ်ညမ်းရောင်းချလျှင် ဖမ်းဆီးပြီး ပြင်းထန်စွာ အရေးယူနိုင်ပါသည်။ ထို သို့ ညစ်ညမ်းရောင်းချခြင်း အားပေးလက်ခံနိုင်စရာ အကြောင်းမရှိပါ။

ခိုးကူးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတထံ ရုပ်ရှင်လောကသားများ စုပေါင်းလက်မှတ်ရေးထိုး တောင်းဆိုမှုကြောင့် တစ်နိုင်ငံလုံးရှိ အခွေဆိုင်များအားလုံး ပိတ်လိုက်ရသည်။ ထိုအထဲတွင် (မြန်မာသီချင်းဇာတ်လမ်းနှင့် ညစ်ညမ်း)မရောင်းဘဲ နိုင်ငံခြားဇာတ်လမ်းများ၊ ကာတွန်းကား တရားခွေသာ ရောင်းချသူများပါ အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိနေပါပြီ တကယ်လို့များ နိုင်ငံခြားဇာတ်လမ်း၊ ကာတွန်းနှင့် တရားခွေများပါ ဆက်လက်ရောင်းချခွင့် မရတော့ပါက ဤအခွေရောင်းခြင်းဖြင့် ဝင်ငွေရှာနေသော လူတန်းစားများ၊ အခွေလွှတ်ရောင်းချသူများ အလုပ်လက်မဲ့ဖြစ်သွားကာ ထမင်းတစ်လုပ်အတွက် အခက်အခဲဖြစ်နိုင်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်း အလွန်ရှားပါးပြီး အစစအရာရာ အခက်အခဲဖြစ်နေချိန်တွင် ဤကဲ့သို့ လမ်းဘေးခွေဆိုင်များအား ဖမ်းဆီးအရေးယူမှုကို ပြန်လည်စဉ်းစားပေးစေလိုပါသည်။ အခွေဆိုင်တစ်ဆိုင် ဖမ်းဆီးလို့ အခွေရောင်းချသူတစ်ဦးတည်း ဒုက္ခရောက်သည်မဟုတ်ဘဲ ၎င်း၏နောက်၌မှီခိုနေသောမိသားစုပါ ဒုက္ခရောက်စေပါသည်။

## တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသို့ ၁၂ ရက်အတွင်း တိုင်စာ ၄၀ ကျော်ရောက်

ရန်မျိုးနိုင်

ရန်ကုန်၊ဩဂုတ်-၁၈

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဖွဲ့စည်းပြီး ၁၂ရက်အကြာတွင် တိုင်ကြားစာ ၄၀ကျော် ရောက်ရှိလာကြောင်း ယင်းကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

"အကြမ်းဖျင်း ပြောရရင် တရားရေးဌာန၊ အုပ်ချုပ်ရေးဌာန၊ လယ်ယာမြေနဲ့ ပတ်သက်တဲ့ တိုင်စာတွေပါ"ဟု ၎င်းကဆိုသည်။

တိုင်ကြားစာများနှင့် ပတ်သက်၍ တာဝန်ပိုင်းဆိုင်ရာများကို အဖွဲ့ဝင်များအား ခွဲဝေပြီး ဖြစ်သော်လည်း ကော်မတီ၏ လုပ်ငန်းတာဝန်ပိုင်းအရ ပြင်ပသို့ ထုတ်ဖော်ပြောကြား၍ မရကြောင်း ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က ရှင်းပြသည်။

ကော်မတီ၏ ပုံမှန်အစည်းအဝေးကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြုလုပ်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် ပုံမှန်လုပ်ဆောင်မှုများ၊ ရှေ့ပြေးလုပ်ဆောင်မှုများကိုလည်းလုပ်ဆောင်သွားမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ကော်မတီကိုဩဂုတ်လ၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

## မျက်နှာဖုံး-သတင်းဂျာနယ်များအား စိစစ်ဖြတ်တောက်မှု ရပ်ဆိုင်းမှ

"လွန်ခဲ့တဲ့နှစ် ၅၀ က ပိုင်ဆိုင်ခဲ့တဲ့ အခွင့်အရေးကို ပြန်ရ လိုက်တာ၊ ဒီနေ့သိပ်ကို ဝမ်းသာစရာကောင်းပါတယ်။ စိစစ်မှုတွေ မရှိတော့တဲ့အခါပုံစံသစ်နဲ့တွေ့ရမယ့် စိန်ခေါ်မှုတွေ အခက်အခဲ တွေအတွက်ကျွန်တော်တို့အဆင်သင့်ဖြစ်အောင်ပြင်ရပါမယ်"ဟုပြည်တွင်းသတင်းစာသင်တန်းဆရာ ဦးရဲနိုင်မိုးက သုံးသပ်ပြောကြားသည်။

အမြဲတေစာနယ်ဇင်းကောင်စီကို ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စုအစိုးရက နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်သော်လည်း မီဒီယာအသိုင်းအဝိုင်းက လက်ခံမှုမရှိဘဲ ဝေဖန်မှုများ ထွက်ပေါ်လာသည့်အတွက်စာနယ်ဇင်းကောင်စီအသက်ဝင်ရေးမှာလည်း ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

၁၉၆၂ ခုနှစ် ပုံနှိပ်ဥပဒေကို ဖျက်သိမ်းမည့် ပုံနှိပ်မီဒီယာဥပဒေသစ်မှာလည်း မူကြမ်းအဆင့်သာရှိသေးပြီး သတ္တမအကြိမ်မြောက် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ကာ သမ္မတရုံးသို့ တင်ပြထားပြီဖြစ်ပြီး အခြားဥပဒေကြမ်းများနည်းတူ အများပြည်သူသို့ နိုင်ငံပိုင်မီဒီယာများမှတဆင့် ချပြသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ဇွန်လမှစတင်ကာ စာပေစိစစ်မှုများ တဖြည်းဖြည်း ဖြေလျှော့ခဲ့ရာ ယခုနောက်ဆုံးအဆင့်အဖြစ် သတင်းဂျာနယ်များနှင့် ဘာသာရေးဂျာနယ်များ စုစုပေါင်း ၈၆ စောင်၊ နိုင်ငံရေး၊ သမိုင်းဆိုင်ရာ မဂ္ဂဇင်းများနှင့် ဘာသာရေးမဂ္ဂဇင်းများ စုစုပေါင်း ၅၆ စောင် အပါအဝင် တေးသီချင်းစာမူနှင့် သံရုံးစာပေများ စသည်တို့ ပါဝင်သည်။

"စာပေစိစစ်ရေး မရှိရင် အဲဒီနေရာက လေဟာနယ်ဖြစ်သွားပါလိမ့်မယ်။ အဲဒီလေဟာနယ်မှာ အကွယ်မှာရှိနေခဲ့တဲ့ ကိစ္စတွေကနေ ဂျာနယ်လစ်တွေကို အသားရေဖျက်မှုတွေနဲ့ တရားစွဲဆိုလာနိုင်ပါတယ်။ ဒါမှမဟုတ် ဂျာနယ်လစ်တွေကို မက်လုံးတွေနဲ့လည်း ဆွဲဆောင်စည်းရုံးမှုတွေ ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့နည်းဗျူဟာသစ်တွေ ပြင်ဆင်ထားဖို့ လိုပါတယ်"ဟု ဦးရဲနိုင်မိုးကပြောသည်။

**TRADEMARK CAUTION**

NISSAN JIDOSHA KABUSHIKI KAISHA (also trading as NISSAN MOTOR CO., LTD), a company incorporated in Japan at No. 2, Takara-cho, Kanagawa-ku, Yokohama-shi, Kanagawa-ken, Japan is the Owner and Sole Proprietor of the following Trademark:-

DATSUN

Reg: 4/6662/2012

In respect of : Int'l class 12 : "ships/boats and parts and fittings therefore, automobiles, electric vehicles including electric automobiles, wagons, trucks, vans, sport utility vehicles, buses, recreational vehicles (RV), sports cars, racing cars, lorries, fork lift trucks, and towing tractors (tractors), and structural parts and fittings therfore, two-wheeled motor vehicles, bicycles and parts and fittings therefore, carts, car-dumpers, car-pushers, car-pullers, tractors (traction engines), motor and engine for land vehicles, axles for vehicles, power transmissions and gearing for machines, shock absorbers, brakes, alternating current motors/direct current motors, for land vehicles, anti-theft alarms for vehicles, adhesive rubber patches for repairing tubes or tires."

Int'l class 37 : " Repair or maintenance or automobiles, electric vehicles including electric automobiles, wagons, trucks, vans, sport utility vehicles, buses, recreational vehicles(RV), sports cars, racing cars, lorries, fork lift trucks, and towing tractors(tractors), and structural parts and fittings therefore, Providing information about repair or maintenance of automobiles, eletric vehicles including electric automobiles, wagons, trucks, vans, sport utility vehicles, buses, recreational vehicles (RV), sports cars, racing cars, lorries, fork lift trucks, and towing tractors (tractors), and structural parts and fittings therefore, Repair or maintenance of measuring or testing machines and instruments, Repair or maintenance of power distribution or control machines and apparatus, Repair or maintenance of rotary converters, Repair or maintenance of phase modifiers, Repair or maintenance of chargers, Repair or maintenance of batteries and cells, Repair or maintenance of Internal combustion engines, Repair or maintenance of parts of Internal combustion engines, Repair or maintenance of starters for motors and engines, not for land vehicles, Repair or maintenance of parts for AC motors and DC motors, Repair or maintenance of AC generators and DC generators, Repair or maintenance of power generators, Repair or maintenance of electric wires or cables, Repair or maintenance of telecommunication devices and apparatus, Repair or maintenance of telephone apparatus, Repair or maintenance of parts and accessories for telecommunication machines and apparatuc, Repair or maintenance of telematics apparatus for vehicles, Repair or maintenance of charge completion automatic notification apparatus, Repair or maintenance of vehicle navigation systems, Repair or maintenance of electronic machines, apparatus, and their parts, Repair or maintenance of personal computers Repair or maintenance of remote control systems, Repair or maintenance of electrodes, Repair or maintenance of magnetic cores, Repair or maintenance of resistance wires."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 23.Aug.2012

## စာ-၈၊ INGO ဝန်ထမ်းငါးဦး ပြန်လည်လွတ်မြောက် မှ

ပြည်တွင်းတွင်MSF(သို့မဟုတ်)AZGဟုလူသိများသည့်အဆိုပါနယ်စည်းမထားဆရာဝန်များအဖွဲ့မှဝန်ထမ်းခုနစ်ဦးခန့်မှာ ရခိုင်ပြည်နယ်ပဋိပက္ခများအတွင်း ထိန်းသိမ်းခံခဲ့ရပြီး ယခု လွတ်မြောက်လာသူများအပါအဝင် ငါးဦးပြန်လည်လွတ်မြောက်လာခဲ့ပြီး နှစ်ဦးမှာ ဆက်လက်ထိန်းသိမ်းခံနေရဆဲဖြစ်ကြောင်း Ms. Vickie Hawkins ကပြောသည်။ ထိန်းသိမ်းခံရဆဲဝန်ထမ်းနှစ်ဦးနှင့်ပတ်သက်ပြီး မည်သည့် သတင်းအချက်အလက်မျှ မရရှိသေးကြောင်း ၎င်းကဆိုသည်။

MSF သည် ၁၉၉၂ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံခြားသားနှင့် နိုင်ငံသား ဝန်ထမ်း ၁,၂၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းအဖွဲ့၏ ထုတ်ပြန်ချက်များအရသိရသည်။

အိုင်အင်န်ဂျီအိုအဖွဲ့များမှ ဝန်ထမ်းကိုးဦးအား ဖမ်းဆီးထားပြီး ၎င်းတို့မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများ၌ ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့သည်ကို သက်သေအထောက်အထားများ ရရှိပြီးဖြစ်ကာ တည်ဆဲဥပဒေများအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဇူလိုင် ၃၀ရက် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။

## စာ-၄၊ အမေရိကန်နှင့် ပြည်တွင်းကြော်ငြာကုမ္ပဏီတစ်ခု ပူးပေါင်းမှုစာချွန်လွှာရေးထိုး မှ

နိုင်ငံတော်မူဝါဒ၊ ဝန်ကြီးဌာနမူဝါဒ၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် စံချိန်စံညွှန်းများ၊ ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုနှင့် ရေရှည်ဖွံ့ဖြိုးမှုတို့အပေါ် အခြေခံပြီး ရေးဆွဲလျက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်သည့်အကြောင်းအရာများကို ဌာနနှင့် အမေရိကန်ကုမ္ပဏီများ တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်ကပြောသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဘယ်လိုရှိမလဲ။ ရင်းနှီးမြှုပ်နှံသူတွေကိုပေးတဲ့ မက်လုံးက ဘယ်လိုရှိမလဲ။ သူတို့က CLMV ဆိုရင် အဲဒီနိုင်ငံရဲ့ အခြေအနေကို ယှဉ်ကြည့်မှာပေါ့။ ဘယ်နိုင်ငံက ပိုပြီးတော့ သေချာမလဲ။ သူတို့သတ်မှတ်ထားတဲ့ ၅နှစ်၊ ဒါမှမဟုတ် ၁၀နှစ်အတွင်းမှာ ဘယ်နိုင်ငံက အမြတ်အရဆုံးဖြစ်မလဲဆိုတာ ကြည့်မှာပဲ။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ သဘောကတော့ Cost Benefit နဲ့ Return ပဲ ကြည့်မှာ"ဟု ဒုတိယဝန်ကြီးဒေါက်တာကံဇော်က ဆက်လက်ပြောသည်။

ဇူလိုင်လ ၁၁ ရက်တွင်အမေရိကန်အစိုးရက အမေရိကန်ကုမ္ပဏီများအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အပါအဝင် အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် ခွင့်ပြုပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀အထက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်အမေရိကန်ကုမ္ပဏီအားလုံးသည် လူ့အခွင့်အရေး၊ အလုပ်သမားများ အခွင့်အရေးနှင့်ပတ်ဝန်းကျင်ရေးရာတို့တွင် ၎င်းတို့ဆောင်ရွက်ထားသည့် အစီရင်ခံစာများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြရမည်ဖြစ်ကြောင်း အေပီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

## စာ-၅၊ မြေယာအသိမ်းခံရမှုများ စုံစမ်းရေးကော်မရှင် လွှတ်တော်ပြီးမှ လုပ်ငန်းစတင်မည် မှ

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင် ဦးတင်မြ (စစ်ကိုင်းမဲဆန္ဒနယ် ၇)ကလည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တွင် ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်) ကလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ဦးမောင်ဦး(တပ်ကုန်းမဲဆန္ဒနယ်) ကလည်းကောင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဒေါက်တာ ဌေးဝင်း(ရောဝတီမဲဆန္ဒနယ်၅)ကလည်းကောင်း အသီးသီးတာဝန်ယူထားသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၂၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

# Health

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## ကလေးငယ်များ အစားအသောက်နှင့် အိုင်ကျူ ဆက်စပ်နေ

**အက်ဒီလေ့ဒ်၊ ဩဂုတ် - ၁၄**

ကလေးငယ်များအား ၂၄လ (အသက် ၂နှစ်) အထိကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးပြီး အသက်ရှစ်နှစ် အရွယ်တွင် စစ်ဆေးကြည့်ရာ၌ ယင်းကလေးများမှာ အိုင်ကျူ မြင့်မားနေကြောင်း ဩစတြေးလျ သုတေသီများက တွေ့ရှိခဲ့ကြသည်။

အက်ဒီလေ့ဒ်တက္ကသိုလ်မှ ဒေါက်တာလီဆာစမစ်သာတို့ အဖွဲ့က ကလေးပေါင်း ၇,၀၀၀ အား လေ့လာပြီး အစဉ်အလာအားဖြင့် ကလေးများကိုကျွေးသည့်အစားအစာ၊ ကလေးအတွက်အသင့်ပြင်ဆင်ထားသော အစားအစာ၊ မိခင်နို့တိုက်ကျွေးခြင်းနှင့် အသင့်စားအစားအသောက်များ ကျွေး မွေးခြင်း စသည်တို့ကို ခွဲခြားလေ့လာခဲ့သည်။

"ကလေးအသက် ၂နှစ်အတွင်းမှာဦးနှောက်တစ်ရှူးတွေဖွံ့ဖြိုးဖို့ အာဟာရဓာတ်တွေလိုအပ်ပါတယ်။ အစားအသောက်တွေက ကလေးရဲ့ အိုင်ကျူအပေါ် ဘယ်လိုသက်ရောက်သလဲဆိုတာ သိချင်လို့ အခုလို လေ့လာခဲ့တာပါ" ဟု ဒေါက်တာစမစ်သာကပြောကြားသည်။

ခြောက်လအထိ မိခင်နို့တိုက်ကျွေးပြီး ကလေးအစာစားသည့်အခါ ပဲအမျိုးမျိုး ချိစ်များထည့်ကျွေးပြီး ၁၅လနှင့် ၂၄ လ အကြား သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စားသောက်ရသည့်ကလေးများမှာ အသက်ရှစ်နှစ်အရွယ်တွင် အိုင်ကျူနှစ်မှတ် ပိုမိုမြင့်မားနေကြောင်း သုတေသီများက ပြောကြားသည်။

ဘီစကစ်၊ ချောကလက်၊ အအေးဘူးများနှင့် အသင့်စားအာလူးကြော်ကဲ့သို့ အစားအသောက်များသာ စားသုံးခဲ့ရသော ကလေးငယ်များတွင် အိုင်ကျူနိမ့်နေသည်ကိုတွေ့ရသည်ဟု သုတေသီများကပြောသည်။ —Ref: UPI





ရခိုင်ပြည်နယ်ပဋိပက္ခများကြောင့် ယာယီတိမ်းရှောင်နေရသူများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဒုက္ခသည်များ ကျန်းမာရေးဂရုပြုပေးကြပါ

**ဝတ်ရည်အောင်**

မြန်မာနိုင်ငံအတွက် လက်ရှိကာလမှာ ဒုက္ခသည်အများဆုံးကာလတစ်ခုဖြစ်ဖွယ်ရှိသည်။ အစိုးရနှင့် ကေအိုင်အေကြားတိုက်ပွဲများကြောင့် ကချင်ပြည်နယ်တွင် စစ်ဘေးဒုက္ခသည်ရှစ်သောင်းကျော်၊ ရခိုင်ပြည်နယ်ပဋိပက္ခကြောင့် ဒုက္ခသည်သည် ခြောက်သောင်းဝန်းကျင် ရှိနေသည့်အပြင် ရေကြီးမှုကြောင့် ဒုက္ခသည်သောင်းနှင့်ချီ၍ ရှိလာသောကြောင့်ဖြစ်သည်။ ဒုက္ခသည်စခန်းများတွင်ရောက်ရှိနေသူများပြားသလို မိမိနေရပ်တွင် စစ်ဘေး၊ သဘာဝဘေးရှောင်ဒုက္ခသည်များလည်း ရှိပါသည်။

ယခုကဲ့သို့ မိုးရာသီတွင် ကယ်ဆယ်ရေးစခန်းများ၌အအေးမိခြင်း၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ အသည်းရောင်အသားဝါနှင့် ငှက်ဖျားကဲ့သို့ ရောဂါများအပြင် ကလေးများမှာ ဝက်သက်ရောဂါတွင် ကူးစက်ဖြစ်ပွားခြင်းနှင့် ပိုလီယိုရောဂါများဖြစ်ပွားနိုင်ခြင်းကို ဂရုပြုစောင့်ကြည့်ဆောင်ရွက်နေရကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တစ်ဦးမှ တစ်ဦးသို့ ကူးစက်သည့်ရောဂါများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ပွားလာနိုင်သည့် ရောဂါများ၊ ရာသီဥတုကြောင့် ဆက်စပ်ဖြစ်ပွားသည့်ရောဂါများကို သတိပြုရမည်။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာအားပေးမှုများမှာလည်း ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု ကုသမှုများအပြင် ထည့်သွင်းပြုလုပ်ကြသည့်အရာလည်းဖြစ်သည်။

ဘေးအန္တရာယ်များကြုံတွေ့နေကြသည့်နေရာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်နှင့် ယင်လုံအိမ်သာအသုံးပြုခြင်းများသည် အရေးကြီးသောအရာများဖြစ်ပြီး၊ ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ဇွန်၊ ဇူလိုင်လများ၏ စာရင်းများအရ အအေးမိဖျားနာခြင်းများ၊ ထိခိုက်ဒဏ်ရာရရှိမှု အများဆုံး ဖြစ်ပေါ်နေပြီး ကူးစက်ရောဂါများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများပြားနေကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စာရင်းများအရသိရသည်။

မိုးရာသီဖြစ်သည့်အပြင် ရေသန့်စက်များလည်း ပို့ဆောင်ထားသဖြင့် သန့်ရှင်းသောရေရရှိမှု အခက်အခဲမရှိသော်လည်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများ၏ စာရင်းများအရ လူဦးရေနှင့် ယင်လုံအိမ်သာများမှာ လောက်ငှမှုမရှိသေးချေ။

**စာ(၁၄)သို့**






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 ▪ AUGUST 23 , 2012

## စာ-၁၃၊ ဒုက္ခသည်များကျန်းမာရေး ဂရုပြုပေးကြပါ မှ

လူဦးရေ ၃၀၀ ခန့် ရှိသည့် စစ်တွေမြို့ရှိကယ်ဆယ်ရေးစခန်း တစ်ခုတွင် သုံးခန်းတွဲအိမ်သာ တစ်လုံးသာရှိခြင်း၊ လူဦးရေ ၁,၆၀၀ ကျော်ရှိသည့် စခန်းတွင် နှစ်လုံးတွဲအိမ်သာ လေးလုံးသာ ရှိခြင်း စသည်တို့မှာ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့်ပတ်ဝန်းကျင် မသန့်ရှင်းမှုများကြောင့် ဖြစ်ပွားလာနိုင်သည့် အခြားကူးစက်ရောဂါများဖြစ်ပွားစေရန် ဖိတ်ခေါ်နေသလိုဖြစ်နိုင်ကြောင်း ကျန်းမာရေး ပညာရှင်များကပြောသည်။

မိုးရာသီတွင် ဖြစ်ပွားမှု များပြားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါသည်လည်း ကယ်ဆယ်ရေးစခန်းများတွင် ဂရုပြုစောင့်ကြည့်ရသည့်ရောဂါတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ငှက်ဖျားအဖြစ်အများဆုံးနေရာများတွင် ပါဝင်သည့်ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးတာဝန် ထမ်းဆောင်နေသူများမှာ ငှက်ဖျားရောဂါကူးစက်မှု များပြားမည်ကိုလည်း စိုးရိမ်နေကြောင်း ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးလုပ်ငန်း လုပ်ကိုင်နေသည့်အဖွဲ့များထံမှသိရသည်။

စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများမှ စာရင်းများအရ ပဋိပက္ခ ဖြစ်ပွားသည့်အချိန်မှ နှစ်လခန့်အတွင်းငှက်ဖျားရောဂါဖြစ်ပွားမှု ၇၀ကျော် ရှိနေကြောင်း သိရသည်။

“အခုထိတော့ ဘယ်ရောဂါကပ်ရောဂါလိုဖြစ်တဲ့ ကူးစက်မှုမျိုးတွေတော့ မရှိသေးပါဘူး”ဟု ကြက်ခြေနီအသင်း ကျန်းမာရေးဌာနမှ ဌာနမှူး ဒေါက်တာစောနီ ထွန်းကပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်နေရသူများအတွက် ဆေးဝါးများအပြင် လက်ရှိအချိန်တွင် အလိုအပ်ဆုံးမှာ အစားအစာများ ရရှိမှုလည်းဖြစ်နေကြောင်း ပုသိမ်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသူတစ်ဦးကပြောသည်။

“ကယ်ဆယ်ရေးစခန်းတွေကို ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ဖွင့်တာ။ စခန်းတစ်ခုကို လူ ၅၀၀ လောက်မှာလည်း အိမ်သာနှစ်လုံးပဲရှိတယ်။ အဲဒီတော့ ဝမ်းရောဂါမျိုးကိုတော့ စိုးရိမ်ရတယ်။ အခုတော့ ကယ်ဆယ်ရေးစခန်း ဖွင့်ထားတဲ့နေရာတွေလည်း ရေမြုပ်ကုန်တော့ အိမ်တွေမှာပဲ ပုံးတွေ၊ ခုံတွေ၊ ဝါးကပ်တွေခုပြီး ပြန်နေကြတယ်။ အခုချိန်မှာတော့ အဓိကက စားဖို့ပဲ။ အလှူရှင်တွေရဲ့ အလှူနဲ့ချက်ပြီး လိုက်ဝေနေတာတောင် စားဖို့မရှိလို့ ဆက်သွယ်လာတဲ့သူတွေကို အလျှင်မမီဘူး။ တာဝန်ရှိသူတွေဘက်က အခုချိန်ထိ ဘာမှလည်း ထိထိရောက်ရောက် လုပ်ပေးတာ မတွေ့ရဘူး”ဟု အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ရေလည်း ထပ်မံမြင့်တက်လာနေသောကြောင့် စားသောက်ရန်အတွက် ထမင်းထုပ်များပင် အနိုင်နိုင် လိုက်ဝေနေကြရပြီး အချို့ကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးကုသမှုများ လိုက်လံပေးခြင်းများလည်းရှိကြောင်း သိရသည်။ ရေကြီးသည့်အတွက်ရေအရင်းအမြစ်များအတွင်း မသန့်ရှင်းသည့်အရာများ ပါဝင်လာခြင်းမှ တစ်ဆင့်အသည်းရောင်အသားဝါရောဂါများ ဖြစ်ပွားလာနိုင်သည့်အပြင် မသန့်ရှင်းမှုကြောင့် အစာအဆိပ်သင့်ခြင်းများလည်းဖြစ်နိုင်ကြောင်း အသည်းအထူးကုဆရာဝန်ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းကပြောသည်။ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ ကယ်ဆယ်ရေးစခန်းများတွင် သွားရောက် ဆေးကုသမှုပေးနေသည့် အဖွဲ့အစည်းများမှ ရောဂါဖြစ်ပွားမှုနှင့် ရောဂါကာကွယ်ရေးများအတွက် ပညာပေးမှုများ၊ ဆေးဝါးများဖြင့် ကုသဆောင်ရွက်နိုင်သော်လည်း ရေဘေးကြုံတွေ့နေကြရသည့် ဒုက္ခသည်များမှာမူ စားဝတ်နေရေးအပြင်ဆေးဝါးအကူအညီအထောက်အပံ့နှင့် ကုသပေးမှုများလည်း လိုအပ်နေကြောင်းသတင်းရရှိသည်။

ကယ်ဆယ်ရေးစခန်းများတွင် ဆေးဝါးများ၊ ဆပ်ပြာများ၊ ရေသန့်များ ဖြန့်ဝေပေးသည့်အပြင် ကူးစက်ရောဂါများ မဖြစ်စေရန် လက်ဆေးနည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်ပြီး ရောဂါတစ်စုံတစ်ရာ ဖြစ်ပွားပါကလည်း ဆေးကုသမှုရရှိရန် ကျန်းမာရေးဝန်ထမ်းများထံ အကြောင်းကြားရန်လည်း အသိပေးထားကြောင်း ရခိုင်ပြည်နယ်အတွင်းရှိကြက်ခြေနီဝန်ထမ်းတစ်ဦးကပြောသည်။

ရေကြီးသည့်ဒေသများတွင် ရေအရင်းအမြစ်များထဲမသန့်ရှင်းသည့်ရေများ ဝင်ရောက်ပြီး ထိုရေများအား သောက်သုံးမိပါက နောက်ဆက်တွဲရောဂါများ ဖြစ်ပွားလာမည့်အတွက် ရေကို ကျိုချက်သောက်သုံးရန်၊ ရေနှင့်အတူပါလာသည့် အန္တရာယ်ရှိသည့် တိရစ္ဆာန်များအား သတိထားရန်နှင့်မိုးရာသီဖြစ်သည့်အတွက် ဖျားနာမှုများမရှိစေရန် သတိထားရမည်ဖြစ်ကြောင်းသိရသည်။

## အက်စပရင် နေ့စဉ်သောက်ခြင်းဖြင့် ကင်ဆာကြောင့် သေဆုံးခြင်းကို လျှော့ချနိုင်

**အတ္တလန်တာ၊ ဩဂုတ် - ၁၄**

အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုအများစု ပါဝင်ပြီး လူပေါင်းတစ်သိန်းကျော်ကို လေ့လာခဲ့ရာတွင် အက်စပရင်ဆေးကို နေ့စဉ်သောက်သုံးပါက ကင်ဆာရောဂါကြောင့် သေဆုံးခြင်းကို လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသီများကပြောကြားသည်။

နှလုံးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက်နေ့စဉ်အက်စပရင်သုံးစွဲခြင်းမှ ထွက်ပေါ်လာသည့်ရလဒ်များကို စုစည်းလေ့လာရာမှ အက်စပရင်ဆေး နေ့စဉ်သောက်ပါက ကင်ဆာကြောင့် အသက်ဆုံးရှုံးနိုင်ခြေ ၁၆ ရာခိုင်နှုန်း လျော့ကျသွားနိုင်သည်ကိုလည်း သုတေသီများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကင်ဆာရောဂါလေ့လာရေးအဖွဲ့မှ အဲရစ်ဂျက်ဘ်ကော့စ်နှင့် လုပ်ဖော်ကိုင်ဖက်များသည် အသက် ၆၀နှင့်အထက် အများအားဖြင့် လူဖြူသက်ကြီးရွယ်အို ၁၀၀,၁၃၉ ဦး၏ အချက်အလက်များကို လေ့လာခဲ့သည်။ ယင်းသက်ကြီးပိုင်း လူဖြူများအား ၁၁ နှစ်အထိ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုတွေ့ရှိချက်မှာ ယခင်က အလားတူလေ့လာချက်များမှ ကင်ဆာရောဂါဖြင့် သေဆုံးမှု ၃၇ ရာခိုင်နှုန်းလျှော့ချနိုင်သည်ဟူသော ခန့်မှန်းချက်ထက် ရာခိုင်နှုန်းနည်းနေသည်။ ယခု တွေ့ရှိချက်ကြောင့် လူအများအနေဖြင့် ကင်ဆာရောဂါကာကွယ်ရန် အက်စပရင်ဆေးကို စတင်သောက်သုံးသင့်ပြီဟု မပြောလိုကြောင်း၊ ယင်းသို့ သောက်မည်ဆိုပါကလည်း ဆရာဝန်တစ်ဦးနှင့် ဦးစွာတိုင်ပင်ဆွေးနွေးသင့်သည်ဟု သုတေသနခေါင်းဆောင် မစ္စတာဂျက်ကော့ဘ်က တိုက်တွန်းထားသည်။

—Ref: UPI

## ကျောင်းနေအရွယ် ကလေးငယ်များနေ့လယ်စာအတွက် မိခင်အများစု စိတ်ပင်ပန်း

**မောင်တိန်းဗျူး၊**
**ဩဂုတ် - ၁၃**

ကျောင်းနေအရွယ် ကလေးများရှိသော အမေရိကန်မိခင် ၅၅ ရာခိုင်နှုန်းသည် ကလေးများ၏ နေ့လယ်စာ ထမင်းဘူးအတွက် ဈေးဝယ်ထွက်ရခြင်းနှင့်ထမင်းဘူးထုပ်ပေးရခြင်းအတွက် စိတ်ပင်ပန်းမှု ခံစားကြရကြောင်း စစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။



ဟေးရစ်အပြန်အလှန် ဆက်သွယ်ရေးဝက်ဘ်ဆိုက်က ပြုလုပ်ခဲ့သောစစ်တမ်းအရ အမှန်တကယ် ကလေးများအတွက် ထမင်းဘူးထည့်ပေး၍ ကျောင်းပို့ရာတွင် မိခင်များထက် ဖခင်များက ပို၍ တာဝန်ယူရကြောင်းသိရသည်။ ယင်းသို့လုပ်ပေးရမှုတွင် မိခင် ၄၃ ရာခိုင်နှုန်းရှိပြီး ဖခင်များမှာ ၅၅ ရာခိုင် နှုန်းရှိသည်။

သို့ရာတွင် ကလေးများအား တစ်ပတ်လျှင် သုံးရက်ထက်ပို၍ ထမင်းဘူးထည့်ပေးသည်ဟုပြောသည့် မိဘများမှာ ၅၀ ရာခိုင်နှုန်းပင်မရှိကြောင်းသိရသည်။

မိခင်၊ ဖခင် ၅၆ ရာခိုင်နှုန်းကလည်း ကလေးများအတွက် ထမင်းဘူးထည့်ပေးရန် အသင့်ချက်ပြုတ် ပြင်ဆင်ထားသော အစားအစာများနှင့် သရေစာများကို ဝယ်ယူကြသည်ဟုပြောကြားသည်။ အသက်ငယ်ရွယ်သော မိဘများတွင် အသင့်စား အစားအသောက်များထည့်ပေးသည်ဟု ဆိုသူ ပိုမိုများပြီး ၆၉ ရာခိုင်နှုန်းရှိသည်။

သို့သော် မိဘများအနေဖြင့် နေအိမ် မီးဖိုချောင်မှ အပိုထွက်လာသော အသီးအနှံများ၊ သစ်သီးခြောက်များနှင့် သကြားလုံးများကို ကလေးများ၏ ထမင်းဘူးများတွင် ထည့်ပေးလိုက်နိုင်သည်ဟု မိသားစုအသုံးစရိတ်ချွေတာရေးကျွမ်းကျင်သူ မစ္စဂျယ်နက်က ပြောကြားသည်။

—Ref: UPI

နီလာ
အပြည့်ပြည့်ဆိုင်ရာခရီးသွားကုမ္ပဏီမအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
“ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၌လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလားရ လားရာလုနတ်ပြည်”
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားၤပွင့်၊ဟောၤစံ)( အိန္ဒိယ - နီပေါ) → စရိတ်ငြိမ်း(၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇပါတလေးဌာန + နယူးဒေလီ၊တဇ်မဟာ → စရိတ်ငြိမ်း (၉)သိန်း
ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ဖွယ်တော်) + ဘန်ကောက် (မြဘုရား)→(၀၂)သိန်း (စရိတ်ငြိမ်း) (၂၅.၉.၂၀၁၂)ထွက်ခွာမည်။
မိခင်ကြီးဒေါ်နီလာ၏ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ်ယူအထူးအစီအစဉ်
(၁၁.၈.၂၀၁၂)မှ (၃၀.၉.၂၀၁၂)အတွင်း နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် နေ့၊လ၊ရက်များကို ရွေးချယ်ပြီး စရံငွေ (၁)သိန်းသွင်း၍စာရင်းပေးပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်ဖြစ်ပါသည်။ မည်သည့်ခရီးစဉ်မဆို(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းဘုရားဖူးဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။ မှတ်ချက်။ ။သက်မှတ်ရက် ကာလအတွင်းသာ အကျုံးဝင်ပါသည်။
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။ အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသောသူများကိုလည်းအထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးပါသည်။ နိုင်ငံကူးလက်မှတ် သက်တမ်း(၆)လအထက် လက်ဝယ်ရှိသူများကို(၃၀၀၀၀/-ကျပ်)ထပ်မံလျှော့ပေးပါမည်။
အထူးအစီအစဉ်အနေဖြင့်(စနေ၊တနင်္ဂနွေ)နေ့များတွင်ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးခရိုင်အတွင်းရှိရဟန်းရှင်လူ၊မိဘပြည်သူများအား ဘုရားဖူးခရီးစဉ်များနှင့်ဝန်ဆောင်မှုအသေးစိပ်ကိုကုမ္ပဏီမှအိမ်တိုင်ရာရောက်ဝန်ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဝန်ဆောင်မှုနှင့်ပတ်သက်၍နေထိုင် စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
ထွက်ခွာမည့်ရက်များ- [illegible]
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ (၁) အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
ရုံးခွဲ (၂) - မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆

ပွင့်ဦး
သစ်မွှေးစိုက်ခင်းနှင့်ပျိုးဥယျာဉ်
ကချင်ပြည်နယ်သစ်မွှေး (Northern Agarwood)
သစ်မွှေးပျိုးပင်များရနိုင်ပါသည်။ ပျိုးအိတ် 5''×7''၊ သစ်မွှေးပင်အမြင့် 1ပေ=500ကျပ်၊ 1½ပေ=700 ကျပ်၊ 2ပေ=800 ကျပ်၊ 2½ပေ=900 ကျပ်၊ 3ပေ=1200 ကျပ်၊ ပျိုးပင်=1000 အထက်ဝယ်ယူသူများ၊ မိုင် 100 အတွင်း ပို့ဆောင်ပေးပါမည်။ ပျိုးပင် 5000 အထက် ဝယ်ယူသူများ မော်လမြိုင်၊ဘားအံ၊ မြဝတီ၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊တောင်ကြီး၊ပုသိမ်၊ပြည်၊မကွေး၊မိတ္ထီလာ၊ပခုက္ကူ၊စစ်ကိုင်း၊မုံရွာ၊ရွှေဘို၊ ကလေးမြို့များသို့ ပို့ဆောင်ပေးပါမည်။ သစ်မွှေးပင် ဆေးသွင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသည်။
သစ်မွှေးပန်းခြောက်(Agarwood Flower Tea)(50 - ဂရမ်)၊တစ်ထုပ် 5000/-ကျပ် ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
ကိုအောင်ဇော်ရှိန် - ၀၉-၄၉၄၅၀၀၅၆၊ ၀၉-၅၀၂၈၈၉၀၊ သစ်မွှေးဝါသနာရှင်များ(Group)
ရန်ကုန် - လှည်းကူးမြို့နယ်၊ ဖောင်ကြီး - မင်းကုန်းရွာအလွန်ကားလမ်းဘေး
မန္တလေး - တံခွန်တိုင်ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး တံခွန်တိုင်ဈေးရှေ့

Regional
7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကျေးရွာများ ဆန္ဒဖော်ထုတ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၁၈**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိလက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ကျေးရွာများဖြစ်သော ဝက်မှေး၊ ဆည်တည်းနှင့် ဇီးတောကျေးရွာများမှ ဒေသခံ ၃၀၀ ကျော် စုပေါင်း၍ ဩဂုတ် လ ၁၇ ရက် ည ၇ နာရီအချိန်တွင် မုံရွာမြို့ အနောက်ဘက် ချင်းတွင်းမြစ်အတွင်း ဆန္ဒထုတ်ဖော်သည့်အနေဖြင့် ဆီမီးမျှောပွဲကျင်းပခဲ့သည်။

"လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး စီမံကိန်းနယ်မြေအတွင်း ပြောင်းရွှေ့ရမည့် ကျေးရွာတွေအနေနဲ့ ဆန္ဒထုတ်ဖော်တာပါ။ လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး စီမံကိန်းကြီး လုံးဝရပ်တန့်စေရေးနဲ့ လယ်ယာမြေအသိမ်းခံရသူတွေ ကျေးရွာနေအိမ် အသိမ်းခံရသူတွေရဲ့အပူမီးတွေကိုချင်းတွင်းမြစ်ထဲမှာမျှောတဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်" ဟု အဆိုပါချင်းတွင်းမြစ်အတွင်း မီးမျှောပွဲ ပါဝင်သူတစ်ဦးက ပြောသည်။




**ချင်းတွင်းမြစ်အတွင်း ဆန္ဒထုတ်ဖော် ဆီမီးမျှောပွဲကျင်းပစဉ်** ဓာတ်ပုံ - မျိုးမင်းဦး

လက်ပန်းတောင်းတောင်တွင် သီတင်းသုံးပြီး လယ်တီပဏ္ဍိတ ကျမ်းကြီးနှစ်ကျမ်းနှင့် ကျမ်းသေးနှစ်ကျမ်းတို့ကို ပြုစုတော်မူခဲ့သော လယ်တီဆရာတော်ကြီး၏ ဘူမိနက်သန်အောင်မြေ လက်ပန်းတောင်းတောင်ကြီး ပျက်စီးမှုဘေးမှ ကင်းဝေးစေရန်၊ အတင်းအဓမ္မ လယ်ယာမြေသိမ်းဆည်းမှုမှ ကင်းဝေးစေရန်နှင့် လက်ပန်းတောင်းတောင် ပတ်ဝန်းကျင်ရှိ ကျေးရွာများအပူသောကများ ဝေးပါရစေ ဟု ချင်းတွင်းမြစ်လယ်တွင် ဆုတောင်းပွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ဒေသခံ ၃၀၀ ကျော်မှာချင်းတွင်းမြစ်အတွင်း စက်လှေငါးစီးဖြင့် ဩဂုတ်လ ၁၇ ရက် ည ၇ နာရီအချိန်တွင် မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ကိုဦးခိုက်ကာ ဆီမီးမျှောပွဲအား တစ်နာရီနီးပါးကြာမြင့်သည်အထိ ကျင်းပပြုလုပ်ခဲ့သည်။

လက်ပန်းတောင်းတောင်သည် တောင်ပေါင်း ၃၃ လုံးဖြင့်ဖွဲ့စည်းထားသည်။ တစ်ချိန်က လယ်တီဆရာတော်ကြီး တရားအားထုတ်ကျင့်ကြံရာ ဒီပနီကျမ်းများ ပြုစုခဲ့ရာ တောင်တန်းကြီးတစ်ခု ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနနှင့်တရုတ်နိုင်ငံစက်မှုကုမ္ပဏီတစ်ခုပူးပေါင်း၍ မြန်မာဝမ်ပေါင်ကုမ္ပဏီအမည်ဖြင့် ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

## ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်း စွန့်ပစ်မြေပုံပြိုကျမှုကြောင့် ဒေသခံ ၅၉ ဦး ပြောင်းရွှေ့ခဲ့ရ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၁၅**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်းခွင်ရှိ စွန့်ပစ်မြေပုံပြိုကျမှုကြောင့် ကြေးနီတူးဖော်ရေး စီမံကိန်းနယ်မြေပြင်ပ စွန့်ပစ်မြေပုံအနီး နေထိုင်သော တဲငယ်နှစ်လုံး ပျက်စီးခဲ့ပြီး တဲအိမ်ဆယ်လုံးပြောင်းရွှေ့ခဲ့ရသဖြင့် ဒုန်းတောကျေးရွာ စွန့်ပစ်ကြေးနီချက်လုပ်ငန်းလုပ်ကိုင်သော ဒေသခံ ၅၉ ဦး ဩဂုတ်လ ၁၄ ရက် ညနေပိုင်းက ပြောင်းရွှေ့ခဲ့ရကြောင်း သတင်းရရှိသည်။

"နေ့လယ် ၁ နာရီကျော်ကျော်လောက်ကတည်းက အသံပေးနေတာ။ နှစ်နာရီဝန်းကျင်မှာ မြေပုံကြီးက တဲပေါ်ကိုပြိုကျသွားတယ်။ တဲထဲမှာအိပ်နေသူကို ဆွဲထုတ်ချိန်ရပေမယ့် ရှင်ပြုဖို့ စုထားတဲ့ ရွှေလေးတွေ ပျောက်မှာစိုးလို့ မြေပုံထဲမြှုပ်သိမ်းထားတာ အခုထိရှာမတွေ့သေးဘူး" ဟု ဒုန်းတောကျေးရွာမှ တဲအိမ်ပိုင်ရှင်အမျိုးသမီးကပြောသည်။

"စွန့်ပစ်မြေပုံ နိမ့်ကျပြီး တဲနှစ်လုံးဖုံးလွှမ်းသွားတယ်။ တဲဆယ်လုံးတော့ ဘေးကင်းရာကို အချိန်မီပြောင်းရွှေ့ပေးခဲ့ပါတယ်။ အသေအပျောက်မရှိပါဘူး။ သက်ဆိုင်ရာက အချိန်မီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တယ်။ ဒုန်းတောကျေးရွာအနီးမှာ စွန့်ပစ်မြေတွေကြောင့် စိုက်ပျိုးမြေမရတဲ့ လယ်ယာမြေတွေကို ကြေးနီကုမ္ပဏီက မြေသားပြုပြင်မှုတွေ ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်တဲ့အထိ ဆောင်ရွက်ပေးဖို့ စီစဉ်နေပါတယ်" ဟု ဆားလင်းကြီးမြို့နယ် ရွာသာကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။



"စွန့်ပစ်မြေပုံပြိုကျတာ ပထမဆုံးဖြစ်ခဲ့တာပါ။ မြေအောက်သတ္တုသိုက်တူးဖော်ရေးလုပ်ငန်းမှာ မြေအောက်ရေကြောကြောင့် မြေလွှာနိမ့်ဆင်းပြီး အနီးပတ်ဝန်းကျင် တဲအိမ်တွေအပေါ် မြေသားတွေ တက်သွားတာ ဖြစ်နိုင်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်း ရေးအတွက် စွန့်ပစ်မြေပုံတွေ ပြို ကျတဲ့အပိုင်းကို အန္တရာယ်ရှိတဲ့ နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်နေပါတယ်"ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

စာ(၁၈) သို့

## ညဘက်သွားလာသည့် သစ်လုံးတင်ကားများကို သစ်မှောင်ခိုကားအဖြစ်သတ်မှတ်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁၃**


ညနေ ၆ နာရီမှ နံနက် ၆ နာရီ အတွင်း(ညပိုင်း)ဖြတ်သန်းမောင်းနှင်သည့် သစ်လုံးတင်မော်တော်ယာဉ်များအား သစ်မှောင်ခိုကားများအဖြစ်သာ သတ်မှတ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးစိုးတင့်က ယနေ့ ကျင်းပသော အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့တွင် ရှင်းလင်းပြောကြားသည်။

မိုးရာသီအတွင်း လမ်းများ ပျက်စီးစေသောကြောင့် သစ်လုံးတင်ကားများ မိုးရာသီကာလ၌ သယ်ယူခြင်း မပြုရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းကို မေတ္တာရပ်ခံခဲ့ကြောင်း၊ အသင်းကလည်း သစ်ကားများအား နံနက် ၆ နာရီမှ ညနေ ၆ နာရီ အတွင်း ဖြတ်သန်းမောင်းနှင်ရန် မေတ္တာရပ်ခံခဲ့ကြောင်း၊ ညနေ ၆ နာရီကျော် မောင်းနှင်သော ယာဉ်များကိုမူ မှောင်ခိုသစ်ကားအဖြစ် သတ်မှတ်ကြောင်း ဦးစိုးတင့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ကန့်သတ်ခြင်းမှာ အခြားကုန်စည်များ အကျုံးမဝင်ဘဲ သစ်လုံးတင်ကားများကိုသာ သတ်မှတ်ကြောင်း၊ အခြားကုန်စည်များကိုမူ ခွင့်ပြုချက် တောင်းခံရန်မလိုဘဲ သယ်ယူနိုင်ကြောင်း၊ သတ်မှတ်ကုန်တန်ချိန်များနှင့် ပတ်သက်၍လည်း အာဆီယံနိုင်ငံများတွင် အများဆုံးဖြစ်သည့် ဝင်ရိုးတစ်ခု အလေးချိန် ၁၀ တန် ထက် ပိုပေးထားကြောင်း ကောက်ခံသည့် လမ်းတံတားဖြတ်သန်းခများသည်လည်း အာဆီယံနိုင်ငံများအပြင် အိမ်နီးချင်းနိုင်ငံများထက်ပင် သက်သာကြောင်း သိရသည်။

ကတ္တားများ စံချိန်မမီ၍ ကုန်စည်စီးဆင်းမှု အဟန့်အတားများ ဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်၍လည်း ကတ္တားကြောင့် အလေးချိန်လွဲမှားမှုသည် ၀ ဒသမ ၅ တန်သာရှိကြောင်း၊ ယင်းလွဲမှားမှုအတွက်လည်း ၀ ဒသမ ၅ တန်ကို ကင်းလွတ်ခွင့်ပြုထားကြောင်း၊ ၎င်းအပြင် ရေရှည်၌ ထိုကဲ့သို့ မဖြစ်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် စံချိန်မီကတ္တားများ ထားရှိသွားရန် သက်ဆိုင်ရာကုမ္ပဏီများကို အကြောင်းကြားထားကြောင်း သိရသည်။

နေပြည်တော် အခြေစိုက် ကုန်တင်ယာဉ်ဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးကမူ "ဆောက်လုပ်ရေးကတော့ ကတ္တားတွေ အကြောင်း ရှင်းပြလို့သိရပါပြီ။ ဒါပေမဲ့ ယာဉ်မောင်းတွေပြောတဲ့ 'ပီကယ်ကြေး'၊ 'မြို့အဝင်တားကြေး' တွေကိုလည်း ဘယ်သူကရှင်းမလဲ။ စောင့်ကြည့်ပါဦးမယ်" ဟူ၍ ၎င်းတို့ကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ ထောက်ပြပြောဆိုသည်။



7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်ဒေသခံများ သမ္မတထံစာတင်

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဩဂုတ်-၁၇**

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကြောင့် ရွှေ့ပြောင်းရမည့်ဒေသခံ၈,၀၀၀ကျော်ကၡင်းတို့အတွက် ရွှေ့ပြောင်းစရိတ်နှင့် မြေယာများ အစားထိုး ချပေးစေလိုကြောင်း သမ္မတထံသို့ စာတင်ထားကြောင်း ပင်လောင်းမြို့နယ် ဒေသခံများထံမှ သိရသည်။

ရှမ်းပြည်တောင်ပိုင်းနှင့် နေပြည်တော် အရှေ့ပိုင်း ကီလိုမီတာ ၆၀ အကွာတွင် တည်ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်းဆည်ကြောင့် ၎င်းဆည်အနီးရှိ ရွာပေါင်း ၂၃ ရွာ၊ လယ်မြေကေပေါင်း ၆၀၀၀ ကျော်ကို အစိုးရက ရေမြုပ်ဧရိယာအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါရေမြုပ်ဧရိယာအတွင်း နေထိုင်သူဒေသခံ ၈၀၀၀ ကျော်ကို ပြောင်းရွှေ့နေထိုင်ရန် တစ်အိမ်ထောင်လျှင် ပေ ၈၀×၆၀ မြေတစ်ကွက်စီ သတ်မှတ်ချထားပေးမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးများက ပြောကြောင်း ဒေသခံများက ပြောကြားသည်။

"ကျွန်တော်တို့ ရွာတွေက မဆလလက်ထက်မှာတစ်ခါပြောင်းရသေးတယ်။ အခုအခြေကျနေပြီး ခါမှ ထပ်ပြောင်းရဦးမယ်ဆိုတော့ တော်တော်အဆင်မပြေဘူး။ ရွှေ့ပြောင်းတဲ့အခါမှာ ရွှေ့ပြောင်းစရိတ်လည်းမရ၊ ပြန်စိုက်လို့ လယ်ယာမြေလည်း ချမပေးတော့နောက်ပိုင်းမှာ ဘာလုပ်စားရမှန်းတောင် မသိပါဘူး" ဟု ရွာကြီးကျေးရွာမှ ကျေးရွာအတွင်းရေးမှူး မောင်ဌေးကပြောသည်။

အစိုးရအနေဖြင့် ရွှေ့ပြောင်းပေးရန် ရေမြုပ်ဧရိယာနှင့် လွတ်ကင်းမည့် တောင်စောင်းနယ်မြေများသို့ ရွှေ့ပြောင်းပေးရန် စီစဉ်လျက်ရှိပြီး တောင်စောင်းဒေသများသို့ ရွှေ့ပြောင်းလျှင် ဒေသခံများအနေဖြင့် ရွှေ့ပြောင်းတောင်ယာသာ စိုက်ပျိုးရတော့မည်ဖြစ်သည်။

ပင်လောင်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကန်လှကျေးရွာမှ ဦးဇင်းဦးတေဇာနန္ဒက "ဦးဇင်းတို့ ရွာတွေက စိုက်ပျိုးရေးနဲ့ပဲ အသက်မွေးရတာ။ တောင်ပေါ်မှာစိုက်ရင် သုံးပုံနှစ်ပုံလောက် ဆုံးရှုံးမှာ လယ်အထွက်များတာက ပေါင်းလောင်းမြစ်နဲ့ နီးတဲ့နေရာမှ ထွက်တာ။ အခုတောင်ပေါ်ကို ရွှေ့ပေးမယ်ဆိုတော့ ရွာသားတွေအနေနဲ့ ဆုံးရှုံးမှု အရမ်းများတယ်။ ရဟန်းတွေအတွက် ကျောင်းနဲ့ ဘုရားတွေ ဆောက်ထားတာတွေလည်း ဖျက်ရမှာဆိုတော့ အစိုးရအနေနဲ့ အစားထိုးပေးတဲ့အခါ ဒါတွေကိုလည်း ထည့်ပြီးစဉ်းစားပေးသင့်တယ်"ဟု မိန့်ကြားသည်။

ပအိုဝ် အမျိုးသားပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းကလည်း "ကျွန်တော် မတ်လနောက်ဆုံးပတ်မှာ ပေါင်းလောင်းကိစ္စနဲ့ ပတ်သက်ပြီး မေးခွန်းသုံးခု မေးခဲ့ပါတယ်။ ရေမြုပ်ဧရိယာထဲပါသွားတဲ့ ဒေသတွေကို နိုင်ငံတော်က ပံ့ပိုးငွေပေးဖို့ ရှိ၊ မရှိ လယ်မြေအသစ်တွေ ပြန်ချထားပေးဖို့ ရှိ၊ မရှိနဲ့ ရေမြုပ်ဧရိယာတွေမှာ ရေမမြုပ်ခင် ဒေသခံတွေကို လယ်မြေလုပ်ကိုင်ခွင့်ပေးဖို့ ရှိ၊ မရှိ ဆိုတာပါ။ ဒါပေမဲ့ အခု စတုတ္ထအကြိမ်လွှတ်တော်မှာလည်း ပြန်ဖြေတာမရှိသေးဘူး"ဟု ပြောသည်။

အစိုးရအနေဖြင့် ဒေသခံများသို့ ထိုက်သင့်သော နစ်နာကြေးများ ပေးစေလိုကြောင်း၊ လူမှုရေးကိစ္စရပ်များမှအစ နဂိုမူလအတိုင်းနီးပါး ဖြစ်နိုင်ရန် ကူညီပေးစေလိုကြောင်း ၎င်းကပြောသည်။ အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စတင်လည်ပတ်နေပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် ရေစတင် သိုလှောင်မည်ဖြစ်သောကြောင့် ၂၀၁၃ ခုနှစ်အတွင်းတွင် ဆည်အနီးရှိဒေသများသို့ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်တော့မည်ဖြစ်သည်။

အထက်ပေါင်းလောင်းမြစ်ဝှမ်းတစ်လျှောက်သည် ၆၁ ကီလိုမီတာ ကျယ်ဝန်းပြီး ကယန်းတိုင်းရင်းသား၊ ပအိုဝ်တိုင်းရင်းသားနှင့် ဗမာတိုင်းရင်းသားများ အများစုနေထိုင်ကြသည်။ ဒေသခံများသည် စပါးကို အဓိကစိုက်ပျိုးကြပြီး မြေပဲနှင့် နနွင်းတို့ကိုလည်း စိုက်ပျိုးကြသည်။ ယခုရေမြုပ်ဧရိယာအဖြစ် သတ်မှတ်ခံရသည့်ဧရိယာမှာ လယ်မြေကေပေါင်း ၆,၀၀၀ ခန့်၊ ကိုင်းမြေကေပေါင်း ၅,၀၀၀ ခန့်နှင့် အိမ်ခြေပေါင်း ၃,၀၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။




# အဝေးပြေး ခရီးသည်တင်ယာဉ်များ ၈၄ လမ်းတွင် ဩဂုတ် ၂၁ မှစ၍ ဖြတ်သန်းခွင့်မပြုတော့



ဓာတ်ပုံ - ညီညီဇော်

**ညီညီဇော်၊ စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၁၆**

မန္တလေးမြို့တွင်း အဓိကကျသည့် လမ်းမကြီးတစ်ခုဖြစ်သော ၈၄ လမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုများ အဖြစ်များလာသည့်အတွက် ဩဂုတ် ၂၁ ရက်မှစ၍ အဝေးပြေးခရီးသည် တင်အဝေးပြေးယာဉ်များ ဖြတ်သန်းခွင့်မပြုတော့ကြောင်း သတင်းရရှိသည်။

ယင်း ၈၄ လမ်းကို အသုံးပြုသည့် အဝေးပြေးခရီးသည်တင် ယာဉ်များမှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမန္တလာယာဉ်ရပ်နားစခန်းအတွင်းရှိကြသော ယာဉ်အသင်းများအနက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် ချင်းပြည်နယ်ဒေသများသို့ ထွက်ခွာကြသော ယာဉ်များဖြစ်ပြီး ဩဂုတ် ၂၁ ရက်နံနက် ၃ နာရီမှစတင်ကာ ၈၄ လမ်းမအစား ၈၆ လမ်းကိုပြောင်းလဲပြေးဆွဲရမည်ဖြစ်သည်။ အမရပူရမြို့ အဝင်တွင်မူ ပုံမှန်အတိုင်း ပြေးဆွဲရမည်ဖြစ်သည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးထုတ်နေ့စဉ်သတင်းစာတွင် အသိပေးခဲ့သည်။

၈၄ လမ်းသည် မန္တလေးမြို့မှ အမရပူရနှင့် စစ်ကိုင်းမြို့များ သို့ သွားရောက်ရာတွင်လည်းကောင်း၊ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော မဟာမုနိဘုရားကြီး၊ ဈေးချိုအစရှိသည့် နေရာများကို သွားရောက်ရာတွင်လည်းကောင်း အဓိကအသုံးပြုသော လမ်းမကြီးဖြစ်သည်။

"၈၄ လမ်းကို အသုံးပြုနေကြတဲ့ ခရီးသည်တင်ယာဉ်အသင်းတွေ၊ ယာဉ်တွေက အများကြီး။ ရွှေဘို-မုံရွာကားတွေဆိုရင် နာရီဝက်တစ်စီးထွက်နေကြတာ။ အခုလို ကောက်စိုက်ရာသီဆိုရင် လယ်ယာလုပ်ငန်းခွင်ဝင်ချိန်မို့ ခရီးသည်တွေပါးတယ်။ ၃၅×၈၄ လမ်းဆုံကနေပြီး ဘုရားကြီးအနောက်ဘက်မုခ်အထိ စည်းကမ်းမရှိရပ်ကြပြီး ခရီးသည်စောင့်ခေါ်တော့ မလိုအပ်ဘဲ ယာဉ်ကြောတွေပိတ်တယ်။ ၃၅×၈၄ လမ်းဆုံနဲ့ ဘုရားကြီးကွေ့အတွင်း ခရီးသည်စောင့်တာက အနည်းဆုံး ၄၅ မိနစ်လောက်ကြာပါတယ်" ဟု ကိုယ်ပိုင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

စာ(၁၈) သို့

# ချင်းတွင်းမြစ်ရေ မြင့်တက်လာသော်လည်း စိုက်ပျိုးရေလုံလောက်စွာမရရှိသေး၍ မိုးစပါးရေသွင်းစိုက်ပျိုး

ရန်နိုင်ကျော်

မုံရွာ၊ ဩဂုတ်-၁၅

ချင်းတွင်းမြစ်ရေသည် ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းတွင် ဆိပ်ကမ်းမြို့ကြီးများ၏ စိုးရိမ်ရေအမှတ်အထိ ရောက်ရှိခဲ့သော်လည်း ချင်းတွင်းရေဝင်ဒေသစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေလုံလောက်စွာ မရရှိသေး၍ မိုးစပါးစိုက်ခင်းများ ရေသွင်းစိုက်ပျိုးရဖွယ်ရှိကြောင်း မုံရွာမြို့ ချင်းတွင်းရေဝင်ဒေသ မိုးစပါးစိုက် တောင်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

"ချင်းတွင်းမြစ်ရေက တက်တော့တက်လာတယ်။ စိုက်ပျိုးရေးအတွက် လုံလောက်တဲ့အထိ မရသေးဘူး။ ချင်းတွင်းတာရိုး အနောက်ဘက်က လယ်ကွင်းတွေတောင် ရေအနှံ့မဝင်တော့ ချင်းတွင်းတာရိုး အရှေ့ဘက်က မိုးစပါးစိုက်ခင်းတွေက ရေသွင်းစိုက်ရမယ့် အနေအထား ရောက်နေတယ်။ တောင်သူတွေ စိုက်စရိတ်မတက်အောင် ချင်းတွင်းမြစ်ရေတက်ချိန်ကို မျှော်နေရတယ်"ဟု မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသညောင်ဖြူပင်ကျေးရွာဒေသခံ တောင်သူတစ်ဦးကပြောသည်။



ချင်းတွင်းမြစ်ရေဝင်ဒေသ စိုက်ခင်းတစ်ခုကို တွေ့ရစဉ်

ဓာတ်ပုံ - မျိုးမင်းဦး

မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဝင်ဒေသ မိုးစပါးစိုက်ခင်းများသည် ဒေသတွင်းစားသုံးရန် ဖူလုံအောင် ထုတ်လုပ်ပေးနိုင်ခဲ့သော်လည်း ဈေးကွက်အတွင်း ရောင်းချမှု နည်းပါးကြောင်း သိရှိရသည်။

ချင်းတွင်းမြစ် ရေဝင်ဒေသများတွင် ရှေးယခင်က ချင်းတွင်းမြစ်ရေ ဝင်ရောက်ချိန် ကြာမြင့်ခြင်းကြောင့် သက်ရင့်စပါးမျိုးများ အဓိက စိုက်ပျိုးရာဒေသများ၌ ၂၀၀၅ ခုနှစ် နောက်ပိုင်းကာလများတွင် ချင်းတွင်းမြစ်ရေဝင်ရောက်မှုနည်းပါးခြင်းနှင့်ရာသီဥတုပြောင်းလဲခြင်းကြောင့်သက်နုစပါးမျိုးများသာ အဓိက စိုက်ပျိုးလာကြကြောင်း အဆိုပါ ဒေသခံတောင်သူများက ပြောသည်။

"ချင်းတွင်းမြစ်ကမ်းမှာ စိုက်ထားတဲ့ မိုးကြိုနှမ်းတွေက မိုးနည်းတော့ အပင်အဖြစ်နည်းတာ။ အခုမြစ်ရေဝင်သွားတော့ နှမ်းပင်တွေ ပုပ်ကုန်တာတွေလည်းရှိတယ်"ဟု ချောင်းဦးမြို့နယ် ချင်းတွင်းမြစ် ရေဝင်ဒေသ တောင်သူတစ်ဦးကပြောသည်။

မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း ချင်းတွင်းမြစ် ရေဝင်ဒေသများတွင် မိုးစပါးစိုက်ခင်းများ ရေသွင်းစိုက်ပျိုးလျက်ရှိရာ အမြင့်မြို့ဟောင်း ကျေးရွာအနီးတစ်ဝိုက်တွင် ချင်းတွင်းမြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေ ရရှိသဖြင့် မိုးစပါးစိုက်ခင်းများ ရေသွင်းစိုက်ပျိုးနိုင်ကြောင်း သိရသည်။

## မောင်တောမြို့တွင် နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများ ဒုတိယအသုတ်အဖြစ် အလုံး ၅၀၀ ထပ်မံချပေး

မောင်ကံ

မောင်တော၊ ဩဂုတ်-၁၇

မောင်တောမြို့တွင် ကျပ်နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများကို ဇူလိုင်လကုန်ပိုင်းမှ စတင်ချထားပေးခဲ့ရာ ပထမအသုတ် အလုံး ၅၀၀ ကုန်သွားပြီးနောက် ဒုတိယအသုတ်အဖြစ် အလုံး ၅၀၀ ထပ်မံချပေးထားကြောင်း သိရသည်။

ဖုန်းများရောင်းချရာတွင် ဝန်ထမ်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး လစဉ်ပေးသွင်းရမည့် အရစ်ကျငွေကို လျှော့ချလိုက်သည့်အတွက် ဝန်ထမ်းအများစု ဝယ်ယူမှုများနေကြောင်း ဆက်သွယ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ကျပ်နှစ်သိန်းတန်ဖုန်းများချပေးနေသည့်အတွက် ဂျီအက်စ်အမ်ဟန်းဆက်များမှာလည်းရောင်းအားကောင်းနေပြီး ဟန်းဆက်တစ်လုံးလျှင် နှစ်သောင်းကျပ်မှ တစ်သိန်းကျော်ထိ အမျိုးအစားအလိုက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## ပုံးဖောက်ခွဲမည့်သတင်းကြောင့် မောင်တောနယ်စပ် လုံခြုံရေးတိုးမြှင့်

မောင်ကံ

မောင်တော၊ ဩဂုတ်-၁၇

မောင်တောနယ်စပ်ဒေသအတွင်း မြို့ပေါ်ငါးနေရာကို အကြမ်းဖက်သူများ ဗုံးဖောက်ခွဲမည်ဆိုသည့် သတင်းကြောင့် ဩဂုတ်လ ၁၇ ရက်တွင် မြို့ပေါ် လုံခြုံရေးတပ်များကို ယခင်နေ့များထက်တိုးမြှင့်ချထားကြောင်း သတင်းရရှိသည်။

ဒေသအာဏာပိုင်များမှ ရရှိသည့်သတင်းများအရ အကြမ်းဖက်သူများက မောင်တောရဲစခန်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၊ ပြည်ခိုင်ဖြိုးပါတီရုံးနှင့် ဗဟိုဘုန်းတော်ကြီးကျောင်းများကို အဓိကထားဖောက်ခွဲမည်ဟု သတင်းရရှိထားကြောင်း မောင်တောခရိုင် ဌာနဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။ မြို့မဘုန်းတော်ကြီးကျောင်း၊ တရားရုံး၊ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ ဗဟိုကျောင်း၊ ဆက်သွယ်ရေးရုံး စာတိုက်တို့တွင်မှာလည်း စစ်တပ်၊ နစကတပ်ဖွဲ့နဲ့လုံထိန်းတပ်ဖွဲ့ဝင်များကို ချထားပြီး ယခင်နေ့များက လုံခြုံရေးတပ်ဖွဲ့ဝင်များမရှိကြောင်း ဒေသခံများက ပြောသည်။

အဆိုပါနေ့နံနက်တွင် လုံခြုံရေးတပ်ဖွဲ့များက ကမ္ဘောဇဘဏ်၊ မွေး/ရေဘဏ်နှင့်မြန်မာ့စီးပွားရေးဘဏ်များကို လာရောက်ကာ ရှာဖွေစိစစ်မှုများ ပြုလုပ်ခဲ့ကြောင်း ဘဏ်ဝန်ထမ်းတစ်ဦးက ပြောသည်။ "ဘင်္ဂါလီတွေ အကြမ်းဖက်တာဟာ ဇွန်လ ၈ ရက် သောကြာက ဖြစ်တဲ့အတွက် ဒေသခံတွေအားလုံးက သောကြာနေ့ရောက်ရင် စိုးရိမ်နေကြပါတယ်။ အပတ်တိုင်းသောကြာနေ့ကျရင် တခြားနေ့တွေထက် လမ်းမှာလူသွားလူလာ နည်းနေတာတွေ့ရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း သောကြာနေ့ဆိုရင် ပိုပြီးကင်းလှည့်တာကိုတွေ့ရပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။ အဆိုပါ ဗုံးသတင်းကြောင့် ဒေသခံတိုင်းရင်းသားများမှာ အထူးစိုးရိမ်နေကြပြီး မောင်တောမြို့၌ လွန်ခဲ့သည့် ၁၉၉၄ ခုနှစ် ဧပြီလ ၂၄ ရက်ကလည်း အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မြေမြှုပ်ဗုံး ၁၂ လုံး ဖောက်ခွဲခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ရွှေမဟာ SMH
အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
(၁) သံဝေဇနိယလေးဌာန(အိန္ဒိယ+နီပေါ) (၁၂)ရက်ခရီး။
(၂) သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+တပ်ချ်မဟာ+နယူးဒေလီ+ကိုးလ်ကတ္တား(၁၅)ရက်ခရီး။
(၃) သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+တပ်ချ်မဟာ+နယူးဒေလီ+ကိုးလ်ကတ္တား+မွန်ဘိုင်း(ဘုံဘေ)(၁၈)ရက်ခရီး။
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ အောက်တိုဘာလ(၅)ရက်မှစ၍ တစ်ပတ်ခြားသောကြာနေ့များတွင်ပို့ဆောင်ပေးပါမည်။ သံဃာတော်များနှင့် သီလရှင်များအားငါးသောင်းကျပ်စီလျှော့ပေးပါမည်။ ပတ်(စ်)ပို့မရှိသူများအားပြုလုပ်ပေးပြီးရှိသူများအားငါးသောင်းကျပ်စီလျှော့ပေးပါမည်။ မိမိလိုက်ချင်သောခရီးစဉ်အားရွေးချယ်၍ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
(ရန်ကုန်ရုံးချုပ်)။ ။အမှတ်(၉/၁၁)၊မြေညီထပ်၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၅၃၂၀၈၆၊၅၁၈၁၉၆၊၀၉-၅၁၈၈၃၇၆၊၄၃၂၀၀၆၄၆၊၄၉၃၂၄၅၅၆။
(မန္တလေးရုံးခွဲ)။ ။အမှတ်(၁၄) ၊လမ်း(၃၀)(၆၇ × ၆၈) ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၇၃၆၇၇၊၀၉-၅၁၃၄၀၄၄၊၀၉-၈၇၄၁၆၃၆၊၀၉-၄၄၈၅၃၉၈၆၈၊၀၉-၄၃၀၇၀၂၉၄။

## ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူ ခရီးသည်တင်ယာဉ်လိုင်း ပြေးဆွဲရန်စီစဉ်

အောင်ရက္ခ

တောင်ကုတ်၊ ဩဂုတ်-၁၃

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးပန်းတောင်းဌာနခွဲ(လဲရွာစခန်း) မှ ယခင်က ပြေးဆွဲခဲ့သော တောင်ကုတ်-ပြည် ယာဉ်လိုင်းနေရာတွင် ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူယာဉ်လိုင်းအဖြစ် ပြေးဆွဲရန် ညှိနှိုင်းမှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

က. ပ. ရ ပန်းတောင်းဌာနခွဲ(လဲရွာစခန်း)မှ တာဝန်ရှိသူတစ်ဦးမှ "ခရီးသည်တင် ဘတ်စ်ကားသစ်ကြီးတွေ ရောက်လာရင် ပြေးဆွဲနိုင်ဖို့စီစဉ်နေပါတယ်"ဟု ပြောသည်။ က. ပ. ရ တောင်ကုတ်စခန်းမှ တာဝန်ရှိသူတစ်ဦးကလည်း "အထက်ကလူကြီးတွေက ကျွန်တော်တို့ကို ခရီးသည်အခြေအနေ၊ ကားစီးခဈေးနှုန်းကို တင်ပြခိုင်းလို့ ကျွန်တော်တို့ တင်ပြထားပြီးပါပြီ" ဟု ဆိုသည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနက ၁၉၉၆ ခုနှစ်ထိ ဟီးနိုးကုန်တင်ကားများတွင် ကုန်တစ်ဝက် လူတင်စနစ်ဖြင့် ယာဉ်စီးခသက်သာစွာ တောင်ကုတ်-ပြည် ခရီးစဉ်ကို ပြေးဆွဲခဲ့သည်။ တောင်ကုတ်-ရန်ကုန် ခရီးစဉ်အတွက် လေအိတ်ကားဖြင့် ခရီးသည်တစ်ဦးလျှင် ၁၅,၁၀၀ ကျပ်၊ ရိုးရိုးဘတ်စ်ကားဖြင့် ၁၂,၁၀၀ ကျပ်ဖြင့် သွားလာနေကြရပြီး သင်္ကြန်ကာလများတွင် ယာဉ်စီးခဈေးနှုန်းတည်ငြိမ်မှုမရှိကြောင်း စုံစမ်းသိရသည်။

## မောင်တောအခြေခံပညာကျောင်းအချို့ ဩဂုတ် ၁၃ ရက်တွင် စတင်ဖွင့်လှစ်

မောင်ကံ

မောင်တော၊ ဩဂုတ်-၁၃

ဆူပူအကြမ်းဖက်မှုများကြောင့် ကျောင်းဖွင့်နိုင်ခြင်း မရှိသေးသည့် မောင်တောမြို့ အခြေခံပညာကျောင်းများအနက် အချို့သောကျောင်းများမှာ ကျောင်းဖွင့်ချိန် နှစ်လကျော်အကြာ ဩဂုတ်လ ၁၃ ရက်တွင် စတင်ဖွင့်လှစ်ဖြစ်ကြောင်း သိရသည်။

"အထက၊ အလက(ကျီးကန်းပြင်)၊ အလက (၂)လေးမိုင်၊ အမက(၁)၊ အမက(၄)နဲ့ အမက(အောင်ဗလ) ကျောင်းတွေ စတက်ရတာတွေ့ပါတယ်။ ကျောင်းသားတွေလည်း မှန်းထားသလောက် လာတက်တာ တွေ့ရပါတယ်။ ဘင်္ဂါလီကျောင်းသားတွေတော့ နည်းနေသေးတာ တွေ့ရပါတယ်။ ကျောင်းဝင်ထားပြီးတော့ လာမတက်ကြသေးတဲ့ ကျောင်းသား၊ ကျောင်းသူတွေကိုတော့ ခွင့်အဖြစ် သတ်မှတ်ထားပါတယ်"ဟု အလယ်တန်းပြ ဆရာမတစ်ဦးက ပြောသည်။

ဇွန်လ ၈ ရက်က ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် မောင်တောမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှာ ကျောင်းတက်နိုင်ခြင်း မရှိသေးသည့်အတွက် ငွေကြေးတတ်နိုင်သည့် ကျောင်းသားမိဘများက ၎င်းတို့၏ သားသမီးများကို မြို့သို့ပြောင်းရွှေ့သင်ကြားနေကြကြောင်းလည်း သိရသည်။ လက်ရှိတက်နေရသည့် အခြေခံပညာကျောင်းများမှာ မြို့ပေါ်ကျောင်းများဖြစ်ပြီး အခြားကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြသည်။

အခမဲ့ဝန်ဆောင်မှု
စင်ကာပူနိုင်ငံရှိ Keppel Fels သင်္ဘောကျင်းကြီးတွင်
Electrical / Mechanical Commissioning လုပ်ငန်းများ၌
◆ Commissioning (Foreman / Supervisor)
◆ Electrical (Foreman / Supervisor)
ရာထူးများဖြင့်
လစာ - S$ 1600 ~ S$ 3500 အခြား၍
EP & S'pass ပါမစ်ဖြင့် တာဝန်ထမ်းဆောင်ရမည်။
စင်ကာပူနိုင်ငံ တွင် တာဝန်ထမ်းဆောင်ရန်
ယာဉ်မောင်း( Lorry Driver )
အမြန် (အမြန်) အလိုရှိသည်။
မြန်မာပြည် ကားလိုင်စင်ရှိပြီး အွဲ့ရဖြစ်ရမည်။
လစာ - တစ်လလျှင် S$ 2000
ဩဂုတ်လအတွင်းတွင် အင်တာဗျူး ရှိသည်။
သူခချမ်း ဝန်ဆောင်မှုကုမ္ပဏီ ပန်းဆိုးတန်းမှတ်တိုင် ၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်) တိုက်အမှတ် (၅၀၆)။
Ph : 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33 Fax : 392 393

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# မရမ်းချောင်း စစ်ဆေးရေးဂိတ် အကျဉ်းဦးစီးသို့လွှဲ

**ရဲခေါင်ဦး**
**ကျိုက်ထို၊ ဩဂုတ်-၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာရှိ ကုန်စည်စစ်ဆေးရေးဂိတ်ကို ပိတ်သိမ်းခဲ့ပြီးဖြစ်ရာ ဇူလိုင် ၂၂ ရက်က အကျဉ်းဦးစီးဌာနသို့ လွှဲပြောင်းခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ဝင်ရောက်လာသော ကုန်စည်များအား စစ်ဆေးရန်အတွက် မရမ်းချောင်းကျေးရွာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ကုန်စည်စစ်ဆေးရေး ဂိတ်တစ်ခုကို ဖွင့်လှစ်ထားခဲ့ပြီးနောက် ကုန်စည်စီးဆင်းရေး လျင်မြန်လွယ်ကူစေရေးအတွက် ၂၀၁၂ ဇန်နဝါရီ ၇ ရက်တွင်ဂိတ်ကိုပိတ်သိမ်းခဲ့သည်။

မွန်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲမှူးတစ်ဦးဦးစီးသောတပ်ဖွဲ့ဝင်များ၊ မှူခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့ ပါဝင်သော ပူးပေါင်းအဖွဲ့က ၁၅ရက်တစ်ကြိမ်အလှည့်ကျ တာဝန်ယူ၍အဆောက်အအုံဟောင်းများကို တာဝန်ယူထိန်းသိမ်းခဲ့ရပြီး ခြောက်လအကြာတွင်အကျဉ်းဦးစီးဌာန(ကွာရီကျောက်ထုတ်စခန်း၊ မရမ်းချောင်းကျေးရွာ)သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားရာ၌ "ဂိတ်ဆောက်ထားတဲ့မြေက အကျဉ်းဦးစီးဌာနက ပိုင်တဲ့မြေပါ။ ဒါကြောင့်မို့ မြေရောအဆောက်အအုံတွေအားလုံးပါ ညွှန်ကြားတဲ့အတိုင်း လွှဲအပ်လိုက်တာပါ။ ကုန်စည်စစ်ဆေးရေးဂိတ် ပိတ်သိမ်းပြီး ပူးပေါင်းအဖွဲ့တွေ အလှည့်ကျထားပေမယ့် အဆောက်အအုံ ထိန်းသိမ်းရတဲ့တာဝန်ကလွဲလို့ တခြားဘာတာဝန်မှ ပေးမထားပါဘူး။ အရင်ကတော့ ဒီမှာ အကောက်ခွန်ဂိတ်ပြန်ဖွင့်မယ်လို့ကြားပေမယ့် မဖြစ်တော့ပါဘူး။ ဒီဂိတ်က မြန်မြန်လွှဲလိုက်တာပဲ ကောင်းပါတယ်။ ရဲမှူးအဆင့်က ဒီမှာလာပြီး အဆောက်အအုံထိန်းသိမ်းရုံသက်သက်နေရတယ်ဆိုတာက မဖြစ်သင့်ပါဘူး" ဟုပြောကြားသည်။

# စိတ်ကြွရူးသွပ်ဆေးပြား ကျပ်သိန်း ၁,၂၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

**စောရန်နိုင်**
**မကွေး၊ ဩဂုတ်-၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ရန်ကုန်-စစ်တွေ မှန်လုံယာဉ်တစ်စီးကို မသင်္ကာ၍ စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ကျပ်သိန်း ၁၂၈၀ ဖိုးဖမ်းဆီးရမိခဲ့မှု ယခုလ ၁၂ ရက်က ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၁၂ ရက် ည ၇ နာရီအချိန်က မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းလမ်းဆုံ မူးယစ်အထူးအဖွဲ့နှင့် ပဒါန်းလမ်းဆုံ စစ်ဆေးဂိတ်မှ တာဝန်ရှိသူများ ဦးစီးသည့် အဖွဲ့သည်ပူးပေါင်း၍ သက်သေများနှင့်အတူ မင်းဘူး-အမ်းလမ်းပေါ်ရှိ ရင်းရှည် မောင်းတံဂိတ်တွင် အခြေပြုစဉ် ရန်ကုန်-စစ်တွေ (ကြံတိုင်းအောင်ယာဉ်) မှန်လုံယာဉ်ပေါ်မှကြားခုံ၌လိုက်ပါလာသူခရီးသည် စောအေးကျော်၏ ခရီးဆောင်ကျောပိုးအိတ်အတွင်း ပလတ်စတစ်ဖြင့် ထုပ်ထားသည့် အထုပ်သုံးထုပ်အတွင်းမှ (WY)စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား (၂၅၆၀၀) တွေ့ရှိခဲ့သည်။

ကာလတန်ဖိုး တစ်ပြားကို ကျပ် ၅,၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၂၈,၀၀၀,၀၀၀ ကျပ် အလေးချိန် ၂၅၆၀ ဂရမ်ခန့်အား သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ပြီး အဆိုပါဆေးပြားများအား သယ်ဆောင်လာသူ စောအေးကျော်(၂၁ နှစ်) ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့နေသူကို မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ရဲစခန်းက (ပ)၃/၁၂ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရန်သက်ဆိုင်ရာပူးပေါင်းအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုအကြိမ်နှင့်ဆိုပါက အဆိုပါလမ်းကြောင်း နယ်မြေအတွင်း စိတ်ကြွရူးသွပ်ဆေးများ သုံးကြိမ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

# စာ(၁၅) ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်း စွန့်ပစ်မြေပုံပြိုကျမှုကြောင့် ဒေသခံ ၅၉ ဦး ပြောင်းရွှေ့ခဲ့ရ မှ

ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်းများတွင် နှစ်ပေါင်းများစွာစွန့်ပစ်ထားသော မြေသားများအနီး နေထိုင်သူ ဦးညိုတင်(ဘ)ဦးစံရှင်း၏ နေအိမ်နှင့်ရွှေခြောက်ကျပ်သားခန့် ပျောက်ဆုံးခဲ့ပြီး ဦးအောင်နိုင်ဝင်း(ဘ)ဦးစိန်ပေါ် နေအိမ်နှင့်ဆိတ်ခြံအား မြေသားပိ၍ ပျက်စီးခဲ့ကြောင်း သိရသည်။ အနီးပတ်ဝန်းကျင်ရှိဦးညို၊ ဦးကံညွန့်၊ ဦးမင်းမင်းအောင်၊ ဦးအောင်သိုက်တို့၏ နေအိမ်အား ပြောင်းရွှေ့ခဲ့ရပြီး ဦးလမ်းကျော်၊ ဦးကျော်ဦး၊ ဦးကျော်ငွေ၊ ဦးငွေတိုး၊ ဦးကံထိုက်၊ ဦးမျိုးမြင့်အောင်တို့၏ နေအိမ်ပရိဘောဂအသုံးအဆောင်များ ပြောင်းရွှေ့သယ်ယူခဲ့ရကာ ဒေသခံစုစုပေါင်း ၅၉ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သတင်းရရှိသည်။

# စာ(၁၆) ဂ၄ လမ်းတွင် အဝေးပြေး ခရီးသည်တင်ယာဉ်များ ဩဂုတ် ၂၁ မှစ၍ ဖြတ်သန်းခွင့်မပြု မှ

မန္တလေးမြို့တွင်းတွင် ပြေးဆွဲနေသော ယာဉ်လိုင်းတစ်ခုမှယာဉ်မောင်းတစ်ဦးက "ယာဉ်ကြောပိတ်ဆို့တာတွေက ကားတွေကြောင့်ချည်းပဲ ပြောလို့မရပါဘူး။ မြို့ပေါ်မှာ ဖွင့်ထားတဲ့ ဖုန်းဆိုင်တွေ အီလက်ထရွန်နစ် အရောင်းဆိုင်တွေ ရှေ့မှာ ကားတွေဆိုင်ကယ်တွေ အချိန်အကြာကြီး ရပ်ထားလို့အမြဲလမ်းပိတ်တာလည်းပါပါတယ်။ ဒါတွေကိုလည်းကြပ်မတ်သင့်ပါတယ်" ဟုသူ၏အမြင်ကိုပြောသည်။ အထက်ပါအသိပေးချက်ကိုလိုက်နာမှုမရှိပါက စည်ပင်သာယာဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပြည်သူများ မောင်ခိုသစ်ကိုသာ မှီခိုနေရဟုဆို

**ထူးသန့်**
**နေပြည်တော်၊**
**ဩဂုတ် - ၁၇**

ပြည်သူများအနေဖြင့် ၎င်းတို့၏ အိုးအိမ်တည်ဆောက်ပြုပြင်ခြင်းများအတွက် မောင်ခိုသစ်များကိုသာ မှီခိုနေရကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်က ပြောကြားသည်။

အစိုးရဌာနမှသစ်ဝယ်ယူခွင့်ပါမစ်ရရှိရန်အတွက် ပါမစ်ဈေး ကျပ်တစ်သိန်းခွဲအထိ မြင့်တက်လာကြောင်း၊ ပါမစ်ရရှိသူများက သတ်မှတ်တန်ချိန်ထက် တန်ပိုထုတ်မှုများလာကြောင်း၊ မြို့နယ်အသီးသီးရှိ အစိုးရသစ်ဆိုင်များမှလည်း ဝယ်ယူရရှိရန် ခက်ခဲလာခြင်းတို့ကြောင့်ပြည်သူများမှာမောင်ခိုသစ်ကိုသာ အားထားနေရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

အမျိုးသားလွှတ်တော် ၂၉ ရက်မြောက် အစီအစဉ်တွင် နိုင်ငံတစ်ဝန်းရှိ မြို့ နယ်များ၌ အစိုးရသစ်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချရန် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းစဉ် ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းကမူ ဝယ်လိုအားနှင့်ရောင်းလိုအား (Supply & Demend) မမျှတခြင်းကြောင့်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အင်းစိန်၊ သီရိမင်္ဂလာလမ်းမကြီး (ဂျပန်လမ်း)၊ မြို့တော်ဂေါက်ကွင်းအနီး၊ ဂရန်အမည်ပေါက် (၁)ဧကကျော်၊ ခြံစည်းရိုးခတ်ပြီး၊ ပါဝါမီတာ(၁)လုံး၊ အိမ်သုံးမီတာ(၅)လုံး၊ ဂျိုးဖြူရေမီတာ(၃)လုံး၊ (P.H.7) ရေချိုတွင်း(၁)တွင်း၊ လိုင်းဖုန်း(၁)လုံး၊ B/N တစ်ထပ်(၂)လုံး၊ B/N နှစ်ထပ်(၄)လုံး။

ဖုန်း- ၀၉ ၇၃၀ ၂၁၃၆၇

## စကားပြန်အလိုရှိသည်

ဂျပန်နှင့် အင်္ဂလိပ် ဘာသာပြန်အလိုရှိသည်။ ပြည်တွင်း၌သာ ခန့်ထားရန်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်၊ ဝန်ထမ်းလက်မှတ်၊ သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံစာ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်ဖုန်းနှင့် ကိုယ်တိုင်ရေးလျှောက်လွှာတို့ ပူးတွဲပြီး အောက်ဖော်ပြပါ အီးမေးလ်သို့ လျှောက်ထားနိုင်သည်။ လူတွေ့စစ်ဆေးပါမည်။

Email Address: mhb_info@mulodo.com

ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၅၀၀၅၄၇၂၃

## ယာဉ်မောင်းအလိုရှိသည်။

**International Language & Business Centre (ILBC)**

**HRD: Ph: 545720, 542982 - Ext: 28, 556298 (Fax)**

အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်။

ILBC ကျောင်းကား မောင်းရန် ယာဉ်မောင်း အလိုရှိသည်။

HR ဌာနသို့ ဆက်သွယ်၍ ကိုယ်တိုင် လာရောက် လျှောက်လွှာတင်နိုင်ပါသည်။

## TRANS STREAM LOGISTIC CO., LTD.

TSL

Asst. Sale Manager ကျား (၂)

Sales Executive ကျား (၂)၊ မ (၂)ဦး

- တက္ကသိုလ်မှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အသက် (၂၅ နှစ်မှ ၃၅ နှစ်)အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ် ရှိရမည်။
- ရိုးသား၍ သွက်လက်တက်ကြွပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။
- ရုပ်ရည်သန့်ပြန့်မှု ရှိရမည်။
- လိုအပ်ပါက နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။
- စွမ်းဆောင်ရည်နှင့် ထိုက်တန်သော ကော်မရှင် ခံစားခွင့်ရရှိမည်။

စိတ်ပါဝင်စားသူများ CV Form, NRC Copy, ဘွဲ့လက်မှတ်မိတ္တူ၊ Labour မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ ဤကြေငြာပါပြီး (၁၀)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ လပြည့်ဝန်းပလာဇာ၊ အခန်း ၉၀၇/၉ လွှာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ Ph : 393404, 384262

## JOB OPPORTUNITIES

We are recruiting the applicants from eligible candidates for the development of **IT OUTSOURCING PROJECT** from **JAPAN** for the following positions.

Position Title : Computer Programmer
Number of Positions : 30 Posts (Male/Female)
Closing Date : End of August

**Eligibility**
- Very good programming skills in Java, C#
- English language ability is a MUST
- Priority to have Japanese Language skill Level II or III
- Good understanding and knowledge of the project development
- Knowledge of cross-border coorperation
- Analytical thinking
- Self-confidence

**Advantages**
- Competitive salary related to working experience, qualifications
- Internship Program for freshers
- Japanese Language and Business Communication support

**How to apply**

Interested applicants should submit a Resume (CV) with photo and a typed motivation letter in English, copy of NRC, graduation certificate and others related documents. The applicants can also submit via E-mail azurenet.hr@azurenet.biz

Azure Net Company Limited
Human Resource Department
Room (6), Building (5), MICT DC(Myanmar Info-Tech)
Univisities Hlaing Campus, Hlaing Township, Yangon
Phone: 01-652319
E-mail azurenet.hr@azurenet.biz

# ပျံ့ကျဲအလုပ်သမားများလည်း လူမှုဖူလုံရေးအာမခံထားနိုင်တော့မည်ဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

မကြာမီပြဋ္ဌာန်းမည့် လူမှုဖူလုံရေး ဥပဒေသစ်၌ အလုပ်ရှင်အတိအကျမရှိသော ပျံ့ကျဲအလုပ်သမားများလည်း လူမှုဖူလုံရေးအာမခံထားရန် မှတ်ပုံတင်နိုင်ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ဩဂုတ်လ ၁၃ ရက်တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်သားဦးရေ ၃ ဒသမ ၂ သန်းခန့်ရှိပြီး လူမှုဖူလုံရေးနှင့် အကျုံးဝင် မှတ်ပုံတင်ထားသော လုပ်သားခြောက်သိန်းခန့်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်သားဦးရေ ၃ ဒသမ ၅ သိန်းခန့်သည် လူမှုဖူလုံရေးထည့်ဝင်ကြေးများ ပေးသွင်းလျက်ရှိကြောင်း ဩဂုတ်လ ၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၌ဖော်ပြခဲ့သည်။

"အရင်ဥပဒေနဲ့ မတူတာက ဥပဒေသစ်မှာ ပျံ့ကျဲအလုပ်သမားတွေရောကိုယ်ပိုင်လုပ်ငန်းလို့ပြောလို့ရတဲ့ ဈေးဆိုင်တို့၊ စာရေးဆရာ၊ ရှေ့နေတွေ သူတို့တွေလည်းပဲ အာမခံကြေးသွင်းပြီး မှတ်ပုံတင်လို့ရတယ်။ လူမှုဖူလုံရေး အာမခံလိုပေ့ါ။ ဒါပေမဲ့ ဌာနဆိုင်ရာတွေက အကျိုးအမြတ်မယူဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ ဒုတိုင်းမန်နေဂျာဦးအေးသိန်းကပြောသည်။

လက်ရှိကျင့်သုံးဆဲဖြစ်သော ၁၉၅၄ ခုနှစ် ဥပဒေအရ လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံမတင်မနေရဖြစ်သည့် စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းတို့သာ ပါဝင်ပြီး ပြဋ္ဌာန်းမည့် ဥပဒေသစ်၌ ၎င်းတို့အပြင် ပျံ့ကျဲလုပ်သားများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ဆောင်သူများလည်း ဆန္ဒအလျောက် မှတ်ပုံတင် အာမခံထားရှိနိုင်သည်။

အကျိုးခံစားခွင့်မှာလည်း လက်ရှိဥပဒေတွင်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများသာပါဝင်ပြီး ဥပဒေသစ်၌ အလုပ်ခွင်မှ အလုပ်မဲ့ဖြစ်ပါက သတ်မှတ်အကျိုးခံစားခွင့်ရရှိခြင်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများတွင် လျှောက်ထားခွင့်ရရှိခြင်း၊ အငြိမ်းစား သက်ကြီး အကျိုးခံစားခွင့် တို့အပြင် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများပါဝင်သည်။ သို့သော် မိမိဆန္ဒအရ အာမခံသူများအနေဖြင့် အလုပ်ခွင်မှ အလုပ်လက်မဲ့ဖြစ်ပါက အကျိုးခံစားခွင့်နှင့် လုပ်ငန်းခွင်ထိခိုက်နစ်နာမှုများ တွက် အကျိုးခံစားခွင့်မရဟု ဆိုသည်။

"ဥပဒေထဲမှာတော့ အိမ်ရာစီမံကိန်းထည့်ထားပေမယ့် ကိုယ့်ဟာနဲ့ကိုယ်ဆိုရင်တော့ ချက်ချင်းတော့ အဆင်ပြေသေးမှာမဟုတ်ဘူး။ နိုင်ငံတော်ကနေ ဒါမှမဟုတ် နိုင်ငံတကာကအကူအညီတွေပေးမှအကောင်အထည်ဖော်ဖို့အဆင်ပြေမယ်။ ဥပမာ-ချေးငွေ အနေနဲ့ပေ့ါ"ဟု ဒုမန်နေဂျာ ဦးအေးသိန်းကပြောသည်။

လက်ရှိ ၁၉၅၄ ဥပဒေအရ ထည့်ဝင်ကြေးအား အလုပ်သမားတစ်ဦး၏ဝင်ငွေ ပျမ်းမျှအားဖြင့် ကျပ်သုံးသောင်းပေါ် မူတည်၍ ကျန်းမာရေးအာမခံအနေဖြင့် အလုပ်ရှင်ဘက်မှ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ အလုပ်သမားဘက်မှ ၁ ဒသမ ၅ ရာခိုင်နှုန်းပါဝင်ပြီး အလုပ်ရှင်ဘက်မှ အလုပ်သမားထိခိုက်နစ်နာမှုအတွက် ၁ ရာခိုင်နှုန်းထည့်သွင်းရသည်။

## အလုပ်သမားအငြင်းပွားမှုများကို လေးပွင့်ဆိုင် ဖြေရှင်းသင့်ဟုဆို

**အောင်ခိုင်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

အလုပ်သမားအငြင်းပွားမှုများကို လေးပွင့်ဆိုင်ကော်မတီဖွဲ့၍ ဖြေရှင်းသင့်ကြောင်း အလုပ်သမားအခွင့်အရေး လှုပ်ရှားမှုအဖွဲ့ (Action Labour Rights)မှ ဦးသူရိန်အောင်က ပြောသည်။

ဝန်ကြီးဌာန၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ လေးပွင့်ဆိုင်ဖြေရှင်းသင့်ကြောင်း ၎င်းကပြောသည်။ ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများသည် ယခင်ကထက်ကောင်းမွန်လာသော်လည်း လုံလောက်မှုမရှိသေးကြောင်း သုံးသပ်သည်။ အလုပ်သမား အရေးဆောင်ရွက်သူ ပညာရှင်များက လက်ရှိသုံးပွင့်ဆိုင်ကော်မတီပုံစံနှင့်သာ သင့်လျော်ကြောင်း တည်ဆဲဥပဒေကို လိုက်နာဆောင်ရွက်ခြင်းသာ အဓိကဖြစ်ကြောင်း သုံးသပ်သည်။

"လက်ရှိသုံးပွင့်ဆိုင်မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်။ အင်န်ဂျီအိုတွေ ပါဝင်လာပြီဆိုရင် စဉ်းစားစရာ အများကြီးရှိလာမယ်" ဟုအလုပ်သမားအရေးဆောင်ရွက်သူဥပဒေပညာရှင်ဦးဌေးက ပြောသည်။ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များအနေဖြင့် ဥပဒေကို နားလည်ရန် လိုအပ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲများကိုမကြာခဏပြုလုပ်သင့်ကြောင်း ဥပဒေပညာရှင်များက အကြံပြုသည်။

လေးပွင့်ဆိုင် ဖြေရှင်းခြင်းနှင့်ပတ်သက်၍ "ခိုင်မာတဲ့အဖွဲ့ အစည်းဖြစ်မယ်ဆိုရင် သုံးပွင့်ဆိုင်မက ဆောင်ရွက်သင့်တယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ အလုပ်သမားအရေးဆောင်ရွက်သူကိုဇော်မင်းက 7Day သို့ပြောသည်။ လက်ရှိတွင်အလုပ်သမားအငြင်းပွားမှုများကိုဖြေရှင်းရန် ဝန်ကြီးဌာန၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်သော ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီများ ဖွဲ့စည်း၍ ဆောင်ရွက်နေကြောင်း သိရသည်။



## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင် - မ ၁ ဦး
B.com (or) LCCI Level III
နှစ်ချုပ်စာရင်းဆွဲနိုင်ရမည်။
အနည်းဆုံးလုပ်သက် ၃ နှစ်နှင့်အထက်
အမှတ်(၁၃)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။

------------------------------

**ဝန်ထမ်းအလိုရှိသည်**

Medical Representative-M/F
Yangon - 2 Posts
Mandalay - 2 Posts
Mawlamyine - 1 Post
Merchandiser - M/F
Yangon - 2 Posts
Mandalay - 1 Post
Office Staff - M/F
Yangon - 2 Posts
Driver - M
Yangon - 2 Posts
တိုက်(၃၀)၊ အခန်း(၁၀၁)၊ ပထမထပ်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။

**ဖုန်း-၇၀၀၉၄၇**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ အင်ဂျင်နီယာ Civil (BE) (or) G.T.I - M/F
၂။ DTP - M/F (လုပ်ငန်းကျွမ်းကျင်ဦးစားပေးမည်)
ပ/၆၊ ပုဗ္ဗသီရိဈေး၊ ပွဲရုံတန်း၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်။

**ဖုန်း-၀၆၇-၅၀၀၀၅၁**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Machine Operator - Male 2 Posts (A.G.T.I (EP/Mech)၊ လုပ်ငန်းအတွေ့အကြုံ ၂နှစ်၊ ၂၅-၃၅ နှစ်)
၂။ Assistant Manager - Male 1 Post (ဘွဲ့ရ၊ ကုန်ထုတ်လုပ်ငန်းအတွေ့အကြုံရှိသူ၊ ၃၀ နှစ်အထက်)
၃။ Q.C - Female 1 Post (B.Sc (IC)၊ လုပ်ငန်းအတွေ့အကြုံ ၂နှစ်၊ ၂၅-၃၅နှစ်)
Reliance Fresh Foodstaft Production Co., Ltd
အမှတ်(၅၀၄/၅၀၆)၊ ၃၉လမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

**ဖုန်း-၂၄၈၂၇၇၊ ၃၈၈၉၅၉**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

မဂ္ဂဇင်းတိုက်တွင်
တာဝန်ထမ်းဆောင် ရန် -
- ဒီဇိုင်နာ - ကျား/မ ၂ဦး
(Layout ဒီဇိုင်းကျွမ်းကျင်သူ)
- Marketing ဝန်ထမ်း - ကျား/မ ၂ ဦး (အတွေ့အကြုံရှိသူ၊ လစာအပြင် ၁၀ ရာခိုင်နှုန်းပါ အကျိုးခံစားခွင့်ရမည်)

**ဖုန်း-၂၁၀၈၀၀**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Sale & Drive
2. Sale & Marketing
အမှတ်(၁၃)၊ လှသိင်္ဂီလမ်းနှင့် ဦးဘိုးလှိုင်လမ်းထောင့်၊ စက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်။

**ဖုန်း-၀၁-၆၁၈၅၃၅၊ ၀၉-၄၂၀၁၂၄၈၁၁**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing ဝန်ထမ်း - ကျား ၄ဦး (၂၂-၂၅နှစ်၊ ဘွဲ့ရ၊ အတွေ့အကြုံ ၂နှစ်၊ အိမ်ထောင်မရှိသူ၊ နယ်ခရီးထွက်နိုင်သူ)
Miss Tea Trading Co., Ltd
အမှတ်(၃၈/၄၀)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်။

**ဖုန်း-၀၁-၃၉၃၀၉၅**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ တရုတ်စကားပြန်(ကျွမ်းကျင်) - မ ၂ ဦး၊ ၂။ ထိုင်းစကားပြန်(ကျွမ်းကျင်) - မ ၂ဦး၊
LIN YAUNG CHI
Jade, Gems Art & Jewellery
No.(6/99), The Front Roll of Bogyoke Market, Yangon.

**Ph: 09-51-17152, 09-53-20701, 01-388745**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Operation/Customer Service Executive (Freight Forwarding) - M/F 1 Post
2. Sales - F 1 Post
3. Accountant - F 1 Post
Myanmar Integrated Cargo Services Co., Ltd
အမှတ်-၈၇/အေ၊ မြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့်၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်။

**ဖုန်း-၆၅၆၃၆၀**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

(၁) General Manager - ကျား ၁ ဦး (M.B.A, M.P.A, D.M.A ဘွဲ့ရ)
(၂) Chief Engineer - ကျား ၁ ဦး (B.E (Civil)၊ အတွေ့အကြုံ၅နှစ်)
(၃) Project Engineer - ကျား ၁ ဦး (B.E, B.Tech, A.G.T.I (Civil))
(၄) Site Engineer - ကျား/မ ၁၀ ဦး (B.E, B.Tech, A.G.T.I (Civil))
(၅) Site ကြီးကြပ်ရေးမှူး - ကျား/မ ၁၀ ဦး (ဘွဲ့ရ၊ အတွေ့အကြုံ ၂နှစ်)
အမှတ်(၁၀၆၊ ၁၀၇)၊ ရတနာလမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။

**ဖုန်း-၀၁-၆၈၅၃၅၂၊ ၆၈၅၃၂၆**
**၀၉-၇၃၁၂၅၉၀၆**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

Business Development Manager - Male 2 Posts
(Any Graduate, Age 30 years and above, 2-3 years experience in related field)
Eye Corp Limited - Myanmar
No. 51, Shwe Hinthar Tower (A), Room 202, 6½ miles, Pyay Rd, Hlaing Tsp, Yangon

**Ph: 09-73244378, 502286**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ၂ဦး
စရိတ်ငြိမ်း (၈၀,၀၀၀)၊ နေစရာစီစဉ်ပေးမည်၊ နှစ်ကုန် Bonus ပေးမည်၊ လိုင်စင်အနီဖြစ်ရမည်၊ ၃၅နှစ်အောက်၊ လူပျို။
Mya Ayer Manufacturing Co., Ltd
အမှတ်(၅၅)၊ ကျန်စစ်သားစက်မှုဇုန်(၂)၊ ဒဂုံအရှေ့ပိုင်း။

**ဖုန်း-၀၉-၇၃၀၄၆၈၁၇၊ ၀၉-၇၃၂၄၁၀၀၅**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရုံးကားယာဉ်မောင်း - ကျား ၃ ဦး
လုံခြုံရေး - ကျား ၂ ဦး
သန့်ရှင်းရေး - မ ၂ ဦး

**ဖုန်း-၅၂၃၄၉၆**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကြီးကြပ်ရေးမှူး - ၁ ဦး
(စားသောက်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်၊ ၄၀ နှစ်အောက်၊ အချိန်ပြည့်နေနိုင်သူ)
၄၈၊ ၅၇၊ ကန်လမ်း၊ လှိုင်မြို့နယ်။

**ဖုန်း-၀၉-၄၃၀၃၈၈၄၈**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Marketing Manager - ကျား ၂ ဦး (အသက် ၂၈ - ၃၅ နှစ်)
၂။ အထွေထွေဝန်ထမ်း - မ ၅ ဦး (အသက် ၂၀-၂၈ နှစ်)
Apple Production Co., Ltd
အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
(နှစ်ပတ်အတွင်း)

------------------------------

**ဝန်ထမ်းအလိုရှိသည်**

- လျှော်သစ်ကျွမ်းကျင် - မ ၃ ဦး
- လက်သည်းပန်းချီကျွမ်းကျင် - မ ၂ဦး
- ခြေထောက်ဆေးစိမ်ကျွမ်းကျင် - မ ၂ဦး

**'မေ'အလှပြုပြင်ရေး**

အမှတ်(၇၆)၊ ၇ ရပ်ကွက်၊ ၅ လမ်း၊ ပြင်ဦးလွင်မြို့နယ်။

**ဖုန်း-၀၉-၄၀၂၅၆၇၅၇၈**

------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

(၁) Mobile Phone အရောင်းကျွမ်းကျင် - ကျား/မ ၅ ဦး
(၂) Mobile Phone Hardware/ Software ကျွမ်းကျင် - ကျား/မ ၅ ဦး
LUBRICANTS
ဈ-၁၊ ၂၊၃၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ဈေးရှေ့၊ မရမ်းကုန်းမြို့ နယ်။

**ဖုန်း - ၆၈၀၄၉၇၊ ၀၉-၅၀၁၇၉၀၅၊ ၀၉-၅၁၂၁၅၄၇**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကားရေဆေးကျား-(၁၀)ဦး၊နေစားစရိတ်ငြိမ်း၊ ဆက်သွယ်ရန်- အမှတ်(၁၃၉)၊ ၄၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်။

------------------------------

**ဝန်ထမ်းအလိုရှိသည်**

အသက်(၅၀)နှင့်အထက်၊ မြို့တွင်းယာဉ်မောင်းရန်၊ ယာဉ်မောင်း(၂)ဦး အလိုရှိသည်။ **ဖုန်း- ၀၁ ၃၇၄၂၈၃**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Ticketing and Reservation Officer - ကျား/မ ၁ ဦး (ဘွဲ့ရ၊ Air Ticketing လုပ်ငန်း လုပ်သက် ၁နှစ်ရှိသူ၊ အင်္ဂလိပ်ရေးပြောနိုင်သူ)
2. Tour Operator ကျား/မ ၁ ဦး (ဘွဲ့ရ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်သက် ၂နှစ်ရှိသူ၊ ကွန်ပျူတာနှင့် အင်္ဂလိပ်၊ တရုတ်ကျွမ်းကျင်သူ)
Asia Central Link Travels and Tours Co., Ltd
No.(294/3, 3A, B), Middle Shwe Gone Daing Main Rd, Infront of Nga Htat Kyi Pagoda, Bahan Tsp, Yangon.

**Tel: 8603291/2/3/4, 1292676**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းကျွမ်းကျင် ဝန်ထမ်း - ၁ ဦး
Phone ပြင်ကျွမ်းကျင်ဝန်ထမ်း - ၁ ဦး
Phone Software

**ဖုန်း-၀၉-၇၃၀၀၂၁၁၅**

------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Chinese-Burmeses Translator - ၁၀ ဦး
၂။ Export & Import Commissioner - ၅ ဦး
၃။ Accountant - မ ၂ဦး
၄။ Driver - ၂ဦး
၅။ Administrative Commissioner - မ ၂ဦး
၆။ PR Commissioner - ၂ဦး
(အမှတ်စဉ်အားလုံးအတွက် တရုတ်စာကျွမ်းကျင်၊ နေ/စားငြိမ်း)

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Launching Building 4
STAR CITY
Thanlyin
A MODEL COMMUNITY OF TOMORROW
Over 550 units Sold
StarCity ရှိကွန်ဒိုတိုက်ခန်းများကိုဆက်လက် ရောင်းချပေးလျှက်ရှိကြောင်း နှင့်
အထပ်(၁၂)ထပ်ရှိပြီး အခန်းပေါင်း(၂၆၄)ခန်းပါဝင်သော အဆောက်အဦးအမှတ်(၄)ရှိ
အခန်းများကို ဩဂုတ်လ(၂၅)ရက်နေ့တွင် StarCity ၏ Sales Gallery တွင် အရောင်း
ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
For Sales Enquiry & Information:
056- 23165, 23166, 23191, 23219, 23224, 23226, 23228, 23150~153 (Ext: 112,114, 118, 119)
Mobile: 0973119511
A Quality Project of
YOMA
STRATEGIC HOLDINGS
FMI

## မူလတန်းကျောင်းသားများမှ အထက်တန်းအထိ ပညာဆက်လက်သင်ယူနိုင်သူ ၁၃ ရာခိုင်နှုန်းခန့်သာရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ယူနေသောမူလတန်းကျောင်းသားများ၌ အထက်တန်းအဆင့်ထိ တက်ရောက်နိုင်သော ကျောင်းသားဦးရေမှာ ၁၃ ရာခိုင်နှုန်းခန့်သာရှိနေကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများ အရသိရသည်။

၂၀၁၀-၂၀၁၁ပညာသင်နှစ်နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တို့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တက်ရောက်ပညာသင်ယူခဲ့သော ကျောင်းသားအင်အားစာရင်း၌ မူလတန်းအဆင့်ကျောင်းသားများ၏ အလယ်တန်းအဆင့်သို့ တက်ရောက်နိုင်မှုမှာ ၄၄ ရာခိုင်နှုန်းနှင့် အထက်တန်းအဆင့်သို့ တက်ရောက်နိုင်မှုမှာ ၁၃ ရာခိုင်နှုန်းရှိနေသည်။

ယင်းပညာသင်နှစ်တို့တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မူလတန်းကျောင်းသားငါးသန်းကျော် အလယ်တန်းကျောင်းသား နှစ်သန်းကျော်နှင့် အထက်တန်း ကျောင်းသား ခြောက်သိန်းခွဲကျော် တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးသည် မူလတန်းမှ အထက်တန်းသို့တက်ရောက်နိုင်သော ကျောင်းသား ၂၂ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မူလတန်းမှ အထက်တန်းသို့ တက်ရောက်နိုင်သောကျောင်းသား ၈ ရာခိုင်နှုန်းခန့်သာရှိ၍ အောက်ဆုံးတွင် ရောက်ရှိနေသည်။

"အစိုးရက ထုတ်ပြန်တဲ့ စာတတ်မြောက်မှုနှုန်းက မြင့်မားနေပေမယ့် အခြေခံပညာကျောင်းတွေမှာ အတန်းပညာပြီးဆုံးတဲ့ ကျောင်းသားရာခိုင်နှုန်းက နိမ့်ကျနေပါတယ်။ အစိုးရကျောင်းက နုတ်ထွက်သွားတဲ့ ကလေးတချို့က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို ရောက်သွားတာရှိတယ်။ အများစုကတော့ လုပ်ငန်းခွင်တွေထဲ ရောက်သွားကြပါတယ်"ဟု ကလေးသူငယ် ပညာရေးဆောင်ရွက်နေသော အငြိမ်းစားပညာရေးအရာရှိတစ်ဦးကပြောသည်။ အဆိုပါပညာသင်နှစ်များတွင် သူငယ်တန်းနှင့် ကျောင်းသားတစ်သန်းကျော်တက်ရောက်ခဲ့ကြသော်လည်း အတန်းစဉ်အလိုက် ကျောင်းသားတက်ရောက်မှုတဖြည်းဖြည်း လျော့ကျသွားခဲ့ပြီး ဒသမတန်း၌ ကျောင်းသားသုံးသိန်းခန့် ကျန်ရှိတော့ကြောင်း အထက်ပါစာရင်းဇယားအရ သိရသည်။



နယ်မြို့တစ်မြို့ရှိ အထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများ

## တက္ကသိုလ်ကျောင်းသားများအဆောင် ပြန်လည်ဖွင့်လှစ်ခွင့်

**နေလင်းထွန်း**

**မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့လွန်၊ ဘွဲ့ကြို သင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဆောင်များ ဖွင့်လှစ်ထားရှိပြီး အဆောင်နေခွင့်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ယခုလ ၈ရက်တွင် ကမာရွတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာစိုးရင်က လွှတ်တော်မှ တိုက်တွန်းအဆိုပြုခဲ့သည်။**

ယင်းအဆိုကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက နိုင်ငံတကာတက္ကသိုလ်များတွင်လည်းတက္ကသိုလ်တိုင်း၌အဆောင်များ မရှိပါကြောင်းနှင့် မိမိတို့နိုင်ငံ၌အဆင်ပြေမည့် တက္ကသိုလ်များတွင် အဆင်ပြေမည့်အချိန်၌ အဆောင်များထားရှိရန်သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်အဆောင်များတွင် နေထိုင်ခွင့်ရရှိရန် အဆင်ပြေမည့် အချိန်ကာလတစ်ခုကိုစောင့်ဆိုင်းရမည့် အခြေအနေရှိနေသည်။

လက်ရှိအချိန်၌ ကျောင်းသား၊ ကျောင်းသူများသည် ပြင်ပအဆောင်များတွင် နေထိုင်ရခြင်းကြောင့် ငွေကြေးကုန်ကျမှုများခြင်း၊ စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ အခက်အခဲရှိခြင်းနှင့် အခြားမလိုလားအပ်သော ပြဿနာများ ကြုံတွေ့နေရကြောင်း တက္ကသိုလ်ဆရာများကပြောသည်။

"အမိကက ကျောင်းသားအပြင်ရောက်သွားရင် ကျွန်တော်တို့ ထိန်းဖို့ ခက်ခဲပါတယ်။ အထဲမှာက ကိုယ့်ကျောင်းသားကို ကောင်းကောင်းထိန်းလို့ရတယ်။ ရန်မဖြစ်ဖို့၊ စာကျက်ဖို့ဆိုတာတွေ က ကျောင်းထဲမှာ ထိန်းလို့ရတယ်။ အပြင်မှာဆို မိဘနဲ့ ဝေး၊ ဆရာနဲ့ဝေးနေတဲ့ အခါ ပျက်စီးသွားတာရှိတယ်။ ကျောင်းထွက်သွားရတာတွေ ရှိနေတယ်"ဟု ဒဂုံတက္ကသိုလ်မှ လက်ထောက်ကထိကဆရာတစ်ဦးက ပြောသည်။

နိုင်ငံတကာ တက္ကသိုလ်များတွင် တက္ကသိုလ်တိုင်း၌ အဆောင်မရှိကြောင်း ယခင် ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့် ယခု ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက ပြောကြားခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံရှိ အစိုးရတက္ကသိုလ်များ၌ တက္ကသိုလ်အဆောင်များစနစ်တကျတည်ရှိနေကြောင်း နိုင်ငံတကာပညာရေးဝန်ဆောင်မှုလုပ်ကိုင်နေသူအချို့ကပြောသည်။

"နေရာသိပ်ကျဉ်းတဲ့ စင်ကာပူနိုင်ငံမှာတောင် အစိုးရကျောင်းတွေမှာ အဆောင်ရှိတယ်။ စင်ကာပူအမျိုးသားတက္ကသိုလ်မှာဆိုရင်လည်း အဆောင်တွေ စနစ်တကျထားပေးတယ်။ သူတို့က ကျောင်းသားတွေနဲ့ အဆောင်တွေရဲ့တန်ဖိုးကို ကောင်းကောင်းသဘောပေါက်ကြတယ်။ မလေးရှားနိုင်ငံမှာဆိုရင် ကြီးမားကျယ်ဝန်းတဲ့ အဆောင်တွေရှိတယ်။ အင်္ဂလန်မှာရော၊ အမေရိကားမှာရောတက္ကသိုလ်အဆောင်တွေ ရှိနေတာပဲလေ"ဟု Crown နိုင်ငံတကာပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဦးအောင်ကျော်ဆန်းကပြောသည်။

မိမိဒေသနှင့် ဝေးလံသော တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် နေထိုင်စားသောက်ရေး အဆင်ပြေစေရန်နှင့် စည်းကမ်းစနစ်ကျသော ကျောင်းသားများဖြစ်ပေါ်လာစေရန်တက္ကသိုလ်များ၏ စီစဉ်ဆောင်ရွက်ပေးမှု လိုအပ်နေခြင်းဖြစ်သည်။

ထို့ပြင် အဆင့်မြင့်ပညာသင်ယူကြမည့် အမျိုးသမီးကျောင်းသူများ၏ လုံခြုံရေးအတွက် တက္ကသိုလ်အဆောင်များ ပြန်လည်ဖွင့်လှစ်ရေးမှာ အရေးကြီးသောအချက်ဖြစ်နေသည်။

"ဦးစားပေး ပြောချင်တာကတော့ အဆောင်ကိစ္စပါပဲ။ကျောင်းသားတွေအတွက် အဆောင်တွေ ဘယ်လိုပြန်လုပ်မလဲ။ အဆောင်လို့ ပြောတာက တခြားကိစ္စထက် လုံခြုံမှုပေါ့။ အမျိုးသမီးကျောင်းသူတွေ လုံလုံခြုံခြုံရှိဖို့အရေးကြီးပါတယ်။ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ အင်းယားဆောင်၊ သီရိဆောင်ဒါမျိုးတွေကို ဘယ်လိုပြန်ဖန်တီးမလဲ။ ဒါလည်းမေ့ပစ်လို့မရတဲ့ကိစ္စနော်။ ပညာရေး ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတယ်ဆိုပြီး အဆောင်တွေကို ဒီအတိုင်းထားထားလို့ မရပါဘူး"ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

တစ်ချိန်က မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆောင်များ စနစ်တကျ တည်ရှိခဲ့သောကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက်ပေါ်မူတည်၍ အစိုးရမှ တက္ကသိုလ်အဆောင်စနစ်ကို ပြန်လည်ကျင့်သုံးရန် တက္ကသိုလ်မှ ဆရာအချို့ကလည်း ဆန္ဒရှိနေကြသည်။

"နယ်က ကျောင်းတက်ကြတဲ့ ကျောင်းသားတွေမှာ မိဘက ငွေကြေးမတတ်နိုင်တာတွေ ရှိတယ်။ မြို့ပေါ်လာနေကြတဲ့အခါ ငွေကြေး အကုန်အကျများတဲ့အတွက် အစိုးရအနေနဲ့ အရှုံးခံလုပ်ပေးသင့်တဲ့ လုပ်ငန်းလို့ မြင်ပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၉၅၊ ၉၆၊ ၉၇ ခုနှစ်ကာလတွေမှာ အဆောင်နေခဲ့တုန်းက ကျောင်းလခ ၄၅၀(ကျပ်)ပဲ ပေးရတယ်။ အဲ့ဒီပိုက်ဆံနဲ့ ထမင်းနှစ်နပ် စားရတယ်၊ နေစရာနဲ့ ရေ၊ မီးလည်း ရတယ်။ ကျွန်တော်တို့အမြင်အရ အစိုးရက ပညာရေး အသုံးစရိတ်ကိုတိုးပေးပြီးတော့ အဆောင်တွေ လုပ်ပေးမယ်၊ နောက်ဆုံး အပြည့်မပေးနိုင်ရင်တောင် ကျောင်းသားတစ်ဝက်၊ အစိုးရတစ်ဝက်နှုန်းနဲ့ လုပ်ပေးနိုင်ရင် အဆင်ပြေသွားမှာပါ။ နိုင်ငံတကာမှာ တက္ကသိုလ်အဆောင် မရှိဘူးလို့ သူတို့ ပြောနေတာကို ကျွန်တော်တို့ လက်မခံပါဘူး။ နိုင်ငံတကာမှာ တက္ကသိုလ် အဆောင်နေပြီး ပညာသင်ပြန်လာတဲ့သူတွေရှိနေတာပဲလေ။

စာ(၂၂)သို့

### ပညာရေးသတင်းတိုများ

## ကန့်ဘလူမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံဖွင့်လှစ်မည်

**ရန်ကုန်၊ ဩဂုတ် - ၁၅**

ကျောင်းသားဦးရေနှစ်ရာလက်ခံသင်ကြားမည့် အစိုးရစက်မှုလက်မှုသိပ္ပံကို စစ်ကိုင်းတိုင်းဒေသကြီးရှိကန့်ဘလူမြို့၌ ယခုပညာသင်နှစ်တွင်စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်၌ ဖော်ပြထားသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)သို့ တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြင့် သီးခြားခေါ်ယူစစ်ဆေးမည်ဖြစ်ပြီး အထူးပြုဘာသာရပ်များအနေဖြင့် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာ၊ သုတနည်းပညာနှင့် ဇီဝနည်းပညာတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

## ဂျပန်ဘာသာစကားသင်တန်း ပညာဒါနအဖြစ် ဖွင့်မည်

**ရန်ကုန်၊ ဩဂုတ် - ၁၆**

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း(MAJA)မှ ဂျပန်ဘာ သာစကားနှင့် ယဉ်ကျေးမှုသင်တန်းကို လာမည့်အောက်တိုဘာလ ၁ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဂျပန်ဘာသာစကားလေ့လာသင်ယူလိုသူများအနေဖြင့် စက်တင်ဘာလ ၂၈ရက်နောက်ဆုံးထား၍ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုရှိMAJA ရုံးခန်းတွင် လျှောက်ထားနိုင်သည်။

## စင်ကာပူကျောင်းပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်

**ရန်ကုန်၊ ဩဂုတ် - ၁၇**

စင်ကာပူနိုင်ငံရှိ PSB Academyတွင် အောက်တိုဘာလ ကျောင်းဝင်ခွင့်အတွက် အင်ဂျင်နီယာဘာသာရပ် သင်ယူမည့်ကျောင်းသားများ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်ကြောင်းသိရသည်။ အီလက်ထရွန်နစ်နှင့် မက္ကနစ်ကယ်အင်ဂျင်နီယာဒီပလိုမာသင်တန်းတက်ရောက်မည့် ကျောင်းသားများအတွက် ပညာရေးမှတ်တမ်းထူးချွန်မှုအလိုက် ပညာသင်ထောက်ပံ့ကြေး ရရှိနိုင်မည်ဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။

## အိုင်တီဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် - ၁၆**

Networking & Cyber Security and Why Choose GCS ခေါင်းစဉ်ဖြင့် အိုင်တီဘာသာရပ်ဆိုင်ရာ ပညာရေးဟောပြောပွဲကို ဩဂုတ်လ ၂၅ ရက်၊နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ UMFCCI၌ ကျင်းပမည်ဖြစ်သည်။ စင်ကာပူနိုင်ငံရှိGenetic Computer School မှ တာဝန်ရှိသူများ လာရောက်ဆွေးနွေးမည်ဖြစ်ပြီး အိုင်တီပညာသွားရောက်သင်ယူရန် စိတ်ဝင်စားသော လူငယ်များ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## ကိုရီးယားနိုင်ငံရောက် မြန်မာဘုန်းတော်ကြီးများ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်မည်

**ရန်ကုန်၊ဩဂုတ်-၁၇**

ကိုရီးယားနိုင်ငံရောက်မြန်မာဘုန်းတော်ကြီး ခုနစ်ပါးသည် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသားများကို ပညာတော်သင်ဆုချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မိဘနှစ်ပါးက မွေးဖွား၍ ငွေကြေးနွမ်းပါးချို့တဲ့ပြီး ဂုဏ်ထူးသုံးဘာသာနှင့် အထက်ရရှိထားသော ကျောင်းသားများအနေဖြင့်ပညာသင်ဆုလျှောက်ထားနိုင်မည်ဖြစ်သည်။

"ပညာသင်ဆုက ဘယ်နှယောက်ပေးမယ်ဆိုတာ ပြောလို့မရသေးပါဘူး။ ဆရာတော်တွေကိုယ်တိုင်လာရောက်ရွေးချယ်မှာဖြစ်ပါတယ်။ပညာသင်ဆုအတွက် တစ်လကို ကျပ်ငါးသောင်း၊ ဘွဲ့ရတဲ့အထိ ပေးသွားဖို့ရှိပါတယ်"ဟု ပညာသင်ဆုအတွက်ဆောင်ရွက်နေသော ရဲမာန်စီးပွားရေးလုပ်ငန်းစုမှတာဝန်ရှိသူကပြောသည်။

ပညာဒါယီ ပညာတော်သင်ဆုလျှောက်ထားလိုသောကျောင်းသားများသည် သတ်မှတ်ချက်အထောက်အထားများနှင့်အတူ အမှတ်(၄၆)၊ သိမ်ကြီးဈေး(စီ)ရုံ၊ အဆောင်(၄)၊ ပထမထပ်၊ ရန်ကုန်မြို့သို့စက်တင်ဘာလကုန်နောက်ဆုံးပေးပို့လျှောက်ထားရမည်ဖြစ်သည်။

## အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းရမှတ် ၄၅၀နှင့်အထက် ရရှိသူများ ထပ်မံလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁၅**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များကိုအဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များအဖြစ်အဆင့်မြှင့်တင်၍ တက္ကသိုလ်ဝင်တန်း စုစုပေါင်းရမှတ် ၄၅၀ နှင့်အထက် ရရှိထားသူများအား လက်ခံသင်ကြားသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ကြေညာသည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ပြီး တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ပါ ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသားများသည် အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များသို့တက်ရောက်လိုပါကကျောင်းဝင်ခွင့် ထပ်မံလျှောက်ထားရမည်ဖြစ်သည်။

"ကျောင်းသားတွေအနေနဲ့ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်မှာ တက်ချင်တယ်ဆိုရင် ထပ်လျှောက်ရပါမယ်။ အဲဒါဆို တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတုန်းကဆေးတက္ကသိုလ်ပဲ လျှောက်ထားပြီးတော့ အခုထပ်လျှောက်လို့ သတ်မှတ်ချက်နဲ့မီတယ်ဆိုရင် အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်က ရွေးချယ်သွားမှာပါ။ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်က မရွေးချယ်မှ တက္ကသိုလ်ဝင်ခွင့်မှာ ဖြည့်စွက်ထားတဲ့ ဦးစားပေးအတိုင်း ရွေးချယ်သွားမှာပါ"ဟု အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအောက်ပိုင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့်မြန်မာနိုင်ငံအထက်ပိုင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည်မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင်ကျောင်းဝင်ခွင့်လျှောက်လွှာတောင်းယူ၍ တိုက်ရိုက်လျှောက်ထားကြရမည်ဖြစ်သည်။

လက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သည် ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၃၆၅ မှတ်နှင့်အထက် ရရှိသော ကျောင်းသားဦးရေ၁,၀၀၀နှင့်မန္တလေးကွန်ပျူတာတက္ကသိုလ်သည် ကျောင်းသားဦးရေ ၂၀၀ လက်ခံသွားရန် ကြေညာထားသည်။

၎င်းတက္ကသိုလ်များတွင်ပင် အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များအနေဖြင့် ကျောင်းသား ၂၀၀ စီ ထပ်မံလက်ခံသင်ကြားသွားမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုတည်း၌ ပုံမှန်ကျောင်းဝင်ခွင့်ရရှိထားသော ကျောင်းသားများနှင့် သင်ကြားရေးနှင့် သင်ထောက်ကူပစ္စည်းများ ကွဲပြားခြားနားမှုရှိလာနိုင်ကြောင်း ပညာရေးကျွမ်းကျင်သူများက ပြောသည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာတက္ကသိုလ်စုစုပေါင်း ၂၅ ခုဖွင့်လှစ်ထားပြီး ကျောင်းသားစုစုပေါင်း ၇,၀၀၀ ကို ယခုနှစ် ကျောင်းဝင်ခွင့်ပြုရန် ကြေညာထားသည်။ ယခုအခါ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်၍ ကျောင်းသားဦးရေ ၄၀၀ ကို သီးသန့်ပညာသင်ကြားရန် စီစဉ်နေခြင်းဖြစ်သည်။

## ဗြိတိန်အခြေစိုက် နိုင်ငံတကာပညာရေး အကြံပေးဝန်ဆောင်မှုအဖွဲ့ လာရောက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၁၅**

ပြည်ပတွင် ပညာသင်ယူလိုသော မြန်မာကျောင်းသားများအတွက် ဗြိတိန်အခြေစိုက် နိုင်ငံတကာပညာရေးဝန်ဆောင်မှုအဖွဲ့တစ်ခုမှ လာရောက်အကြံပြုဆွေးနွေးမည်ဖြစ်ကြောင်း Crown ပညာရေးဝန်ဆောင်မှုမှ သတင်းရရှိသည်။

ဗြိတိန်အခြေစိုက် ပညာရေးအဖွဲ့အစည်းဖြစ်သော Globe Education Consultancyသည် စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့၊ ဘွဲ့ကြိုသင်တန်းများနှင့် ဒီဂရီဘွဲ့အခြေခံသင်တန်းများအတွက်ပညာရေးအခွင့်အလမ်းများအကြောင်းကိုဩဂုတ်လ ၂၂ရက်နေ့လယ် ၃ နာရီတွင် ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ လာရောက်ဆွေးနွေးမည်ဖြစ်သည်။

ပြည်တွင်းရှိနိုင်ငံရေးအပြောင်းအလဲများကြောင့်ဗြိတိန်ရှိ တက္ကသိုလ်၊ ကောလိပ်များက မြန်မာကျောင်းသားများအတွက်ပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန် ပိုမိုကမ်းလှမ်းလာလျက်ရှိပြီး အဆိုပါပညာသင်ဆု အခွင့်အလမ်းများအကြောင်း ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"တချို့တက္ကသိုလ်တွေက တိုက်ရိုက်ကျောင်းလျှောက်ရင် Study Grant (ပညာသင်ထောက်ပံ့ကြေး)မရတာရှိတယ်။ သူတို့ပညာရေးဝန်ဆောင်မှုအဖွဲ့တွေက တစ်ဆင့်လျှောက်ရင်တော့ ကျောင်းလခ ပိုသက်သာနေပါတယ်။ ကျွန်တော်တို့ဆီမှာ ယူကေဈေးကွက် ထိုးဖောက်ချင်တဲ့အတွက် ဝန်ဆောင်ခလုံးဝမပေးရပါဘူး။ တရုတ်၊ မလေးရှားနဲ့ အင်ဒို နီးရှားနိုင်ငံတွေအတွက်ဆိုရင်တော့ ဝန်ဆောင်ခပေးရတယ်"ဟု Crown ပညာရေးမှ တာဝန်ရှိသူကပြောသည်။

ဗြိတိန်အခြေစိုက် နိုင်ငံတကာပညာရေးအကြံပေး အဖွဲ့သည် ယူကေတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်မူဝါဒများနှင့် အထူးပြုဘာသာရပ်ဆိုင်ရာ အချက်အလက်များအကြောင်း ဆွေးနွေးရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၂၁၊တက္ကသိုလ်ကျောင်းသားများ အဆောင်ပြန်လည်ဖွင့်လှစ်ခွင့်မှ

မြန်မာနိုင်ငံမှာလည်း တက္ကသိုလ်အဆောင်တွေ ရှိခဲ့ဖူးတယ်။ ဒါကြောင့်ပြန်လုပ်သင့်တယ်လို့ကျွန်တော်တို့ယူဆပါတယ်"ဟုရန်ကုန်မြို့ရှိတက္ကသိုလ်ဆရာ၊ဆရာမများအသင်းမှ ဆရာတစ်ဦးက ပြောသည်။

တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက်အဆောင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ တက္ကသိုလ်၊ ကောလိပ်များတွင် နေရာအခက်အခဲရှိနေပြီး ယခင်က ဖွင့်လှစ်ခဲ့သောအဆောင်အချို့သည် ကျောင်းစာသင်ခန်းများအဖြစ်သို့ ပြောင်းလဲသွားခြင်းများ ရှိနေကြောင်း သိရသည်။

"တချို့တက္ကသိုလ်တွေက စဆောက်ကတည်းက အဆောင်ဖွင့်ဖို့ ထည့်သွင်းမစဉ်းစားခဲ့တဲ့အတွက် အဆောက်အအုံကို မရှိပါဘူး။ အရင်တုန်းက တက္ကသိုလ်အဆောင်တွေကလည်း စာသင်ခန်းတွေဖြစ်သွားတာရှိပါတယ်။ တက္ကသိုလ်အဆောင်တွေ ပြန်ဖွင့်ဖို့ကတော့ လောလောဆယ် အဆင့်သင့် မဖြစ်သေးပါဘူး။ ကျောင်းအဆောင်တွေ ပြန်လုပ်မယ်ဆိုရင်လည်း ကျောင်းသားတွေကို စည်းကမ်းပိုင်းဆိုင်ရာကို တော်တော်ပြန် ထိန်းသိမ်းနိုင်မှ ရပါမယ်"ဟု ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာရှိတစ်ဦးက ပြောသည်။

တက္ကသိုလ်အဆောင်များ ပြန်လည်ပေါ်ထွန်းလာရေးသည် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများ၏ဆန္ဒနှင့် လိုအပ်ချက်ပေါ်တွင်မူတည်နေပြီးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အခွင့်အရေးအတွက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းဖြစ်မြောက်ရေး ဆောင်ရွက်နေသောဆရာများကပြောသည်။

**TRADEMARK CAUTION**

Celgene Corporation, a company organized under the laws of Delaware, and having its principal office at 86 Morris Avenue Summit, New Jersey 07901, USA, is the owner and sole proprietor of the Trademark:


**TIME TO LIVE**
**Reg.4/5090/2012**

In respect of : Int'l class 41 : " Educational and entertainment services, namely, programs about the improvements made in multiple myeloma treatment showcased through patient success stories accessible by radio, television, satellite, audio, video and computer networks; entertainment in the nature of documentaries; entertainment information services, namely, providing information and news releases about the improvements made in multiple myeloma treatment; development and dissemination of educational materials of others in the field of multiple myeloma; conducting educational exhibitions in the nature of multiple myeloma and improvements made in multiple myeloma treatment; educational services, namely, conducting programs in the field of multiple myeloma and improvements made in multiple myeloma treatment; educational services, namely, conducting classes, seminars, conferences, workshops, field trips in the field of multiple myeloma and improvements made in multiple myeloma treatment and distribution of material in connection therewith"

Any unauthorized use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 23.Aug.2012
(For: Patrick Mirandah Co. (S) Pte Limited Singapore)






## အွန်လိုင်းတွင် ပုံနှိပ်ဖော်ပြနိုင်သောဝက်ဘ်ဆိုက်တစ်ခုကို တွစ်တာတည်ထောင်သူများ စတင်လွှင့်တင်

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၁၈**

အင်တာနက်တွင် စာသားမက်ဆေ့ချ် အများအပြားတင်လေ့ရှိသူများအသုံးပြုနိုင်ရန်အတွက် အွန်လိုင်းပေါ်တွင် ပုံနှိပ်ဖော်ပြထားနိုင်သော ဝက်ဘ်ဆိုက်တစ်ခုကို တွစ်တာပူးတွဲတည်ထောင်သူများက စတင်လွှင့်တင်လိုက်ကြောင်း သိရသည်။

Medium.com ဟုခေါ်သော ဝက်ဘ်ဆိုက် စတင်လွှင့်တင်လိုက်ကြောင်း ကြေညာသော အခမ်းအနား၌ ယင်းဆိုက်ပေါ်တွင် ချက်ချင်းလက်ငင်းတက်လာသော အကြောင်းအရာများကို တွေ့မြင်ရသည်။ အဆိုပါ အကြောင်းအရာများတွင် မိမိတို့၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့် ငယ်စဉ်က ဓာတ်ပုံများကို အသုံးပြုသူများက တင်ထားသည်ကို မြင်တွေ့ရသည်။

"ပုံနှိပ်ဖော်ပြတယ်ဆိုတာကို ပြန်လည်စဉ်းစားဆန်းသစ်ဖို့ စိတ်ကူးရပြီး အဲဒီအတွက် ပလက်ဖောင်းအသစ်တစ်ခု စတင်ထူထောင်တာပါ" ဟု ဝက်ဘ်ဆိုက်စတင်ထူထောင်ခဲ့သူများတွင် ပါဝင်ခဲ့သည့် အီဗန်ဝီလီယမ်က အဆိုပါ ဝက်ဘ်ဆိုက်၌ တင်ထားသည့် မက်ဆေ့ချ်တွင် ဖော်ပြသည်။

တွစ်တာ ဝက်ဘ်ဆိုက်ပူးပေါင်းတည်ထောင်သူများတွင် ပါဝင်ခဲ့သော ဘစ်စတုန်းနှင့် အီဗန်ဝီလီယမ်တို့သည် Obvious Corporation ဟုခေါ်ဆိုသော နည်းပညာကုမ္ပဏီတစ်ရပ်ထူထောင်၍ နည်းပညာထုတ်ကုန်အသစ်များ ထုတ်လုပ်ရန် ကြိုးပမ်းနေကြသည်။

*—AFP*

## စီဒီအမ်အေ ၄၅၀ ဖုန်းကတ် နယ်တွင်ဈေးတက်

**အောင်သူရ၊ ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ်-၁၇**

တရားဝင် ဘဏ်ချလန်တွင် ကျပ်နှစ်သိန်းသာ ပေးသွင်းရသော စီဒီအမ်အေ ၄၅၀ ဖုန်းကတ်များအား နယ်မြို့များရှိ ဆိုင်များတွင် ကျပ်နှစ်သိန်း ရှစ်သောင်းအထိ ရောင်းချနေကြကြောင်း သတင်းရရှိသည်။

"အရင်တုန်းက တစ်ပတ်ကို ပွဲစားတွေဆီက ၁၀ ကတ်လောက်ရတယ်။ အခု သုံးကတ်ပဲ ရတယ်။ နောက်ပြီး ကျွန်တော်တို့ ဝယ်ရတာကိုက နှစ်သိန်း ခုနစ်သောင်း ပေးရတယ်" ဟု ပုသိမ်ဒေသခံ ဖုန်းရောင်းချသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသများတွင် ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ ၈၀၀ ဖုန်းများ လိုင်းမမိသဖြင့် လိုင်းမိသော စီဒီအမ်အေ ၄၅၀ ဖုန်းများကိုသာ ဝယ်ယူသူများပြီး တစ်ပတ်လျှင် ငါးကတ်ခန့် ရောင်းချရကြောင်း မြောင်းမြမြို့မှ ဖုန်းရောင်းချသူတစ်ဦးက ပြောသည်။

"ဂျီအက်စ်အမ်တွေလို နှစ်သိန်းနဲ့ ဘယ်သူမဆို ဝယ်လို့ရတယ်ဆိုရင်တော့ ဈေးတက်စရာအကြောင်း မရှိပါဘူး။ အခု ဂျီအက်စ်အမ်ကို နှစ်သိန်းနဲ့ပဲ ရောင်းပေးနေတယ်" ဟု ပုသိမ်မြို့ခံဖုန်းရောင်းချသူက ပြောသည်။

သို့သော် မြန်မာ့ဆက်သွယ်ရေးကမှ စီဒီအမ်အေ ၄၅၀ ဖုန်းများအား ဆက်တိုက်ရောင်းချပေးနေကြောင်း မြန်မာဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်က ပြောသည်။

"စီဒီအမ်အေ ၄၅၀ ဖုန်းတွေ ရန်ကုန်မှာ ဈေးကွက်မရှိတော့ဘူး။ နယ်တွေမှာတော့ အရောင်းသွက်နေတယ်။ ဆက်သွယ်ရေးရုံးပိုင်းလောက်ကပဲ အဆင်ပြေတဲ့ နီးစပ်ရာကို ချပေးနေတဲ့ သဘောထင်ပါတယ်" ဟု မိုဘိုင်းဖုန်းအရောင်းဆိုင်မှ မန်နေဂျာတစ်ဦးကပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး ဆောင်ရွက်နေသော အစိုးရသစ်လက်ထက်တွင် ကျေးလက်ဒေသများ၌ အသုံးပြု၍ရသော ဖုန်းများမှာ မြို့ပေါ်တွင် အသုံးပြု၍ရသော ဖုန်းထက်ဈေးကြီးနေသည်။

သို့သော် ယခင်အစိုးရလက်ထက်က ကျပ်သိန်းနှစ်ဆယ်ခန့် ပေးဝယ်ခဲ့ရပြီး နိုင်ငံတကာတွင် ထောင်ဂဏန်းမျှသာ ပေးရသော ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်မှစ၍ ကျပ်နှစ်သိန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

## မြန်မာ့လေကြောင်းလက်မှတ်များ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်ပြီ




**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

မြန်မာ့လေကြောင်း လေယာဉ်လက်မှတ်ကို အွန်လိုင်းမှတစ်ဆင့် e-ticketing စနစ်ဖြင့် ယခုလ ၃ ရက်မှစ၍ စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ထိုသို့ ဝယ်ယူရာတွင် ပထမအဆင့်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (MEB)တွင် အီလက်ထရွန်နစ်အကောင့် (Electrronic Account) ရှိသူတိုင်း မြန်မာ့လေကြောင်း

**စာ(၂၄)သို့**







# ကွန်ပျူတာများတွင် ဘရောက်ဇာရွေးချယ်ခွင့်မပေးခြင်းအတွက် ဒေါ်လာ ၇ ဘီလီယံ မိုက်ကရိုဆော့ဖ် ပေးဆောင်ရနိုင်

**ဘရပ်ဆဲလ်၊ ဩဂုတ်-၁၈**

ဥရောပမှ သန်းပေါင်းများစွာသော ကွန်ပျူတာအသုံးပြုသူများအတွက် အင်တာနက်ရှာဖွေရေး ဘရောက်ဇာများ ရွေးချယ်ခွင့်ကို ၎င်းတို့၏ ကွန်ပျူတာစနစ်တွင် ထည့်သွင်းမပေးခဲ့ခြင်းအတွက် မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည်ဒဏ်ငွေကန်ဒေါ်လာ ၇ ဘီလီယံအထိ ပေးဆောင်ရဖွယ်ရှိကြောင်း သိရသည်။


၂၀၀၉ ခုနှစ်တွင် ဥရောပသမဂ္ဂက ချမှတ်ခဲ့သော မူပိုင်တစ်ဦးတည်းချုပ်ကိုင်မှု ဆန့်ကျင်ရေး စည်းမျဉ်းစည်းကမ်းများအရ တစ်ကိုယ်ရေသုံး ကွန်ပျူတာများတွင် ဘရောက်ဇာများရွေးချယ်ခွင့် ထည့်သွင်းပေးမည်ဟု မိုက်ကရိုဆော့ဖ်ကုမ္ပဏီက သဘောတူညီခဲ့သည်။

သို့သော် ၂၀၁၀ပြည့်နှစ်ဇူလိုင်လမှစ၍ဖြန့်ချိခဲ့သည့် Windows 7 စနစ်သုံး ကွန်ပျူတာပေါင်း ၂၈ သန်းတွင်ဘရောက်ဇာ(Browser) ရွေးချယ်စရာ ထည့်သွင်းမထားကြောင်း မိုက်ကရိုဆော့ဖ်က ဝန်ခံထားသည်။

၂၀၀၉ ခုနှစ်က ဥရောပ၏ ဆုံးဖြတ်ချက်အရ ၎င်းချိုးဖောက်မှုအတွက်မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည်ဝင်ငွေစုစုပေါင်း၏၁၀ရာခိုင်နှုန်းအထိ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ ယမန်နှစ်အတွင်း မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေမှာ ကန်ဒေါ်လာ ၆၉ ဘီလီယံရရှိခဲ့ရာ ဒဏ်ငွေအဖြစ် ကန်ဒေါ်လာ ၇ ဘီလီယံနီးပါးပေးဆောင်ရမည့်အခြေအနေဖြစ်သည်။

ဘရောက်ဇာရွေးချယ်စရာပေးရန် မိုက်ကရိုဆော့ဖ်၏ ချိုးဖောက်မှုမှာ အထင်ကရဖြစ်သည်ဟု ဥပဒေအကျိုးဆောင်ကုမ္ပဏီ Pincent Masons မှ မစ္စတာအလန်ဒေးဗစ်က ပြောကြားသည်။

*—Zdnet.com*







## ပြည်မြို့တွင် ဘားကမ့်ပွဲကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၁၈**

အိုင်တီနှင့် နည်းပညာနှီးနှောဖလှယ်ပွဲဖြစ်သည့် ဘားကမ့်ပြည် (Barcamp-Pyay) ၂၀၁၂ ပွဲကို ပြည်မြို့တွင် ပထမဦးဆုံးအကြိမ်ဖြစ် ဩဂုတ်လ ၂၅၊ ၂၆ ရက်များ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲကို ပြည်မြို့ အ.ထ.က (၁) ကျောင်း၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်။ ပွဲချိန်အတွင်း လာရောက်ကြည့်ရှုသူများအတွက် အင်တာနက်အခမဲ့ သုံးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ လာရောက်ကြည့်ရှုမည့်သူများ အနေဖြင့် www.barcamppyay.org တွင်ကြိုတင် စာရင်းပေးသွင်းပါက အမှတ်တံဆိပ်ပါသော တီရှပ်အား လက်ဆောင်ပေးမည်ဟုပွဲကျင်းပရေးကော်မတီမှ သိရသည်။

"နယ်မှာက ရန်ကုန်လောက် နည်းပညာ မထွန်းကားဘူး။ အဲဒီအတွက် နည်းပညာကို စိတ်ဝင်စားတဲ့ လူငယ်တွေအတွက် အဓိက ရည်ရွယ်တာပါ"ဟု ပွဲကျင်းပရေးကော်မတီမှ ကိုဝေယံသွင်က ပြောသည်။

အဆိုပါပွဲသို့ ရန်ကုန်ဘားကမ့်မှ တာဝန်ရှိသူများ၊ မန္တလေးဘားကမ့်မှတာဝန်ရှိသူများအပြင် ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များပါ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

## စာ(၂၃) - မြန်မာ့လေကြောင်းလက်မှတ်များ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်ပြီ မှ

လေယာဉ်လက်မှတ်ကိုအွန်လိုင်းမှ ငွေပေးချေပြီး ဝယ်ယူနိုင်ပြီဖြစ်ဟုသိရသည်။


သို့ရာတွင် မြန်မာ့စီးပွားရေးဘဏ်၌ အီလက်ထရွန်နစ်အကောင့်ရှိသူ အရေအတွက်မှာ ၂,၀၀၀ ကျော်သာရှိသဖြင့် ဝယ်ယူသူများ အဆင်ပြေစေရန် ငွေပေးချေမှုကို အီလက်ထရွန်နစ်ထရန်စဖာပြုလုပ်နိုင်မည့် အခြားပုဂ္ဂလိကဘဏ်များနှင့်ပါ ချိတ်ဆက်နိုင်မည့် ညှိနှိုင်းမှုများကို ယခုလအတွင်းမှာပင် ပြုလုပ်သွားမည်ဟု မြန်မာ့လေကြောင်းမှသိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ Debit Card နှင့် Credit Card များ၊ Myanmar Payment Union (MPU) Card များ စတင်အသုံးပြုနိုင်ပါကလည်း e-ticketing စနစ်တွင် ဆက်စပ်အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဟုသိရသည်။

မြန်မာ့လေကြောင်း လေယာဉ်လက်မှတ်များကိုအွန်လိုင်းမှ ဝယ်ယူရာတွင် www.myanmaairways.aero သို့ဝင်ရောက်ကာ လေယာဉ်ခရီးစဉ်များကို ကြည့်ရှုရွေးချယ်၍ Booking ပြုလုပ်ပြီးနောက် လက်မှတ်ရ၊ မရ စစ်ဆေးရန် မြန်မာ့လေကြောင်းဝက်ဘ်ဆိုက်မှ ထုတ်ပေးသော Pin Code ကို အသုံးပြုပြီး စစ်ဆေးနိုင်သည်ဟုသိရသည်။

အွန်လိုင်းမှ ငွေပေးချေရန် မြန်မာ့စီးပွားရေးဘဏ်ဝက်ဘ်ဆိုက်သို့ဝင်ရောက်၍ ငွေပေးချေပြီးနောက် သက်ဆိုင်ရာလင့်ခ်များတွင် e-ticket နှင့် ငွေပေးချေထားကြောင်း ဘောက်ချာများကို ထုတ်ယူနိုင်မည်ဖြစ်သည်။

ပြောင်းလဲလာသော နိုင်ငံအခြေအနေအရ မြန်မာ့လေကြောင်းအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံပိုင် စီးပွားရေးအနေဖြင့် အေးဆေးစွာနေ၍မရဘဲ ပုဂ္ဂလိကလေကြောင်းလိုင်းများနှင့်ပါ ယှဉ်ပြိုင်လုပ်ကိုင်ရမည့် အနေအထားဖြစ်လာသောကြောင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းကပြောကြားသည်။




# နားလည်တဲ့ ဘာသာစကား

ကိုဝေး (ဒေးဒရဲ)

နယ်ကနေ တက်လာပြီး စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ ရည်ရွယ်ချက်နှင့် ရန်ကုန်ရောက်လာတဲ့ မိတ်ဆွေတစ်ယောက်က ‘မြန်းဂလစ်ရှ်’ဆိုတာ ဘာလဲလို့အမေးထူးပါတယ်။ မိတ်ဆွေရဲ့ဟန်းဖုန်းထဲကို ဘယ်လိုဘာသာနှင့်ရေးထားမှန်း မသိတဲ့ ဖုန်းမက်ဆေ့ချ်တွေဝင်လာတာကြောင့် သားဖြစ်သူကို မေးကြည့်တော့ အဖေကလည်း ဒါလေးတောင် မဖတ်တတ်ဘူးလား။ အဲဒါ မြန်းဂလစ်ရှ်လို့ခေါ်တယ်ပြောပြီး ဖုန်းကိုယူသွားတတ်တာကြောင့် မေးတာလို့ ဆိုတယ်။

မိတ်ဆွေရဲ့သားက ဆယ်တန်းစာမေးပွဲအောင်ပြီးကတည်းက ရန်ကုန်ကို ရောက်လာတာကြောင့် သူငယ်ချင်းအပေါင်းအသင်းလည်း ထိုက်သင့်သလောက်ရှိနေတယ်။ ခုမက်ဆေ့ချ်ပို့လိုက်တာကလည်း သူငယ်ချင်း တစ်ယောက်က လက်ဖက်ရည်ဆိုင်ကို လာခဲ့ဖို့ ချိန်းဆိုလိုက်တာပါ။ သူငယ်ချင်းက သားဖြစ်သူကို ‘လက်ဖက်ရည်ဆိုင်လာခဲ့ဖို့ ဖုန်းခေါ်ပြီး ပြောလည်းရရဲ့သားနဲ့ဘာကြောင့် မက်ဆေ့ချ်နှင့် ချိန်းတာလဲ’ လို့ မိတ်ဆွေက မနေနိုင်မထိုင်နိုင်မေးကြည့်မိတယ်။ ဒီတော့ သားဖြစ်သူက “ဒါရန်ကုန်အထာ” လို့ပြန်ဖြေတယ်။ ဒါနဲ့ သူ့အားကိုးနဲ့ ကိုယ့်ဆီကို မေးမိတာပါ။ မေးတဲ့သူက မေးတော့သူနားလည်အောင်တတ်နိုင်သမျှ ရှင်းပြမိတယ်။

‘မြန်းဂလစ်ရှ်’ဆိုတာ အင်္ဂလိပ်အက္ခရာတွေကိုမြန်မာအသံထွက်အတိုင်း ညှိပြီး စာလုံးပေါင်းရကြောင်း၊ ဥပမာ-eat စားသည် ဆိုတာကိုစံချိန်မီ အင်္ဂလိပ်စာအတိုင်း စာလုံးမပေါင်းဘဲ ‘sar-the’ လို့ မြန်မာအသံထွက်အတိုင်း စာလုံးပေါင်းရကြောင်း၊ မင်းဆက်ဆက်လာခဲ့ပါလို့ ရေးတဲ့အခါ min set-set lar kae par လို့ စာလုံးပေါင်းကြောင်း ဥပမာ-ဥပမေယျ အမျိုးမျိုးနှင့်ရှင်းပြလိုက်တော့မှသဘောပေါက်သွားပုံရတော့တယ်။ ဒါနဲ့သူက တစ်ဆက်တည်းမှာ တွေ့ဖူးတဲ့ မြန်းဂလစ်ရှ်တွေ တစ်ခုပြီး တစ်ခု ပြောပြတော့ တချို့ စကားလုံးတွေဟာ ရယ်ရပါတယ်။ စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေမှာ တွေ့ဖူးတဲ့ ကျေးဇူးတင်ပါတယ်။ ကြိုဆိုပါ၏တို့ဆိုတဲ့ မြန်းဂလစ်ရှ်တွေ တည်းခိုခန်း ဈေးနှုန်း၊ အစားအသောက်အညွှန်းစသဖြင့်တွေ့ဖူးတဲ့အကြောင်းအရာတွေစုံလို့ပါပဲ။

စကားလက်ဆုံကောင်းပြီး သူပြန်သွားတဲ့အထိ ကိုယ့်ခေါင်းထဲမှာ မြန်းကလစ်ရှ်တွေ တစ်သီတစ်တန်းကြီး ရှိနေတုန်းပါပဲ။ အင်္ဂလိပ်ဘာသာ အရေးအသားကို မြန်မာအသံထွက်အတိုင်း စာလုံးပေါင်းတဲ့အခါ ဘာတွေကောင်းကျိုးရှိပြီး ဘာတွေဆိုးကျိုးဖြစ်လာနိုင်မလဲလို့လည်း တွေးမိပါတယ်။ ဒီလိုတွေးတောနေရင်းက ၂၀၀၆ ခုနှစ်က ဆင်ဟွာ သတင်းဌာနက ဖော်ပြခဲ့တဲ့ သတင်းတစ်ပုဒ်ကို သွားသတိရမိပြန်တယ်။

> **ဂလိုဘယ်ခေတ်မှာ ဝေါဟာရတွေ၊ ဘာသာစကားတွေကိုပုဒ်ပြတ်ဈေးနှင့် ဘယ်လိုသုံးသုံး အကြောင်းမဟုတ်ပါဘူးလို့ ယူဆထားသူတွေအတွက် သတိပြုဆင်ခြင်စရာပါ။ ဘာသာစကား၊ ဝေါဟာရနှင့် အရေးအသားဆိုတာ လူတစ်ဦးနဲ့တစ်ဦး ဆက်သွယ်ရလွယ်ကူစေတဲ့ ပေါင်းကူးတံတားဆိုတာ မမေ့သင့်ပါဘူး။ ကိုယ်ပြောတဲ့စကားကို တစ်ပါးသူနားလည်ဖို့ကလည်း အရေးကြီးပါတယ်။ တစ်ပါးသူ သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောတာ၊ ရေးတာတွေကို တစ်ပါးသူနားမလည်တဲ့အခါ ဘာသာစကားဆိုတာ ဝေါဟာရတစ်ခုထက်ပိုပြီး အသက်မဝင်ဖြစ်သွားတတ်ပါတယ်။**

တရုတ်နိုင်ငံက ၂၀၀၈ ခုနှစ်မှာ ပေကျင်းအိုလံပစ်ပြိုင်ပွဲကို ကျင်းပဖို့ တာစူပြင်ဆင်နေချိန်။ ကမ္ဘာ့သက်တမ်း အရင့်ဆုံးနဲ့ ဂုဏ်သိက္ခာအရှိဆုံးပြိုင်ပွဲကို ပထမဆုံးအကြိမ် သမိုင်းတွင်ရစ်အောင် လက်ခံကျင်းပရမှာမို့ တရုတ်ပြည်သူတွေ ပျော်ရွှင်စွာစောင့်ကြိုနေကြချိန်ပါ။ အိုလံပစ်အထိမ်းအမှတ် ပိုစတာ၊ အိုလံပစ်အချိန်ပြနာရီ၊ မြစ်ပြင်ထက်က သင်္ဘောကြီးနှင့် စုန်ဆန်ကူးခတ်ပြီး အိုလံပစ် အမှတ်တံဆိပ်နှင့် ကြိုဆိုကြ၊ အားကစားကွင်း၊ အားကစားကျေးရွာတွေနှင့် နွေရာသီအိုလံပစ်ပြိုင်ပွဲကို ကြိုဆိုနေကြတဲ့အချိန်မှာ ဒီသတင်းကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့တာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်တဲ့ စာရင်းဝင်နိုင်ငံဖြစ်ပေမယ့် ကိုယ့်နိုင်ငံကို ကတ္တီပါနီနှင့် ဖုံးအုပ်သိမ်းဆည်းလာခဲ့တာကြောင့် ကမ္ဘာက နိုင်ငံကိုသိပ်ပြီး ဘာတွေရှိသလဲ၊ ဘာတွေလုပ်နေသလဲဆိုတာ သိပ်သိချင်နေကြတယ်။ အိုလံပစ်ပြိုင်ပွဲကြောင့် နိုင်ငံတွင်းအပြင်အဆင်ကို ကမ္ဘာ့ပရိသတ်ရှေ့ထုတ်ဖော်ပြသခွင့်ရတော့မှာမို့ နေရာစုံမှာ မလွတ်တမ်း အကွက်စေ့၊ ထောင့်စေ့အောင် ပြင်ဆင်နေကြပါသတဲ့။ အားကစားနှင့် တရုတ်ပြည်ရင်း နှီးနွှေးထွေးတော့မယ့်အချိန်မကြာခင် ကျရောက်လာတော့မှာမို့ ကမ္ဘာပေါ်က အားကစားဝါသနာရှင်တွေနှင့် မီဒီယာသမားတွေ မဟာတံတိုင်းကြီးဝင်းထဲကို ဝင်လာကြတယ်။

ခေတ်အခြေအနေအရ ဖြစ်ပေါ်နေတဲ့ မြောက်ကိုရီးယား ဒုက္ခသည်အရေး၊ ရှီဟန်ပြည်နယ်က မွတ်ဆလင်ပြဿနာ၊ အကျဉ်းသား အခြေအနေတွေကြောင့် နိုင်ငံတကာ နိုင်ငံရေးမီဒီယာလောကမှာ အနုတ်လက္ခဏာပြနေတာကို ကုစားပေးနိုင်တာကြောင့် တရုတ်ပြည်သူအသိုင်းအဝိုင်းကလည်း တက်ကြွခဲ့ပါတယ်။

နိုင်ငံတကာက ဝင်ရောက်လာမယ့်အချိန်မှာ တည်းခိုခန်းတွေ၊ အခန်းခနှုန်းထား၊ အစားအသောက်အညွှန်းနှင့် တည်းခိုသူများအတွက် သတိပေးချက်စာတန်းတွေမှာ ‘ချင်းဂလစ်ရှ်’လို့ခေါ်တဲ့ တရုတ်ပြည်တွင်းသုံး အင်္ဂလိပ်စကားကြောင့် နိုင်ငံတကာ ဧည့်သည်တွေအတွက် အခက်အခဲရှိစေနိုင်တယ်ဆိုတဲ့အချက်ကို ‘ဆင်ဟွာ’သတင်းဌာနက ပြည်သူကို ထုတ်ပြန်သတိပေးခဲ့တာပါ။ နိုင်ငံတကာ ဧည့်သည်တွေနှင့် ဆက်သွယ် ပြောဆိုပြန်ကြားတဲ့အခါ ‘ချင်းဂလစ်ရှ်’ ကြောင့် အနှောင့်အယှက်ဖြစ်စေနိုင်တယ်လို့လည်း အကိုးအကား အချက်အလက်တွေနဲ့ ထောက်ပြပြန်တယ်။

ဘေကျင်းအစိုးရက သာမန်ပြဿနာလို့ သဘောထားခဲ့ပေမယ့် တကယ့်နဖူးတွေ့ ဒူးတွေ့ဖြစ်လာတဲ့အခါမှာ ‘ချင်းဂလစ်ရှ်’တိုက်ဖျက်ရေးတို့၊ စံမီအင်္ဂလိပ်စာသုံးရေးတို့၊ နောက်ဆုံး “ချင်းဂလစ်ရှ်’ ကို အပြီးတိုင် ဖျောက်ဖျက်ပစ်မယ်လို့ ကြွေးကြော်ပြီး ပြောင်းလဲခဲ့ရဖူးတယ်။ စံမီအင်္ဂလိပ်ဘာသာစကားကို မသုံးစွဲဘဲ ‘ချင်းကလစ်ရှ်’ သုံးစွဲတဲ့ဆိုင်တွေကို စစ်ဆေးအရေးယူခဲ့ကြပြန်တယ်။

ဂလိုဘယ်ခေတ်မှာ ဝေါဟာရတွေ၊ ဘာသာစကားတွေကို ပုဒ်ပြတ်ဈေးနှင့် ဘယ်လိုသုံးသုံးအကြောင်းမဟုတ်ပါဘူးလို့ ယူဆထားသူတွေအတွက် သတိပြုဆင်ခြင်စရာပါ။ ဘာသာစကား၊ ဝေါဟာရနှင့် အရေးအသားဆိုတာ လူတစ်ဦးနဲ့တစ်ဦး ဆက်သွယ်ရလွယ်ကူစေတဲ့ ပေါင်းကူးတံတားဆိုတာ မမေ့သင့်ပါဘူး။ ကိုယ်ပြောတဲ့စကားကို တစ်ပါးသူနားလည်ဖို့ကလည်း အရေးကြီးပါတယ်။ တစ်ပါးသူသိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောတာ၊ ရေးတာတွေကို တစ်ပါးသူနားမလည်တဲ့အခါ ဘာသာစကားဆိုတာ ဝေါဟာရတစ်ခုထက်ပိုပြီးအသက်မဝင်ဖြစ်သွားတတ်ပါတယ်။

မြန်မာပြည်ရဲ့ မြစိမ်းရောင်ကန့်လန့်ကာ အဖွင့် ၂၀၁၃ ခုနှစ်ဒီဇင်ဘာမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ နိုင်ငံတကာဧည့်သည်တွေ ဒုနှင့်ဒေးလာကြတော့မှာပါ။

ခုခေတ်တော်တော်များများသုံး စွဲနေကြတဲ့ ‘မြန်းဂလစ်ရှ်’ဟာ ကမ္ဘာ့ဧည့်သည်တွေနှင့် ဆက်ဆံပြောဆိုသတိပေးကြေညာတဲ့အခါ အခက်အခဲအများကြီး ရင်ဆိုင်ရနိုင်ပါတယ်။ ဘာသာစကား ဗိုင်းရပ်စ် အမြစ်မတွယ်သေးခင်မှာ ကာကွယ်တဲ့အနေနဲ့ သတိပြုဆင်ခြင်ကြဖို့ပါ။

၂၀၁၄ ဆိုရင် ပထမဆုံးအကြိမ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးတာဝန် ယူရတော့မှာမို့ အစည်းအဝေးပေါင်း ရာချီလက်ခံကျင်းပရပါတော့မယ်။ မြန်မာ့နိုင်ငံရေး ပွင့်လင်းလာမှုကြောင့် အမေရိက၊ ဥရောပနဲ့ ပြည်ပနိုင်ငံမျိုးစုံက မြန်မာကို ပိုစိတ်ဝင်စားပြီး လာနေကြတဲ့အချိန်မို့ပိုအရေးကြီးပါတယ်။

မိတ်ဆွေရဲ့သား ပြောသလို ‘ရန်ကုန်အထာ’ပဲဖြစ်ဖြစ်၊ ‘မြန်မာ့အထာ’ပဲဖြစ်ဖြစ်၊ ကိုယ်က ရင်ဖွင့်ကြိုဆိုထားတဲ့ ဧည့်သည်ကို နှစ်ဦးနှစ်ဖက်နားလည်သဘောပေါက်တဲ့ ‘ဘာသာစကားအထာ’ နှင့် ဆက်ဆံကြိုဆိုရေးသားသင့်တာပေါ့။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# ပညာရှင်လား အညာရှင်လား

ပင်းပင်း



နှစ်ပေါင်းများစွာက ကွဲကွာနေခဲ့တဲ့သူငယ်ချင်းတစ်ယောက်ကို သူအလုပ်လုပ်နေတဲ့ စက်ရုံမှာ သွားတွေ့ခဲ့ပါတယ်။ အဲဒီမှာ အသက် (၇၀) ကျော်ပြီဖြစ်တဲ့ သူရဲ့ ဌာနမှူးကို ပြန်တွေ့ခဲ့ပါတယ်။

"မင်းရဲ့ဌာနမှူးက ပင်စင်လာထုတ်တာလား" လို့ သူငယ်ချင်းကို မေးမိတဲ့အခါ သူက ပြန်ဖြေပါတယ်။

"မဟုတ်ပါဘူး။ ဒီစက်ရုံမှာ ကျွမ်းကျင်ပညာရှင်အကြံပေးအရာရှိအနေနဲ့ပြန်လုပ်နေတာလေ" အဲဒီတော့ ကျွန်တော်က "ဟာ ဟုတ်လား၊ ဒါဆိုလွန်ခဲ့တဲ့ ၁၀ နှစ် ကျော်လောက်က ငါလာတုန်းက သူလုပ်ခဲ့တဲ့ ပရောဂျက်အသစ်နေနေသာသာ လွန်ခဲ့တဲ့ ၁၀ နှစ် ကျော်က ပရောဂျက်တောင် အခုထိမအောင်မြင်သေးဘူး။ ဘယ်တော့အောင်မြင်မလဲ ဆိုတာလည်း မသိပါဘူးကွာ"

"ဟင်၊ ဒါတောင်သူ့ကို အကြံပေးအရာရှိအနေနဲ့ ပြန်ခန့်ထားတယ်ဟုတ်လား။ သူက မရှက်ဘူးလား"

"ရှက်ဖို့ နေနေသာသာ သူငယ်ချင်းရာ ပင်စင်ယူပြီးသွားလည်း အရင်သူနေခဲ့တဲ့ ဌာနမှူး အခန်းကနေ လုံးဝမဖယ်ဘူး။ ဝန်ထမ်းအိမ်ရာကလည်း မရွှေ့ဘူး။ အကြံပေးမဟုတ်ဘူး။ အကျန်ယူအရာရှိကြီး ဖြစ်နေတာကွ။ သိပြီလား"

နောက်တစ်ဦးကတော့ သုတေသနနဲ့ ဖွံ့ဖြိုးရေးစင်တာက ညွှန်ကြားရေးမှူးတစ်ဦးပါပဲ။ အရင်ခေတ်က အကြီးအကဲတစ်ဦးရဲ့ လက်ရုံးတစ်ဆူဖြစ်ခဲ့သူမို့ အခုလည်း မာန်ကတက်နေတုန်းလေ။ ဘာတွေဒီလောက်တော်လဲဆိုတာ သိချင်ပါတယ်။ ဒါကြောင့် သူဖတ်ကြားမယ့် သုတေသနစာတမ်းကိုစိတ်ဝင်စားမိတယ်။ သုတေသနနဲ့ဖွံ့ဖြိုးရေးစင်တာကဆိုတော့ ဘာအသစ်အဆန်းများ တီထွင်ခဲ့သလဲဆိုတာလေ့လာချင်စိတ်နဲ့ သွားရောက်စပ်စုခဲ့ပါတယ်။ တကယ်တမ်းကျတော့ လက်ရှိသူတို့ဌာနက ထွက်ရှိခဲ့တဲ့ ထုတ်ကုန်ပစ္စည်းနဲ့ပြင်ပဈေးကွက်က အမျိုးအမည်တူတဲ့ ပစ္စည်းတွေရဲ့ အရည်အသွေးတွေကို နှိုင်းယှဉ်စစ်ဆေးထားတဲ့ အားနည်းချက်၊ အားသာချက်တွေကို လေ့လာထားတဲ့ ရိုးရိုးစာတမ်းလေး တစ်ခုပဲဖြစ်နေပါတယ်။ မိမိကိုယ်တိုင် သုတေသနတွေအားကြိုးမာန်တက်လုပ်ပြီး ကုန်ပစ္စည်း အသစ်အဆန်းတွေ ဖော်ထုတ်ထားတဲ့သုတေသနမျိုး မဟုတ်ပါဘူး။

"သုတေသန" ဆိုတဲ့စကားလုံးဟာ အသစ်ဆန်းတွေကိုဖော်ထုတ်နိုင်မှ သုံးနှုန်းခေါ်ဝေါ်သင့်တဲ့ အသုံးအနှုန်းပါ။ အခုတော့ မဟုတ်ဘဲ မူလရှိပြီး ပစ္စည်းနဲ့အခြားပစ္စည်းအမျိုးတူတွေကို နှိုင်းယှဉ်စစ်ဆေးတဲ့ အဆင့်လောက်ကို သုတေသနလို့ မသုံးသင့်ပါဘူး။ စမ်းသပ်ချက်လို့ပဲ သုံးသင့်ပါတယ်။ "အော် သုတေသနနဲ့ စမ်းသပ်ချက်ဆိုတဲ့ အဓိပ္ပာယ်ကိုတောင်ခွဲခြားမသိကြတဲ့ သုတေသနအညာရှင်တွေပါလားလို့" ထင်မြင်မိပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီညွှန်ကြားရေးမှူးကတော့ သူရဲ့ဌာနမှာ "အနူထဲက လူချောပါပဲ"


ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက် ဖို့အတွက် 'မှု' ပဲချလို့မရပါဘူး။ အဓိကကတော့ 'လူ' ပါပဲ။ လူဆိုတဲ့နေရာမှာလည်း စိတ်ဓာတ်က အရေးအကြီးဆုံးပါ။ ကိုယ့်ရဲ့ အသိစိတ်ဓာတ်နဲ့မိမိကိုယ်ကို နားလည်သိရှိနိုင်ဖို့ပါပဲ။ အဲဒီအပြင် ဦးဆောင်သူကလည်း ပြတ်သားရပါမယ်။ အားမနာပါနဲ့။ မြန်မာလူမျိုးတွေရဲ့ အဓိကအားနည်းချက်ကတော့ အားနာမှုပါပဲ။ ဒီလူဟာ မကောင်းမှန်းသိတယ်။ မဟုတ်မှန်းသိတယ်။ ဒါပေမဲ့ အားနာမှုနဲ့ ခွင့်လွှတ်ပေးတတ်ကြတယ်။ တဒင်္ဂအတွက်တော့ကောင်းပေမယ့် ရေရှည်မှာ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုတွေနဲ့ကြုံတွေ့နိုင်ပါတယ်။ တကယ်ထူးချွန်တဲ့ လူတွေကိုမြေတောင်မြှောက်ပေးပါ။ အသက်ရာကျော်နေတဲ့ ဘိုးဘိုးဘွားဘွားတွေဖြစ်နေပေမယ့်လည်း တိုင်းပြည်အတွက် တကယ်အားထားရမယ့်သူဆိုရင် ဆည်းကပ်ပူဇော်သင့်ပါတယ်။ ဒီလိုမဟုတ်ဘဲ ပညာရှင် မဟုတ်တဲ့ အညာရှင်တွေမှန်းသိလျက်နဲ့ ပူဇော်ပသထားမယ်ဆိုရင်လည်းနောင်တစ်ချိန်မှာ ကိုးကွယ်သူပဲ နစ်နာဆုံးရှုံးမှာပါ။ ဒါကြောင့် မြန်မာပြည်သူ ပြည်သားများအားလုံး အညာရှင်မဟုတ်သော ပညာရှင်များနှင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အမြန်တည်ဆောက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါရစေခင်ဗျာ။ ။

မြန်မာတို့သည် ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းဖြင့် မြို့ရွာများ ခိုင်ခံ့စွာတည်ထောင်၍ နန်းစိုက်နေထိုင်ခဲ့ကြသည်။ ကြွင်းကျန်ရစ်ခဲ့သော ရှေးမြို့ရိုးကြီးများက ရှေးမြန်မာမင်းများ၏ ကြီးကျယ်ခံ့ညားမှု၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမားမှု၊ စနစ်ကျမှု၊ ဗိသုကာလက်ရာမြောက်မှု စသည်တို့ကို သရုပ်သဏ္ဌာန်ဖော်ပြလျက်ရှိသည်။ မျက်မှောက်ခေတ်၌ ထိုမြို့ဟောင်းများ၏ ပုံရိပ်ကို ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံတို့မှ ကောင်းစွာတွေ့မြင်နိုင်သည်။


## ပြတ်ရွေ့ကြောင်းများပေါ်ရှိ

# ရှေးမြန်မာမြို့ဟောင်းများ

■ အယ်စိုးမင်း



*ကျောက်ကြမ်းပြတ်ရွေ့တွင်ပါဝင်သော ကျောက်ကူ-အင်းလေးအဆစ်အပိုင်းနှင့် အံလွဲနေသော ဗောရိသမြို့ဟောင်း တည်နေရာပြမြေပုံ*




*စစ်ကိုင်းပြတ်ရွေ့တွင်ပါဝင်သော ပဲခူးအဆစ်အပိုင်းနှင့် အံလွဲနေသော ဘုရားကြီးမြို့ဟောင်း တည်နေရာပြမြေပုံ*

ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများမှ မြို့ဟောင်းများကို အသေးစိတ် လေ့လာလိုက်သောအခါ ပဲခူးတိုင်းဘုရားကြီးမြို့ အနောက်ဘက်ရှိ ဘုရားကြီးမြို့ဟောင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ တောင်ဘက်ရှိ ဗောရိသ(ကောသမ္ဗီ)မြို့ဟောင်းတို့မှာ ပြတ်ရွေ့ကြောင်းများပေါ်တွင် တည်ရှိ၍ ပြတ်ရွေ့များ၏ ရွေ့လျားမှုကြောင့် အနည်းငယ် အံလွဲနေသည်ကို တွေ့ရပါသည်။ ပြတ်ရွေ့ကြောင်းများပေါ်ရှိ မြို့ဟောင်းများမှာ လျှောင်လှုပ်ခြင်း၊ ပြတ်ရွေ့ကြောင်းရွေ့လျားမှုကြောင့် မူလတည်နေရာမှ ရွေ့လျားသွားခြင်းကို အံလွဲခြင်းဟုခေါ်သည်။ ယင်းအံလွဲမှုများသည် ပြတ်ရွေ့တစ်ခု(သို့တည်းမဟုတ်)ပြတ်ရွေ့၏ အဆစ်အပိုင်းတစ်ခု ရွေ့လျားမှုနှုန်းထား (Slip Rate) ကို သိရှိနိုင်သဖြင့် အဏုစိတ်မြေငလျင်ဇုန်ပြမြေပုံ (Seismic Microzoning Map) ကို ရေးဆွဲခြင်းနှင့် အနာဂတ်ကာလတွင် မြေငလျင်ကြီး တစ်ဖန်ပြန်လည်ဖြစ်ပေါ်နိုင်သည့် အချိန် (Recurrent Interval)ကို တွက်ချက်နိုင်ခြင်း စသည်တို့တွင် အသုံးဝင်သည်။

ဘုရားကြီးမြို့ဟောင်းသည် ပဲခူးတိုင်း ဘုရားကြီးမြို့ အနောက်ဘက် (၁ ဒသမ ၅)ကီလိုမီတာ အကွာ ဘုရားကြီးမြို့နှင့် ရန်ကုန်-နေပြည်တော် အမြန်လမ်းမအသစ်ကို ဆက်သွယ်ထားသော လမ်းသွယ်၏ညာဘက်ကပ်လျက်တွင် တည်ရှိသည်။ အလျား(၆၅၀)မီတာ၊ အနံ (၄၅၀)မီတာ ကျယ်ဝန်း၍ စတုဂံပုံရှိသော မြေသားမြို့ရိုး အမျိုးအစားဖြစ်သည်။ တောင်မြောက်သွယ်တန်းနေသော စစ်ကိုင်းပြတ်ရွေ့ (Sagaing Fault) ၏ ဖြတ်သန်းမှုကြောင့် ဘုရားကြီးမြို့ဟောင်း လက်ယာအလျားလိုက်အတိုင်းအံလွဲခဲ့ရသည်။ စစ်ကိုင်းပြတ်ရွေ့၏ တောင်ဘက်စွန်း အဆစ်အပိုင်းဖြစ်သောပဲခူးအဆစ်အပိုင်း(Pegu Segment) သည် ဘုရားကြီးမြို့ဟောင်း၏ အလယ်တည့်တည့် မြောက်ဘက်မှ တောင်ဘက်ကို ဖြတ်သန်းသွားသည်။ ယင်းပြတ်ရွေ့အဆစ်အပိုင်းသည် ၁၉၃၀ ခုနှစ် ပဲခူးငလျင်ကို ဖြစ်ပေါ်စေသော အပိုင်းဖြစ်သည်။ အံလွဲမှုကို အသေးစိတ် တိုင်းတာမှုများပြုလုပ်လိုက်သောအခါ လက်ယာအလျားလိုက်အံလွဲမှု (Right Lateral Offset) မှာ (၈)မီတာမှ (၁၂)မီတာအတွင်း ရှိနိုင်ပြီး အထက်အောက်အံလွဲမှုမှာ (၁ ဒသမ ၄)မီတာခန့် ရှိသည်။ ၁၂ မီတာမျှသော အကွာအဝေးသည် ယင်းမြို့ဟောင်း တည်ဆောက်ပြီးချိန်မှ ယနေ့အချိန်ထိ မြေငလျင်ကြီး သုံးကြိမ်မကလှုပ်ခဲ့ဖူးသည်ဟုအဓိပ္ပာယ်ရသည်။ ပြတ်ရွေ့၏ ရွေ့လျားမှုနှုန်းထားကို တွက်ချက်နိုင်ရန် မြို့ရိုး၏ သက်တမ်းကို သိရှိရန် လိုအပ်သည်။

မြို့ရိုး၏ သက်တမ်းကို တွက်ချက်ရှာဖွေရန်အတွက် ဘုရားကြီးမြို့ဟောင်းနှင့် တိုက်ရိုက်ပတ်သက်သော ထင်ရှားသည့် သမိုင်းအထောက်အထားများကို ရှာဖွေမတွေ့ရသေးပေ။ ဦးကုလား မဟာရာဇဝင်ပါ အချက်အလက်များကို သုံးသပ်ခြင်း၊ ဘုရားကြီး၏ သမိုင်းအထောက်အထားများကို စိစစ်ခြင်း၊ မြို့ရိုးဧရိယာမှာ လေးထောင့်ပုံရှိ၍ သေးငယ်ခြင်း၊ ပဲခူးမြို့ရှိ ဟံသာဝတီနန်းတော်နှင့် ၁၆ ကီလိုမီတာသာ ကွာဝေးခြင်းတို့ကြောင့် ၁၅ ရာစု ၁၇ ရာစုဝန်းကျင်တွင် ထွန်းကားခဲ့သော ဟံသာဝတီနန်းတော်၏ ခံတပ်မြို့(သို့မဟုတ်) ယာယီနန်းတော်တစ်ခု ဖြစ်နိုင်ခြေရှိသည်ဟု ယူဆသည်။ ဤတွက်ချက်မှုအရ စစ်ကိုင်းပြတ်ရွေ့တွင်ပါဝင်သော ပဲခူးအဆစ်အပိုင်း (Pegu Segment)၏ ရွေ့လျားမှုနှုန်းထားမှာ တစ်နှစ်လျှင် ၁၄ မီလီမီတာခန့် ဖြစ်နိုင်ခြေရှိသည်။

အခြားမြို့ဟောင်းတစ်ခုမှာ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ တောင်ဘက်ရှိ ဗောရိသ (ကောသမ္ဗီ)မြို့ဟောင်းဖြစ်သည်။ အလျား ၂၁၅၀ မီတာ၊ အနံ ၁၅၅၀ မီတာ ကျယ်ဝန်း၍ အနားပြိုင်စတုဂံပုံ ရှိသော မြေသားနှင့် အုတ်ရိုးပေါင်းစပ်ထားသည့် မြို့ရိုးအမျိုးအစား ဖြစ်သည်။ ကျောက်ကြမ်းပြတ်ရွေ့ (Kyaukkyan Fault) ၏ ဖြတ်သန်းမှုကြောင့် ဗောရိသမြို့ဟောင်း လက်ယာအလျားလိုက်အတိုင်း အံလွဲခဲ့ရသည်။ ကျောက်ကြမ်းပြတ်ရွေ့၏ အလယ်ပိုင်း အဆစ်အပိုင်းဖြစ်သော ကျောက်ကူ-အင်းလေး အဆစ်အပိုင်း (Kyaukku-Inlay Segment)သည် ဗောရိသမြို့ဟောင်း၏ အလယ်တည့်တည့် မြောက်ဘက်မှ တောင်ဘက်ကို ဖြတ်သန်းသွားသည်။ ယင်းပြတ်ရွေ့အဆစ်အပိုင်းသည် ၁၉၁၂ ခုနှစ်က မြန်မာ့သမိုင်းတစ်လျှောက်တွင် အင်အားအပြင်းဆုံးသော မေမြို့ငလျင်ကိုဖြစ်ပေါ်စေသည့်အပိုင်းဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် အံလွဲမှုကို အသေးစိတ်တိုင်းတာမှုများ မပြုလုပ်နိုင်သေးပေ။ မြေပြင်အနေအထားများကို လေ့လာ၍ ခန့်မှန်းတိုင်းတာလိုက်သောအခါ လက်ယာအလျားလိုက်အံလွဲမှု (Right Lateral Offset)မှာ ၁၂ မီတာမှ ၁၅ မီတာအတွင်းရှိနိုင်ပြီး အထက်အောက်အံလွဲမှုမှာ နှစ်မီတာခန့် ရှိသည်။ ၁၅ မီတာမျှသော အကွာအဝေးသည်ယင်းမြို့ဟောင်းတည်ဆောက်ပြီးအချိန်မှ ယနေ့အချိန်ထိ မြေငလျင်ကြီး သုံးကြိမ်၊ လေးကြိမ်မက လှုပ်ခဲ့ဖူးသည်ဟု အဓိပ္ပာယ်ရသည်။

မြို့ရိုး၏ သက်တမ်းကို တွက်ချက်ရှာဖွေရန်အတွက် သမိုင်းအထောက်အထားကို ရှာဖွေကြည့်ရာ အုတ်ချပ်ပြားများတွင် လက်ဖြင့် ခြစ်ဆွဲထားသော အစင်းရာများ ပါရှိသဖြင့် အချို့သော ပညာရှင်များက ပုဂံခေတ်မတိုင်မီဟု ယူဆကြသည်။ အချို့သော ပညာရှင်များက ညောင်ရမ်းခေတ်နှင့် ခေတ်ပြိုင်ဟု ယူဆကြသည်။ ဤတွက်ချက်မှုအရ ကျောက်ကြမ်းပြတ်ရွေ့တွင်ပါဝင်သော ကျောက်ကူ-အင်းလေး အဆစ်အပိုင်း၏ ရွေ့လျားမှုနှုန်းထားမှာ တစ်နှစ်လျှင် (၁၀ မှ ၁၅)မီလီမီတာခန့် ဖြစ်နိုင်ခြေရှိသည်။

အချုပ်အားဖြင့် ဆိုရသော် ဤမြို့ဟောင်းများသည် ရှေးမြန်မာမင်းများ၏ ကြီးကျယ်ခံ့ညားမှု၊ ဗိသုကာ လက်ရာမြောက်မှု စသည်တို့ကို သရုပ်သဏ္ဌာန်ကို ဖော်ပြနေရုံသာမက ပြည်သူပြည်သားများအတွက်မြေငလျင် ဘေးအန္တရာယ်ကို ထောက်ပြနေသော မြေငလျင်အမှတ်အသား (Earthquake Monuments)များဖြစ်သည်။ ၎င်းအပြင် ပြည်သူများ မြေငလျင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်နေသော မြေငလျင်ပညာရှင်များအတွက် အထောက်အထားကောင်းများ ရရှိနိုင်သော သမိုင်းဝင်မြို့ဟောင်းများ ဖြစ်သည်ဟု ရေးသားဖော်ပြလိုက်ရပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.24 • AUGUST 23 , 2012

## ရေတက်ရက် ရှည်လာ၍ ရေဘေး ဒုက္ခသည်များ ကျန်းမာရေးစိုးရိမ်နေရ

**ပြည်သိမ်း၊ မိုးညို**

**ကျောင်းကုန်း၊ ဩဂုတ်-၂၀**

ရေတက်ရက် ရှည်လာသည်နှင့်အမျှ ရေဘေးဒုက္ခသည်များ၏ ကျန်းမာရေး အန္တရာယ်ကို ဆိုးရွားစွာ ထိခိုက်နိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးနေသူများက ဆိုသည်။

ဝေန်မြစ်ရေကြီးမှုနှင့်အတူ ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ ကျုံပျော် အစရှိသော မြို့နယ်များတွင်ဩဂုတ်လပထမပတ်မှစတင်၍ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး လူနေအိမ် အနိမ့်ပိုင်းရပ်ကွက်များသို့ ရေဝင်ရောက်မှုမှာ နှစ်ပတ်ကျော်မျှကြာမြင့်နေပြီဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် ကံဦးလူငယ်ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

"မြို့ပေါ်ရပ်ကွက်တွေမှာကလက်လှမ်းမီတော့ သိပ်မစိုးရိမ်ရဘူး။ သွားဖို့ လာဖို့ ခက်ခဲနေတဲ့ရွာတွေမှာတော့ နောက်ပိုင်း ရေနဲ့ပတ်သက်ဆက်နွယ်တဲ့ ရောဂါတွေ အများဆုံး ဖြစ်လာနိုင်တယ်" ဟု ကျုံပျော်မြို့နယ်မှ လူမှုရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးနေသူ ဆရာဝန်တစ်ဦးက ဆိုသည်။

အိမ်သာများပါရေမြုပ်နေ၍ ကျင်ကြီးကျင်ငယ် စွန့်ရန် ခက်ခဲနေခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရန် လိုအပ်နေခြင်း၊ အဆိပ်ရှိ သတ္တဝါများ ကိုက်ခဲခံရပါက အချိန်မီဆေးကုသရန် မြို့ပေါ်သို့ သွားလာရခက်ခဲနေခြင်း၊ ဆေးဝါးလုံလောက်မှုမရှိခြင်းတို့ကြောင့် ယခုနောက်ပိုင်းတွင် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ အရေပြားဆိုင်ရာ ကူးစက်ရောဂါအချို့ စတင်ဖြစ်ပွားနေရကြောင်း ကျောင်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်မှ ရေဘေးဒုက္ခသည်များက ပြောသည်။

မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးကယ်ဆယ်ရေး စခန်းများ၌ ခြင်ဆေး၊ ပိုးသတ်ဆေးများ ပုံမှန်ဖျန်းပေးသော်လည်း အလှမ်းဝေးပြီး သွားလာရခက်ခဲသည့် ကျေးရွာများမှာမူ လတ်တလောတွင် ဖြည့်ဆည်းပေးရန် ခက်ခဲနေသေးကြောင်း ကျောင်းကုန်းမြို့နယ်တွင် လူမှုရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးနေသူ ကိုသိန်းဌေးက ပြောသည်။

"ရေကျသွားရင် ငှက်ဖျားတို့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ပိုပြီးဖြစ်ပွားနိုင်တယ်"ဟု ကိုသိန်းဌေးကပင်ဆိုသည်။

ထိုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေတက်မှုကြုံတွေ့ခံစားရသည့်မြို့နယ်နှင့်ကျေးရွာများမှာ ၁၉၉၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခုနှစ်တွင် တစ်ကြိမ် ၁၀ နှစ်အတွင်း အဆိုးရွားဆုံး အနေအထားတစ်ရပ်ဖြင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ဒေသခံတို့က ပြောသည်။



ရေကြီးသဖြင့် ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် ယာယီတဲများ ပြုလုပ်တိမ်းရှောင်နေသူများကို တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## သာပေါင်းမြို့နယ်မှ ရေဘေးသင့်ကျေးရွာများ သောက်ရေ၊ ဓနိနှင့် ဝါးများလိုအပ်

**အောင်နိုင်၊ သန်းဌေး**

**သာပေါင်း၊ ဩဂုတ်-၂၀**

သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများတွင်သောက်ရေ၊ ဓနိနှင့် ဝါးများလိုအပ်နေကြောင်း ရေဘေးဒုက္ခသည်များက ပြောသည်။

တံကင်ရေတွင်းများမှာ ရေနစ်မြုပ်နေပြီဖြစ်သည်။ ရေကြီးသဖြင့် စင်ထိုးနေရသော မိသားစုများအတွက်ဝါးများရှားပါးနေကြောင်း သိရသည်။

"ရေတံကင်တွေ အကုန်မြုပ်နေတာ၊ မြစ်ရေကိုပဲသောက်နေရတယ်။ အညစ်အကြေးစွန့်လည်း ဒီရေထဲကိုပဲလေ"ဟုအင်ကုန်းကျေးရွာမှ ကိုဇော်ထိုက်ကပြောသည်။

ဘုန်းတော်ကြီးကျောင်းများနှင့် ကယ်ဆယ်ရေးစခန်းများတွင်မူ သောက်ရေအခက်အခဲမရှိကြောင်း အလှူရှင်များက ဆန်များလည်း လှူဒါန်းကြောင်းဎင်းကပြောသည်။

အချို့သော ကျေးရွာများမှ မိသားစုများမှာ ကယ်ဆယ်ရေးစခန်းများသို့ မသွားရောက်နိုင်ဘဲ နေအိမ်များ၌ပင် စင်များအဆင့်ဆင့်ထိုးပြီး နေထိုင်နေရကြောင်း၊ ၎င်းတို့အတွက် ဓနိနှင့်ဝါးများလိုအပ်နေကြောင်း ကယ်ဆယ်ရေးဆောင်ရွက်သူများက ပြောသည်။

"ရေတက်လိုက်စင်တစ်ဆင့်ထိုးလိုက်နဲ့နေကြတာ။ ရေကတချို့ရွာတွေမှာ ၁၀ တောင်ကျော်တယ်။ ဝါးကလည်း အရင်လို မရှိတော့ဘူး" ဟု ဘုရားကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးကံဝင်းက 7Day News သို့ပြောသည်။ အိမ်ဆောက်ရန် ဝါးကြီးတစ်လုံးလျှင် ၁၅၀၀ ကျပ်ပေါက်ဈေးရှိပြီး ယခုအခါဝါးများရှားပါးနေကြောင်း သိရသည်။

ကယ်ဆယ်ရေး အခြေအနေနှင့်ပတ်သက်၍ "လာတော့လှူကြပါတယ်။ ဒါပေမဲ့ ဘယ်မှာတော့ လောက်မလဲ။ မရှိလည်းမစားရဘူးပေါ့" ဟု နွားထောင့် မင်္ဂလာရာမကျောင်းတိုက် ကယ်ဆယ်ရေးစခန်းမှ အသက် (၇၆) နှစ်အရွယ် ဘွားတင့်ဆန်းက ပြောသည်။

သာပေါင်းမြို့နယ်တွင် အိမ်ထောင်စု ၁၉၁၂၆ စု ရေနစ်မြုပ်နေပြီး လူဦးရေ ၈၃၉၇၄ ယောက် ရေဘေးသင့်နေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။ ကယ်ဆယ်ရေးစခန်း ၅၁ ခုတွင် အိမ်ထောင်စုပေါင်း ၂၃၀၂ ရှိကြောင်း၊ ကျေးရွာခွဲပေါင်း ၂၈၇ ရွာတွင်လူဦးရေ၇၂၂၆၁ယောက်စင်များထိုး၍နေရကြောင်း သိရသည်။

## ရေမြုပ်ကျေးရွာအချို့ မြွေဆိုးအန္တရာယ် စိုးရိမ်နေရ

**ပြည်သိမ်း၊ မိုးညို**

**ကျောင်းကုန်း၊ ဩဂုတ်-၂၀**

ရေနစ်မြုပ်နေသော ဧရာဝတီတိုင်းဒေသကြီး၏ ကျေးရွာအချို့တွင် မြွေအန္တရာယ်အထူးစိုးရိမ်နေရကြောင်း ဒေသခံတို့က ပြောသည်။

အထူးသဖြင့် ကျောင်းကုန်းမြို့နယ်ရှိ ဆိတ်သာ၊ ပတ်ကြည်းတဲရွာ၊ မန်ကျည်းပင်ကွင်း၊ ရွှေဘိုတန်းရွာနှင့် ထန်းလုံးပင်ရွာများတွင် မြွေအန္တရာယ် အထူးစိုးရိမ်နေရကြောင်း ယင်းရွာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ခဲ့သူများက ဆိုသည်။

"အိမ်ခေါင်မိုးပေါ်မှာ အဖီဆွဲပြီး နေရတယ်။ မြွေအန္တရာယ်ကြောက်လို့ ပိုက်ကွန်တွေကို နှစ်ထပ်သုံးထပ်ကာထားရတယ်" ဟု အသက်(၃၀)အရွယ်ရှိ ကျောင်းကုန်းမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ထို့အတူလယ်မြေကေအချို့ ရေကြီး ရေလျှံနစ်မြုပ်နေမှုများကြောင့် နွားတင်းကုပ်များရှိ နွားများကို ရန်ကုန်-ပုသိမ်ကားလမ်းနံဘေးတွင် ယာယီတဲများထိုး၍ ထားရှိရကြောင်း၊ ညအချိန်တွင် ရေနှင့်အတူ မျောပါလာသော မြွေဆိုးများမှာ လူကိုသာမက နွား၊ ဝက်အစရှိသော တိရစ္ဆာန်များကိုပါ အန္တရာယ်ပြုနေကြောင်း ရန်ကုန်-ပုသိမ်ကားလမ်းမပေါ်မှ ရင်ဆိုင်ဝကျေးရွာသားတစ်ဦးက ပြောသည်။

"ဒီမှာ မြွေဖမ်းတဲ့သူတွေ တစ်နေ့ကို အကောင် ၃၀၀ ကနေ ၅၀၀ အထိ ရကြတယ်" ဟု ယင်းရွာသားကပင် ပြောသည်။

ကျောင်းကုန်း၊ အသုတ်၊ ရေကြည်၊ ကျုံပျော်အစရှိသော မြို့နယ်များတွင် ယခင်ကတည်းက မြွေဆိုးများပေါများပြီး ယခု ၎င်းတို့ ခိုအောင်းနေထိုင်သည့် တွင်းများသို့ရေများဝင်ရောက်လာခြင်းကြောင့် နေရာအနှံ့တွင် မကြာခဏမြင်တွေ့နေရကြောင်း ကျုံပျော်မြို့မှ လှေထိုးသမားတစ်ဦးက ပြောသည်။ "အများဆုံးက မြွေပွေးနဲ့ မြွေဟောက်ပဲ"ဟု ၎င်းက ပြောသည်။

## ရေကြီး၍ ပုသိမ်ခရိုင်တွင် ကျောင်း ၆၈ ကျောင်း ပိတ်ထားရ

**နေလင်းထွန်း**

**ပုသိမ်၊ ဩဂုတ်-၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် အခြေခံပညာကျောင်း ၆၈ ကျောင်း ခေတ္တပိတ်ထားရကြောင်း ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသည့် ခရိုင်ကြီးကြပ်ရေး ကော်မတီမှ သတင်းရရှိသည်။

ပုသိမ်ခရိုင်တွင် အခြေခံပညာကျောင်း စုစုပေါင်း ၇၈ ကျောင်း ရှိသော်လည်း ရေလွှမ်းမိုးမှုဒဏ်ကြုံတွေ့နေရခြင်းကြောင့် ယခုလ ဒုတိယပတ်မှစတင်၍ ကျောင်းများ ပိတ်ထားရန် ကြေညာခဲ့ခြင်းဖြစ်သည်။

"ရေကျကျချင်း ပြန်သင်နိုင်အောင် စီစဉ်ထားတယ်။ တချို့ကျောင်းတွေက ရေတော့ မဝင်ဘူး။ ဒါပေမဲ့ ကလေးတွေ ကျောင်းလာဖို့ အခက်အခဲရှိတဲ့အတွက် ပိတ်ထားလိုက်တာပါ။ ပိတ်ထားလိုက်တဲ့အချိန်တွေအတွက်ကျောင်းပြန်ဖွင့်ချိန်မှာ အချိန်ပိုခေါ်သင်ဖို့လည်း စီစဉ်ထားပါတယ်" ဟု အထက်ပါကော်မတီမှ တာဝန်ရှိသူက ပြောသည်။

ရေလွှမ်းမိုးမှု နှစ်ပတ်ကျော်ကြာမြင့်လာပြီဖြစ်သော ၎င်းဒေသမှ စာသင်ကျောင်းများသည် ရေကျသွားချိန်ကျမှ ကျောင်းပြန်ဖွင့်နိုင်မည်ဖြစ်ပြီး ကျောင်းပြန်ဖွင့်ချိန်ကို ကျောင်းမဖွင့်မီ တစ်ရက်အလိုတွင် ကြေညာပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

မျက်နှာဖုံးမှအဆက်

# မြန်မာ့စပါးကျီ ရေကြီးရေလျှံ

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေများ တလိမ့်လိမ့်မြင့်တက်လာသောကြောင့် ဦးလှကြိုင်တို့၏ ဘုရားကုန်းကျေးရွာအပါအဝင် သာပေါင်းမြို့နယ်တွင် ကာလရှည်ကြာ ရေလွှမ်းမိုးမှုကိုတွေ့ကြုံနေကြရသည်။

သာပေါင်းမြို့နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်ခရိုင်၊ဟင်္သာတခရိုင်၊မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေပြီး တိုင်းဒေသကြီးရှိ မြို့နယ် ၂၆ ခုတွင် ၂၄ ခုမှာ ရေကြီးမှုနှင့်ကြုံတွေ့နေရသည်။ ရေကြီးရေလျှံမှုဒဏ်ကို ပုသိမ်ခရိုင်က အဓိကခံစားနေရပြီး လူဦးရေသုံးသောင်းကျော်သည် ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်နေရကြောင်းကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသော ခရိုင်ကြီးကြပ်ရေးကော်မတီကဆိုသည်။

ရေနက်ကွင်းဒေသဖြစ်သော သာပေါင်းမြို့နယ်သည်ရေလွှမ်းမိုးမှုဒဏ်အဆိုးဆုံးခံနေရပြီး လူဦးရေ ရှစ်သောင်းခွဲခန့် ရေဘေးသင့်ခဲ့ကာ ရေဘေးဒုက္ခသည် ၁၂,၀၀၀ ကျော်သည် ဘုန်းတော်ကြီးကျောင်းများတွင်ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း ၅၀ ကျော်၌ ရောက်ရှိခိုလှုံနေရသည်။

ရေလွှမ်းမိုးမှုကြောင့် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးရေးဒေသရှိ လယ်ယာမြေဧကပေါင်း တစ်သိန်းရှစ်သောင်းနီးပါးသည် ဆယ်ရက်အတွင်း ရေနစ်မြုပ်သွားခဲ့သည်။ ပုသိမ်ခရိုင်နှင့် ဖျာပုံခရိုင်တို့သည် လယ်ယာမြေဧကအများဆုံး ရေလွှမ်းခံရသောဒေသများဖြစ်နေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်း၊ ငဝန်မြစ်ရေ တိုးခြင်းတို့ကြောင့် ဩဂုတ်လ ပထမပတ်မှ စတင်၍ နေရာအနှံ့အပြားတွင်နေအိမ်များ ရေလွှမ်းခြင်း၊ လယ်မြေများ ရေနစ်မြုပ်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ လွန်ခဲ့သော ရှစ်နှစ်က ဧရာဝတီတိုင်းဒေသကြီးတွင် တစ်လခန့်ကြာ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး ပြည်သူများ ရေဘေးဒဏ်ခံစားခဲ့ရကာ လယ်ယာများ ထိခိုက်ပျက်စီးခဲ့ရသည်။ ယခုကဲ့သို့လယ်ယာစိုက်ပျိုးမြေများ ကာလရှည်ကြာ ရေနစ်မြုပ်နေမှုကြောင့် စိုက်ပျိုးပြီး စပါးခင်းများ ဆုံးရှုံးပျက်စီးမှု မြင့်မားနိုင်ပြီး မိုးစပါးအထွက်နှုန်းကို သိသိသာသာ ထိခိုက်မှုရှိနိုင်ကြောင်း ရေနစ်မြုပ်ခံနေရသော လယ်သမားများကဆိုသည်။

ယခင်နှစ်က ဧရာဝတီတိုင်းဒေသကြီးတွင် မိုးစပါးစိုက်ဧက ၃၇ သိန်းကျော်ရှိပြီး မိုးစပါးထွက်ရှိမှုမှာ တင်းပေါင်း သိန်းနှစ်ထောင်ကျော်ရှိခဲ့ကာ ပြည်တွင်းမိုးစပါးထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းရှိခဲ့သည်။

ကျောင်းကုန်းမြို့မှ ဧက ၃၀ ပိုင် လယ်သမား ကိုလွင်မင်းထွန်းက "ရေမြုပ်တဲ့လယ်တွေက စိုက်ပြီးသားတွေချည်းပဲ။ ဆယ်ရက်ကျော်သွားတဲ့အတွက် စပါးပင်တွေကတော့ သေမှာပဲ"ဟုဆိုသည်။ ရေပြန်ကျချိန်တွင် ရေနစ်မြုပ် လယ်ယာမြေများမှ စပါးခင်းများ၏ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွက်ချက်နိုင်မည်ဖြစ်ပြီး ဆုံးရှုံးနိုင်ခြေရှိနေသော စပါးခင်းများအတွက် မျိုးစပါးများရရှိနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူကဆိုသည်။

တစ်ချိန်တည်းတွင် ဘားအံခရိုင်၌ ရေလွှမ်း၍ စိုက်ဧကသုံးသောင်းနီးပါး၊ ပဲခူးတိုင်းဒေသကြီးတွင်လည်း ဧကထောင်ချီပျက်စီးဆုံးရှုံးခဲ့သည်။ တစ်နိုင်ငံလုံး ဧကသိန်းချီရေနစ်ပျက်စီးမှုက ပြည်တွင်းဆန်စျေးကွက်အပေါ် သက်ရောက်မည်ဖြစ်သည်။

ယခုအခါ လယ်ပိုင်ရှင်များသည်ရေကျချိန်ကိုမျှော်လင့်နေကြသည်။

"ရေကျလို့ ပြန်စိုက်မယ်ဆိုရင် တောင်သူလယ်သမားတွေမှာ ငွေမရှိဘူး။ မျိုးစပါးလိုတယ်"ဟု ရေကြည်မြို့နယ်ရှိ ရောတံခွန် ဆန်စပါး ရောင်းဝယ်ရေးအဖွဲ့မှ ဒါရိုက်တာဦးဇော်ဝင်းကဆိုသည်။

ရေကြီးမှုဖြစ်စဉ်တွင် ဒေသခံများသည် ယခင်နှစ်များအတိုင်း ပုံမှန် ရေဝင်သကဲ့သို့ ထင်မှတ်နေကြသော်လည်း လက်တွေ့တွင် မိုးပိုများခြင်း၊ မြစ်ရေနှင့် ဒီရေတိုးခြင်းတို့ကြောင့် ရေပိုကြီးနေပြီး ရေကြီးချိန်ကြာမြင့်နေခြင်းကိုကြုံတွေ့နေရသည်။

ရေဘေးသင့် လယ်သမားအချို့သည် ၎င်းတို့၏ ခိုင်းနွားများ ပျက်စီးဆုံးရှုံးမည့် အခြေအနေကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ မသွားရောက်နိုင်ဘဲ ရန်ကုန်-ပုသိမ် ကားလမ်းဘေး တစ်လျှောက်တွင် လေးတိုင်စင်မြေစိုက်တဲများထိုး၍ နေထိုင်နေကြသည်။

"ညဆို မအိပ်ရဘူး။ တစ်လှည့်စီ ကင်းစောင့်နေရတယ်။ ပိုးမွှား(မြွေ)အန္တရာယ်စိုးရိမ်ရတယ်" ဟု ကျောင်းကုန်းမြို့နယ်၊ ရင်ဆိုင်ဝကျေးရွာမှ ဦးစိုးမင်းကဆိုသည်။ ဧရာဝတီတိုင်းမှ ကျေးရွာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာပြီးမြွေအန္တရာယ်မှာ လူအများစိုးရိမ်နေသော အန္တရာယ်တစ်ခုဖြစ်သည်။ ကျောင်းကုန်းမြို့နယ်မှ ကျေးရွာများတွင် ဘီပီအိုင်ဆေးဝါးစက်ရုံသို့ ရောင်းရန် မြွေလိုက်လံဝယ်ယူသူများ အများဆုံး မြွေရသည့်အချိန်ဖြစ်နေသည်။ "တစ်နေ့ကို လိုက်ဝယ်တာ၊ အကောင် ၅၀၀ လောက် တောင် ရတယ်တဲ့"ဟု ကျေးရွာများသို့ အကူအညီသွားရောက်ပေးခဲ့သော ကံဦးပရဟိတမှ စေတနာ့ဝန်ထမ်းတစ်ဦးက ပြောသည်။

ရေကြီးချိန် ကြာမြင့်လာသည်နှင့်အမျှ ရေဘေးဒုက္ခသည်များ ယာယီကယ်ဆယ်ရေးစခန်းများတွင် တိုးပွားလာခဲ့ပြီး စားသောက်ရေးနှင့် နေထိုင်ရေးတို့အတွက် အကူအညီများ လိုအပ်မှုမြင့်တက်နေသည်။

အချို့ယာယီကယ်ဆယ်ရေးစခန်းများသည် ခရီးသွားလာရေးခက်ခဲမှုကြောင့် ကူညီထောက်ပံ့မှုများရရှိရန် အားနည်းနေပြီး ဆန်၊ သောက်ရေ၊ ဆေးဝါးများ လိုအပ်ချက်ရှိနေသည်။

"စကားဝါရပ်ကွက်ကို ကျွန်တော်တို့ရောက်သွားတော့ နှစ်နပ်ထမင်း မစားကြရသေးဘူး။ ကယ်ဆယ်ရေးစခန်းမရှိတော့ ခက်ခဲနေကြတယ်။ ကယ်ဆယ်ရေးစခန်းရှိပေမယ့် သွားရခက်ခဲတဲ့နေရာတွေကိုကယ်ဆယ်ရေးမရောက်ကြဘူးဖြစ်နေတယ်"ဟု ပုသိမ်မြို့ရှိ မနောဖြူလူမှုရေးကူညီမှုအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

ယာယီကယ်ဆယ်ရေးစခန်းများသည် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် ကျန်းမာရေးဆိုင်ရာ ဂရုပြုစောင့်ကြည့်မှုများ လိုအပ်နေသည်။

**တစ်ဖက်သို့**



စာ(၂၈)မှအဆက်

လက်ရှိအချိန်တွင် ဘုန်းတော်ကြီးများ၊ ပြင်ပ စေတနာရှင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ရေဘေးဒုက္ခသည်များအတွက် ဆန်အိတ်များ လှူဒါန်းခြင်းနှင့် ထမင်းထုပ်များ ဝေငှခြင်းတို့ပြုလုပ်လျက်ရှိသည်။ သို့သော် တိုင်းဒေသကြီး၏ နေရာအနှံ့အပြားတွင်ရေကြီးမှုဒဏ်ကြုံတွေ့နေရသော ဒုက္ခသည်များကို နေ့စဉ်ထောက်ပံ့မှုပေးရန် လိုအပ်ချက်များရှိနေသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ပါတီအဖွဲ့အစည်းများ၊ စေတနာရှင်များသည် မိမိတို့အစီအစဉ်ဖြင့် သီးခြားကူညီထောက်ပံ့မှုများ ဆောင်ရွက်နေသည်။

ထို့ကြောင့် အကူအညီများမှာပြန့်ကျဲနေပြီး အကူအညီမရဘဲ လစ်လပ်နေသူများရှိသည်။

"အကူအညီ လာတောင်းတဲ့သူတွေ များလာတယ်။ ဝန်ကြီးတစ်ယောက်ကိုလည်း လိုက်ပြဖူးတယ်။ လွှတ်တော်မှာ တင်ပြမယ်ဆိုပေမယ့် အကြောင်းတော့ မပြန်သေးဘူး။ ကျွန်တော်တို့က လှူချင်တဲ့ စေတနာရှင်တွေကို ကိုယ့်အစီအစဉ်နဲ့ကိုယ် ကူညီပေးနေတာပါ"ဟု ရေဘေးသင့်ပြည်သူများကို ထမင်းထုပ်များ ဝေငှနေသော မနောဖြူအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ရေနစ်မြုပ်သော လယ်ယာစာရင်းနှင့် ရေဘေးသင့် လူဦးရေစာရင်းများမှာ သက်ဆိုင်ရာဌာနများအလိုက် ကွဲပြားမှုများရှိနေပြီး ကူညီကယ်ဆယ်ရေး လုပ်ကိုင်မည့်သူများအတွက် သတင်းအချက်အလက်များ စုဆောင်းရာ၌ အခက်အခဲများ ရှိနေသည်။

"ကိုယ်တိုင်သွားလှူရတာက စာရင်းတွေ ကွဲပြားနေတာကြောင့်ပါ။ ရေစတက်ချိန်က ကောက်ထားတဲ့ စာရင်းနဲ့ ရေတကယ်မြုပ်တဲ့အခါမှာ ကောက်တဲ့စာရင်းက မတူတော့ ကိုယ်တိုင်ပဲ သွားလှူရတာ။ မြို့နယ်မှာက မိသားစု ၁၆၀ ပဲရှိတယ်။ သွားလှူတဲ့ အဲဒီရွာမှာမိသားစု ၁၇၀ ဖြစ်နေတယ်"ဟု ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူကပြောသည်။

ရေတက်ရက် ရှည်လာသည်နှင့်အမျှ ရေလွှမ်းမိုးခံနေရသော နေအိမ်များ၏ သန့်ရှင်းရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ စီးပွားရေး စသည့် အခက်အခဲများနှင့် ပိုမိုကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း ကျောင်းကုန်းမြို့မှ ကံဦးလူငယ်အဖွဲ့ဝင်တစ်ဦးကပြောသည်။

အကယ်၍ နောက်ထပ် လေး၊ ငါးရက်ဆက်တိုက် မိုးဆက်လက် ရွာသွန်းပါက ရေနစ်မြုပ်မှုများ ပိုမိုတိုးပွားလာ၍ ဒုက္ခသည်ဦးရေလည်း ယခု အခြေအနေထက် များပြားလာနိုင်ကြောင်း ကူညီကယ်ဆယ်သူများကပြောသည်။

"ဒီကို ရောက်တာတော့ ရက်နှစ်ဆယ်ရှိပြီ။ နောက်ထပ် ရက်နှစ်ဆယ်၊ အစိတ်လောက် နေရဦးမယ်ထင်တယ်။ ရေကျသွားရင်တောင် အိမ်ပေါ် ချက်ချင်း တက်မနေရဲဘူး။ ရေက အိမ်ခေါင်မတိုက်တတိုက်ဖြစ်နေတော့ အိမ်တိုင်တွေ ရေနူးနေလို့"ဟု သာပေါင်းမြို့နယ်၊ တလုပ်ကုန်းကျေးရွာအုပ်စု၊ ဥတိုချောင်းဝကျေးရွာမှ ရေဘေးဒုက္ခသည် ဒေါ်အေးအေးမူက ပြောသည်။

ယခုနှစ်ဧရာဝတီတိုင်းဒေသကြီးတွင် ကြုံတွေ့ခဲ့ရသော ရေဘေးကြောင့် စားဝတ်နေရေး အခက်အခဲဖြစ်နေသူများနည်းတူ သာပေါင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာမှ ရေနစ်သေဆုံးသွားရရှာသော ဦးလှကြိုင်၏ ဇနီးသည် ဒေါ်တင်အောင်ကတော့ မှတ်မှတ်ထင်ထင် ရှိနေရှာပေတော့မည်။

**(ပြည်သိမ်း၊ နေလင်းထွန်း၊ သန်းဌေး၊ အောင်ခိုင်၊ မိုးညို ကွင်းဆင်း ရေးသားသည်။**



**ဘားအံမြို့ ရေဝင်သောနေရာတွင် လှေဖြင့်သွားလာနေသူများ** ဓာတ်ပုံ-မြတ်စုမွန်

# စီမံခန့်ခွဲမှု ကောင်းမွန်၍ ဘားအံရေဘေးဒုက္ခသည်များ သက်သာ

**မြတ်စုမွန်၊ ချယ်ရီမြင့်**

သံလွင်မြစ်ရေမြင့်တက်မှုနှင့်မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုများကြောင့် ကရင်ပြည်နယ် ဘားအံမြို့တွင် ဇူလိုင်လ နောက်ဆုံးပတ်မှ ဩဂုတ်လလယ်အထိ ရေကြီးရေလျှံ သဘာဝဘေးဒုက္ခတို့နှင့် ကြုံတွေ့နေရသည်။


ကရင်ပြည်နယ်သည် ပုံမှန်အားဖြင့် မိုးများသောဒေသဖြစ်ပြီး ယခင်က ဘားအံမြို့တွင် သုံး နှစ်လျှင် တစ်ကြိမ်သာ ရေဘေးဒုက္ခ ကြုံတွေ့ရသော်လည်း ယခုနောက်ပိုင်းကာလများတွင် နှစ်စဉ်ကြုံတွေ့လာရကြောင်း ဒေသခံများက ပြောသည်။

ဘားအံမြို့တွင် သံလွင် မြစ်၏ စိုးရိမ်ရေမှတ်သည် ၇၅၀ စင်တီမီတာဖြစ်ပြီး ဩဂုတ်လအတွင်း ၈၈၆ စင်တီမီတာအထိမြင့်တက်ခဲ့ရာ မြို့ပေါ် ရပ်ကွက်လေးခု နှင့် ကျေးရွာတစ်ခုမှ လူဦးရေငါး ထောင်ကျော်သည် ၎င်းတို့ နေအိမ်များကို စွန့်ခွာကာ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက် ခိုလှုံခဲ့ရသည်။

စာ(၃၀)သို့







7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## စာ-၂၉၊ စီမံခန့်ခွဲမှု ကောင်းမွန်၍ ဘားအံရေဘေးဒုက္ခသည်များ သက်သာ မှ

ဘားအံမြို့ပေါ်တွင် ဇူလိုင် ၂၉ ရက်မှစတင်ကာ ရေဘေးကယ်ဆယ်ရေး စခန်းရှစ်ခုနှင့် လှာကာကျေးရွာတွင် သုံးခုဖွင့်လှစ်ခဲ့ကာ ဒုက္ခသည်စုစုပေါင်း ၅၁၁၅ ဦးရှိခဲ့သည်။ယနေ့ဩဂုတ် ၂၀ရက်မိုးလေဝသနှင့် ဇလဗေဒမှတ်တမ်းအရ သံလွင်မြစ်ရေသည်စိုးရိမ်ရေမှတ်အောက် လက်မ၀က်ပြန်လည်ကျဆင်းလာပြီဖြစ်ရာ အန္တရာယ်မှတ်အောက် လျော့နည်းသွားပြီဖြစ်ကြောင်း ယင်းဌာနမှသိရသည်။

ထို့ကြောင့် ကယ်ဆယ်ရေးစခန်းများအနက်အချို့ကိုပြန်လည်ရုပ်သိမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရေဘေးဒုက္ခကြောင့် ကယ်ဆယ်ရေးစခန်းများသို့ပြောင်းရွှေ့နေထိုင်ရသည့် အခက်အခဲများရင်ဆိုင်ခဲ့ရသော်လည်း ကယ်ဆယ်ရေး အကူအညီရရှိမှုမှာ များစွာအဆင်ပြေကြောင်း ဒေသခံရေဘေးဒုက္ခသည်များက ပြောသည်။

ဘားအံမြို့ လှကမျှင်လမ်းတွင် နေထိုင်သည့် ဦးဇော်ဝင်းထွန်းက “ဒီမှာနေရတာ ကိုယ့်အိမ်မဟုတ်တာကလွဲရင် အဆင်ပြေပါတယ်။ ဆန်၊ ဆီ၊ ဆား၊ အ၀တ်အထည်နဲ့ ခေါက်ဆွဲခြောက်၊ ကြက်ဥ နေ့တိုင်းရတယ်”ဟု ပြောသည်။

ဘားအံမြို့သည် နှစ်စဉ်ရေဘေးဒုက္ခ တွေ့ကြုံရသည့် အခြေအနေများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နိုင်သည့် အားသာချက်များ ရှိလာကြောင်း ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

“မနှစ်ကစပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို စနစ်တကျလုပ်လာတယ်။ အရင်တုန်းကဆိုရင် ရေမြုပ်လာရင် လူတွေက ဘုန်းကြီးကျောင်းတို့ ဘုရားတန်ဆောင်းတို့မှာ သူတို့ဘာသာသူတို့ ပြောင်းရွှေ့နေထိုင်ကြတယ်။ အိမ်တွေမြုပ်နေတာတောင် တချို့မပြောင်းကြဘူး။

လူတွေအုပ်စုဖွဲ့ပြီး နေကြတဲ့နေရာဖြစ်လို့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်အောင် စနစ်တကျလုပ်ရတယ်။ ကယ်ဆယ်ရေး လုပ်ငန်းတွေအတွက် သုံးစွဲဖို့ ဘတ်ဂျက် ဆွဲထားတာမျိုး မရှိပေမယ့် ပြည်နယ်အစိုးရအဖွဲ့က မတည်ပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်တယ်” ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

မြို့ပေါ်ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရေဘေးဒုက္ခသည်များ၏ ကျန်းမာရေး ကျောင်းနေအရွယ် ကလေးငယ်များအတွက် ပညာရေးနှင့် လုံခြုံရေးတို့အတွက် ကဏ္ဍများခွဲကာ စနစ်တကျ နေရာချထားသည်ကို တွေ့ရသည်။ မြို့ပေါ်ရှိ အမက (၁) ထန်းတောကျောင်းသည် ရေကြီးနစ်မြုပ်မှုကြောင့် တစ်လနီးပါးခန့် ကျောင်းပိတ်ထားခဲ့ရသည်။ ကျောင်းနေအရွယ်ကလေးငယ်များအတွက် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော်လည်း ဆက်လက်ပညာသင်ကြားနိုင်ရန် နီးစပ်ရာ ကျောင်းများ၌ ခေတ္တအစားထိုး ပညာဆက်လက်သင်ကြားနိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရသည်။

ကယ်ဆယ်ရေးစခန်းအချို့တွင် ဝမ်းသွားသူအချို့နှင့် သွေးလွန်တုပ်ကွေး သံသယရှိသူအချို့ကို တွေ့ရသော်လည်း စိုးရိမ်ဖွယ်အခြေအနေ မရှိကြောင်း ကြားတောရ ဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

“ဒီနှစ် ကယ်ဆယ်ရေးလုပ်တာတွေက ဘာမှပြောစရာကို မရှိဘူး။ ထောက်ပံ့ရေးပစ္စည်းတွေ တော်တော်များများရတယ်။ ကယ်ဆယ်ရေးစခန်းမှ အိမ်ပြန်လာတော့ စားစရာဆန်တွေတောင် ပြန်ပါလာတယ်။ ကျွန်မတော့ ကယ်ဆယ်ရေးစခန်းမှာ ရက်နှစ်ဆယ်လောက် နေရတယ်။ အလှူရှင်တွေလာပေးတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို သူတို့ မျက်စိရှေ့မှာပဲ အကုန်ပြန်ဝေပေးတယ်။ ကြားထဲမှာ ပျောက်သွားတာမျိုးဆိုတာ မရှိဘူး”ဟု ဆယ်အိမ်စုရပ်ကွက်မှ မရင်ရင်အေးက ပြောသည်။

ဘားအံခရိုင်တွင် ဇူလိုင်လနောက်ဆုံးပတ်မှ ဩဂုတ်လ ယခုချိန်ထိ ရေလွှမ်းမိုးမှုကြောင့် စပါးစိုက်ဧက သုံးသောင်းနီးပါး ပျက်စီးထိခိုက်ခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ စပါးခင်းများ ပျက်စီးဆုံးရှုံးသွားသည့် တောင်သူများအား ပြည်နယ်အစိုးရက အရန်မျိုးစပါး၊ သွင်းအားစုဖြစ်သည့် မြေဩဇာများ ပံ့ပိုးခြင်း၊ စက်ကိရိယာများဖြင့် အခမဲ့ ပြန်လည်ထွန်ယက်ပေးခြင်းများကို ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ထို့အပြင် ၁၉၆၆ မှ ၂၀၁၁ ခုနှစ်အထိ ၄၆ နှစ်တာကာလ မှတ်တမ်းများအရ ဩဂုတ်လနှင့် စက်တင်ဘာလသည် မြစ်ရေကြီးမှု ဖြစ်ပွားချိန်များသောလများ ဖြစ်သည်။

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် သံလွင်မြစ်ရေ မြင့်တက်မှု၊ ရေလွှမ်းမိုးမှုများနှင့် ပတ်သက်၍ ပြည်နယ်မိုးလေဝနှင့် ဇလဗေဒ ဦးစီးမှူး ဦးလှထွန်းက “ဒီအချိန်က အထက်ပိုင်းမှာ မိုးများတယ်။ မော်လမြိုင်နဲ့ ကျိုက္ခမိဘက်မှာ ရေတက်ချိန်ဖြစ်နေတယ်။ မိုးဇလကလည်း ဩဂုတ်လအတွင်း တစ်ကြိမ်မြစ်ရေတက်နိုင်တယ်လို့ ခန့်မှန်းထားတယ်။ အခုတော့ တက်ပြီးသွားပြီ။ လာမယ့် စက်တင်ဘာ ပထမပတ်မှာ မိုးများနိုင်မယ်။ စက်တင်ဘာလထဲမှာပဲ မြစ်ရေကြီးမှု ဖြစ်နိုင်တယ်”ဟု ပြောသည်။

ဘားအံမြို့တွင် လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်သည် သံလွင်မြစ်ရေ ၉၃၆ စင်တီမီတာအထိ တက်ရောက်ခဲ့ပြီး စံချိန်အမြင့်အဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ဘားအံမြို့သည် ရေလွှမ်းမိုးမှု အတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်ရာ ယခုကဲ့သို့ ရေလွှမ်းမိုးမှုကာလများအတွက် ကယ်ဆယ်ရေးစခန်းများ အဆင်သင့်ကြိုတင်ပြင်ဆင်ထားသည့် အလေ့အကျင့်လည်း ရနေပြီဖြစ်ကြောင်း ကရင်ပြည်နယ် လူမှုရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မနှစ်က ရေဘေးတုန်းက အလှူရှင်တွေလာလှူလို့ ပိုတဲ့ ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှာ အပ်ထားတယ်။ ဒီနှစ်ရေဘေးလည်းဖြစ်ရော ဌာနဆိုင်ရာတွေနဲ့ အလှူရှင်တွေက လှူဖို့ အဆင့်သင့် မဖြစ်ခင်ကတည်းက အပ်ထားတဲ့ ပိုက်ဆံတွေနဲ့ စီမံခန့်ခွဲပြီး သုံးရတယ်”ဟု ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်မောင်အေးက ပြောသည်။

“ကျွန်မတို့အတွက်တော့ ရေကြီးတယ်ဆိုတာ ငယ်ငယ်လေးတည်းက ကြုံနေရတာ။ ကယ်ဆယ်ရေးစခန်းကို နှစ်တိုင်းပြေးရတယ်။ အခု ရေနည်းနည်းပြန်ကျလို့ အိမ်ပြန်လာပြီ။ စက်တင်ဘာမှာ ရေကြီးဦးမယ်ဆိုရင်လည်း ကယ်ဆယ်ရေးစခန်းကိုပြန်ပြေးရဦးမှာပဲ။ သိပ်ဒုက္ခရောက်တယ်လို့မထင်တော့ဘူး”ဟု ဆယ်အိမ်စုရပ်ကွက်မှ ၃၉ နှစ်အရွယ် မရင်ရင်အေးကပြောသည်။

ဘားအံမြို့တွင် တစ်လနီးပါး ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရသူများအတွက် ကြားတောရ ဘုန်းကြီးကျောင်း၊ မိုးလုံလေလုံအားကစားခန်းမ၊ အစ္စလာမ်ပရဟိတကျောင်း၊ ရွှေရင်မျှော်ဘုရား၊ အောင်သံလွင်အားကစားကွင်း၊ ပရဟိတဘုန်းတော်ကြီးကျောင်း၊ အထက(၃) ကျောင်းအားကစားရုံနှင့် အမက (၃) စာသင်ကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် ဘားအံမြို့နယ် လှာကာကျေးရွာတွင် ကူးစိပ်ဘုန်းကြီးကျောင်း၊ အမက(၁)၊ အမက(၂)တို့တွင် ကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ခဲ့သည်။

ယခုလက်ရှိအခြေအနေတွင် လှာကာကျေးရွာရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုအနက် သုံးခုကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သည်။


### သင်တန်းသားများအလိုရှိသည်

**International Language & Business Centre, ILBC** တွင် **Trainee Teacher** အဖြစ်ခန့်ထားရန် အတွက် **Teacher Training** သင်တန်း ဖွင့်လှစ်ရန်၊ သင်တန်းသူ/သားများလိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက် လျှောက်ထား နိုင်ပါသည်။ လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်၊ အသက် ၃၀ နှစ်ထက်မကျော်ရ။ လျှောက်လွှာ ရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းကာလ ၃ လ ပြီးဆုံးအောင်မြင်သည့် အခါ **Trainee Teacher** အဖြစ်တာဝန်ပေးခန့်အပ်မည် ဖြစ်ပါသည်။ ရောင်စုံလိုင်စင်ဓါတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ သန်းခေါင်စာရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်း ထောက်ခံစာများနှင့်အတူ **Human Resources Department** အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ် သို့ ကိုယ်တိုင် လာရောက် လျှောက်လွှာ တင်နိုင်ပါသည်။

### Certificate Course For
### Social Entrepreneurship (E-002/17)

၁။ မြန်မာနိုင်ငံ၏ အသစ်ပေါ်ထွန်းလာသော နိုင်ငံရေးစနစ်သစ်တွင် နိုင်ငံတည်ဆောက်ရေးအတွက် အရည်အသွေးမြင့် လူသားအရင်းအမြစ်များစွာလိုအပ်နေပါသည်။

၂။ မြန်မာ့လူ့အရင်းအမြစ်များအား နိုင်ငံတည်ဆောက်ရေးတွင် အသင့်အသုံးပြုနိုင်သော လူသားအရင်းအမြစ်များ အဖြစ်မွေးထုတ်ပေးရန် Certificate Course for Social Entrepreneurship (E-002-Batch 17) ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (တနင်္လာ)နေ့တွင်စတင်ပို့ချမည်ဖြစ်ပါသည်။

၃။ သင်တန်းကာလမှာ (၃) လဖြစ်၍ တနင်္လာ နေ့မှ စနေနေ့အထိ အချိန်ပြည့်သင်တန်း ဖြစ်သည်။

၄။ သင်တန်းကြေးမှာ ကျပ်ငွေ တစ်သိန်း (၁၀၀,၀၀၀) သတ်မှတ်ထားပါသည်။

၅။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင်တစ်ထောင့် တစ်နေရာမှပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသား။သူ များ အနေဖြင့် သင်တန်းကြေးသက်သာကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။ <u>အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီး သင်တန်းကြေးအခက်အခဲရှိသူများ ဝင်ခွင့်ရရှိစေရပါမည်။</u>

၆။ ဘာသာစကားအခက်အခဲကြောင့် အစွမ်းအစရှိသောလူငယ်များ တက်လမ်းမဆုံးရှုံး စေရန် သင်တန်းအား နိုင်ငံတကာတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာဆည်းပူးခဲ့သူ မြန်မာပညာရှင်များမှ သင်ကြားပို့ချပါမည်။

၇။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ –

**1. Development & Development Economies**
- 1.1 Globalization
- 1.2 Development Economics
- 1.3 International Relations
- 1.4 Development Theory and Practices
- 1.5 Economic Policy

**2. Governance**
- 2.1 Social Science Research Methodology
- 2.2 Fundamentals of Public Policy
- 2.3 Civil Society and Civic Engagement
- 2.4 State and Institutions
- 2.5 Public Goods and Public Administration
- 2.6 Environmental Policies and Pratices
- 2.7 Comparative Constitutions
- 2.8 Political Economy of the State

**3. Transformational Leadership**
- 3.1 Strategic Management
- 3.2 Transformational Leadership
- 3.3 Leadership
- 3.4 Team Building
- 3.5 Social Structure Analysis
- 3.6 Developing Leadership Personality for Management

**4. Tool Kits For Management**
- 4.1 Tool Kit of Information Technology
- 4.2 Public Financial Management
- 4.3 Human Resource Management for Civil Society
- 4.4 Governance and Development
- 4.5 Blog, Social Networking & Social Media

**5. Communications and Advocacy**
- 5.1 Creative Meetings through Power Sharing
- 5.2 Presentation Skills & Public Speaking Skills
- 5.3 Learning Aids
- 5.4 Strategic Negotiation Skills
- 5.5 Mind Mapping

**6. Special Topics**
- 6.1 Identities, Citizenship & Nation Building in Myanmar
- 6.2 Peace Building in Myanmar
- 6.3 Building & Mobalizing Community Groups in Myanmar

၈။ သင်တန်းဝင်ခွင့်အတွက် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့်, အရည်အချင်းလိုက် ပြန်လည်စီစစ်ရန်နှင့် လူတွေ့စစ်ဆေးမှုပြုလုပ်ရန် (၃-၉-၂၀၁၂)ရက် တနင်္လာနေ့နှင့် သင်တန်းကြေးကင်းလွတ်ခွင့် လျှောက်ထားလိုသူများအနေဖြင့် (၂၉-၈-၂၀၁၂)ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။ နယ်မြို့ များမှ လူငယ်များကို သင်တန်းကြေးကင်းလွတ်ခွင့် ဦးစားပေးပါမည်။ အချိန်ပြည့်သင်တန်းဖြစ်၍ <u>အခြား သင်တန်းတစ်ခုခု တစ်ပြိုင်နက်တက်ရောက်ရန်ရှိသူများ လျှောက်ထားရန်မလိုပါ။</u>

၉။ Myanmar Egress အနေဖြင့် ယခုသင်တန်း ပြီးမြောက်ထားသူ(၄၀)ကို Asia Institute of Technology တွင် Professional Master Degree in Public Policy တစ်နှစ်သင်တန်းကို ရွေးချယ်စေလွှတ်ရန် စီစဉ်ထားရာ ထိုသို့ ဘွဲ့လွန်သင်တန်းတက်ရောက်ဆည်းပူးရန် အရည်အချင်းရှိသူများကို ဦးစားပေး၍ လက်ခံပါမည်။

၁၀။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို Myanmar Egress Office ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး www.myanmaregress.org တွင်လည်း download ပြုလုပ်ရယူနိုင်ပါသည်။

**Myanmar Egress Office**
No. 35, Coner of Kyaik Wine Pagoda Rd and Mindama Rd,
Mayangone Township,Yangon Region, Myanmar. Tel: 665482, 656840
Email: e002@myanmaregress.org, www.myanmaregress.org

7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012



# ကတ္တီပါ ဖိနပ်စီးကာ ရွှေထီးဆောင်းထားသည့် အရိုင်းအစိုင်းများ

မောင်သာချို



**(တစ်)**

ထိုသူတို့သည်ကား သူတို့၏ လက်ထဲ၌ ခါးလုံလက်နက် ကျောက်တုံး၊ ကျောက်ခဲများကို ကိုင်ဆောင်ထားခြင်း မရှိပါ။ ထို့ပြင်သစ်ရွက်သစ်ခက်များဖြင့်လည်း သူတို့၏အရှက်ကို ဖုံးကွယ်ထားခြင်း မရှိပါ။ သူတို့၏ လည်ပင်း၊ သူတို့၏ နားရွက်၊ သူတို့၏ လက်စသည်များတွင်လည်း တိရစ္ဆာန်တို့၏ ဦးချိုများ အရိုးများကို အဆောင်အယောင်အဖြစ်ဝတ်ဆင်ထားခြင်း မရှိပါ။ သူတို့၏ လက်ထဲတွင် ဗုံတွေဘာတွေ မရှိ။ သူတို့၏ နံဘေးနားမှာကလည်း မီးပုံတွေဘာတွေ မရှိ။ သို့သော် သူတို့နှင့် ထိတွေ့ဆက်စပ်ရသော သူတိုင်းက သူတို့ကိုအရိုင်းအစိုင်းတွေ ပါလားဟူသော အမြင်ဖြင့် လှမ်းကြည့်ကြရစမြဲဖြစ်ပါသည်။

ထိုသူတို့သည်ကား အင်္ကျီအကောင်းစားတွေကိုလည်း ဝတ်ချင်ဝတ်ထားတတ်ပါ၏။ ပုဆိုး (သို့မဟုတ်) ဘောင်းဘီအပျံစားတွေကိုလည်း ဝတ်ချင်ဝတ်ထားတတ်ပါ၏။ ဖိနပ်ကအစ နာရီအဆုံး လက်ကိုင်ဖုန်း အပါအဝင် ကွန့်နိုင်သမျှ ကွန့်ညွန့်နိုင်သမျှ ညွန့်ကာ မည်သို့ပင် ခေတ်သစ်၏ လူသားဟန်ဆောင်သော်လည်း တော၏ ဥပဒေသ(Jungle Law)ကြီးစိုးရာ ကျောက်ခေတ်က လူသားများအတိုင်း ရိုင်းစိုင်းလျက်ရှိသည်ကို တွေ့ရနိုင်မည် ဖြစ်ပါသည်။

အဝေးကြီးမဟုတ်ပါ။ သင်တို့ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ သည်လို အဆင်အကွက်များစွာကို နိစ္စဓူဝတွေ့နေကြရပါသည်။ မြို့ပြ၏ ပလက်ဖောင်းများပေါ်မှာ၊ စားသောက်ဆိုင်ထဲမှာ၊ ကားတွေ၊ ရထားတွေပေါ်မှာ၊ လေဆိပ်ထဲမှာ၊ အများဆုံး သန့်စင်ခန်းထဲမှာ။ အရိုင်းတွေ အစိုင်းတွေ။ ကတ္တီပါဖိနပ်ကြီးများတောင် စီးလို့။ ရွှေထီးကြီးများတောင် ဆောင်းလို့။

**(နှစ်)**

မြို့တော်၏ ပလက်ဖောင်း တစ်နေရာရာဟုဆိုကြပါစို့။ လူနှစ်ယောက် ပခုံးချင်းတိုက်မိသည်ဟုပဲ ဆိုကြပါစို့။ အခုနောက်ပိုင်းတစ်ယောက်ကို တစ်ယောက် အားတုံ့အားနာဖြစ်စွာဖြင့် ဆောရီး(သို့မဟုတ်)မတော်လို့ဗျာ(သို့မဟုတ်)ကန်တော့နော်စသော စကားလုံးများဖြင့် တောင်းပန်သမှုပြုသည်မျိုးတွေက ရှားပါးသထက် ရှားပါးလာသည်ကို သတိပြုမိပါသည်။ ခပ်တည်တည်ဖြင့် ကိုယ့်လမ်းကိုယ် ဆက်လျှောက်သွားလျှင်လည်း ဆက်လျှောက်သွား၊ ဒါမှမဟုတ် တစ်ယောက်ကို တစ်ယောက်ဘုကြည့်ကြည့်လျှင်လည်း ကြည့်စသည်ဖြင့်သာ ကိစ္စပြီးသွားကြသည်က များပါသည်။ မတော်တဆ ဖြစ်မှုအတွက် တောင်းပန်လိုက်ဖို့ဆိုသော ယဉ်ကျေးဖွယ်ရာသည့် စိတ်မျိုး မဖွံ့ဖြိုးကြပါပေတော့။

ကျွန်တော် နိုင်ငံခြားသားများနှင့် မကြာခဏဆိုသလို ဆုံတွေ့ရပါသည်။ အထူးသဖြင့် လေဆိပ်ဝန်းကျင် အရပ်ဒေသများမှာပဲဖြစ်ပါသည်။ လေဆိပ်ခန်းမနှင့် လေယာဉ်ဆီသို့ အကြိုအပို့လုပ်ပေးသည့် ဘတ်စ်ကားတွေပေါ်မှာ၊ ကားအတက်အဆင်း လေယာဉ်အတက်အဆင်းတွေမှာ၊ သူတို့တစ်တွေ ဘယ်တုန်းကမှ လုယက်တက်နေသည်မျိုးကို ကျွန်တော် မတွေ့ခဲ့ရဖူးပါ။ ကားပေါ်သို့ တက်ရန် (သို့မဟုတ်) လေယာဉ်ပေါ်သို့တက်ရန် နှစ်ဦးသား ဆုံစည်းနေကြသောအခါ မျိုး၌ သူတို့လုပ်ပုံက ပထမလူကို ကြည့်မည်။ ထို့နောက် ပြုံးပြမည်။ ၎င်းနောက် ကိုယ်ကိုနည်းနည်းကလေးယို့ကာ အရှေ့က တက်ပါဟူသော အဓိပ္ပာယ်ဖြင့် လက်ဟန်အမူအရာပြမည်။ ဒါပဲ ဖြစ်ပါသည်။ နေရာတိုင်းမှာ ငါသာအရင်၊ ငါသာ ပထမ၊ ငါ့စိတ်ကြိုက်၊ ငါ့သဘောဆိုသည့် ကျွန်တော်တို့ဆီက အချို့အချို့တို့၏ စိတ်မျိုးတွေကို လျှော့ပါးအောင် သူတို့လေ့ကျင့်ထားကြပုံရပါသည်။

တစ်ခါက အဝေးပြေးဘတ်စ်ကားတစ်စီးဖြင့် ခရီးသွားစဉ် ကားပေါ်၌ စီးကရက်သောက်သုံးသူတစ်ဦးလိုက်ပါလာပါသည်။ သူက ကားရှေ့ပိုင်းခပ်ကျကျနေရာ၌ လိုက်ပါခဲ့ပြီး စီးကရက်ကို တော်တော်ကလေးကြိုက်ဟန်တူရာ တော်ကြာနေ တစ်လိပ်သောက်လိုက်၊ တော်ကြာနေ တစ်လိပ်သောက်လိုက်နှင့် လုပ်လာခဲ့ရာ တစ်ခါမှာတော့ ဆေးလိပ်နံ့မခံနိုင်သူတစ်ဦးက စီးကရက်မသောက်ဖို့ ပြောပါသည်။ ဤနေရာ၌စိတ်ယဉ်ကျေးမှု မြင့်မားသူတစ်ဦးသာဆိုလျှင် တောင်းပန်စကားဆိုကာ ဆေးလိပ်ကို မီးငြိမ်းသတ်ဖို့ ဖြစ်ပေါ်လည်း ထိုသူကရန်စကားပင် ဆိုနေပြန်ပါသေးသည်။

ထမင်းဆိုင်ကြီးများ စားသောက်ဆိုင်ကြီးများ ရှိရာဆီသို့ ဝင်သွားမိသော အခါ၌လည်း သည်အတိုင်းပဲဖြစ်ပါသည်။ ဘေးတွင်ချထားသည့် အမှိုက်ပုံးထဲသို့ နှပ်ချေးတွေ ညှစ်ချလိုက်၊ သလိပ်တွေ ဟပ်ကာထွေးချလိုက်နှင့် လုပ်နေသော သူများကိုမကြာခဏ ကျွန်တော်တို့ တွေ့ကြရလေ့ရှိပါသည်။ အများသောက်ရန် ချထားသည့် ဝိုင်းအလယ်ခေါင်က ဟင်းချိုခွက်ကိုပင်လျှင် ကိုယ့်ပါးစပ်အောက်သို့ ဆွဲယူကာ အရည်တွေ တတောက်တောက် ကျ အောင် တရှူးရှူး တရှဲရှဲ သောက်ပြီးမှ ဝိုင်းအလယ်သို့ ပြန်တွန်းပို့လိုက်သည့် သူတွေကိုလည်း ကျွန်တော်တို့ တွေ့ကြရမြဲဖြစ်ပါသည်။

> **ဘေးတွင်ချထားသည့် အမှိုက်ပုံးထဲသို့ နှပ်ချေးတွေ ညှစ်ချလိုက်၊ သလိပ်တွေဟပ်ကာထွေးချလိုက်နှင့် လုပ်နေသော သူများကို မကြာခဏ ကျွန်တော်တို့ တွေ့ကြရလေ့ရှိပါသည်။ အများသောက်ရန်ချထားသည့် ဝိုင်းအလယ်ခေါင်က ဟင်းချိုခွက်ကိုပင်လျှင် ကိုယ့်ပါးစပ်အောက်သို့ ဆွဲယူကာ အရည်တွေ တတောက်တောက် ကျအောင် တရှူးရှူးတရှဲရှဲသောက်ပြီးမှ ဝိုင်းအလယ်သို့ ပြန်တွန်းပို့လိုက်သည့် သူတွေကိုလည်းကျွန်တော်တို့ တွေ့ကြရမြဲဖြစ်ပါသည်။**

နေရာက အများသူငါနှင့် သက်ဆိုင်သည့် ရုံးခန်းလိုနေရာ။ စားပွဲက အများသူငါတို့၏ စားပွဲများကြားကစားပွဲ။ ထိုစားပွဲပေါ်၌ မိမိအိမ်က ယူလာသည့် ရေဒီယို (သို့မဟုတ်) စီဒီစက်ကိုတင်ကာ သီချင်းနားထောင်ရင်း အလုပ်လုပ်နေသည့် သူတစ်ယောက်ကိုလည်း ကျွန်တော်တွေ့ဖူးပါသည်။ အခြားအခြားသော အလုပ်လုပ်နေသူတွေ မကြားချင်ရင် နားသာပိတ်ထားတော့ဟူသည့်သဘော။

ဆူးလေဘုရား လမ်းမကြီးတစ်နေရာတွင် လက်ထဲရှိ ငှက်ပျောခွံနှင့် အအေးဘူးအလွတ်ကို စွန့်ပစ်ရန်အတွက် လမ်းဘေးတစ်လျှောက် မည်သည့်နေရာတွင်များ အမှိုက်ပုံး ရှိပါလေမလဲဟုဆိုကာ ကျိုးကန်းတောင်းမျှောက်လိုက်လံရှာဖွေနေသည့် ကမ္ဘာလှည့်ခရီးသွားတစ်ယောက်ကို ကြည့်နေမိစဉ်မှာတော့ ဆတ်ခနဲဆို တိုက်ပေါ်က လွှင့်ပစ်၊ ဆတ်ခနဲဆို ကားပေါ်က လွှင့်ပစ်၊ ဆတ်ခနဲဆို ရထားပေါ်က လွှင့်ပစ်လုပ်တတ်ကြသည့် ကျွန်တော်တို့ဆီက အမှိုက်စွန့်ပစ်သူ တချို့ကို ကျွန်တော် သတိရနေမိတတ်ပြန်ပါသည်။

**(သုံး)**

ကျွန်တော်တို့က ယဉ်ကျေးမှုဆိုသည်ကို ခေါင်းပေါင်းကြီးနှင့်မှ၊ တောင်ရှည်ပုဆိုးကြီးနှင့်မှ၊ ရင်ဖုံးအင်္ကျီနှင့်မှ၊ ထိုင်မသိမ်း ထဘီကြီးနှင့်မှဟု ထင်နေကြပုံရပါသည်။ တကယ့် လူ့အဆင့်အတန်းကို ပြဋ္ဌာန်းသည်က စိတ်ယဉ်ကျေးမှုပဲဖြစ်ပါသည်။

ခေတ်ပေါ် အဝတ်အစားတွေ ဘယ်လောက်ပဲ ဝတ်ဝတ်၊ ခေတ်ပေါ်အသုံးအဆောင်တွေ ဘယ်လိုပဲ သုံးသုံး လူချင်းတိုက်မိလို့မှ တောင်းပန်ဖော်မရ၊ မည်သည့်နေရာတွင်မဆို ကိုယ်ပထမရဖို့ နေရာဦး၊ လူစုလူဝေးအလယ်တွင် စီးကရက်သောက် သီချင်းနားထောင်၊ ဟင်းချိုခွက်ကို ကိုယ့်ဆီယူသောက်၊ နှပ်ချေးညှစ်သလိပ်ဟပ်၊ တွေ့ရာ နေရာအမှိုက်ပစ် စသည်စသည်ဖြင့် ပြုပြုသမျှသော အမူအကျင့်တို့က ကတ္တီပါ ဖိနပ်ကြီးစီး၍ ရွှေထီးကြီးဆောင်းထားစေကာမူ အရိုင်းဟာ အရိုင်းပါပဲဟု လှစ်ဟပြနေပြီးသား ဖြစ်ပါသည်။

လက်ကိုင်ဖုန်းကြီး ခါးမှာချိတ်ကာ အပျံစားဇိမ်ခံကားပေါ်က ဆင်းလာသော်လည်း ကျောက်ဂူထဲကနေ ကျောက်လက်နက်ကိုင်စွဲလျက် ထွက်ချလာသော လူသားထက် ဘာမှမပိုနိုင်ပါလေ။

စိတ်ဓာတ်တည်ဆောက်ပုံ အထားအသို မြင့်မားမှသာ အဆင့်မြင့်လူသား စာရင်းဝင်သည့် လူယဉ်ကျေးဖြစ်နိုင်ကြောင်း သတိထားအပ်ပါသည်။ ။

# ကားဈေး ကျနေချိန်တွင် ယာဉ်အလုံးစုံ အာမခံထားသင့်ဟုဆို

မိုးညို

**ရန်ကုန်၊ ဩဂုတ်-၉**

ပြည်တွင်း မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းနေချိန်တွင် မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိခြင်းသည် လုပ်ငန်းရှင်များအတွက် အာမခံပရီမီယံကြေး သက်သာနိုင်ကြောင်း မြန်မာ့အာမခံလုပ်ငန်းအထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ယာဉ်၏ ခေတ်ကာလပေါက်ဈေးပေါ် မူတည်ကာ အာမခံကြေးအဖြစ် ထားရှိရမည်ဖြစ်သောကြောင့် ယခုကားဈေးနှုန်းများ ကျဆင်းချိန်တွင် များစွာသင့်တော်ကြောင်း ဒေါက်တာမောင်မောင်သိမ်းကပင် ဆိုသည်။

ပြည်ပမှ မော်တော်ယာဉ်များ ဆက်တိုက်တင်သွင်းလာချိန်တွင် မြန်မာ့အာမခံလုပ်ငန်း၌ မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိခြင်းများဇူလိုင်လလယ်ခန့်မှ စတင်၍ အနည်းငယ်ပြန်လည်မြင့် တက်လာခဲ့သည်။

အဆိုပါ မော်တော်ယာဉ်အလုံးစုံအာမခံမှာ မထားမနေရ ထားရှိရမည့် အာမခံမဟုတ်သော်လည်း အကာအကွယ်တစ်ခုအနေဖြင့် ယခုကဲ့သို့ ထားရှိမှုမြင့်မားလာခြင်းလည်းဖြစ်သည်။ အာမခံထားရှိသည့် ယာဉ်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ထိခိုက်ပျက်စီးမှုအပိုင်းကို လျော်ကြေးအနေဖြင့်ဌာနကပေးလျော်သွားမည်ဖြစ်သည်။ "တချို့ကလည်း အလုပ်ရှုပ်မခံချင်တော့ သွားမထားကြဘူး။ တကယ်လို့ ယာဉ်တစ်ခုခုဖြစ်ရင် ကိုယ့်အတွက် နစ်နာတာပေါ့" ဟု ကားတွင်သွင်းသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မော်တော်ယာဉ်နှင့်ပတ်သက်၍ မြန်မာ့အာမခံလုပ်ငန်းတွင်အာမခံနှစ်မျိုးနှစ်စားရှိပြီး ယင်းတို့မှာ သူတစ်ပါး ထိခိုက်မှု အာမခံနှင့် မော်တော်ယာဉ်အလုံးစုံ အာမခံဟူ၍လည်း ဖြစ်သည်။ သူတစ်ပါးထိခိုက်မှုအာမခံကြေးမှာ ယာဉ်မှတ်ပုံတင်စဉ်ကပင် မထားမနေရထားရှိရသည့် အာမခံဖြစ်သည်။

ထို့အတူ မော်တော်ယာဉ်အလုံးစုံ အာမခံကြေးမှာ မြန်မာနိုင်ငံ၌ ၁၉၇၅ ခုနှစ်တွင် စတင်ရေးဆွဲ၍ ၁၉၇၆ ခုနှစ်တွင် စတင်ဝန်ဆောင်မှု ပေးခဲ့ခြင်းဖြစ်ပြီး ယာဉ်၏မော်ဒယ်ပေါ် မူတည်ကာ တစ်နှစ်လျှင် နှစ်စဉ် ပရီမီယံကြေး ၇၅,၀၀၀ ကျပ်အထိ ပေးသွင်းရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL


| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချိုနွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ငွေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၇၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

**အရင်တစ်ပတ်က 7Day News ဂျာနယ်တွင် မြန်မာတစ်နိုင်ငံလုံး၌ စိတ်ကြိုက်မြန်မာစာယူသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ မရှိကြောင်း သတင်းလေး ဖတ်လိုက်ရသည်။ မှန်ပါသည်။ ဆယ်တန်းများ စိတ်ကြိုက်မြန်မာစာ ယူသူမရှိခြင်းက ၂၀၁၂-၁၃ ပညာသင်နှစ်တစ်ခုတည်းမှ မဟုတ်ပါ။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစတင်ခဲ့သော အနှစ် ၃၀ နှစ်ရှည်စီမံကိန်းအရ ဘာသာတွဲတွေ စခွဲပြီး သင်ကတည်းက စိတ်ကြိုက်မြန်မာစာယူသူမရှိခဲ့ခြင်း ဖြစ်သည်။ ဤသို့ယူသူမရှိရခြင်းအကြောင်းကို လေ့လာသောအခါ ဆရာမအပိုင်းနှင့်တပည့်အပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရပါသည်။**

# အရေးထားလေးစားရန် အချိန်ကျပြီမို့

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)



နဝမတန်းကို စတင်တက်ရမည့် ကလေးတိုင်းသည် မယူမနေရ ဘာသာရပ် (Compulsory Subject)များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃)ခုနှင့်အတူ အခြားဘာသာများတွဲ၍ ယူရပါသည်။

အားလုံးဘာသာတွဲ ၈ ခုရှိသည်။ ထိုရှစ်ခုမှ မိမိနှစ်သက်ရာ ဘာသာတွဲ ရွေးသည့်အခါ ကလေး၏ ဝါသနာ၊ အရည်အသွေးနှင့် ကိုက်ညီသော ဘာသာတွဲ ရွေးတတ်စေရန် ကူညီလမ်းညွှန်ပေးသောအဖွဲ့ (Guided and Counselling)ကို ဆရာ၊ ဆရာမများနှင့် ဖွဲ့ထားကြ၏။ ထိုအဖွဲ့က ကလေးကို အကြံညာဏ်ပေးရသည်။

ပေးပုံကလည်းလွယ်ပါသည်။ ကလေးကို ဘာဝါသနာပါသလဲ မေးပြီး ကလေးဆီက အဖြေပေါ်မူတည်ပြီး "ဒါဆို အတွဲ (၁)ယူ၊ အတွဲ(၂)ယူ"ဟူ၍ ပြောလိုက်ခြင်းဖြစ်၏။ အကယ်၍ ကလေးက စိတ်ကြိုက်မြန်မာစာ ယူချင်တယ်ဆိုလျှင်တော့ ဆရာ၊ ဆရာမတို့က ခေါင်းခါသည်။ "စိတ်ကြိုက်သင်မယ့်သူ မရှိဘူး။ ဒါကြောင့် စိတ်ကြိုက်အစား သမိုင်းယူ"ဟူ၍ သ/မခေတ်က ရွှေဝါဆပ်ပြာ လိုချင်သူကိုစီးကရက်မှိုတက်အတင်းအစားပေးသလို ဘာသာရပ်ကို အတင်းလွှဲပေးတတ်၏။ ဤသို့ စိတ်ကြိုက်မယူခိုင်းခြင်းက ကျောင်းတိုင်း၏ လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြစ်လေသည်။ ဤနည်းဖြင့် စိတ်ကြိုက်မြန်မာစာယူမည့်သူမရှိခြင်း ဖြစ်သည်။

တပည့်များအပိုင်းကလည်း အားနည်းချက်က ရှိနေသည်။ နဝမတန်းတက်မည့် ကျောင်းသားမပြောနှင့်။ တက္ကသိုလ်ဝင်တန်း ရောက်နေသူ ကျောင်းသား၊ ကျောင်းသူများပင် ဘာဝါသနာပါမှန်း သူတို့ဘာသာမသိ။ စာသင်နှစ်တိုင်း ကျွန်တော့်တပည့်များကို မေးကြည့်သည်။ "ဘာဝါသနာပါသလဲ"ဟု။ သူတို့မဖြေတတ်ပါ။ "သူများယောင်လို့ယောင်၊ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ"ပုဂ္ဂိုလ်တွေသာ များပေသည်။ ထို့ကြောင့် သူများယောင်ရာ လိုက်ယောင်ပြီး သိပ္ပံတွဲကိုသာ အယူများကြပေသည်။ သို့သော် ထူးဆန်းသည်က ဆယ်တန်းမှာ သိပ္ပံတွဲ ယူကြသော်လည်း သူတို့တကယ်ဘွဲ့ယူတော့ ပထဝီ၊ သမိုင်း ဘာသာရပ်တွေနှင့်သာဖြစ်၏။

ဖြေသူတိုင်း အလီဘာဘာ ဘွဲ့ခံလောက်အောင် ဆယ်တန်းစာမေးပွဲမှာ အကြီးအကျယ်ကူးချ၊ ခိုးချကြသော ကာလကဖြစ်၏။ Science ဟူသော စကားလုံးကိုပင် မှန်အောင် မရေးနိုင်ဘဲ သိပ္ပံတွဲအယူများနေမှုကို နားမလည်၍ ဆရာမတစ်ယောက်ကိုကျွန်တော် မေးကြည့်သည်။ "ဘာလို့ သိပ္ပံတွဲကို သည်လောက် ယူနေတာလဲ" ဟု။ သူ့အဖြေက ရှင်းသည်။ "ကလေးတွေ ပြောနေကြတာ ဆရာမကြားဘူးလား။ ဝိဇ္ဇာတွဲက နှစ်မျက်နှာ၊ သုံးမျက်နှာကူးရပြီး အမှတ်ကျနည်းတယ်။ သိပ္ပံတွဲကျ တစ်မျက်နှာလောက် ကူးရင် အမှတ်အများကြီးရတယ်။ ဒါကြောင့် သိပ္ပံတွဲ ယူကြတာ" တဲ့။ မှတ်ကရော။ ရည်ရွယ်ချက်ကြီးလိုက်ပုံ။

ကျွန်တော်က မြန်မာစာကို ချစ်မြတ်နိုးသော ကျောင်းဆရာတစ်ယောက်လည်းဖြစ်၊ အထက်တန်း၊ အလယ်တန်း မြန်မာစာ ဘာသာရပ် စစ်ဆေးရသူလည်း ဖြစ်သောကြောင့် ဆရာ၊ ဆရာမများ၏ မြန်မာစာအပေါ် သဘောထား ပေါ့တန်မှုကို ထဲထဲဝင်ဝင် သိကာ စိတ်ပျက်အားငယ်မှု ခံစားနေရသူ ဖြစ်သည်။ ကျောင်းကြီးတွေမှာ ဝါရင့်မြန်မာစာဘွဲ့ရ ဆရာ၊ ဆရာမများ ရှိကြ၏။ သို့သော် အများစုက မြန်မာစာ မသင်ကြ။ ကျောင်းအထိုင်ကျ ဝါရင့်တို့ သဘာဝအတိုင်း ကျူရှင်ရမည့် အင်္ဂလိပ်စာလို၊ သင်္ချာလို ဘာသာရပ်မျိုးကို အပိုင်စီးယူထားပြီး မြန်မာစာကို နောက်မှရောက်လာသည့် ဆရာ၊ ဆရာမ လက်သစ်များဆီ လွှဲပေးထား၏။ အချို့ကျောင်းများဆိုလျှင် သိပ္ပံဘွဲ့ရ ဆရာ၊ ဆရာမများကိုပင် မြန်မာစာပေးထားကြသည်။

ကျောင်းအုပ်နှင့် ဝါရင့်လက်ထောက်တို့ ပေါင်းပြီး လက်ဝါးရိုက်ကာ ပေးလိုက်သည့် မြန်မာစာကို သိပ္ပံဘွဲ့ရ ဆရာ၊ ဆရာမကလည်း အောင့်သက်သက်နှင့် ယူကာ ဝတ္တရားကျေ သင်ပေးသည်။ အဓိက သင်နည်းက မှတ်စုပေးသင်နည်းပင်တည်း။ ဤနည်းဖြင့်မြန်မာစာအရည်အသွေး ကျဆင်းလာရတော့သည်။

မြန်မာစာကဲ့သို့ပင် ပထဝီ၊ သမိုင်း ဟူသော ဘာသာများကိုလည်း ဆရာ၊ ဆရာမအများစု မသင်ချင်ကြ။ သည်ဘာသာရပ်တွေက ကျူရှင်မှ မရတာကိုး။ ထို့ကြောင့် မတတ်သာ၍ သင်ပေးရသောအခါ ဆရာ၊ ဆရာမ အပိုင်းက အားထုတ်မှုမရှိ။ စာခေါ်ပေးခြင်းဖြင့်သာ စခန်းသွားကြ၏။ ဤသို့ဝတ္တရားကျေ သင်ပေးခြင်းကြောင့်လည်း ကလေးက ဘာသာရပ်အပေါ် စိတ်ဝင်စားမှု လျော့နည်းသွားကာ ဘာသာရပ်ယူမည့်သူလည်း နည်းပါးသွားရလေသည်။

ကမ္ဘာပေါ်တွင် ဘာသာစကားအမျိုးပေါင်း ခြောက်ထောင်ကျော်ရှိသည့်အနက် အချို့ဘာသာစကားများ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဖတ်ရဖူးသည်။ ယနေ့လို မြန်မာစာသင်သည့် ဆရာ၊ ဆရာမများ ကိုယ်တိုင်က မြန်မာစာကို ပေါ့ပေါ့တန်တန် သဘောထား၍ သင်ကြားပေးနေချိန်၊ တပည့်ကလည်း နေ့စဉ်သုံးစွဲပြောဆိုနေသည့် Mother Language မို့ လွယ်ပါတယ်ဟူသော အချိုးဖြင့် မလေးမစား ပြုနေချိန်၊ အချို့ခေတ်ပေါ် စာရေးဆရာများ၏ ပုံမဟုတ် ပတ်မဟုတ် ကပြားဝတ္ထုများ တွင်ကျယ်လာချိန်၊ ပြည်သူအများစုကလည်း ကိုယ့်စကားကိုယ် တန်ဖိုးထားလေးစားမှု လျော့နည်းနေချိန်မျိုးတွင် ဝေါဟာရရင်းမြစ်ကြွယ်ဝလှသည့် မြန်မာစာ၊ မြန်မာစကား ဆိတ်သုဉ်းပျောက်ကွယ်သွားမည် ဆိုပါက အမျိုး၊ ဘာသာ၊ သာသနာအတွက် မတွေးဝံ့စရာပင်။

မြန်မာပြည်တွင်းမှ မြန်မာလူမျိုးများ ကြီးကြပ်ထုတ်လွှင့်ပေးနေသည့် မြန်မာ့ရုပ်သံလိုင်း (အခပေးကော၊ အခမပေးကော)အားလုံးက ကိုရီးယားယဉ်ကျေးမှုကို ပိုက်ဆံပေးဝယ်ကာ တရစပ်နီးပါး ထုတ်လွှင့်ပေးနေမှုကလည်း တမောင့်ပင်။ တော်သေး၏။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးခေါင်းစဉ်အောက်မှာ ကိုရီးယားအမျိုးသားလွတ်မြောက်ရေး တေးတွေ လွှင့်မပေးပေလို့ ကျေးဇူးတင်ရသေး၏။ ရုပ်မြင်သံကြား ကျေးဇူးကြောင့် မြန်မာမှု နယ်ပယ်မှာ "အာပုဂျိ၊ အိုပါး၊ အိုမား၊ ယော်ပေါ်" ဆိုသော ကိုရီးယားစကားတွေ ပျံ့နှံ့စိမ့်ဝင်လာခဲ့၏။ ဤသည်ကလည်း မြန်မာစာ၊ မြန်မာစကားအတွက် အန္တရာယ်တစ်ခုပင်။

မြန်မာစကားသည် တိဗက်တရုတ်ဘာသာစကား မျိုးရိုးကြီးမှ ဆင်းသက်လာသော တိဗက်မြန်မာမျိုးခွဲမှာပါသည့် ဘာသာစကားတစ်ခုဖြစ်ကြောင်း၊ မြန်မာစာမှာ အိန္ဒိယနိုင်ငံတွင် ခရစ်မပေါ်မီက ထွန်းကားသော ဗြာဟ္မီအက္ခရာမှ ဆင်းသက်လာသော စာဖြစ်ကြောင်း၊ မြန်မာတို့သည် ဗြာဟ္မီအက္ခရာမှ ဆင်းသက်လာသော အက္ခရာများကို အခြေပြု၍ ၁၁ ရာစုတွင် မြန်မာစာအရေးအသားကို စတင်တီထွင်ကြောင်း စာရေးဆရာကြီး မောင်ခင်မင် (ဓနုဖြူ)က မိန့်ကြားခဲ့ပါသည်။ မြန်မာစာ၊ မြန်မာစကားကို ပေါ့ပေါ့လွယ်လွယ် သဘောထားနေကြသူများ မြန်မာစာ၊ စကား၏ ရင်းမြစ်ကြောင်း လေးနက်ခိုင်မာမှုကို သိကာထိန်းသိမ်း၊ မြတ်နိုးတန်ဖိုးထားစေလိုသောကြောင့် ဖော်ပြရခြင်းဖြစ်ပါသည်။

အင်္ဂလိပ်လက်အောက် ကျွန်သဘောက်ဘဝမှ လွတ်မြောက်ရေး တိုက်ပွဲဝင်ကြွေးကြော်သံဖြစ်သော "မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စကားကို လေးစားပါ"ဆိုသည့် မျိုးချစ်စိတ်လှုံ့ဆော်ပေးသော စာသားများကို မြို့ရွာအနှံ့မှာ ဆိုင်းဘုတ်ထောင်ကာ ပြန်၍ဖော်ပြပေးရမည့် အချိန်သို့ ရောက်နေပြီဟုပင် ထင်မိသည်။

မြန်မာအမျိုးသား၊ အမျိုးသမီးတိုင်း အမျိုးသားရေး ကိုယ်ခံစွမ်းအားကို အသိစိတ်ဓာတ်ရှိရှိဖြင့် မြှင့်တင်နိုင်ကြပါစေဟု။ ။

Business
7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# တန်ပိုယာဉ်များထံမှ လာဘ်စားသော တန်ပိုစစ်ဆေးရေးဂိတ် ၃ ဂိတ်ကို အရေးယူ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဩဂုတ်-၁၈**

ဘိလပ်မြေ တင်ဆောင်လာသော တန်ပိုယာဉ်များကိုငွေကြေးညှိနှိုင်းရယူ၍ ဖြတ်သန်းခွင့်ပေးလိုက်သော တန်ပိုစစ်ဆေးရေးဂိတ် ၃ ဂိတ်ကို ဩဂုတ်လ ၁၄ ရက်က လုပ်ပိုင်ခွင့်များ ရုပ်သိမ်းလိုက်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခွန်/ထိန်းကျောက်ထုတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဂိတ်များမှာ အောင်လံလမ်းဂိတ်၊ ကိုးပင်တံတားဂိတ်နှင့် ချောင်းနက်လမ်းဂိတ်တို့ ဖြစ်သည်။ ယင်းဂိတ်များက တန်ပိုယာဉ်များကိုဖြတ်သန်းခွင့်မပြုဘဲ ဖမ်းဆီးအရေးယူရမည့် အစားယာဉ်မောင်းများနှင့် ညှိနှိုင်းကာ ယာဉ်တစ်စီးလျှင် ကျပ် ၄၀,၀၀၀ စီနှင့် ၂၃,၀၀၀ ကျပ် အခကြေးငွေယူပြီး ဖြတ်သန်းခွင့်ပြုခဲ့သည်ကို စစ်ဆေးတွေ့ရှိသဖြင့် ထိုနေ့ည ၁၂ နာရီမှစ၍ လုပ်ပိုင်ခွင့် ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ဩဂုတ် ၁၈ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

ယင်းဖြစ်စဉ်ကိုဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း/တံတားလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နေပြည်တော်-မကွေးနှင့် နေပြည်တော်-တောင်တွင်းကြီး လမ်းဆုံ၌ စောင့်ဆိုင်းနေစဉ်တွင် အောင်လံ၊ တောင်တွင်းကြီးဘက်မှလာသော ဘိလပ်မြေတင်ဆောင်လာသည့် ကုန်တင်ယာဉ် ၆ စီးကို ဖမ်းဆီးမိရာမှ သိရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယင်းဂိတ်များနေရာများ နေရာတွင် ဒုတိယဦးစားပေး လုပ်ပိုင်ခွင့် ရထားသူများအား လွှဲပြောင်းလုပ်ပိုင်ခွင့် ပေးလိုက်သည်ဟု ဆိုသည်။

၎င်းဂိတ် ၃ ဂိတ်အပါအဝင် ယခု ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း၌ လမ်း/တံတား အသုံးပြုသည့်ဂိတ်များအနေဖြင့် သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံခြင်း၊ တန်ပိုယာဉ်များကို ဈေးနှုန်းကောက်ခံခြင်းများကြောင့် လုပ်ပိုင်ခွင့် ပိတ်သိမ်းလိုက်သောဂိတ် စုစုပေါင်း ၁၀ ဂိတ် ရှိသွားပြီဖြစ်ကြောင်း အဆိုပါဌာန စာရင်းဇယားများအရ သိရသည်။

# ခြောက်ဘီးကုန်တင်ကားအချို့ ၁၃ တန်သာ တင်ခွင့်ပြု၍လုပ်ငန်းရှင်များ အခက်တွေ့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၇**



ဓာတ်ပုံ - ဇေယျာအောင်([illegible])

ခြောက်ဘီးကုန်တင်ကားများကို ကားအမျိုးအစားပေါ် မူတည်၍ တင်ဆောင်နိုင်သော တန်သတ်မှတ်ချက်များ ထပ်မံခွဲခြားလိုက်ပြီး၊ ခြောက်ဘီးကားအချို့မှာ ၁၃ တန်သာ တင်ဆောင်ရန်သတ်မှတ်လိုက်သောကြောင့် အခက်အခဲများတွေ့နိုင်ကြောင်း ကားပိုင်ရှင်များကပြောသည်။

"အခုလို ၁၃ တန်ပဲ တင်ရတော့မယ်လို့ သတ်မှတ်လိုက်ရင် အကြမ်းဖျင်းပြောပြရရင် တန်ဆာခတွေ တက်သွားမယ်ပေါ့။ ဒါပေမဲ့ တကယ်တမ်းဆို ခြောက်ဘီးကားအများစု ပြေးဆွဲတာကို ရပ်သွားနိုင်တယ်။ လက်ရှိ တန်ဆာခကလည်း မြင့်နေပြီဆိုတော့ ကုန်သည်တွေကလည်း တိုးပေးဖို့ အဆင်မပြေတော့ရင် ရပ်ရမှာပဲ။ ကုန်သည်တွေ တိုးပေးရင်တော့ ကုန်စည်ဈေးတွေကောင်းကောင်းတက်ပြီ"ဟု ခြောက်ဘီးကားပိုင်ရှင်တစ်ဦးကပြောသည်။

ယင်းသို့ တင်ဆောင်နိုင်သော အလေးချိန်ထပ်မံလျှော့ချလိုက်ခြင်းကြောင့် ခြောက်ဘီးကားပိုင်ရှင်များအနေဖြင့် လက်ရှိရရှိသောအမြတ်ထက် များစွာလျော့ကျသွားမည်ဖြစ်သော်လည်း အမြတ်ကျန်နိုင်သေးကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။ စာ(၃၄)သို့



"သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်"
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါမဖြစ်စေရန်ကာကွယ်သင့်သူများမှာ-(1)
* နာတာရှည်ရောဂါရှိသူများ(ဥပမာ-နှလုံးရောဂါ၊ ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
* ကလေးငယ်များ(အသက်(၆)လအထက် ရှိသောကလေးများအားလုံး)
* အသက်ကြီးသောသူများနှင့်
* လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် နီးစပ်ရာ ဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ - ကာကွယ်ဆေးထိုးခြင်း)

References
(1) • Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.

gsk GlaxoSmithKline
01-211594

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၇ | ၈၇၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၇ | ၈၇၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၃ | ၇၀၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၀ | ၁၀၈၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၅ | ၂၇. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၃ | ကျပ် |

၂၀၁၂ ဩဂုတ် ၁၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၁၀၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၅၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၆၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၃၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၄. ၇၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၄၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၈၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၃၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၉၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၇၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၈၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၀၃၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၁၉. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၇၁၀ |
| ငွေ | ၁ အောင်စ | ၂၈. ၀၈၇ |
| ကြေးနီ | ပေါင် | ၃၄၂. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၁၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဩဂုတ် ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ရာဘာအရည်အသွေးပိုင်းမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်ကြာကျင်းပမည်

**ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဦးဆောင်ပြီး ရာဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် အဓိကကျသည့် အရည်အသွေးပိုင်း မြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ စက်တင်ဘာ ၁၅ နှင့် ၁၆ရက်တို့တွင်နှစ်ရက်ကြာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။

အဆိုပါဆွေးနွေးပွဲ ကျင်းပနိုင်ရန် အသင်းနှင့် နိုင်ငံတကာ ရာဘာသုတေသန လေ့လာရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်သည့် အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

နှစ်ရက်ကြာ ပြုလုပ်သည့် ဆွေးနွေးပွဲတွင်ပြည်တွင်းပညာရှင်လေးဦးနှင့် ပြည်ပပညာရှင် ၁၆ ဦးတို့က ရာဘာအရည်အသွေးပိုင်းမြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း အတွင်းရေးမှူးကပြောသည်။

လက်ရှိတွင် မြန်မာ့ရာဘာအရည်အသွေးပိုင်းသည် အနိမ့်ဆုံးအအခြေအနေ၌ ရပ်တည်လျက်ရှိပြီး တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။ ဥရောပနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအကျပ်အတည်းကြောင့်ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက သက်ဆိုင်ရာရာဘာအမျိုးအစားအလိုက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၅၀၀ နီးပါး ဈေးကျဆင်းနေသည်။

စာ(၃၄)သို့

## စီပီကုမ္ပဏီမြန်မာနိုင်ငံတွင် ဒေါ်လာသန်း ၅၅၀ ထပ်မံရင်းနှီးမြှုပ်နှံမည်ဟုဆို

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ်-၁၄**

မြန်မာနိုင်ငံအနှံ့ရှိမွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်ဆင့်တိုးချဲ့ရန်အတွက် ကန်ဒေါ်လာသန်း ၅၅၀ ထပ်မံထည့်သွင်းလိုက်ကြောင်း မြန်မာစီပီလိုက်ဖ်စတော့ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာဒေါက်တာမျိုးသန့်က ပြောသည်။

"နောက်ထပ် ဒေါ်လာသန်း ငါးရာ့ငါးဆယ် မြှုပ်နှံဖို့ ပင်ရင်းကုမ္ပဏီကြီးက တရားဝင်ကြေညာထားပြီးသားပါ။ ကျွန်တော်တို့ကုမ္ပဏီက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကတည်းက အက်ဖ်ဒီအိုင် (ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု)ရခဲ့တာပါ။ မြန်မာပြည်အနှံ့ မွေးမြူရေး၊ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းကဏ္ဍတွေ မထွန်းကားသေးတဲ့နေရာတွေမှာ ဆက်လက်တိုးချဲ့ပါမယ်" ဟု ၎င်းကပြောသည်။

မြန်မာစီပီလိုက်ဖ်စတော့ကုမ္ပဏီသည် ၁၉၉၆ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် ကန်ဒေါ်လာ သန်း ၁၅၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ပြီး နောက်ထပ်ကန်ဒေါ်လာ ၅၅၀ ထပ်မံထည့်သွင်းရန် စီစဉ်နေကြောင်း စီပီဒုတိယဥက္ကဋ္ဌ အဒိရက်စရီပရထပ်က်ကသမ္မတ ဦးသိန်းစိန်၏ ထိုင်းနိုင်ငံ ခရီးစဉ်တွင် ပြောခဲ့ကြောင်း သတင်းရရှိသည်။

"မွေးမြူသူတွေ တွက်ခြေကိုက်ပြီး စားသုံးသူတွေလည်း ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် သူများနိုင်ငံများနည်းတူ မွေးမြူရေးနည်းစနစ်၊ အစာကျွေးနည်း၊ အဆင့်မြင့်ကြက်သတ်ရုံနဲ့ အေးခဲကြက်သားထုတ်စက်ရုံတွေပါ တည်ဆောက်မယ်၊ စားသုံးသူလက်ထဲ ရောက်တဲ့အထိ နိုင်ငံတကာ ပုံစံနဲ့ ကုမ္ပဏီကဏ္ဍတစ်ခုလုံးကို တိုးချဲ့မယ်" ဟု ဒေါက်တာမျိုးသန့်က ဆိုသည်။

ထိုသို့ လုပ်ငန်းများ တိုးချဲ့ပါက အလုပ်အကိုင်နေရာများစွာ ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။




## ပဲဈေးကောင်းရန် အလားအလာများနေ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဩဂုတ်-၁၆**

ရာသီဥတုဖောက်ပြန်မှုကြောင့် အိန္ဒိယ၊ မြန်မာနှစ်နိုင်ငံစလုံးတွင် ပဲအထွက်နှုန်းများ လျော့ကျနိုင်သဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ပဲမျိုးစုံမှာ ယခုထက်ပိုမိုဈေးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံပဲနှမ်းအသင်းမှ အထွေထွေအတွင်းရေးမှူးဦးမင်းကိုဦးက ပြောကြားသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မိုးခေါင်မှုကြောင့် ဧပြီတွင် စိုက်ပျိုးသည့် ပဲတီစိမ်း၊ ပဲစင်းငုံများအပါအဝင် ပဲမျိုးစုံနှင့်နှမ်းများ ပျက်စီးခဲ့သည်။ အဆိုပါ ဒေသအတော်များများတွင် ဩဂုတ်လထိ မိုးရွာသွန်းမှု မရှိသေးသဖြင့် မိုးပဲစိုက်ပျိုးမှုမှာလည်း တောင်သူများအတွက်ခက်ခဲရသည်။ အိန္ဒိယနိုင်ငံ၌လည်း မိုးခေါင်သဖြင့် စိုက်ပျိုးပြီး ပမာဏတစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းမှာလည်း အောင်မြင်မှုလျော့နည်းနိုင်သည်။ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး၏ ထုတ်ပြန်ချက်အရ ယခုနှစ်တွင် ပဲမျိုးစုံစိုက်ဧကဟက်တာ၁၁ဒသမ၃၆သိန်းလျော့နည်းကြောင်း သိရသည်။

"နှစ်နိုင်ငံလုံးမှာ စိုက်ဧကလျော့တယ်။ ရာသီဥတုကြောင့် သီးနှံရှားတော့ ပုံမှန်ဆိုရင် နိုဝင်ဘာ၊ ဒီဇင်ဘာဆို ပဲကဈေးကောင်းမှပဲ"ဟု ဦးမင်းကိုဦးကဆိုသည်။

ယခုရက်ပိုင်းတွင် အိန္ဒိယမှ ဝယ်လိုအား ပြန်လျော့သဖြင့် ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံဈေး ပြန်လည်ကျဆင်းလာသည်။ ဩဂုတ်လဆန်းပိုင်းက ကျပ်ခုနစ်သိန်းထိ ဈေးတက်ခဲ့သည့် မတ်ပဲမှာ ယခုရက်ပိုင်းတွင် တစ်တန်လျှင် ကျပ်ခြောက်သိန်းဝန်းကျင်ထိ ဈေးပြန်ကျလာသည်။

"စက်တင်ဘာလောက်မှ ဈေးတက်မယ် မှန်းထားတယ်။ လောလောဆယ်တော့ အိန္ဒိယကဈေးတက်မှာစိုးလို့ထိန်းနေတယ်။ ဒါပေမဲ့ ရာသီဥတုကတော့ ထိန်းလို့ရမှာ မဟုတ်ဘူး" ဟု ပခုက္ကူမြို့မှ ပဲကုန်သည်တစ်ဦးက ဆိုသည်။

### စာ(၃၃) - ရာဘာအရည်အသွေးပိုင်းမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်ကြာကျင်းပမည် မှ

ပြည်တွင်းရာဘာထုတ်လုပ်မှုသည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် တန်ချိန်ခြောက်သောင်းကျော်ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် တန်ချိန်တစ်သိန်းကျော်ထိ ထုတ်လုပ်မှုနှစ်စဉ်တိုးတက်လာသည်။ သို့သော် တင်ပို့နိုင်သည့်ပမာဏတွင်မူ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် တန်ချိန်ငါးသောင်းကျော်မှ အတက်အကျပမာဏများဖြတ်သန်းခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ရောက်ရှိချိန်တွင် တန်ချိန်ခုနစ်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ရန်ကုန်မြို့၌ ဇူလိုင်လအတွင်း ပြုလုပ်သည့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် ရာဘာစိုက်ပျိုးရေးဆိုင်ရာပညာရှင် ဦးလှမြင့်က ပြောကြားသည်။

### စာ(၃၃) - ခြောက်ဘီးကုန်တင်ကားအချို့ ၁၃ တန်သာ တင်ခွင့်ပြု၍လုပ်ငန်းရှင်များ အခက်တွေ့ မှ

လက်ရှိတွင်ခြောက်ဘီးကားများမှာ ယာဉ်နှင့်ကုန် ၁၃ တန်မှ ၁၆ တန်အထိ တင်ဆောင်လေ့ရှိသည်။ သို့သော် ၁၀ ဘီး၊ ၁၂ ဘီး ကားများလည်း ရှိသောကြောင့် တန်ဆာခမှာ များစွာမြင့်တက်သွားခြင်း မရှိနိုင်ကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိသတ်မှတ်ပေးလိုက်သောပုံစံမှာ ခြောက်ဘီးကားဖြစ်သော Toyota အုပ်စုဝင် ခေါင်းရှည်၊ Isuzu အုပ်စုဝင် ခေါင်းပြား၊ Cargo အုပ်စုဝင် ခေါင်းရှည်၊ GMC အုပ်စုဝင်ယာဉ်၊ Nissan အုပ်စုဝင် ခေါင်းရှည်နှင့် လေလံယာဉ်များအားပြုပြင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လိုင်စင်ဝင်ထားသောယာဉ်များအား ၁၃ တန်သာ တင်ဆောင်ခွင့်ပြုမည်ဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံမှ တိုက်ရိုက်ဝင်လာသော 4D ယာဉ်များနှင့် ကိုယ်ထည် ၂၃ ပေယာဉ်များကိုသာ ၁၆ တန်ခွင့်ပြုပေးသွားမည်ဖြစ်သည်။

အဆိုပါသတ်မှတ်ချက်ကို ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံသို့ ဩဂုတ်လ ၁၆ ရက်က စာအမှတ် ၀၀၈/အဝေးပြေး/စီမံ ၄၀၆/ ၂၀၁၂ဖြင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက ပေးဝေခဲ့သည်။

ထိုကဲ့သို့ သတ်မှတ်လိုက်ခြင်းမှာ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ခွန်းထိန်း/ကျောက်ထုတ်ဦးစီးဌာနသို့ ခြောက်ဘီးယာဉ်များနှင့်ပတ်သက်၍ (ယာဉ်+ကုန်)သတ်မှတ်ချက်ကို တစ်ပြေးညီသတ်မှတ်ပေးရန် တင်ပြခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ယင်းစာတွင် ဖော်ပြပါရှိသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် သွားလာနေသော ကားများ၏ ၆၅ ရာခိုင်နှုန်းနှင့် ခြောက်ဘီးကားများဖြစ်ကြောင်း လုပ်သက်ရင့် ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012



# မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအသင်း ယာယီဖွဲ့စည်း

**ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအသင်းကို ယာယီအသင်းအဖြစ် ယခုလ ၁၅ရက်တွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ယင်းအသင်းအထွေထွေအတွင်းရေးမှူးဦးအေးထွန်းကပြောသည်။

ယာယီဖွဲ့စည်းလိုက်သည့် အသင်းတွင် ပါဝင်သူများကို ရွေးချယ်ရာ၌ မော်တော်ယာဉ်အရောင်းစင်တာများဖွင့်လှစ်သူများ၊ မော်တော်ယာဉ်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ ရောင်းချသူများ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှု လုပ်ကိုင်သူများနှင့် မော်တော်ယာဉ်တင်သွင်းသူများဟူ၍ အမျိုးအစားလေးမျိုးခွဲခြားပြီး အဆိုပြုလာသည့် ၅၆ ဦးအနက်မှ အမှုဆောင်အဖွဲ့ဝင် ၂၇ ဦးကိုမဲစနစ်ဖြင့်ရွေးချယ်ပြီးဖြစ်သည်ဟုဆိုသည်။

အမှုဆောင်များအနက်မှ အသင်းလုပ်ငန်းများ ဦးစီးလုပ်ကိုင်မည့် အဖွဲ့ဝင်များကို ဆက်လက်ရွေးချယ်ရာတွင် ဆာကူရာ ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဌေးအောင်အပါအဝင် အဖွဲ့ဝင် ၁၆ ဦးကို ထပ်မံရွေးချယ်ပြီးဖြစ်သည်ဟု ဦးအေးထွန်းကပြောသည်။

အသင်းမှတ်ပုံတင်လျှောက်ထားရန်အတွက် သင်းဖွဲ့စည်းမျဉ်းရေးဆွဲခြင်းအပါအဝင် အစရှိသည့် ပြင်ဆင်မှုများကို လုပ်ကိုင်နေပြီး အသင်းအဖြစ် ရပ်တည်ဆောင်ရွက်ခွင့်ပြုပြီးနောက်တွင် အသင်း၌ပါဝင်မည့်သူများအား "ရွေးချယ်မှုတစ်ခါထပ်လုပ်မယ်"ဟု အထွေထွေအတွင်းရေးမှူးက ပြောကြားသည်။

အသင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ အပါအဝင် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ သိရှိနိုင်ရန် ဝက်ဘ်ဆိုက်တစ်ခုကို စက်တင်ဘာလအတွင်း လွှင့်တင်နိုင်ရန်ရည်ရွယ်ထားကြောင်း ၎င်းကပြောသည်။

ပြည်ပနိုင်ငံအသီးသီးမှ လာရောက်သည့်မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းအသီးသီးများနှင့် ပြည်တွင်းလုပ်ငန်းရှင်များကြား အပြန်အလှန် တွေ့ဆုံမှုများပြုလုပ်နိုင်ရန် ယာယီအသင်းအနေဖြင့် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

# ပစ္စည်းအဝင်နည်း၍ ရွှေဈေးမာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၆**

ရွှေဈေးကွက်တွင် ပစ္စည်းဝင်ရောက်မှုနည်းနေသောကြောင့် ကမ္ဘာ့ရွှေဈေးအေးသော်လည်း ပြည်တွင်းရွှေဈေးမာနေဆဲဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ကမ္ဘာ့ရွှေဈေးကျပေမယ့် ပြည်တွင်းဈေးက မကျဘူး။ ပစ္စည်းရှားလို့ဈေးမာနေတဲ့ သဘောပဲ။ ဒီရာသီက မိုးတွင်းဆိုတော့ပစ္စည်းက အထွက်နည်းလေ့ရှိတယ်။ ဒီနှစ်ကမိုးများတော့ အထွက်က ပိုနည်းတယ်လေ"ဟု ရွှေအပိုင်းဈေးကွက် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ပြီးခဲ့သည့်ရက်ပိုင်းက တစ်အောင်စလျှင် ၁,၆၂၀ ဒေါ်လာဝန်းကျင်ရှိနေရာမှ ယခုရက်ပိုင်း ၁,၆၀၀ ဒေါ်လာဝန်းကျင်ထိ ကျဆင်းလာသည်။ သို့သော် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၈,၅၀၀ ကျပ်ရှိနေသော ပြည်တွင်းရွှေဈေးနှုန်းများမှာ ပစ္စည်းရှားပြီး အရောင်းအဝယ်လုပ်သည့် ပမာဏများနေခြင်းကြောင့် ဈေးနှုန်းကျဆင်းမှုမရှိဘဲ ဈေးကောင်းလျက်ရှိကြောင်း သိရသည်။ ၁၅ ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၉၅,၀၀၀ ကျပ်ဝန်းကျင် ရှိနေသည်။

ထို့ကြောင့် ကမ္ဘာ့ရွှေဈေးဆက်လက်မာနေပါက ပြည်တွင်း ရွှေဈေးများမှာ မြင့်တက်နိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။ ယခုရက်ပိုင်းတွင် အပြင်လုပ်ငန်းရှင်များ၏ ရွှေဝယ်လိုအားနည်းသော်လည်း ရွှေလုပ်ငန်းရှင်အချင်းချင်း အရောင်းအဝယ်လုပ်သည့်ပမာဏများနေကြောင်း သိရသည်။ ထို့ကြောင့် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် နေ့စဉ်ပိဿာချိန် ၅၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်လေ့ရှိကြောင်း အသင်းရုံးတွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ရွှေကုန်သည်တစ်ဦးက ပြောသည်။

သို့သော် ရွှေဆိုင်များ၏ အရောင်းအဝယ်မှာ အပိုင်းဈေးကွက်နှင့် အထည်ဈေးကွက်နှစ်ခုလုံးတွင် ဈေးကွက်အေးနေကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy S3(32 GB) | 560,000 |
| Galaxy S2 | 365,000 |
| Galaxy Note | 460,000 |
| Ace Plus S7500 | 198,000 |
| Ace | 165,000 |
| Galaxy Gio | 128,000 |
| Galaxy Y | 105,000 |
| Galaxy Mini | 115,000 |
| Galaxy Corby | 88,000 |
| 5230 | 72,000 |

Today's Mobile, Best More Smart Mobile, 3 Mobile ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။

**Sony Ericsson**

| Model | Price |
|---|---|
| Ericsson Arc-S | 249,000 |
| Ericsson Neo | 219,000 |
| Ericsson X8 | 115,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 4S (64 GB) | 740,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (16 GB) | 599,000 |
| iPhone 4 (16 GB) | 515,000 |
| iPhone 4 (32GB) | 555,000 |
| New iPad(16GB) | 600,000 |
| iPod Touch (8GB) | 180,000 |

**Huawei**

| Model | Price |
|---|---|
| U 8860 (GSM) | 225,000 |
| U 8812 (GSM) | 143,000 |
| U 8661 (GSM) | 88,000 |
| U 8818 (GSM) | 133,000 |
| U 8816 (GSM) | 138,000 |
| U 8150 (GSM) | 79,500 |
| U 8500 (GSM) | 85,000 |
| T 8300 (GSM) | 90,000 |

ဩဂုတ်(၁၈)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-9988 | 150,000 |
| Panasonic | MAS 70 B2 | 190,000 |
| **Aircon** | | |
| Chigo | 1.0HP | 210,000 |
| Mitsubishi | 1.0HP | 255,000 |
| Samsung | 1.0HP | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၁၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၂၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၈) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၂၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၅၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၅၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၃,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဩဂုတ်(၁၇) ရက်က ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Aug(12) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(13) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(14) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(15) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(16) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(17) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(18) | 3,550 | 3,950 | 4,100 | 4,100 |

ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3610QM,4GB DDR3,500 HDD, 2GB VGA,14" | 693,500 |
| Intel Core i5-3317UM,4GB DDR3,500 HDD, 1GB VGA,14" | 598,900 |
| Intel Core i3-M2367, 4GB DDR3,500 HDD, 1GB VGA,14" | 519,900 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 389,700 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,700 |
| **msi** | |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GB VGA,15.6" | 1032,900 |
| Intel Core i5 2.5GHz 4GB DDR3, 500HDD, 2GB VGA, 14" | 589,300 |
| Intel Core i3 2.1GHz 2GB DDR3, 640 HDD, 1GB VGA 14" | 519,900 |
| AMDDualCore1.6GHz 2GB DDR3, 500 HDD, 256 VGA, 14" | 363,600 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1058,900 |
| Intel Core i5 1.7GHz 6GB DDR3,500HDD,IntelGraphic, 14" | 807,200 |
| Intel Core i5 2.5GHz 4GB DDR3,640 HDD, 2GBVGA,15.6" | 633,600 |

7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# အစ္စရေးက အီရန်အပေါ် တစ်ကိုယ်တော်တိုက်ပွဲ ဆင်နွှဲမည်လား

ကြည်နေဝင်းမင်း

ဂျေရုဆလင်မြို့ရှိ ဈေးဝယ်စင်တာ၊ စတိုးဆိုင်တစ်ခုရှေ့တွင် ဓာတ်ငွေ့ကာ မျက်နှာဖုံးသစ်များ ရယူရန် အစ္စရေးနိုင်ငံသား ဒါဇင်ပေါင်းများစွာ စုဝေးနေကြသည်။ ယင်းမှာ စစ်ဘက်က အီရန်အား တိုက်ခိုက်ပြီး အီရန်နှင့် ၎င်း၏ မဟာမိတ်များက လက်တုံ့ပြန်လာပါက အရပ်ဘက်ကာကွယ်ရေး ပြင်ဆင်မှုတစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

"ကျွန်တော်တို့ခေါင်းဆောင်တွေက သူတို့ရဲ့မိန့်ခွန်းတွေမှာ အရမ်းကို သဘောထားတင်းမာလာပြီး ဒီတစ်ခါ သူတို့ တကယ်ပြောနေပုံပေါ်တယ်"ဟု ဈေးဝယ်စင်တာရှိ ဓာတ်ငွေ့ကာ မျက်နှာဖုံးများ ဝေငှနေသောနေရာတွင် သူ့မိန်းမနှင့် သူ့အတွက်ပါ မျက်နှာဖုံးများ ရယူနေသော စီးပွားရေးစီမံခန့်ခွဲမှု ပါမောက္ခယိုရန်လန်းစ်ကပြောပါသည်။

ဩဂုတ်လ ၁ ရက်က အစ္စရေးနိုင်ငံသို့လာရောက်လည်ပတ်သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လီယွန်ပါနက်တာအား အီရန်အဏုမြူအစီအစဉ်အတွက် ငြိမ်းချမ်းစွာ အဖြေရှာရေး အချိန်တဖြည်းဖြည်း နည်းလာပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ညာဟုက ပြောကြားခဲ့ပါသည်။ တဲလ်အဗစ်မြို့အခြေစိုက် ဟားရက်ဇ်သတင်းစာကလည်း မစ္စတာနေတန်ညာဟုနှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်တို့သည် နိုဝင်ဘာလ ၆ ရက် အမေရိကန်ရွေး ကောက်ပွဲမတိုင်မီ အီရန်နျူကလီးယား စက်ရုံများအား ဗုံးကြဲရန် စဉ်းစားနေကြောင်း ရေးသားဖော်ပြခဲ့သည်။ မစ္စတာနေတန်ညာဟု၏ ပြောခွင့်ရပုဂ္ဂိုလ် မာ့ခ်ရီဂျက်ကမူ မီဒီယာများ၏ ခန့်မှန်းချက်များအပေါ် မှတ်ချက်မပေးခြင်းမှာ အစိုးရပေါ်လစီဟု ပြောပါသည်။

"မစ္စတာနေတန်ညာဟုနဲ့ မစ္စတာအီဟွတ်ဘာရက်တို့ဟာ အခုချိန်မှာ အီရန်ကို တိုက်ခိုက်ဖို့အတွက် အစ္စရေးပြည်သူလူထုကို အထူးတလှယ် ပြင်ဆင်ပေးနေပုံရတယ်"ဟု စစ်ဘက်မဟာဗျူဟာစီမံကိန်းဌာနမှ တပ်မှူးတစ်ဦးဖြစ်သူ ရှုယ်လ်မိုဘရွမ်းကဆိုပါသည်။ တိုက်မည်ဆိုပါကလည်း လာမည့်ခြောက်လအတွင်း ဖြစ်လာနိုင်သည်ဟု ၎င်းကဆိုပါသည်။ ယခင်ကဆိုလျှင် ယင်းသို့ ပြောဆိုမှုများမှာ အီရန်အပေါ် ပိုမိုပြင်းထန်စွာ အရေးယူရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တွန်းအားပေးရန်သာ ရည်ရွယ်ခဲ့ကြောင်း အမျိုးသားလုံခြုံရေး လေ့လာမှုအင်စတီကျူဒ်မှ သုတေသီလည်းဖြစ်သူ မစ္စတာဘရွမ်းကပြောသည်။

အီရန်၏ အဆောက်အအုံများကိုတိုက်ခိုက်နိုင်စွမ်းရှိကြောင်း အစ္စရေးခေါင်းဆောင်များက ထပ်ခါထပ်ခါ ပြောကြားနေခဲ့သော်ငြားလည်း ယခုအခါတွင် အပြောနှင့်သာမကဘဲ အရပ်ဘက်ကာကွယ်ရေးအစီအမံများပါ ပူးတွဲလုပ်ဆောင်လာပြီဖြစ်သည်။ ယင်းပြင်ဆင်မှုများတွင် ဒုံးကျည်တိုက်ခိုက်မှုများအား ပြည်သူလူထုသို့ စာရေးသားပေးပို့ အသိပေးသည့် စနစ်သစ်(Text Messages)အပြင် ဓာတ်ငွေ့မျက်နှာဖုံးများ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်းနှင့် ပြည်ထဲရေးဝန်ကြီးအသစ်ခန့်အပ်ခြင်းများလည်းပါဝင်သည်။ အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ နျူကလီးယားဆွေးနွေးမှုများ ရပ်တန့်နေပြီး ပိတ်ဆို့တားဆီးမှုများက ယခုအချိန်ထိ အီရန်၏ အဏုမြူအစီအစဉ်ကို မရပ်တန့်နိုင်သေးသောအနေအထားတွင် တိုက်ခိုက်ရေးခြိမ်းခြောက်မှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။

အစ္စရေး၏ လှုပ်ရှားမှုများမှာ ဖြစ်နိုင်ခြေရှိသော တိုက်ခိုက်မှုများ၏ ရှေ့ပြေးနိမိတ်များဖြစ်နိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့်လည်း အစ္စရေးသုံးငွေ ရှက်ကယ်လ်မှာ ယခုရက်သတ္တပတ်တွင် ၁၅ လအတွင်း အနိမ့်ဆုံးတန်ဖိုးသို့ ကျဆင်းသွားခဲ့သည်။ အစိုးရ ငွေတိုက်စာချုပ်များ၏ အတိုးအညွှန့်ကိုမြင့်တက်သွားစေခဲ့ပြီး အစ္စရေးစတော့ရှယ်ယာဈေးကွက်အား သုံးပတ်အတွင်း အနိမ့်ဆုံးညွှန်းကိန်းသို့ တွန်းချခဲ့သည်။

ပဋိပက္ခကြောင့် ဒေသတွင်း မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး ရေနံဈေးနှုန်းများ ခေါင်ခိုက်သွားမည်ကိုစိုးရိမ်သော အမေရိကန်အရာရှိများကမူ သတိထားရန် တိုက်တွန်းနေကြသည်။ ပြီးခဲ့သည့်နေ့ကပင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မစ္စတာပါနက်တာက အငြင်းပွားမှုအား သံတမန်ရေးအရ ဖြေရှင်းရန် တံခါးဖွင့်ထားဆဲဖြစ်ကြောင်းနှင့် အီရန်နျူကလီးယားဆိုက်များအား တိုက်ခိုက်ရန် အစ္စရေးက ယခုအချိန်တွင် ဆုံးဖြတ်ချက်မချရသေးဟု ထင်မြင်ကြောင်းပြောကြားသည်။

"ကျွန်တော်တို့အမြင်အရဆိုရင်တော့ သံတမန်ရေးအဖြေတစ်ရပ်ဆီ ဦးတည်လုပ်ဆောင်သွားရေး တံခါးဖွင့်လှစ်ထားဆဲဖြစ်ပါတယ်"ဟုပင်တဂွန်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မစ္စတာပါနက်တာကပြောပါသည်။ ဝါရှင်တန်အခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေး Carnegie Endowment အဖွဲ့မှ ဧည့်ပါမောက္ခ ဒေးဗစ်ရော့သ်ကော့ဖ်ကလည်း "ဒေသတွင်းမဟာမိတ်နိုင်ငံ (သို့မဟုတ်) အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ အစ္စရေးက တစ်ခုခုထလုပ်မည်ဆိုခြင်းမှာ အလွန့်အလွန်မဖြစ်နိုင်ကြောင်း"သုံးသပ်ပြောကြားသည်။

အီရန်အရာရှိများကလည်း တိုက်ခိုက်ရေးခြိမ်းခြောက်မှုများကို ပယ်ချပြောဆိုပါသည်။ အစ္စရေးအစိုးရ၏ မည်သည့်အရာရှိကမျှ ဤမျှ ကျိုးကြောင်းဆီလျော်မှုမရှိသော အရာတစ်ခုကို လုပ်ချင်လိမ့်မည်ဟုမထင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်းမေမန်ပါရက်စ်က ယမန်နေ့က တီဟီရန်တွင်ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားပါသည်။ ၎င်းတို့၏ နျူကလီးယားအစီအစဉ်မှာ တိုးတက်လာသော လူဦးရေအတွက် လျှပ်စစ်ဓာတ်အားတိုး၍ ထုတ်လုပ်ရေးသာရည်ရွယ်သည်ဟု အီရန်ကပြောသည်။

အစ္စရေးနိုင်ငံ၏ စောစောပိုင်း ခြိမ်းခြောက်မှုများရှိနေစဉ်မှာပင် အမေရိကန်နှင့် ၎င်း၏ ဥရောပမဟာမိတ်များက အီရန်အပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့တားဆီးမှုများ ချမှတ်ခဲ့ရာ အီရန်၏ စီးပွားရေးကို အထိနာမှုများဖြစ်ပေါ်စေခဲ့သည်။ ဘလွန်းဘာ့ဂ်ဝက်ဘ်ဆိုက်မှ စုဆောင်းခဲ့သော အချက်အလက်များအရ ယခုနှစ်အတွင်း အီရန်၏ ရေနံထုတ်လုပ်မှုမှာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၈၆ သန်းအထိရောက်ရှိကာ မူလကထက် ၂၀ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ နယူးယောက်မြို့ ရေနံအနာဂတ်ဈေးနှုန်းများမှာလည်း ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အီရန်နိုင်ငံတွင်လည်း လွန်ခဲ့သော ၁၂ လတာကာလအတွင်း အမဲသား၊ ဆန်နှင့် ပေါင်မုန့်ဈေးနှုန်းများ ၂၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ပြီဖြစ်သည်။

အီရန်နိုင်ငံအား တိုက်ခိုက်ရန် အစ္စရေး၏ အကြိမ်ကြိမ်ခြိမ်းခြောက်မှုများကြောင့် လည်း အနောက်နိုင်ငံများက ပိုမို၍ပြင်းပြင်းထန်ထန် အရေးယူလုပ်ဆောင်ခြင်းမရှိပါက အစ္စရေးနိုင်ငံက မဖြစ်မနေ အရေးယူလုပ်ဆောင်ရနိုင်ကြောင်း စိုးရိမ်မှုများလည်းပေါ်ထွက်နေသည်။ တိုက်ခိုက်မည်ဟု ထပ်ခါထပ်ခါခြိမ်းခြောက်မှုများကြောင့် (သုံးလအတွင်း သုံးကြိမ်) အစ္စရေးတို့၏ အနေအထားမှာ ကာတွန်းဇာတ်ကောင်ပုံစံဖြစ်လာပြီး ဘာမှလည်းဖြစ်ပေါ်မလာကြောင်း၊ ယင်းအနေအထားမှာ ၎င်း၏အမြင်အရဆိုလျှင် အစ္စရေးတို့အပေါ် ယုံကြည်စိတ်ချရမှုကို ထိခိုက်ပျက်စီးစေကြောင်း ယခင်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိဟောင်းနှင့် ဝါရှင်တန်မှ ပေါ်လစီကျွမ်းကျင်သူများအဖွဲ့ Atlantic Council မှ မစ္စတာအေရွန်ဒေးဗစ်မင်လာက ဆိုသည်။

အစ္စရေးနိုင်ငံမှ အတိုက်အခံပါတီ ပါလီမန်အဖွဲ့ဝင် အိုင်းဆက်ဟားဇော့ကလည်း အမှန်တကယ်တိုက်ခိုက်တော့မည့်ပုံပေါက်အောင် ဖန်တီးခဲ့ခြင်းအတွက် အစိုးရအား ဝေဖန်ပြောကြားပါသည်။ "အကယ်၍သာ မစ္စတာနေတန်ညာဟုနဲ့ မစ္စတာဘာရက်တို့က ဒီကိစ္စအပေါ် အလေးအနက်ထားတယ်ဆိုရင် သူတို့အနေနဲ့ ရေဒီယိုက အသံတိတ်သလိုတိတ်ဆိတ်နေရပါမယ်။ အဲဒီ့နောက် မစ္စတာနေတန်ညာဟုက မစ္စတာဘားရက်အိုဘားမားနဲ့ အိမ်ဖြူတော်မှာ ဒီကိစ္စကို ဆွေးနွေးသင့်ပါတယ်"ဟု မစ္စတာဟားဇော့က အစ္စရေးရေဒီယိုအားပြောကြားသည်။

စစ်တမ်းများအရလည်းတိုက်ခိုက်မှုအရေး အစ္စရေးပြည်သူလူထု၏ ဆန့်ကျင်မှုမှာ လျော့ပါးလာသည်။ ဩဂုတ်လ ၁၂ရက်တွင် ထုတ်ပြန်ခဲ့သော Dialog စစ်တမ်းအရ အမေရိကန်၏ အထောက်အပံ့မပါဘဲ အီရန်နိုင်ငံအား တိုက်ခိုက်ရေးကို ဆန့်ကျင်သူ ၄၆ ရာခိုင်နှုန်းရှိသည်။ မတ်လက ထုတ်ပြန်ခဲ့သည့် အလားတူစစ်တမ်းမှာ ၅၈ ရာခိုင်နှုန်းရှိခဲ့သည်။

အမေရိကန်တပ်ပေါင်းစုဗိုလ်ချုပ်ကြီး မာတင်ဒမ်ဆေးကမူ အစ္စရေး၏ အစီအစဉ်များအကြောင်းကို ဆန့်ကျင်ပြောဆိုပြီး အစ္စရေးနိုင်ငံ၏ လေတပ်သည် အီရန်၏ နျူကလီးယားအစီအစဉ်အား အလဲထိုးနိုင်သည့်စွမ်းဆောင်ရည်မရှိကြောင်းပြောဆိုသည်။

*—Ref: Businessweek/ Times of Israel*



**TRADE MARK CAUTION**

Celgene Corporation, a company organized under the laws of Delaware, and having its principal office at 86 Morris Avenue Summit, New Jersey 07901, USA, is the owner and sole proprietor of the Trademark:

**CELGENE AVILOMICS RESEARCH**

Reg.4/5091/2012
Reg.4/5092/2012
Reg. 4/5093/2012

In respect of : Int'l class 05 :" Pharmaceutical preparations for the treatment of oncology, autoimmune disease and inflammatory disorders."

Int'l class 09 : " Downloadable software for designing covalent drugs for use in the fields of pharmaceutical research and bioinformatics; Downloadable computer graphics, photographs, animations, computer screen shots, and 3-D pictures; Downloadable audio and video files and multimedia files featuring design of covalent drugs; Downloadable data sets and databases featuring design of covalent drugs; Electronic downloadable publications in the nature of magazines, articles for magazines, features for magazines and newspapers, text files, newsletters, newspapers, news supplements, reports, brochures, circulars, periodicals, pamphlets, leaflets, technical papers, and abstracts, the foregoing in the fields of pharmaceutical research and bioinformatics for use by professionals in the fields of science and medicine; Downloadable electronic publications in the nature of magazines, articles for magazines, features for magazines and newspapers, text files, newsletters, newspapers, news supplements, reports, brochures, circulars, periodicals, pamphlets, leaflets, audio and video files, multimedia files, data sets, databases, computer screen shots, 3-D pictures, technical papers, and abstracts in the fields of pharmaceutical research and bioinformatics."

Int'l class 42 : "Pharmaceutical research and development services; research in the fields of biotechnology, chemistry and pharmaceuticals; research and testing services in the fields of biotechnology, chemistry and pharmaceuticals; research and development of new products for others in the fields of biotechnology, chemistry and pharmaceuticals; scientific research services."

Any unauthorized use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 23.Aug.2012
(For: Patrick Mirandah Co. (S) Pte Limited Singapore) 23.Aug.2012



နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများ သက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
“ကျားဘမ်း” ပလာစတာ
WARM
COOL
TIGER BALM PLASTER
Myanmar Reg: No.1407AA1734
Myanmar Reg: No.1407AA1733
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th &79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER





TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် ဒစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၃ နှစ် အာမခံ
မှန်ကန်တိကျသော တိုင်းတာချက်
ရိုးရှင်းလွယ်ကူသော အသုံးပြုနည်း
ခေတ်မီဆန်းသစ်သော နည်းပညာ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption
to Control Meals & Exercise
ကိုယ်အလေးချိန် လျှော့ချလိုသူများနှင့်
ကျန်းမာရေးစောင့်ရှောက်လိုသူများအတွက်
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့်
ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာဖော်ပြပေးမည့် ကိရိယာ
MEMORY SET MODE
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
၃ နှစ် အာမခံ
• သွေးဖောက်ရာတွင် နာကျင်မှုမရှိခြင်း။
• မှန်ကန်တိကျသော အဖြေကို အချိန် (၁၀)စက္ကန့်အတွင်း သိရှိနိုင်ခြင်း။
• သွေးချိုတိုင်းတာမှုရလဒ်ကို mg/dl (သို့) mmol/L ဖြင့် ဖော်ပြပေးနိုင်ခြင်း။
• သုံးစွဲသူအား သွေးစက်နှင့် ထိတွေ့ပေကျံမှုမရှိစေသော အဆင့်မြင့်နည်းပညာ။
• Memory အရေအတွက် အကြိမ်(၁၅၀) အထိ သိမ်းဆည်းထားနိုင်ခြင်း။
• စမ်းသပ်ချောင်းများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း။
ခန္ဓာကိုယ် အပူချိန်ကို နားမှတစ်ဆင့်
တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည့်
TERUMO Ear Thermometer
EM-30CP LB/R
၂ နှစ် အာမခံ
Just 1 second
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th &79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# 7DAY BOOK REVIEW

## မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း




၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က သီပေါဘုရင်အား အိန္ဒိယနိုင်ငံ မဒရပ်သို့ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ထီးသုဉ်း၊ နန်းသုဉ်းဖြစ်၍ ရတနာပုံ နေပြည်တော်အား နယ်ချဲ့တို့က စီးနင်းဝင်ရောက်ကာ အဖိုးတန် နန်းတွင်းသုံးပစ္စည်းများ လုယက်ယူငင်ကြစဉ် မြန်မာပညာရှိဦးတင်က မပျောက်ပျက်ကောင်းသော ပေပုရပိုက်များကို ကြိုးစားထိန်းသိမ်းပြီး လှည်းအစီးပေါင်း ၄၀ ဖြင့် တင်ဆောင်ကာ အောက်မြန်မာပြည်သို့ သယ်ဆောင်လာခဲ့သည်။ ပုဂံဝန်ထောက်ဦးတင်၏ မဆုတ်မနစ်သော လုံ့လဖြင့် သယ်ဆောင်လာသော ပုရပိုက်များမှာ စုစုပေါင်း အဆူပေါင်း ၂၁,၈၆၀ ရှိလေသည်။ ယင်းတို့အနက် ၁၃၀၉ ဆူသည် ရှေးမြန်မာ မင်းတို့၏ ဥပဒေဆိုင်ရာ၊ ၂၇၅၆ ဆူသည် သာသနာရေးဆိုင်ရာ၊ ၁၂၂၃ ဆူသည် အခွန်အကောက်ဆိုင်ရာ၊ ၁၄၃၂ ဆူသည် စစ်ဘက်ဆိုင်ရာ၊ ၁၈၇၆ ဆူသည် တရားရာဇဝတ်ဆိုင်ရာ၊ ၃၄၅ ဆူသည် လယ်ယာလုပ်ငန်းဆိုင်ရာနှင့် ၁၁၀၈ ဆူသည် အလုပ်ဌာနဆိုင်ရာ ပုရပိုက်များဖြစ်ခဲ့သည်။

ဦးတင်၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ရန်ကုန်သို့ မပျက်မယွင်းဘဲ ရောက်ရှိလာသော ထိုပုရပိုက်အဆူဆူကို ထိုစဉ်က မြန်မာပြည် ဘုရင်ခံ ကရက်ဒေါက်၏ မှာကြားချက်အရ သီးသန့်စီ ခွဲခြားသန့်စင်ပြီးလျှင် နှစ်ပိုင်းခွဲ၍ ထုတ်ဝေခဲ့သည်။ ပထမတစ်ပိုင်းမှာ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ (Catalogue of Hlutaw Records) ဖြစ်ပြီး ဒုတိယတစ်ပိုင်းမှာ ယခုစာအုပ်ဖြစ်သော မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း ၅တွဲဖြစ်လေသည်။

လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံကို ၁၉၀၁ နှင့် ၁၉၀၉ ခုနှစ်တို့တွင် နှစ်တွဲခွဲ ထုတ်ဝေခဲ့ပြီး ဆယ်စုနှစ်ပေါင်းများစွာ ကြာပြီး လွန်ခဲ့သည့်နှစ်က ရာပြည့် စာအုပ်တိုက်က တစ်စုတစ်စည်းတည်း ပြန်လည်ထုတ်ဝေနိုင်ခဲ့သည်။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းကိုမူ ကြားကာလ၌ တစ်အုပ်စ နှစ်အုပ်စ ထုတ်ဝေနိုင်ခဲ့သော်လည်း ယခုအခါတွင်မှ တစ်စုတစ်စည်းတည်း ပြန်လည်ထွက်ရှိလာခြင်းဖြစ်သည်။

စာအုပ်တွင် ရှေးမြန်မာမင်းများ လက်ထက် လွှတ်ရုံးငါးရပ်အကြောင်း၊ လက်နက်ကိုင် ရဲမက်များစာရင်း၊ ကျေးရွာစစ်တမ်း၊ မင်းနှင့်မိဖုရားများ၊ မှူးကြီးမတ်ရာတို့၏ ဆောင်ရွက်ခဲ့ပုံများ၊ တိုင်းပြည်ရှိ မြေအမျိုးအစား၊ အခွန်အကောက်များ ကောက်ခံပုံနှင့် သာသနာရေးရာများအကြောင်း စုံစေ့စွာဖော်ပြပါရှိသည်။ အဓိကအခန်းကြီး ငါးခန်း၊ အတွဲငါးတွဲဖြင့် စုစည်းပြုစုထားရာ မင်းဆရာပညာရှိတို့၏ ကျင့်ဝတ်တရားများအကြောင်း၊ ဘုရင်မင်းမြတ်တို့၏ လိုက်နာတတ်သော ကျင့်ဝတ်တရား၊ တိုင်းသူပြည်သားတို့၏ ထားရှိရမည့် ကျင့်ဝတ်တရားများ၊ လူမျိုးဇာတ် သဘာဝ၊ ရာသီဥတု မြေဩဇာနှင့် လူနေအိမ်ခြေများ အခြေအနေ၊ မိန်းမများ မြို့ရွာအုပ်ချုပ်ပုံတွင်ပါဝင်ပုံ၊ မင်းလျာရွေးပုံ၊ ကျင့်ဝတ်တရားနှင့်ကိုက်ညီသောမင်းတို့ အသက်ရှည်သမျှ နန်းစံရပုံ၊ ကျင့်ဝတ်တရား ပျက်ယွင်းသော မင်းတို့ကြောင့် မင်းနှင့်တကွ နိုင်ငံပါပျက်စီးခြင်း၊ အမြော်အမြင်နည်းသော အမတ်ကြီးသုံးဦးအကြောင်း၊ တိုင်းပြည်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့သော မင်းများ၊ ဗုဒ္ဓသာသနာကို နှောင့်ယှက်ဖျက်ဆီးသော မင်းများ စသည်ဖြင့် အထူးစိတ်ဝင်စားဖွယ် ဖတ်ရှုရပါမည်။ အထူးသဖြင့် ယခုစာအုပ်သည် မြန်မာဟူ၍ စတင်ပေါ်ပေါက်လာပြီး ပုဂံခေတ် မြို့ရွာဖြစ်ထွန်းလာခြင်းမှစ၍ ပဒေသရာဇ်ခေတ်များအဆက်ဆက် နောက်ဆုံး ကုန်းဘောင်ခေတ် ပျက်စီးချိန်အထိ မင်းများနှင့် တိုင်းပြည်အခြေအနေများကို မှတ်တမ်းတင်ပြုစုထားပေရာ သမိုင်းတန်ဖိုး မဖြတ်နိုင်သော စာအုပ်မျိုးဖြစ်ပါသည်။ စိတ်ကူးချိုချို စာအုပ်တိုက်က တန်ဖိုး ၇,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့လူသုံးအများဆုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်က ဘာလဲ

ကမ္ဘာ့လူသုံးအများဆုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ ယခုနှစ် နှစ်ဝက်ကျိုးသည်အထိ Facebook ပင်ဖြစ်ခဲ့သည်။ အီတာလျံအခြေစိုက် လူမှုမီဒီယာသုတေသနပညာရှင် ဗင်ဆင်ဇိုကိုဆန်ဇာသည် Alexa နှင့် GoogleTrends ကဲ့သို့သော အွန်လိုင်းစောင့်ကြည့်မှုဆိုက်များအသုံးပြု၍ လူမှုကွန်ရက်များ၏ ကမ္ဘာ့မြေပုံတစ်ခုလုံး၌ Facebook ကိုယ်စားပြု အပြာရောင်မှာ နေရာအများအပြား၌ အလွှမ်းမိုးဆုံးဖြစ်ခဲ့သည်။ သုတေသနပြုချက်အရ Facebook ကို နိုင်ငံပေါင်း ၁၃၇ နိုင်ငံတွင် ၁၂၆ နိုင်ငံ၌ အသုံးပြုနေကြသည်ကို သိရသည်။

အင်တာနက်ကမ္ဘာ၏ စာရင်းအင်းအချက်အလက်များကိုစုစည်းတင်ပြလေ့ရှိသော internetworld-stats.com ဝက်ဘ်ဆိုက်၌လည်း Facebook အသုံးပြုသူအရေအတွက်မှာ မတ်လတွင် ၈၄၅ သန်းရှိခဲ့သည်ဟုဆိုသည်။ သို့သော် ယခုအခါ ဇူလိုင် ၂၇ ရက်တွင် အေပီသတင်းတစ်ရပ်က ဖော်ပြခဲ့မှုအရ သန်း ၉၅၀ ကျော်ခဲ့ပြီဖြစ်သည်။ Facebook ကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်မှုအရင်း၏ဆိုက်ကို နေ့စဉ် လူပေါင်း ၅၄၃ သန်းက မိုဘိုင်းဖုန်းများ၊ သင်ပုန်းကွန်ပျူတာငယ်များစသည့် Mobile Device များဖြင့် အသုံးပြုနေကြောင်း သိရသည်။ Facebook သည် စတင်တည်ထောင်သည့် ၂၀၀၄ ခုနှစ်မှစ၍ ရှစ်နှစ်တာအတွင်း အသုံးပြုသူ ၁၀၀ ရာခိုင်နှုန်းခန့် တိုးတက်လာခြင်းဖြစ်သည်။ Facebook ၏နောက် ဒုတိယနေရာမှ လူသုံးအများဆုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ Twitter ဖြစ်၍ အသုံးပြုသူသန်း ၄၉၀ ရှိရာ Facebook နှင့် ထက်ဝက်ခန့်ကွာဟနေသည်။

—Ref: CNNMoney/AP






### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြဿနာများ ဖြစ်တတ်သည်။ ပတ်သက်လိုက်သော သူများမှ စိတ်အနှောင့်အယှက်ဖြစ်လာမည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားတတ်သည်။ ဆုံးဖြတ်ပြီး လုပ်သောကိစ္စများတွင် အပြိုင်အတိုက်အခံများ ကြုံမည်။ အားမလို အားမရဖြစ်မည်။ လူမျိုးကွဲ ကပြားစပ်သူများနှင့် ပူးတွဲလုပ်သော ကိစ္စများမှ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ ကြုံမည်။ ကိုယ်ရေး ကိုယ်တာကိစ္စထက် တစ်ပါးသူအရေးကိစ္စများ ဦးစားပေးရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိသားစုကိစ္စများပတ်သက် ဆောင်ရွက်ရင်း မိမိအတွက်ပါ အကျိုးကောင်းရရှိမည်။ အိုးအိမ်ကိစ္စအတွက် စကားပြောဆိုမှုများ ကြုံမည်။ စကားအောင်မြင်မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် ပြောဆိုဆောင်ရွက်ခြင်းများအထင်အရှားအောင်မြင်မည်။ ချက်ချင်းဆုံးဖြတ်၍ အကောင်ထည်ဖော်ဆောင်ရွက်သော ကိစ္စများမှကောင်းသောအကျိုးဆက်ရမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ငွေကုန်ကြေးကျများမည်။ ကာလရှည်ကြာ စုဆောင်းထားသော ငွေများကို အစုလိုက် အပုံလိုက် သုံးစွဲရမည်။ သဘာဝဘေးအန္တရာယ် ဂရုစိုက်ရမည်။ အပျက်အစီး အလေအလွင့်များပြားမည်။ မည်သည့်လုပ်ငန်း ကိစ္စကို မဆို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီး လုပ်ရမည်။ အလောတကြီး ဆောင်ရွက်ရန် မသင့်။ မိသားစုအတွင်း တနင်္လာနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့ မွေးသောသူများရှိက ၎င်းတို့နှင့် ပတ်သက်၍ စိတ်ချမ်းမြေ့ရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ပဋိပက္ခအခက်အခဲများ ပြေလည်အောင် ဖြေရှင်းနိုင်မည်။ ရန်အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် ပြောဆိုဆောင်ရွက်ခြင်းများ၊ အထင်အရှားအောင်မြင်မည်။ ချက်ချင်းဆုံးဖြတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သော ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်ရိုးလုပ်စဉ် မဟုတ်သော ကိစ္စများကို ဆောင်ရွက်ရင်း တက်လမ်းများရရှိမည်။ ငွေကြေးကိစ္စစကား ပြောဆိုမှုများ အောင်မြင်မည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ နေရာထိုင်ခင်းကိစ္စများအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အောင်မြင်မည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ ဝယ်ယူသုံးစွဲမှုပြုနိုင်သည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလုပ်ပို ကိစ္စပိုများ ကြုံမည်။ ငွေကြေးအပေးအယူ ဂရုစိုက်ရမည်။ စာရင်းဇယားမရှိ ဆောင်ရွက်သော ကိစ္စများမှ စိတ်အနှောင့်အယှက်များ ဖြစ်လာမည်။ တွဲဖက်သောသူများ၏ မရိုးမသားဆောင်ရွက်မှုများကြောင့် အမှုပြဿနာပွားတတ်သည်။ ရင်ဘတ်၊ အဆုတ်ဒုက္ခပေးမည်။ ဆေးသောက်၊ ဆေးဆိုးမှုမှားယွင်းမည်။ စားနေကျမဟုတ်သော အစာများရှောင်ပါ။ ခြံမြေကိစ္စအတွက် စကားများရမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အနောက်အရပ်မှ ကြာသပတေးနေ့ မွေးသူများနှင့် ပူးတွဲပတ်သက်၍ ဆောင်ရွက်လိုက်သော အလုပ်စီးပွားများ အဆင်ပြေမည်။ အရှေ့တောင်အရပ်မှ အင်္ဂါနေ့မွေးသူများ၏ အထောက်အကူရမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ မြေကိစ္စစကားပြောဆိုရမည်။ စကားအောင်မည်။ ခရီးကိစ္စဆောင်ရွက် အဆင်ပြေမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ချက်ချင်းဆောင်ရွက်ပြီးစီးနိုင်သော ကိစ္စတစ်ခုအား အချိန်ဆွဲထားခြင်းကြောင့် အခွင့်ကောင်းများ လက်လွတ်ခြင်းများ ကြုံမည်။ စနေသားသမီးများနှင့်လည်း ပူးပေါင်း၍ လုပ်ငန်းများလုပ်ခြင်းရှောင်ပါ။ ဆုံးရှုံးခြင်း၊ နစ်နာခြင်းများဖြစ်တတ်သည်။ အိုးအိမ်ကိစ္စ၊ နေရာဆိုင်ခင်းကိစ္စများအတွက် စကားပြောဆိုရမည်။ လုပ်ငန်းခွင်အတွင်း အရှုပ်အထွေးများ ဖြစ်တတ်သည်။ မိသားစုတွင် ရွှေထွက်ကိန်း၊ လူထွက်ကိန်းများ ပေါ်နေမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုပ်အကြံ ရည်ရွယ်ချက် အလုံးစုံအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ကိုယ်လုပ်သလောက် ထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ ဝေးကွာနေသော မိတ်ဆွေဟောင်းများနှင့် တွေ့မည်။ အကြံဉာဏ်ကောင်းများ ရယူနိုင်မည်။ ကိုယ်တိုင်သည်လည်း စိတ်ကူးသစ်များပေါ်မည်။ ပေါ်လာသောစိတ်ကူးသစ်များအား အကောင်အထည်ဖော်နိုင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆရာသမားများ၏ အကြံဉာဏ်ကောင်းရရှိမည်။ လုပ်ငန်းခွင်မှ သူများသည် လုပ်ရိုးလုပ်စဉ် မဟုတ်သော အလုပ်များကြောင့် စိတ်ပင်ပန်းရခြင်း ကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သော သူများသည်ကား အခါတိုင်းနှင့်မတူသော ဦးတည်ချက်များ ကုန်ပစ္စည်းသစ်၊ လုပ်ငန်းသစ်များဆောင်ရွက် အကျိုးပေးမည်။ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်ရှုပ်ထွေးစရာများ ရှိမည်။ ရန်မနာလိုသူများ ရှိမည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်ရာတွင် အတိုက်အခံ ပြုသူများနှင့် ကြုံတွေ့မည်။ ညာခြေ၊ ညာလက်တွင် မတော်တဆထိရှတတ်သည်။ ရေချိုးခန်း၊ လှေကားအတက်အဆင်းများတွင် အန္တရာယ်ဖြစ်တတ်သည်။ လဲပြိုသွားတတ်သည်။ လက်ဝတ်ရတနာများ ထွက်ကိန်းရှိသည်။ နေအိမ်သို့ စနေသားသမီးများဝင်က စိတ်အနှောင့်အယှက်များသည်။




### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စီစဉ်ထားခြင်းမရှိသော အရေးကိစ္စများ ဆောင်ရွက်နိုင်သည်။ ဦးတည်ချက်ပြောင်း၍ လမ်းသစ်ထွင်ကာ ဆောင်ရွက်ခြင်းမှ အောင်မြင်မှုရမည်။ ငွေကြေးကိစ္စ၊ စီးပွားကိစ္စများတွင် အလိုပြည့်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရန် ကောင်းသည်။ ကြိုးပမ်းဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၉၆)



## အလျားလိုက်

၁။ ရဲတပ်ဖွဲ့များ ထပ်မံဖွဲ့စည်းရသည့် လုံခြုံရေးကိစ္စ
၄။ မြန်မာ့သတ္တုတစ်မျိုးကို ကမ္ဘာ့အဆင့်မီထုတ်လုပ်ခဲ့သည့်အုပ်စု
၈။ မြစ်ပွားနာကို ဆိုးရွားစေနိုင်သည့်အကြောင်းတစ်ရပ်
၉။ အများအကျိုးဆောင်အဖွဲ့တစ်ဖွဲ့
၁၀။ မငြိမ်မသက်ဒေသတွင် ထုတ်ပြန်သောပုဒ်မအမိန့်
၁၁။ ကမ္ဘာလှည့်ခရီးသည်များအတွက် ပြင်ဆင်လုပ်ကိုင်မည့်နေရာ

## ဒေါင်လိုက်

၂။ အိန္ဒိယမှ နာမည်ကျော်သတင်းစာ
၃။ အဆိုအတီးပြိုင်ပွဲကို ပြောင်းလဲမည့်ပုံစံ
၅။ မြန်မာ့ထိပ်သီးခရီးသွားနယ်မြေတွင် ခရီးသွားများ၏ခံစားခွင့်
၆။ ဝေလည်ကြောင်ပတ်မရေးသင့်သောစာများ
၇။ ထူးထူးခြားခြားဈေးကွက်ဖြစ်နေသောအရာ
၈။ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော အကြောင်းအရာများ


**Smart Dictionary ကံထူးသူ**

**၁။ ခင်စုစုဝင်း၊ ၅/အရတ(နိုင်)၀၈၇၇၀၉ အမှတ်(၃) ကွက်သစ်ရပ်၊ အရာတော်မြို့။**

**ကျန်အဖြေမှန်သူများ**

**၂။ ဒေါ်စိုးစိုးခိုင်၊ ၅/စကန(နိုင်)၀၃၀၆၄၅**
**၃။ ထွန်းနိုင်၊ ၁၂/ဥကတ(နိုင်)၀၄၈၀၇၉**
**၄။ သွန်းသီရိခင်၊ ၉/အမရ(နိုင်)၁၅၀၈၁၂**
**၅။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀**
**၆။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁**

**ပဟေဠိ အမှတ်စဉ်(၁၉၅)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ..........................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၄–၈–၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ညွှန်ကြားပေးသည်**

ပညာရပ်ဖြင့် တိကျသေချာစွာစစ်ဆေး၍ (အောင်မြင်ထင်ရှားမှုရှိသူများသာ) လိုအပ်သည်များ ညွှန်ကြားပေးမည်။ ဖုန်းဖြင့်ဖြေကြားပေးမည်။ မွေးသက္ကရာဇ်အား (၁)ရက်ကြိုပေးရန်။ တစ်ဦးလျှင် (၅,၀၀၀ ကျပ်)

**ဖုန်း- ၀၉ ၄၃၁၆၆၄၆၀**

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**Saya U Myint Mg**

အင်္ဂလိပ်စာအားနည်းသူများအတွက် Grammar, Vocabulary, Speaking and Writing လိုအပ်ချက်အလိုက် Basic မှ ပြန်လည်အတတ်သင်ပေးမည်။

**ဖုန်း- ၀၉ ၇၃၀၅၇၂၁၀**

**သင်ကြားပေးသည်**

မူလတန်းမှ တက္ကသိုလ်ဝင်တန်းထိ (အခြေခံ)ကောင်းစေရန် သေချာအထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၉၃၁၅၀၄၅**

**Queen Fashion(ဒေါ်တင့်တင့်)**

အပ်ချုပ်သင်တန်း တစ်ဘာသာ (1 week) - ၁၀,၀၀၀ ကျပ်၊ ဘာသာစုံ (1 month) - တစ်သိန်းခွဲ။

**ဖုန်း- ၀၉ ၅၁၃၂၃၇၃**

**Projector Rental Service**

Projector ငှားသည်။ အလှူမင်္ဂလာပွဲများ၊ တရားပွဲများ၊ အခမ်းအနားများတွင် လိုအပ်သော Projector နှင့် ပိတ်ကားများ Speaker နှင့် အသံစနစ်များ ငှားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၅၄၆၄၄**

**ငှားရန်ရှိသည်**

အင်းလျားကန်ရှေ့၊ ဓမ္မာရုံလမ်းမကြီးပေါ်၊ သုံးထပ်တိုက်သစ်၊ စီးပွားရေးလုပ်ရန်ကောင်း၊ ရုံးခန်းဖွင့်ရန်နေရာကောင်း၊ 100 KVA ထရန်စဖော်မာပါသည်။ ကား(၈)စီးရပ်နိုင်သည်။

**ဖုန်း- ၀၉ ၇၃၀၂၂၁၀၀**

**'မိုမိဂို' စာသင်ဝိုင်း**

အသက် ၄ နှစ်မှ ၁၂ နှစ်အထိ (အင်္ဂလိပ်စာသီးသန့်/သင်္ချာသီးသန့်)၊ International School မှ ကလေးများကို သင်္ချာသီးသန့်သင်သည်။

**ဖုန်း- ၀၉ ၄၂၅၂၈၅၅၂၈**

**ရောင်းရန်ရှိသည်**

ရှေးဟောင်းငွေထည်ပစ္စည်းများနှင့် လက်ဝတ်ရတနာများ ရောင်းမည်။

**ဖုန်း- ၀၉ ၅၀၈၀၆၆၁**

**နတ်မြင်းပျံ(သယ်ယူပို့ဆောင်ရေး)**

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ကုန်ပစ္စည်းများ (ပြောင်း/ရွှေ့)အစအဆုံး တာဝန်ယူဆောင်ရွက်ပေးသည်။ **ဖုန်း- ၀၉ ၅၀ ၂၀၁၇၈**

**ကျောင်းသူသီးသန့်အဆောင်**

ရန်ကုန်မြို့လယ်၊ ဗိုလ်ချုပ်လမ်းအနီးတွင်ရှိပြီး ကျောင်းသူများအတွက် သီးသန့်အခန်းဖြင့် ၁၊ ၂၊ ၃ ယောက်ခန်းဖြင့် စီစဉ်ထားရှိသည်။

**ဖုန်း- ၀၉ ၄၃၁၅၃၆၃၄**

**Myanmar First Runner**

**Travels & Tours**

On call English, German, French, Italian, Spanish Tour Guide များ ဆက်သွယ်ပါ။

**ဖုန်း- ၀၁ ၃၉၂၅၆၆**

**Sa Yar Htunn Linn Aung**

**(MC-BTech)**

ဘာသာစုံ ၉၊ ၁၀ တန်း အိမ်တွင် စာသင်ဝိုင်းလိုသူများ။

**ဖုန်း- ၀၉ ၄၃၀၂၆၈၂၉**

**ရောင်းမည်**

WCDMA+Internet 3G လိုင်းကတ် Huawei Handset, Processer-1GHz. (420,000 Kyats)

**Ph: 09 450019028**

**KKK.CHIEF COOK သင်တန်း**

KKK. Korean Food Ships Cooking Training Centre တွင် နိုင်ငံခြားသင်္ဘောများပေါ်၌ တာဝန်ထမ်းဆောင်နိုင်ရန် ကိုရီးယားနှင့် အခြားဟင်းလျာများကို အမြန်သင်ပေးသည်။

**ဖုန်း- ၃၈၀၈၅၂**

**အိမ်လိုက်သင်သည်**

၈၊ ၉၊ ၁၀ ဘာသာစုံနှင့် အင်္ဂလိပ်၊ သင်္ချာ(သီးသန့်) အသေးစိတ်လေ့ကျင့် သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၃၆၀၇၈**

**ရောင်းမည်**

i Series Ek-600i Digital ကတ္တား (၁)လုံးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းမည်။

**ဖုန်း- ၀၉ ၅၀၁၀၅၄၉**

**သင်တန်း**

Galaxy Mobile Repair & Training မှ Handset ပြုပြင်သင်တန်းက Hardware ပိုင်းနှင့် Software ပိုင်းများကို စာတွေ့လက်တွေ့ သင်ပြပေးနေပါသည်။

**ဖုန်း- ၀၉ ၇၃၀၉၈၆၃၀**

**MK ဘီလီယက်ခုံ**

ဘီလီယက်ခုံဝယ်မယ်ဆိုရင် ကောင်းရမယ်လို့ အာမခံရဲတဲ့ MK နဲ့ပဲ ဆက်သွယ်လိုက်ပါ။

**ဖုန်း- ၀၉ ၇၃၇၂၇၀၅၀**

**အိမ်လိုက်သင်သည်**

English စာကို အခြေခံမှစ၍ သင်ကြားပေးသည်။ Computer ကို အခြေခံမှစ၍ သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၉၃၃၀၂၀၉**

**ဝန်ဆောင်မှု**

Ph လိုင်းကတ်အမျိုးမျိုးကို လက်လီလက်ကား ရရှိနိုင်ပြီး၊ ကတ်ပျောက်၊ ကတ်ပျက်များကိုလည်း တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

**ဖုန်း- ၀၉ ၄၂၀၀၆၃၈၅၈**

**ရောင်းမည်**

ရေ၊ မီးစုံ၊ Aircon ပါ၊ အခန်းပြုပြင်ပြီး၊ အသင့်နေ သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မေခလမ်းသွယ် (၂)၊ ဒုတိယထပ်၊ ပေ (၁၈×၄၀)၊ သိန်း (၃၂၀)၊ ညှိနှိုင်း။

**ဖုန်း- ၀၉ ၅၀၇၇၆၅၂**

**ဆရာမဝေဝေ**

**(B.Sc Physics) D.P.A (Y.U)**

International ကျောင်းသားများအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများအတွက် ဘာသာစုံ၊ ၈၊ ၉၊ ၁၀ တန်းများအတွက် Maths နှင့် Physics ဘာသာရပ်များကို သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၅၀၅၇၅၃**

**ဝန်ဆောင်မှု**

မြန်မာပြည်အနှံ့ ကားကြီး၊ ကားလေး၊ ကားမျိုးစုံကို ဈေးနှုန်းသက်သာစွာ ငှားရမ်းပေးနေပါပြီ။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉ ၅၁၉၇၃၈၀**

**ရောင်းမည်**

ပေ(၂၀×၆၀)၊ နှစ်(၆၀)ဂရန်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ရေမီးစုံ၊ ခြံစည်းရိုးခတ်ပြီး၊ အမှတ်(၂၀၀၃-က)၊ ဗညားဒလလမ်း၊ တောင်ဒဂုံ(၇၁)ရပ်ကွက်၊ သိန်း(၁၇၀)(ညှိနှိုင်းဈေး)။

**ဖုန်း- ၀၉ ၄၉၅၇၅၉၁၃**

**Computer Maintenance**

ကွန်ပျူတာများ Error မတက်အောင် Hardware ပိုင်း/OS ပိုင်းကို ဘယ်လိုထိန်းသိမ်းမလဲ၊ ဘယ်လိုဖြေရှင်းမလဲဆိုတာ သင်ကြားပေးသည်။

**Thi Ha (D.H.Engg), (MCTS)**

**Ph: 09 420033695**

**မြေရောင်းမည်**

တောင်ဒဂုံ၊ (၅၅)ရပ်ကွက်၊ ပုဂံလမ်းမကြီးပေါ်၊ ပေ(၄၀×၆၀)။

**ဖုန်း- ၀၉ ၄၉၂၂၇၃၆၅**

**ဆိုင်ခန်းရောင်းမည်**

တောင်ဥက္ကလာ(၁၀)ရပ်ကွက်၊ ဟေမဝန်ဈေး၊ (၁) တစ်ခန်းသီးသန့် ၃ ခန်း၊ (၂) နှစ်ခန်းတွဲ ၁ ခန်း၊ (ညှိနှိုင်းဈေးဖြင့်)။

**ဖုန်း- ၀၉ ၇၃၂၃၇၉၈၂**

**ရောင်းမည်**

ပေ(၇၅×၉၀)၊ လုံးချင်း၊ RC 2 ထပ်၊ မီတာ ၂လုံး၊ Ph ပါ၊ ပုသိမ်မြို့လယ်။

**ဖုန်း- ၀၉ ၅၀၅၇၁၆၃**

**Maths**

- Primary, Secondary သင်္ချာအထူးသင်ကြားမှု(Home Visit)
- တက္ကသိုလ်ဝင်တန်း ဘာသာစုံ/တစ်ဘာသာချင်း (Study Guide)

**Ph: 09 5188468**

**ရောင်းမည်**

ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ မြေညီ၊ ပေ(၂၀×၆၀)၊ ကျပ်သိန်း-၂၀၀၀။ ပွဲစားမလို။

**ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂**

**ဓမ္မဒါနဖြန့်ဝေလိုသူများအတွက်**

အဘ ဘိုးမင်းခေါင်၏ နှစ်(၆၀)ပြည့် ပုပ္ပါးပွဲတော်တွင် အဘ၏ပုံတော်များနှင့် လက်ကမ်းစာအုပ်ငယ်များကို ဖြန့်ဝေလိုပါက ဆက်သွယ်နိုင်သည်။

**ဖုန်း- ၀၉ ၄၃၁၀၆၅၆၇**

**ရောင်းမည်**

တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ရန်ကုန်-နေပြည်တော် အမြန်လမ်းမန်ဘေးတွင် မြေကွက်လွတ်များကို တစ်ဧကချင်း ရောင်းချပေးနေပြီ။

**ဖုန်း- ၀၉ ၄၃၀၃၀၁၃၀**

**'ထွင်'အပ်ချုပ်ပညာသင်တန်း**

ဂျပန်စင်တီမီတာနည်း၊ လက်မနည်းတို့ဖြင့် ဘာသာစုံပုံဆွဲနည်း၊ ညှပ်နည်း၊ ချုပ်နည်းသင်တန်း၊ ပန်းချီဆေးရေးသင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း။

**ဖုန်း- ၀၉ ၅၁၈၀၀၀၉**

**FASHION MARIGOLD**

အပ်ချုပ်နည်းပညာသင်တန်း

ဂျပန်စင်တီမီတာနည်း၊ လက်မနည်းတို့ဖြင့် ဘာသာစုံပုံဆွဲနည်း၊ ညှပ်နည်း၊ ချုပ်နည်းသင်တန်း၊ ပန်းချီဆေးရေးသင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း။

**ဖုန်း- ၀၆၇ ၄၃၂၀၀၇**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## စာ(၄၁) ကော့သောင်းကျောက်မီးသွေး စက်ရုံကို ဒေသခံများကန့်ကွက် မှ

အသက်ရှုကျပ်ခြင်းများကို ခံစားရကြောင်း ရွှေပြည်သာရပ်ကွက်တွင် နေထိုင်သူများက ပြောကြားသည်။

"ကျွန်မက ဒီကုမ္ပဏီကို မုန်းလို့လုပ်နေတာ မဟုတ်ဘူး။ ကျွန်မတို့တကယ်ခံစားနေရပြီ။ ဈေးနှုန်းသက်သာတယ်ဆိုတာကို ကျွန်မတို့လည်း ကြိုက်ပါတယ်။ သူများနိုင်ငံမှာတောင် ဆိုးကျိုးတွေကြားနေရတာ။ အခုဟာက ကျွန်မတို့တကယ်ခံစားနေရတာပါ။ လုံးဝဒီနေရာမှာ မဆောက်ဖို့ကန့်ကွက်ပါတယ်။ သားစဉ်မြေးဆက် မကောင်းတဲ့ဟာတွေ မချန်ထားခဲ့ချင်လို့ ဒီလိုလုပ်နေရတာပါ" ဟု ဒေါ်နွေးနွေးက ပြောသည်။

ကျောက်မီးသွေးစက်ရုံလည်ပတ်မှုအား ကန့်ကွက်မည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ဒီမိုကရက်တစ်ပါတီက ဦးဆောင်ပြီး လူအင်အားငါးသောင်းဖြင့် ဆန္ဒပြရန် သက်ဆိုင်ရာ အစိုးရထံခွင့်ပြုမိန့်လျှောက်ထားခဲ့သော်လည်း လူအင်အားများပြားသောကြောင့် လုံခြုံရေး မလုံလောက်မှုနှင့် ဆန္ဒပြချိန်ပိုမှုတို့ကြောင့် အစိုးရက ငြင်းဆန်ခဲ့ပြီးနောက် ယင်းကဲ့သို့ လက်မှတ်ထိုး ကန့်ကွက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

"သူတို့က လူအင်အားကြောင့် ငြင်းလိုက်ပေမယ့် အယူခံဝင်ထားတယ်။ ဆန္ဒပြတဲ့လူဦးရေက နဂိုကတစ်သိန်းတင်ရာကနေ လျှော့လိုက်တာပါ" ဟု ဒီမိုကရက်တစ်ပါတီမှ ဦးသန်းထွန်းက ပြောသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်သည့်ဥပဒေမထွက်ရှိခင်က မြို့နေလူထုအချို့က အသိပညာပေးစာရွက်ဝေခြင်းများ၊ ကန့်ကွက်ဆန္ဒပြခြင်းနှင့် သမ္မတထံ စီမံကိန်းနေရာပြောင်းရွှေ့ပေးရန် အသနားခံစာ ပေးပို့ခြင်းများ ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့သော်လည်း သက်ဆိုင်ရာမှ အကြောင်းမပြန်ကြားခဲ့ချေ။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော စက်ရုံမှာလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေသည့် အဆင့်ထိ မရောက်ရှိသေးကြောင်း၊ ရုံဖန်ရုံခါ စက်ရုံလည်ပတ်နေသည်မှာ စမ်းသပ်နေသည့် အဆင့်သာရှိကြောင်း၊ လေထုညစ်ညမ်းမှုကို တိုင်းတာစစ်ဆေးရန် မော်လမြိုင်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်မှ ကျွမ်းကျင်သူပညာရှင်များစစ်ဆေးဦးမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်ပါက စက်ရုံအား လုံးဝရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း သန်းဖြိုးသူကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးလှမော်က ပြောကြားသည်။

ကျောက်မီးသွေးစက်ရုံအတွက်ဂျာမန်နည်းပညာဖြင့် ထုတ်လုပ်ထားသောစက်ကိုတရုတ်နိုင်ငံမှမှာယူတင်သွင်းဝယ်ယူခဲ့ကြောင်း၊ မြေဧက၁၅ပေါ်တွင်တည်ဆောက်ထားပြီး လူနေအိမ်ခြေများ၊ မီတာ ၄၀ ကွာဝေးကြောင်းနှင့် မီးခိုးခေါင်းတိုင်များကိုလည်း စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းစီမံကိန်းကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၈ သန်းအကုန်ကျခံ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ဒေသခံများက ယင်းစီမံကိန်းနေရာသည် ယခင်က ရေခဲစက်ရုံဖြစ်ကြောင်း၊ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ကြောင်း သိရသည်မှာ တစ်နှစ်ခန့်သာရှိသေးကြောင်း လူနေအိမ်ခြေရပ်ကွက်နှစ်ခုနှင့် ချောင်းတစ်ချောင်းခြားပြီး အကွာအဝေးမှာပေ ၂၀ရှိကြောင်း ရွှေပြည်သာရပ်ကွက်တွင် နေထိုင်သူများက ပြောသည်။

## ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်ပုံတင်ခွင့်ရ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၁၈**

၁၉၉၀ ရွေးကောက်ပွဲတွင် နှစ်နေရာအနိုင်ရခဲ့သောပါတီအမည်ကို ပြောင်းလဲမှတ်ပုံတင်ထားသည့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (Zomi Congress For Democracy)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီမှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ဩဂုတ်လ ၁၇ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ခြင်းဖြစ်သည်။

နိုင်ငံရေးပါတီမှတ်ပုံတင်ကျပြီး ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား၁,၀၀၀ကိုရွေးကောက်ပွဲကော်မရှင်ထံသို့ တင်ပြရမည်ဖြစ်သည်။

"လာမည့် အပတ်လောက်ကစပြီး ပါတီဝင်အင်အားကို ကလေး၊ တမူးပြီးရင် တောင်ပေါ်တက်ပြီး စုစည်းသွားမှာပါ"ဟု ပါတီအတွင်းရေးမှူး ဦးထမ်းလျန်ကပြောသည်။

ဇိုမီးအမျိုးသားကွန်ဂရက် အမည်ဖြင့် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပါတီအမည်ကို ခွင့်မပြုသဖြင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်အမည်သစ်ဖြင့် လျှောက်ထားခဲ့ရာ ဇူလိုင်လ ၅ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့သည်။

ချင်း(ဇိုမီး)တိုင်းရင်းသား လူဦးရေ သုံးသိန်းကျော်ရှိပြီး ချင်းပြည်နယ် တီးတိန်၊ တွန်းဇံ၊ မတူပီနှင့် ကျီခါးမြို့နယ်များတွင် အများဆုံး နေထိုင်ကြကြောင်း ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ထံမှ သိရသည်။

## JOKE

### စီးပွားရေး အပေါင်း၊ အနုတ်

သူဌေးတော် + အလုပ်သမားတော် = အမြတ်အစွန်း
သူဌေးတော် + အလုပ်သမားညံ့ = ကုန်ထုတ်လုပ်မှု
သူဌေးညံ့ + အလုပ်သမားတော် = ရာထူးတက်
သူဌေးညံ့ + အလုပ်သမားညံ့ = အချိန်ပိုဆင်း

### ဘာကူညီရမလဲ

အမျိုးသားတစ်ဦး စူပါမားကက်တွင် ပစ္စည်းတစ်ခုရှာနေသည်။ အရောင်းအကူ မိန်းကလေးကလည်း ကူညီရန် အသင့်ရပ်နေသည်။ "ကျွန်တော့်မိန်းမအတွက် လက်အိတ်ရှာနေတာပါ။ ဒါပေမဲ့ သူ့လက် အရွယ်အစားကို ခန့်မှန်းလို့မရဘူးဖြစ်နေတယ်" ဟု ပြောလိုက်သည်။

ထိုအခါ အရောင်းအကူ မိန်းကလေးက သူမလက်ကလေးကို အမျိုးသားလက်ထဲကမ်းပေးလိုက်ရင်း "ဒါဆို အထောက်အကူဖြစ်မလားရှင့်" ဟု အပြစ်ကင်းစင်စွာပြောလိုက်ပါသည်။

"အင်း. . အထောက်အကူဖြစ်တာပေါ့။ ကိုယ့်မိန်းမလက်ကမင်းလက်ထက်နည်းနည်းကြီးတယ်" ဟု ပြောကာ လက်အိတ်တစ်စုံကို ရွေးလိုက်သည်။ ယင်းနောက် မိန်းကလေးက ဝတ်ကျေတန်းကျေ "တခြားဘာများလိုအပ်ပါသေးသလဲရှင့်" ဟု မေးလိုက်ရာ အမျိုးသားက "အင်း. . . ကိုယ့်မိန်းမအတွက် ညဝတ်အင်္ကျီလည်း လိုနေသေးတယ်" ဟု ပြောလာပါတော့သည်။


ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာ မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ 6B,7B ထပ်၊ ဗားဂရားလမ်းမကြီး ] ကပ်လျက်တိုက်
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉) 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ တန်းခွဲတစ်ခုလျှင် (၂၀)ဦး ကန့်သတ်ထားပါသည်။

"တည်ထောင်ခြင်းကိုးနှစ်ပြည့်အဖြစ် (၃၁-၈-၂၀၁၂)နေ့အထိ 50%Discount သတ်မှတ်ပါသည်"

**"အောင်"** ပြီး **"ချမ်းမြေ့"** မှုတွေရရှိရန် **"အောင်ချမ်းမြေ့"** ကိုလာခဲ့ပါ။

(I)

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)**

| | | | |
|---|---|---|---|
| စဉ် (၂၂၅၇) | ၂၇. ၈. ၁၂ | စဉ် (၂၂၆၁) | ၃. ၉. ၁၂ |
| စဉ် (၂၂၅၈) | ၂၈. ၈. ၁၂ | စဉ် (၂၂၆၂) | ၄. ၉. ၁၂ |
| စဉ် (၂၂၅၉) | ၃၀. ၈. ၁၂ | စဉ် (၂၂၆၃) | ၅. ၉. ၁၂ |
| စဉ် (၂၂၆၀) | ၃၁. ၈. ၁၂ | စဉ် (၂၂၆၄) | ၆. ၉. ၁၂ |

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | | | |
|---|---|---|---|
| စဉ်(၂၂၆၅) ၂၅. ၈. ၁၂ | (Sat & Sun) | စဉ်(၂၂၆၈) ၁. ၉. ၁၂ | (Sat & Sun) |
| စဉ်(၂၂၆၆) ၂၈. ၈. ၁၂ | (Tue & Wed) | စဉ်(၂၂၆၉) ၄. ၉. ၁၂ | (Tue & Wed) |
| စဉ်(၂၂၆၇) ၃၀. ၈. ၁၂ | (Thur & Fri) | စဉ်(၂၂၇၀) ၆. ၉. ၁၂ | (Thur & Fri) |

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | | | |
|---|---|---|---|
| စဉ်(၂၂၇၁) ၁. ၉. ၁၂ | (Sat) | စဉ်(၂၂၇၃) ၈. ၉. ၁၂ | (Sat) |
| စဉ်(၂၂၇၂) ၂. ၉. ၁၂ | (Sun) | စဉ်(၂၂၇၄) ၉. ၉. ၁၂ | (Sun) |

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**

(တနင်္လာ မှ သောကြာနေ့အထိ)

(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

| | | | |
|---|---|---|---|
| စဉ် (၂၂၇၅) | ၂၇. ၈. ၁၂ | စဉ် (၂၂၇၈) | ၃၁. ၈. ၁၂ |
| စဉ် (၂၂၇၆) | ၂၈. ၈. ၁၂ | စဉ် (၂၂၇၉) | ၄. ၉. ၁၂ |
| စဉ် (၂၂၇၇) | ၃၀. ၈. ၁၂ | စဉ် (၂၂၈၀) | ၆. ၉. ၁၂ |

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ (Fri, Sat, Sun, Mon, Tue)**

| | | | |
|---|---|---|---|
| စဉ် (၂၂၈၁) | ၂၄. ၈. ၁၂ | စဉ် (၂၂၈၂) | ၃၁. ၈. ၁၂ |

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

| | |
|---|---|
| (I) 07:00 am to 09:00 am | (IV) 11:00 am to 02:00 pm |
| (II) 08:00 am to 11:00 am | (V) 01:00 pm to 04:00 pm |
| (III) 09:00 am to 12:00 pm | (VI) 05:30 pm to 07:30 pm |



**Certificate Course for Mass Communication (E-401/11)**

၁။ မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းနေသည့် နိုင်ငံရေးစနစ်သစ်၏ Political Process တွင် သတင်းနှင့်ပြန် ကြားရေး လုပ်ငန်းများ ပိုမိုအရေးပါလာနေပြီဖြစ်သည်။

၂။ အဆိုပါ အခန်းကဏ္ဍကို ဖြည့်ဆည်းသည့်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံနှံ့စပ်၍ ရင့်ကျက်သောလူသားအရင်းအမြစ်များမွေးထုတ်ရန် Myanmar Egress ကလူထုဆက်သွယ်ရေး အတတ်ပညာသင်တန်းတစ်ရပ်ဖြစ်သည့် Certificate Course for Mass Communication (E-401-Batch-11)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် သင်တန်းစတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ သင်တန်းကာလမှာ (၃)လဖြစ်၍ တနင်္လာနေ့မှ သောကြာနေ့အထိ အချိန်ပြည့်သင်တန်းဖြစ်သည်။ စနေ၊ တနင်္ဂနွေရက်များတွင် သင်တန်းတက်ရောက်ရန်လိုအပ်ပါက တက်ရောက်နိုင်ရပါမည်။ သတင်း နှင့် ပြန်ကြားရေးဆိုင်ရာအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် ခေါင်းဆောင်မှု အရည်အသွေးဆိုင်ရာ ဘာသာရပ်များကိုလည်း သင်ကြားပို့ချမည်ဖြစ်ပါသည်။

၄။ သင်တန်းကြေးမှာ ကျပ်ငွေတစ်သိန်း (၁၀၀၀၀၀) သတ်မှတ်ထားသည်။

၅။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသားများအနေဖြင့် သင်တန်း ကြေးသက်သာကင်းလွတ်ခွင့် လျှောက်ထားနိုင်ပါသည်။ အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီး သင်တန်းကြေး အခက်အခဲရှိသူများ ဝင်ခွင့် ရရှိစေရပါမည်။

၆။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ –

**Public Relation Theories**
1. Four Elements of Communication
2. Persuasion Vs Manipulation
3. Basic Theories
4. Mind Mapping

**Basic Journalism and Professional Writing**
1. The Role of Media in State Building
2. Media Literacy & Information Government
3. Writing Skills
4. Globalization and Media
5. Blog, Blogger & Citizen Journalist
6. Photography for Citizen Journalist

**Enterprising Leadership**
1. Political Economy of the State
2. Citizens & Constitution
3. State & Institutions
4. Civil Society & Civic Engagement

**Communication Skills**
1. Tools Kit of Information Technology
2. Leadership Personality / Ledership Skills
3. Public Speaking Skills
4. Presentation Skills
5. Negotiation and Conflict Resolution Skills
6. Strategic Environment of Management
7. English For Journalist

၇။ နယ်မြို့ များမှ လူငယ်များကို သင်တန်းကြေးကင်းလွတ်ခွင့်ဦးစားပေးမည်ဖြစ်ပြီး အချိန်ပြည့်သင်တန်းဖြစ်ကာ အခြားသင်တန်းတစ်ခုခု တစ်ပြိုင်နက်တက်ရောက်ရန်ရှိသူများ လျှောက်ထားရန်မလိုပါ။ သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်မည့်နေ့မှာ (၃၁–၈–၂၀၁၂)ရက်၊ သောကြာနေ့ဖြစ်၍ သင်တန်းကြေးသက်သာ ကင်းလွတ်ခွင့် လျှောက်ထားလိုသူများအနေဖြင့် (၂၈–၈–၂၀၁၂)ရက်၊ အင်္ဂါနေ့မတိုင်မီ လျှောက်ထားရန်လိုပါသည်။

၈။ ဤသင်တန်းဆင်းပြီးပါက ရုပ်သံနှင့် ပုံနှိပ်မီဒီယာများတွင်လည်းကောင်း၊ Poltical Process တွင် လည်းကောင်း၊ သံရုံးများ၊ INGO များ၊ NGO များ၊ ကုမ္ပဏီများ၏ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ဌာနများဖြစ်သော Public Affairs၊ Public Relations နှင့် Media Relations ဌာနများတွင် လည်းကောင်း အလုပ်ရရှိနိုင်မည့် အခွင့်အလမ်းများ ပွင့်လင်းသွားမည်ဖြစ်သည်။

၉။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို Myanmar Egress Office ကျောင်းသား ရေးရာဌာနတွင်ရယူနိုင်ပြီး www.myanmaregress.org တွင်လည်း Download ရယူနိုင်ပါသည်။

**Myanmar Egress Office**
No.35, Coner of Kyaik Wine Pagoda Road and Mindama Road,
Mayangone Township, Yangon Region, Myanmar. Tel: 665482, 656842
Email: mc@myanmaregress.org, www.myanmaregress.org.

# Environment

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## ကချင်ပြည်နယ် တိုက်ပွဲများကြောင့် မျောက်နှာလန်ထိန်းသိမ်းရေး လုပ်ငန်းများရပ်ဆိုင်းထားရ

**အေးမြကျော်**

**ရန်ကုန်၊ ဩဂုတ်-၁၈**

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် လွန်ခဲ့သော ၂ နှစ်ခန့်ကမှ စတင်တွေ့ရှိထားသော မျောက်မျိုးစိတ်သစ် နှာလန်မျောက် ထိန်းသိမ်းရေး လုပ်ငန်းများကို ရပ်တန့်ထားရပြီး အချိန်မီ မထိန်းသိမ်းနိုင်ပါက ထိုမျောက်မျိုးစိတ်များ လျင်မြန်စွာ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအဖွဲ့ BANCA ဥက္ကဋ္ဌ ဒေါက်တာထင်လှက ပြောကြားသည်။



*အီမောဘွန်းဒေသခံများနှင့် မျောက်နှာလန်*

ဓာတ်ပုံ - BANCA

"အဲဒီမှာ ဘာဖြစ်နေတယ်ဆိုတာ မသိရဘူး။ ဘယ်လိုမှ သွားလို့မရတော့ဘူး။ အချိန်မီ ထိန်းသိမ်းရေး မလုပ်နိုင်သေးခင် သစ်ပင်တွေ ခုတ်ချင်တိုင်းခုတ်မှာ စိုးရိမ်တယ်။ သစ်ပင်မရှိရင် မျောက်နှာလန်ဆိုတာလည်း ရှိမှာမဟုတ်တော့ဘူး" ဟု ဒေါက်တာထင်လှကပြောသည်။

၂၀၀၉ ခုနှစ်တွင် မြစ်ဆုံစီမံကိန်း အပါအဝင် မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ စစ်တမ်း(EIA)ပြုလုပ်စဉ်တွင် မြန်မာ့မျောက်နှာလန် (Burmese Snub-nosed Monkey) ကိုစတင်တွေ့ရှိခဲ့ပြီး ထိုမျောက် မျိုးစိတ်သည် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ပထမဆုံးတွေ့ရှိမှုအသစ် မျောက်မျိုးစိတ်သစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြန်မာ့မျောက်နှာလန် တွေ့ရှိခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေကို ၂၀၁၂ နှစ်ဆန်းပိုင်းတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်အသိပေးပြီး ထိန်းသိမ်းရေး လုပ်ငန်းများကို BANCA နှင့် Fauna & Flora Internation (FFI)တို့ ပူးပေါင်းကာ ထိန်းသိမ်းရေးလုပ်ငန်းများ စတင်ခဲ့သည်။

ကချင်ပြည်နယ်အတွင်းတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား ၂၀၁၁ ခုနှစ် ဇွန်လက တိုက်ပွဲများ စတင်ခဲ့ပြီး ၂၀၁၂ ဧပြီလမှစတင်ကာ တိုက်ပွဲများ အရှိန်မြင့်လာပြီး မျောက်နှာလန် ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ရပ်နားထားလိုက်ရသည်။

မြန်မာ့ မျောက်နှာလန်များကို ကချင်ပြည်နယ် အီမောဘွန်းတောင်တန်းဒေသများတွင် ကောင်ရေ ၂၀၀ ကျော်သာ ကျန်ရှိနိုင်တော့မည်ဟု ဒေသခံမုဆိုးများ၏ ပြောကြားချက်များကို ကိုးကား၍ ခန့်မှန်းထားသည်။ မျောက်နှာလန်များကို မျိုးသုဉ်းပျောက်ကွယ်သွားစေရေးထိန်းသိမ်းရန်အတွက် အီမောဘွန်းဒေသကို အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ထိန်းသိမ်းရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ခွင့်ပြုချက်ရရှိပြီး စီမံချက်များ ရေးဆွဲပြီးဖြစ်သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး နယ်မြေ မငြိမ်းချမ်းသေးသဖြင့် မည်သို့မျှ လုပ်ကိုင်နိုင်ခြင်း မရှိသေးကြောင်း BANCA မှ သတင်းရရှိသည်။

ကချင်ပြည်နယ်အတွင်းတွင် ကမ္ဘာ့မျောက်မျိုးစိတ်သစ် မျောက်နှာလန်အပြင် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေ ဟူးကောင်းဒေသလည်း တည်ရှိနေပြီး ထိုအရေးကြီး မျိုးစိတ်နှစ်မျိုးဖြစ်သည့် ကျားနှင့် မျောက်နှာလန် ထိန်းသိမ်းရေးလုပ်ငန်းများ ရပ်ဆိုင်းထားရသည်မှာ ထိုမျိုးစိတ်များ ရေရှည်တည်တံ့ရေးအတွက် စိုးရိမ်ပူပန်စရာဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာရှင်များက ပြောကြားသည်။

## အင်းလေးကန်အတွင်း ငါးမျိုးစိတ်များ ရေရှည်တည်တံ့ရေး ဒေသခံများနှင့်ပေါင်းကာ ငါးမဖမ်းရဇုန်များ သတ်မှတ်မည်

**အေးမြကျော်**

**အင်းလေး၊ ဩဂုတ်-၁၆**

အင်းလေးကန် ထိန်းသိမ်းရေးနှင့်အတူ အင်းလေးကန်အတွင်း ငါးမျိုးစိတ်များ ရေရှည်တည်တံ့စေရေးအတွက် ငါးမဖမ်းရဇုန်များကို အင်းလေးကန်အတွင်း ရွာ ၁၀ ရွာမှ ဒေသခံ ရွာသားများနှင့် တိုင်ပင်သတ်မှတ်သွားရန် ကနဦး ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကြောင်း Friend of Wildlife မှ စီမံကိန်းတာဝန်ခံဦးနေမျိုးရွှေက ပြောသည်။

အင်းလေးကန်အတွင်းရှိ ရွာများအနက်မှ ငါးဖမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်သော မြေနီကုန်း၊ အိုင်ထောင်ကြီး၊ အင်းဦး၊ ငဖယ်ချောင်း၊ ဆီဆုံ စသည့် ရွာ ၁၀ ရွာမှ ဒေသခံရွာသားများနှင့် တိုင်ပင်ညှိနှိုင်းကာ အင်းလေးကန်အတွင်းတွင် ငါးမဖမ်းရဇုန်များ သတ်မှတ်သွားမည်ဖြစ်ပြီး ထိုဇုန်များအတွင်း ငါးမျိုးစိတ်စိုက်ထည့်ခြင်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် အင်းလေးကန်၏ အမှတ်သညာဖြစ်သော ငါးဖိန်းငါးနှင့် အခြားငါးမျိုးစိတ်နှင့် အခြားငါးမျိုးစိတ်များ ရေရှည်တည်တံ့အောင်ဆောင်ရွက်သွားမည်ဟု Friend of Wildlife မှ သိရသည်။ ငါးမဖမ်းရဇုန်များ သတ်မှတ်သွားပါက ငါးမျိုးစိတ်များပွားများကာ ရေအရည်အသွေးကောင်းမွန်သော နေရာများကို ရွေးချယ်သွားမည်ဖြစ်သည်။ မိရိုးဖလာ ငါးဖမ်းနည်းဖြစ်သော အုပ်ဆောင်းအုပ်ကာ မှိန်းဖြင့် ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးလေ့ရှိသော အင်းလေးကန် အတွင်း အချို့နေရာများတွင် ငါးအရလွယ်သော ဘက်ထရီရှော့တိုက် ငါးဖမ်းနည်းများကိုပိုမိုပြုလုပ်လာကြသည့်အတွက် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသော ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းများ လျှော့နည်းအောင်လည်း ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် နော်ဝေနိုင်ငံက ကူညီသော အမေရိကန်ဒေါ်လာနှစ်သန်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) မှ အမေရိကန်ဒေါ်လာခြောက်သိန်းတို့ဖြင့် ၂ နှစ်တာ လုပ်ဆောင်သွားမည့် စီမံချက်များထဲမှ ယခု ငါးမဖမ်းရဇုန် သတ်မှတ်ကာ ငါးမျိုးစိတ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းမည့်အစီအစဉ်မှာ တစ်ခုအပါအဝင် ဖြစ်သည်။




## ကော့သောင်းကျောက်မီးသွေးစက်ရုံကို ဒေသခံများကန့်ကွက်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၄**

ကော့သောင်းမြို့ လူနေရပ်ကွက်နှစ်ခုအနီး တည်ဆောက်ထားသော ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား သဘာဝပတ်ဝန်းကျင်ဆိုးကျိုးကြောင့် ခွင့်မပြုရန် မြို့နေလူအင်အား ၆၀၀ က ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးခဲ့သည်ဟု မြို့ခံဒေါ်နွေးနွေးက ပြောသည်။



ကော့သောင်းမြို့ပေါ်တွင် ဒီဇယ်ဆီဖြင့် လျှပ်စစ်ဓာတ်အားပေးခြင်းကို ရပ်နားပြီး ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀၀ ဖြန့်ဖြူးမည့် စက်ရုံ တည်ဆောက်ရန်ဖြစ်သည်။ ယင်းကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရန် ၂၀၁၀ ဒီဇင်ဘာလက အစိုးရနှင့် သန်းဖြိုးသူ ကုမ္ပဏီတို့သည် နှစ် ၆၀ လုပ်ပိုင်ခွင့် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ စက်ရုံမှာကော့သောင်းမြို့ လူနေရပ်ကွက်များဖြစ်သော ရွှေပြည်သာရပ်ကွက်နှင့် အေးရိပ်ငြိမ်ရပ်ကွက် အကြားတွင် တည်ရှိပြီး မကြာခဏစမ်းသပ်လည်ပတ်နေသောကျောက်မီးသွေးစက်ရုံမှ ထွက်ရှိလာသည့် အမှုန့်၊ အသံနှင့် ညော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များတွင် အရေပြားယားယံကာ အပိမ့်ထွက်ခြင်းများနှင့်

*စာ(၄၀) သို့*






Tourism
7 Day News Journal
Vol.11, No.24 • AUGUST 23 , 2012

# အင်းလေးသို့ မိုးတွင်းခရီးသည်လာရောက်မှု စံချိန်တင်မြင့်တက်

**အေးမြကျော်**

**အင်းလေး၊ ဩဂုတ်-၁၆**

ခြေထောက်ဖြင့် လှေလှော်ခတ်သည့် အင်းသားယဉ်ကျေးမှုနှင့် ရေပေါ်တွင် အိမ်ဆောက်နေထိုင်ခြင်းတို့ကြောင့် ကမ္ဘာကျော်သော အင်းလေးကန်သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံတကာ ခရီးသွားများ စံချိန်တင် လာရောက် လည်ပတ်လျက်ရှိကြောင်း အင်းလေးကန်အတွင်း ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းများမှ သိရသည်။

"ညှော်ပါးရာသီမှာ ဒီနှစ်လိုမျိုး မကြုံခဲ့ဖူးဘူး"ဟု ယခုနှစ်မိုးရာသီ ခရီးသွား လာရောက်မှုကို အင်းလေးကန်ရှိ Golden Island Cottages ဟိုတယ်မန်နေဂျာ ဦးခွန်မောင်နီက ပြောသည်။

မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းလာမှုများနှင့်နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများ တစ်စတစ်စ ဖြေလျှော့လာပြီးနောက် ယခင်နှစ်မှ စတင်ကာ မြန်မာနိုင်ငံတွင်းသို့ခရီးသွားလာရောက်မှုမှာ သိသာစွာမြင့်တက်လာသည်။ ခရီးသွားဆွဲဆောင်မှု တစ်နေရာဖြစ်သော အင်းလေးကန် အတွင်းသို့လည်းပြီးခဲ့သောနှစ်များမှစကာ



*အင်းလေးကန်သို့ လာရောက်လည်ပတ်သော ပြင်သစ်ခရီးသွားများကို မြေနီကုန်းရွာအနီးတွင် ဩဂုတ်လ ၁၀ ရက်က တွေ့ရစဉ်* ဓာတ်ပုံ-အေးမြကျော်

ခရီးသည်လာရောက်မှုတိုးခဲ့ပြီးယခုနှစ်တွင်မူ ညှော်ပါးရာသီချိန်မှာပင် စံချိန်တင်ဝင်ရောက်လျက်ရှိသည်ဟုအင်းလေးဒေသမှခရီးသွားလုပ်ငန်းနှင့်ဟိုတယ်များထံမှသိရသည်။

အင်းလေးကန်သို့ ညှော်ပါးရာသီ ခရီးသွား လာရောက်မှု မြင့်တက်လာခြင်းကို တောင်ကြီးဟိုတယ်ဇုန်မှ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက "မနှစ်ကစပြီး ညှော်သည်လာနှုန်း သိသိသာသာတက်လာတယ်။ ဒီလိုမိုးတွင်းမှာ ပုံမှန်ခရီးသည် ရရှိမှုထက် မနှစ်က ၃၀ ရာခိုင်နှုန်း တိုးခဲ့ပြီး ဒီနှစ်တော့ ပုံမှန်ထက်ကို ၅၀ ရာခိုင်နှုန်းကျော် တိုးလာတယ်လို့ ပြောရမယ်"ဟု နှိုင်းယှဉ်ပြောကြားသည်။

အင်းလေးသို့ ယခုနောက်ပိုင်းနှစ်များတွင် အာရှဒေသများမှ ထိုင်း၊ ကိုရီးယား၊ ဂျပန် ခရီးသွားများ လာရောက်မှု မြင့်တက်လာပြီး ပုံမှန်လာရောက်လေ့ရှိ သော ပြင်သစ်၊ ဂျာမန်လူမျိုး ခရီးသွားများလည်း အများဆုံး လာရောက်လျက်ရှိကာ စပိန်ခရီးသွား လာရောက်မှုလည်း တိုးလာကြောင်း အင်းလေးကန်အတွင်းရှိဟိုတယ်များထံမှ သိရသည်။ အင်းလေးကန်သို့ မိုးတွင်း ခရီးသည်လာရောက်မှုများတွင် အဖွဲ့ လိုက်လာရောက်မှုထက် FIT (Foreign Independence travelers) များသာ များကြောင်း ခရီးသွားလုပ်ငန်းများထံမှ သိရသည်။

ဧပြီလမှ စတင်၍ စက်တင်ဘာလအထိသည် ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားသား ခရီးသည် လာရောက်မှု ပုံမှန်လျော့နည်းသည့်ညှော်ပါးရာသီဖြစ်သော်လည်း ယခုနှစ်တွင်မူ ညှော်ပါးရာသီပင် ဖြစ်သော်လည်း ထိုလများ၌ ခရီးသည်ဝင်ရောက်မှုပုံမှန်ရရှိနေပြီး အင်းလေးကန်အတွင်းမှ ဟိုတယ်အချို့မှာ ပုံမှန်ဆိုလျှင် တစ်လ (သို့မဟုတ်) နှစ်လ ပိတ်ထားလေ့ရှိသော်လည်း ယခုနှစ်တွင် ညှော်သည်များ အဆက်မပြတ် လာရောက်နေသောကြောင့် ဆက်တိုက်ဖွင့်လှစ်နေရကြောင်း အင်းလေးဟိုတယ်များထံမှ သိရသည်။

"ဧပြီကနေ စက်တင်ဘာအထိ ဆက်တိုက်ပဲ ခုထိမနားရသေးဘူး" ဟု အင်းလေးကန်သို့ ညှော်သည်များနှင့်အတူ လိုက်ပါဝန်ဆောင်မှုပေးသော ၁၀ နှစ်ကျော် အတွေ့အကြုံရှိ ဝါရင့်ညှော်လမ်းညွှန်တစ်ဦးက ပြောသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနှင့် နိုင်ငံ၏ အမျိုးသားစီမံကိန်း ၅ နှစ်တာ ပြီးဆုံးချိန်တွင် ကမ္ဘာလှည့်ခရီးသွား(၁ ဒသမ ၄)သန်း ရရှိရန် မျှော်မှန်းထားသည်။

## နိုင်ငံခြားသားပိုင် ဟိုတယ်အချို့သာ ဝန်ကြီးဌာန ညွှန်ကြားချက်လိုက်နာ

**နိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၁၈**

နိုင်ငံခြားသားပိုင်ဟိုတယ်များက ခရီးသွားလုပ်ငန်းများသို့ ဝန်ကြီးဌာန၏ ညွှန်ကြားသော စျေးနှုန်းဖြင့် စာချုပ်ချုပ်ဆိုမှုမှာ ၂၀ ရာခိုင်နှုန်းသာရှိသေးကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့က ပြောသည်။

"FDI ဟိုတယ်အချို့က ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်စျေးနှုန်းအတိုင်း စာချုပ်ချုပ်လာကြပါတယ်။ ဒါပေမဲ့လုပ်ငန်းရှင်စုစုပေါင်း ၂၀ ရာခိုင်နှုန်းကိုပဲ စာချုပ်ချုပ်ပေးတာ ကျန် ၈၀ ရာခိုင် နှုန်းက စာချုပ်ရရှိခြင်း၊ အခန်းရရှိခြင်း မရှိသေးဘူး"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်စံပယ်အောင်က ပြောသည်။ စာချုပ်ချုပ်ရသော ခရီးသွားလုပ်ငန်းများမှာလည်း စာချုပ်တွင်ပါရှိသော အခြေခံအခန်းစျေးနှုန်းဖြင့် လက်တွေ့အခန်းမှာသောအခါ မရဘဲ စျေးနှုန်းမြင့်သော အမြင့်ခန်းအချို့ကိုသာ ဟိုတယ်များက ရောင်းချပေးသည်ဟု ဆိုသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းများမှာ စျေးနှုန်းမတည်ငြိမ်မှုကြောင့် အခက်အခဲများဖြစ်ပေါ်နေသည်ဟု ခရီးသွားလုပ်ငန်းရှင်အချို့က ဆိုသည်။ တိုင်းရင်းသားဟိုတယ်အချို့မှာလည်း အခန်းခစျေးနှုန်းကြီးမြင့်ခြင်း၊ Booking တင်၍ မရခြင်း၊ စာချုပ်ချုပ်မပေးခြင်း၊ ပေါ်လစီပြင်းထန်လွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်နေသည်ဟု ခရီးသွားလုပ်ငန်းရှင်များမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ပေးပို့တင်ပြမှုတွင် ပါရှိသည်။

"ကျွန်တော်တို့ Local ဟိုတယ်အနေနဲ့က Standard အဆင့်ရှိတဲ့အခန်းကို အမေရိကန်ဒေါ်လာ ၅၀ ကနေ ၈၀ အထိပဲယူတာပါ။ ဒါကလည်း ဝန်ကြီးဌာနက သတ်မှတ်တဲ့အတိုင်းပါပဲ" ဟု ဟိုတယ်(၇)မိုင်မှ အထွေထွေမန်နေဂျာ ကိုခင်ဇော်က ပြောသည်။ တိုင်းရင်းသားပိုင်ဟိုတယ်များကလည်း ခရီးသွားလုပ်ငန်းရှင်များနှင့် အပြုသဘောညှိနှိုင်းဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃၁ မတိုင်မီ ဆွေးနွေးရန်စာချုပ်ချုပ်ဆိုခြင်း၊ အခန်းရောင်းချပေးခြင်း၊ ဝန်ဆောင်မှုနှင့် သင့်တင့်သော ဟိုတယ်အခန်းစျေးနှုန်းသတ်မှတ်ပေးခြင်းများ ပြုလုပ်ရန် ကိစ္စအဝဝကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်တွင် ညွှန်ကြားခဲ့သည်။








7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# The Cartoon Logo

























7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# အင်ဒိုနီးရှားပါတိတ်ကုမ္ပဏီ ဒစ်စနေးနှင့် ပူးပေါင်းကြော်ငြာမည်

**ဆူရာကာတာ(အင်ဒိုနီးရှား)၊ ဩဂုတ် - ၁၅**

အင်ဒိုနီးရှားနိုင်ငံမှ ပါတိတ်အထည်များထုတ်လုပ်သည့် Batik-Keris ကုမ္ပဏီသည် ကမ္ဘာကျော်ကာတွန်းရုပ်ရှင်ကုမ္ပဏီကြီး ဝေါ့တ်ဒစ်စနေးနှင့်ပူးပေါင်းကာ ဒစ်စနေးဇာတ်ကောင်အရုပ်များတွင် ရောင်စုံပါတိတ်များ ဝတ်ဆင်ပေး၍ ဈေးကွက်ထိုးဖောက်ရန် ကြော်ငြာစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။


ဆူရာကာတာအခြေစိုက် ယင်းကုမ္ပဏီသည် အင်ဒိုရိုးရာပါတိတ်အထည်များကို နိုင်ငံတကာဈေးကွက်ရရန် ထိုသို့ ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဂျာဗားပြည်နယ်အလယ်ပိုင်းရှိဆူရာကာတာဖက်ရှင်ဒီဇိုင်နာများအသင်း ဥက္ကဋ္ဌ ဂျွန်ကိုရာဟာဂျိုကလည်း “ကလေးတွေဟာ ပါတိတ်အဝတ်အစားတွေကိုဝတ်ကြတာ၊ မြင်ဖူးတာ အလေ့အကျင့်ဖြစ်နေပါပြီ။ ဒါပေမဲ့ သူတို့အကြိုက်ဆုံး ကာတွန်းဇာတ်ရုပ်ကလေးတွေမှာ ပါတိတ်အထည်တွေ ဝတ်ထားတာမြင်ရရင် သူတို့အနေနဲ့ ပါတိတ်ကို ပိုပြီးမြတ်နိုးလာကြမှာပါ”ဟုပြောသည်။

ဒစ်စနေးသည် သဘောတူညီချက်အရပါတိတ်ဆင်မြန်းထားသော ကာတွန်းဇာတ်ဆောင်အရုပ်ပါ တီရှပ်များ၊ ရှပ်အင်္ကျီများ၊ အခြားအဝတ်အစားများကိုထုတ်လုပ်သွားမည်ဖြစ်သည်။ ပါတိတ်ထည်များကို ဆေးခြယ်ရာတွင် အစဉ်အလာအရ လက်ဖြင့် ဆေးခြယ်ရေးဆွဲလေ့ရှိသော်လည်း ကလေးများသည် တောက်ပသော အရောင်များကို နှစ်သက်လေ့ရှိသဖြင့် အရောင်အတိအကျရအောင် စက်ဖြင့် ဒီဇိုင်းထုတ်ရေးဆွဲမည်ဖြစ်သည်။

Batik-Keris မှ ထုတ်လုပ်မည့် ဒစ်ဒနေးပါတိတ်များတွင် နာမည်ကျော် မစ်ကီမောက်စ်အရုပ်အပါအဝင် အခြားအရုပ်များစွာ ပါဝင်မည်ဖြစ်သည်။

*—Ref: Jakarta Post*





Photo: AFP

## အငြင်းပွားကျွန်းသို့ သွားရောက်ခဲ့သော တက်ကြွလှုပ်ရှားသူများကို ဂျပန်အာဏာပိုင်များ စစ်ဆေးမည်

**တိုကျို၊ ဩဂုတ် - ၁၆**

အငြင်းပွားနေသောကျွန်းများသို့ သွားရောက်ခဲ့သော တက်ကြွလှုပ်ရှားသူ အုပ်စုတစ်စုအား ဂျပန်ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းရန် အိုကီနာဝါကျွန်းသို့ ခေါ်ဆောင်သွားကြောင်းသိရသည်။ အဆိုပါအုပ်စုသည် ဂျပန်နိုင်ငံတွင် ဆင်ကာကုဟုခေါ်ဆိုပြီး တရုတ်နိုင်ငံတွင် ဒိုင်အိုယုဟုခေါ်ဆိုသော ကျွန်းစုများသို့ ဟောင်ကောင်မှနေ၍ ရွက်လွှင့်သွားခဲ့ပြီး အချို့မှာလှေပေါ်မှခုန်ချကာကျွန်းတစ်ခုဆီသို့ ရေကူးသွားခဲ့ကြောင်း သိရသည်။

ယင်းတက်ကြွလှုပ်ရှားသူအုပ်စုအားပြည်နှင်ဒဏ်ပေးသွားရန် အာဏာပိုင်များက စဉ်းစားနေကြောင်း ဂျပန်နှင့် တရုတ်မီဒီယာများတွင်ဖော်ပြသည်။ တရုတ်နိုင်ငံက ၎င်းတို့အား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုထားသည်။

အဆိုပါအုပ်စုတွင်စုစုပေါင်း ၁၄ ဦးပါဝင်ပြီး အချို့မှာ ဂျာနယ်လစ်များဖြစ်ကာ လှေသမားများလည်း ပါဝင်သည်ဟု ယုံကြည်ရသည်။ အလံများကိုင်ဆောင်၍ ကျွန်းပေါ် တက်ရောက်ခဲ့သူ ငါးဦးမှာ အိုကီနာဝါသို့ရောက်ရှိလာခဲ့ပြီဖြစ်ပြီး အခြားခုနစ်ဦးအားနောက်ပိုင်းတွင် ရွှေ့ပြောင်းလာမည်ဟု မျှော်လင့်ရကြောင်း ဂျပန်မီဒီယာသတင်းများက ဖော်ပြသည်။

နောက်ပိုင်းတွင် ၎င်းတို့အား ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဗျူရိုသို့လွှဲပြောင်းပေးခဲ့ပြီး ဟောင်ကောင်သို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအား ကိုးကား၍ တရုတ်အစိုးရမီဒီယာသတင်းတစ်ရပ်ကဖော်ပြသည်။

—Ref: BBC

## လူတစ်ဦးချင်း အမျိုးသားထုတ်ကုန်အရ ၂၀၁၀ တွင် စင်ကာပူသည် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်ခဲ့

**စင်ကာပူ၊ ဩဂုတ် - ၁၅**

မကြာသေးမီက လေ့လာမှုတစ်ခုအရ စင်ကာပူနိုင်ငံသည် လူတစ်ဦးချင်း စုစုပေါင်းထုတ်ကုန် (ဂျီဒီပီ)နှုန်းအရ ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်ခဲ့ပြီး လာမည့် ၂၀၅၀ တွင် ဂျီဒီပီအမြင့်ဆုံး ထိပ်တန်းနိုင်ငံများစာရင်းတွင်ပါဝင်ဦးမည်ဖြစ်ကြောင်းသိရသည်။

ယခုလေ့လာမှုမှာ Kinght Frank နှင့် Citi Private ဘဏ်တို့က ပူးပေါင်းပြုလုပ်ခဲ့သော ကမ္ဘာ့ကြွယ်ဝမှုအစီရင်ခံစာ ၂၀၁၂ တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ လေ့လာမှုအစီရင်ခံစာအရ စင်ကာပူနိုင်ငံ၏နောက်တွင် တစ်ဦးချင်းဂျီဒီပီဒုတိယအမြင့်ဆုံးမှာ နော်ဝေနိုင်ငံဖြစ်သည်။ စင်ကာပူ၏ တစ်ဦးချင်းဂျီဒီပီမှာ ဒေါ်လာ ၅၆,၅၃၂ ဖြစ်ကာ နော်ဝေနိုင်ငံမှာ ဒေါ်လာ ၅၁,၂၂၆ ဖြစ်၍ ဒေါ်လာလေးထောင်ခန့် ကွာဟခဲ့သည်။

တတိယနေရာတွင် အမေရိကန်ပြည်ထောင်စုက တစ်ဦးချင်း ဂျီဒီပီ ၄၅,၅၁၁ ဒေါ်လာရခဲ့သည်။ အစီရင်ခံစာက စင်ကာပူသည် လာမည့်အနာဂတ် ၂၀၅၀ အထိ တစ်ဦးချင်း ဂျီဒီပီအမြင့်ဆုံးစာရင်းတွင် ပါဝင်ဖွယ်ရှိနေပြီး ထိုကာလတွင် တစ်ဦးချင်း ဂျီဒီပီ ၁၃၇,၇၁၀ ဒေါ်လာခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

*—Ref: Strait Times*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 2012





# Leader's Profile

## ပက်စီ အဖျော်ယမကာကုမ္ပဏီ ဥက္ကဋ္ဌ

# မစ္စစ်အင်ဒရာနူရီ

ရဲမင်း

မစ္စစ်အင်ဒရာခရစ်ရှနန်မူသီး နူရီသည် အိန္ဒိယ-အမေရိကန်စီးပွားရေးအမှုဆောင်အရာရှိတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး အစားအသောက်နှင့်အဖျော်ယမကာကုမ္ပဏီကြီး PepsiCo ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။

မစ္စစ်နူရီအား ၁၉၅၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် မဒရပ်စ်မြို့၌မွေးဖွားခဲ့သည်။ မဒရပ်စ်မြို့ရှိ Holy Angles အင်္ဂလိပ်-အိန္ဒိယ အထက်တန်းကျောင်းတွင် အခြေခံပညာသင်ကြားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မဒရပ်စ်ခရစ်ယာန်ကောလိပ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကာလကတ္တားမြို့ရှိ အိန္ဒိယစီမံခန့်ခွဲရေးအင်စတီကျုဒ်(IIM)မှ စီမံခန့်ခွဲမှုမဟာဘွဲ့ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံရှိ Johnson & Johnson ကုမ္ပဏီတွင် ဝင်၍ ပထမဆုံး အလုပ်လုပ်ကိုင်ခဲ့သော မစ္စစ်နူရီသည် ၁၉၇၈ ခုနှစ်တွင် Yale တက္ကသိုလ် စီမံခန့်ခွဲရေးကျောင်း၌ တက်ရောက်ကာ အများပိုင်နှင့် ပုဂ္ဂလိကစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ ရရှိခဲ့သည်။ ယင်းနောက် ၁၉၈၀ ပြည့်နှစ်တွင် ဘော်စတွန် အတိုင်ပင်ခံများအဖွဲ့၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးနောက် မစ္စစ်နူရီသည် Motorola နှင့် Asea Brown Boveri ကုမ္ပဏီများတွင် မဟာဗျူဟာကျသော ရာထူးတာဝန်များကို ရယူခဲ့သည်။

မစ္စစ်နူရီသည် ၁၉၉၄ ခုနှစ်တွင် PepsiCo ကုမ္ပဏီသို့ရောက်ရှိလာပြီး ၂၀၀၁ ခုနှစ်တွင် ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခံရသည်။ မစ္စစ်နူရီသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာကို ဆယ်နှစ်ကျော်ကြာ ဦးဆောင်လမ်းညွှန်ခဲ့ပြီး PepsiCo ၏ဖွဲ့စည်းပုံပြောင်းလဲတည်ဆောက်ရာတွင်လည်း ဦးဆောင်ခဲ့သည်။ ၎င်း၏ ဦးဆောင်မှုအောက်မှာပင် အချို့သောအစားအသောက်ကုမ္ပဏီများအား ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်းများ လုပ်ဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် PepsiCo ၏ ၄၄ နှစ်တာ သမိုင်းတွင် ပဉ္စမမြောက် အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။

၂၀၀၁ ခုနှစ်တွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် မစ္စစ်နူရီတာဝန်ယူပြီးနောက်ပိုင်း PepsiCo ၏ နှစ်စဉ်ဝင်ငွေမှာ ၇၂ ရာခိုင်နှုန်းတိုးလာပြီး ၂၀၀၆ ခုနှစ်တွင် ကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ ဝင်ငွေရရှိခဲ့သည်။ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များတွင် ဝေါလ်စထရိဂျာနယ်က မစ္စစ်နူရီအား စောင့်ကြည့်ရမည့် အမျိုးသမီး ၅၀ စာရင်းတွင် ထည့်သွင်းခဲ့ပြီး တိုင်းမ်မဂ္ဂဇင်းကလည်း ကမ္ဘာ့သြဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။

၂၀၀၈ ခုနှစ်တွင် Forbes မဂ္ဂဇင်းက သူမအား ကမ္ဘာ့တတိယသြဇာအကြီးဆုံး အမျိုးသမီးအဖြစ်သတ်မှတ်ခဲ့သည်။ Fortune စာစောင်က ၂၀၀၉ နှင့် ၂၀၁၀ တွင် မစ္စစ်နူရီအား စီးပွားရေးတွင် သြဇာအကြီးဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခဲ့သည်။

အမေရိကန်တက္ကသိုလ်အများအပြား၏ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များ ရရှိခဲ့သူ မစ္စစ်နူရီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ခင်ပွန်းသည် ရက်ကန်တီတယ်နူရီနှင့်အတူ သမီးနှစ်ဦး ထွန်းကားထားကာ အမေရိကန်နိုင်ငံ ကော်နက်တီကပ်ပြည်နယ် ဂရင်းဝစ်ချ်ဒေသတွင် နေထိုင်သည်။

—Ref: Wikipedia

## နောက်ကျောဖုံး - ဝီကီလိခ်အား နှိပ်ကွပ်နေခြင်းကို ရပ်ဆိုင်းရန် ဂျူလီယန်အက်ဆန်းက အိုဘားမားအားတိုက်တွန်း မှ

"မှန်ကန်တာတစ်ခုကို လုပ်ဖို့ သမ္မတအိုဘားမားကို တောင်းဆိုပါတယ်။ ဝီကီလိခ်အပေါ် နှိပ်ကွပ်နေတာတွေကိုအမေရိကန်က စွန့်လွှတ်ရပါမယ်"ဟု လန်ဒန်ရှိ အီကွေဒေါသံရုံးဝရန်တာမှနေ၍ ဂျူလီယန်အက်ဆန်းကပြောကြားသည်။ အီကွေဒေါနိုင်ငံက မစ္စတာဂျူလီယန်အက်ဆန်းအား ဩဂုတ်လ ၁၆ရက်တွင် နိုင်ငံရေးခိုလှုံခွင့်ပေးအပ်ခဲ့သည်။ ဗြိတိန်အာဏာပိုင်များကမူ အက်ဆန်းအား ဝင်ရောက်ထိန်းသိမ်း၍ ဆွီဒင်နိုင်ငံသို့ နယ်နှင်ဒဏ်ပေးရေး လုပ်ဆောင်နိုင်ကြောင်း ပြောကြားသည်။

၎င်းအား ခိုလှုံခွင့်ပေးခြင်းအတွက် အီကွေဒေါသမ္မတရာဖယ်ကော်ရီယာ၏သတ္တိရှိမှုကို မစ္စတာအက်ဆန်းက ချီးကျူးပြောကြားခဲ့သည်။ "ကျွန်တော့်ကို နိုင်ငံရေးခိုလှုံခွင့်ပေးဖို့ စဉ်းစားပြီး ခိုလှုံခွင့်ပေးခဲ့တဲ့ သမ္မတကော်ရီယာရဲ့ သတ္တိကိုချီးကျူးပါတယ်"ဟု သံရုံးရှေ့တွင် စုဝေးရောက်ရှိလာသော ဂျာနယ်လစ်များနှင့် ၎င်းအပေါ် ထောက်ခံသူများကို အက်ဆန်းက ပြောကြားသည်။

မစ္စတာအက်ဆန်းသည် ဆွီဒင်နိုင်ငံသို့ နယ်နှင်ခြင်းအား ရှောင်လွဲနိုင်ရန် ဗြိတိန်နိုင်ငံတွင် ဥပဒေအရ ဖြေရှင်းရေး အဆင့်ဆင့် ကြိုးပမ်းခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်လမှစ၍ အီကွေဒေါသံရုံးအတွင်း ဝင်ရောက်ခိုလှုံခဲ့သည်။

—Ref: AFP

## နောက်ကျောဖုံး - လျှပ်စီးလက်ရာမှ လောင်ကျွမ်းသောတောမီးများကြောင့် ကယ်လီဖိုးနီးယားတွင် လူ ၃,၀၀၀ အား ရွှေ့ပြောင်းပေးခဲ့ရ မှ



မန်တန်နှင့် ရှင်ဂယ်တန်မြို့နယ်များရှိ နေအိမ်ပေါင်း ၂,၀၀၀ မှ လူများအား ပြောင်းရွှေ့ထားရန် အမိန့်ပေးထားကြောင်း သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနမှ ပြောခွင့်ရအမျိုးသမီး မေရီအန်းအယ်လရစ်က ပြောကြားသည်။ လူ ၃,၀၀၀ ခန့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်ဟု ခန့်မှန်းထားသော်လည်း စာရင်းအတိအကျမရရှိသေးကြောင်း ၎င်းက ပြောကြားသည်။

တောမီးများကို မီးသတ်တပ်ဖွဲ့ဝင် ၁,၀၀၀ က ရေသယ်ယာဉ်များ၊ ရဟတ်ယာဉ်များ၏ အကူအညီဖြင့် ငြိမ်းသတ်လျက်ရှိကြောင်းသိရသည်။

—Ref: Reuters

ချမ်းသာသုခ
The Rich and Wealth
(သစ်မွေးစိုက်ခင်းနှင့်မျိုးဥယျာဉ် )
* သစ်မွှေး ၊ နံ့သာနီ ၊ ရာဘာ မျိုးကောင်းမျိုးသန့်ပျိုးပင်များအရွယ်မျိုးစုံ ရရှိနိုင်ပါသည်။
* မျိုးစေ့ပျိုးထောင်ခြင်း ၊ စီးပွားဖြစ်စိုက်ခင်းတည်ထောင်ခြင်း ၊ သစ်မွှေးမှိုဆေးသွင်းခြင်းများကို သင်တန်းဖွင့်လှစ် သင်ကြားပေးမည်။
ချမ်းသာသုခ– မောင်ကြီးအ.ထ.က အနီး ၊ လှည်းကူးမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်ဖုန်း – ၀၉၄၉၂၈၁၆၃၂
ပြင်ဦးလွင်ဖုန်း – ၀၉၅၁၉၈၃၀၁
မြစ်ကြီးနားဖုန်း – ၀၉၄၉၂၀၂၄၁၈
Email Address - kyawswelinn@gmail.com
sithuhan11@gmail.com

စေတနာတိုင်းရင်းဆေးကုခန်း
နှာခေါင်းရောဂါအမျိုးမျိုး
နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရှတ်တရက် နာတာရှည်နှာမှေးရောင်ရောဂါ အလာဂျီနှာမှေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရံထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်းအမြွေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာသက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။
(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)
အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉-၄၃၁၇၃၁၈၈
ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊ နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ

## နောက်ကျောဖုံး - နှစ်စဉ်ပြုလုပ်နေကျတောင်ကိုရီးယားနှင့် အမေရိကန် စစ်ရေးလေ့ကျင့်မှုကြီး စတင် မှ



တောင်ကိုရီးယားတပ်ဖွဲ့ဝင်မည်မျှပါဝင်လေ့ကျင့်နေသည်ကို တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မပြောကြားသော်လည်း တပ်ဖွဲ့ဝင် ၅၆,၀၀၀ ပါဝင်နိုင်ကြောင်းယွန်ဟပ်သတင်းဌာနကခန့်မှန်းသည်။ စစ်ရေးလေ့ကျင့်မှုများတွင် လက်တွေ့မြေပြင်လေ့ကျင့်မှုများမပါဝင်ဘဲ အများအားဖြင့်ကွန်ပျူတာများဖြင့်ဖန်တီးလေ့ကျင့်ခြင်းဖြစ်သော်လည်း မြောက်ကိုရီးယားက ယင်းလေ့ကျင့်မှုမှာ စစ်ပွဲသစ်ကို မီးမွှေးရေးအတွက် အန္တရာယ်ကြီးသောလုပ်ရပ်ဟု ပြောဆိုသည်။

ယင်းစစ်ရေးလေ့ကျင့်မှုမှာ တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ၏ အဆင်သင့်ရှိမှုကို အားကောင်းခိုင်မာစေမည့်အရေးပါသည့် လေ့ကျင့်မှုဖြစ်မည်ဟု တောင်ကိုရီးယားအခြေစိုက်အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိမ်းသာမန်းကပြောကြားသည်။

—Ref: AFP

## နောက်ကျောဖုံး - ကိုင်တက်တိုင်ဖွန်းကြောင့် ဗီယက်နမ်တွင် လူကိုးဦးသေဆုံး မှ

ဘက်ဂျမ်းခရိုင်တွင် မြေပြိုမှုကြောင့် နေအိမ်၌ အိပ်ပျော်နေသော အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အခြားလူငါးဦးမှာ ရေထဲမျောပါသွားခဲ့ကြောင်း အစိုးရ၏ ရေကြီးမှုနှင့်မုန်တိုင်းထိန်းချုပ်ရေးဗဟိုကော်မတီကပြောကြားသည်။ သစ်ပင်လဲကျခြင်းကြောင့် တက္ကစီယာဉ်မောင်းတစ်ဦး သေဆုံးသွားပြီး အခြားလူနှစ်ဦးမှာ မီးကြိုးပြတ်ကျရာမှ ဓာတ်လိုက်သေဆုံးခဲ့ကြောင်းသိရသည်။


လူနေအိမ်ပေါင်း ၁၂,၀၀၀ ခန့် ပျက်စီးပြီး စိုက်ပျိုးမြေဧကပေါင်း ၅၆,၀၀၀ ရေလွှမ်းမိုးခံခဲ့ရကြောင်း အစိုးရကော်မတီကပြောကြားသည်။ ဟနွိုင်းမြို့တွင် သစ်ပင်ကြီး ၂၀၀ ခန့် အမြစ်မှ ကျွတ်ထွက်ခဲ့ပြီး ဩဂုတ်လ ၂၀ရက်အထိ မြို့၏ အချို့နေရာများမှာ ရေနစ်မြုပ်နေဆဲ ဖြစ်ကြောင်းသိရသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# လူတိုင်းအတွက် ကြွယ်ဝမှုရှိနေတာဟာ တည်ငြိမ်မှုအတွက် သော့ချက်ဖြစ်ပါတယ်

## ဖိလစ်ပိုင်သမ္မတ ဘန်နစ်နိုအကွီနိုနှင့် တွေ့ဆုံခြင်း



**ကျော်မျိုး**

တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများ ပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ ဖိလစ်ပိုင်ဟာ အခြား အိမ်နီးချင်းနိုင်ငံအချို့နဲ့အတူ ဒေသတွင်း အင်အားကြီး တရုတ်နိုင်ငံအပါ အဝင်အငြင်းပွားမှုတွေဖြစ်နေတာ အတော်ကြာမြင့်နေပါပြီ။ ဖိလစ်ပိုင်ဟာအာဆီယံဒေသတွင်းအမေရိကန်ရဲ့ အဓိက မဟာမိတ်တစ်ဦးဖြစ်တာနဲ့အညီအမေရိကန်-ဖိလစ်ပိုင် ပူးတွဲစစ်ရေးမဟာမိတ်အဖြစ်ကို ပိုမိုခိုင်မာအောင်တိုးချဲ့နေပြီး တရုတ်ရဲ့ စစ်အင်အားကို တန်ပြန်ထိန်းညှိဖို့ ကြိုးစားနေပါတယ်။ ဒါ့အပြင် ဖိလစ်ပိုင်ဟာ ဒီနှစ်ပိုင်းအတွင်းမှာ စိတ်လှုပ်ရှားစရာ စီးပွားရေးတိုးတက်မှုနဲ့ ကြုံတွေ့နေရသလို တစ်ဖက်ကလည်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွေ ဆက်လက်လုပ်ဆောင်နေရဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လဆန်းအတွင်း ဝေါလ်စထရိဂျာနယ်နဲ့ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းခန်းမှာတော့ ဖိလစ်ပိုင်သမ္မတဘန်နစ်နိုအကွီနိုဟာ ဒီအချက်တွေနဲ့ပတ်သက်လို့ ဖြေကြားထားတာတွေ့ရမှာပါ။ အဲဒီ့ အင်တာဗျူးကောက်နုတ်ချက်များကို ဝေါလ်စထရိမှာ ဖော်ပြခဲ့တဲ့အတိုင်း ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။

**ဒီဒေသတွင်းမှာ ဖိလစ်ပိုင်ရဲ့ ရည်ရွယ်ချက်တွေနဲ့ပတ်သက်လို့အမေရိကန်နဲ့ တရုတ်ကို သမ္မတကြီးပေးချင်တဲ့ သတင်းစကားက ဘာများဖြစ်မလဲ။**

တရုတ်နိုင်ငံဟာ မကြာခဏ ဆိုသလိုပဲ နေရာတော်တော်များများမှာ သူတို့အနေနဲ့ နိုင်ငံတကာဥပဒေကို လိုက်နာပါမယ်လို့ပြောခဲ့ပါတယ်။ ကျွန်တော်တို့အမြင်ရှုထောင့်ကကြည့်ရင် လက်ရှိအငြင်းပွားမှုကို စိုးမိုးထားတဲ့ဥပဒေက ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာ သဘောတူညီချက် ကွန်ဗင်းရှင်းပဲဖြစ်ပါတယ်။ ဒီသဘောတူညီချက်ကို တရုတ်ရော၊ ဖိလစ်ပိုင်ပါ လိုက်နာလက်မှတ်ရေးထိုးထားပြီး ဥပဒေအရ တခြားနိုင်ငံတွေလိုပဲ စီးပွားရေးဇုန် ရေမိုင် ၂၀၀ ပိုင်ဆိုင်ထားတယ်လို့ မှတ်ယူရပါမယ်။ တကယ်လို့ တရုတ်က သူတို့ နိုင်ငံတကာဥပဒေကို လိုက်နာပါမယ်လို့ပြောရင် ဒီသီးခြားဥပဒေအချက်ကို လိုက်နာပါလို့ သူတို့ကို ကျွန်တော်တို့ ပန်ကြားလိုပါတယ်။

သူတို့က ဒါနဲ့ပတ်သက်လို့ နှစ်ဖက်ဆွေးနွေးမှုတွေ လုပ်ချင်နေကြတယ်။ ကျွန်တော်တို့လည်း လမ်းဖွင့်ထားပါတယ်။ ဒါပေမဲ့ အထူးသဖြင့် စပရက်တလီကျွန်းစုများအရေးနဲ့ပတ်သက်ရင်တော့ အဲဒါဟာ နိုင်ငံစုံနဲ့ သက်ဆိုင်တဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့်နိုင်ငံစုံပြဿနာတစ်ရပ်ကို နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်းမှုတစ်ရပ်နဲ့ ဘယ်လိုဖြေရှင်းနိုင်ပါမလဲ။ အဖွဲ့နှစ်ဖွဲ့က သဘောတူညီချက်တစ်ရပ် ရသွားချိန်မှာ တခြားအဖွဲ့တွေတိုင်းကိုရော ဒီသဘောတူညီချက်ကို လိုက်နာစေဖို့ ဘယ်လိုလုပ်ရမလဲ။

**(ဒါဆို) တရုတ်နဲ့ သီးသန့် နှစ်ဖက်ထဲ အငြင်းပွားမှုဖြစ်တဲ့ စကာဘောရိုးကမ်းခြေကိစ္စမှာရော ပြဿနာဖြေရှင်းနိုင်ဖို့ တိုးတက်မှုတစ်ခုခုများ ရှိခဲ့ပါပြီလား။**

ကျွန်တော်တို့ ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ အပြီးသတ်ရလဒ်ကတော့ အဲဒီ့ဒေသမှာ(နှစ်ဖက်အစိုးရနဲ့ဆိုင်တဲ့)သင်္ဘောတွေ နောက်ထပ်မရှိစေရေးဖြစ်ပါတယ်။ သင်္ဘောအားလုံး ကမ်းခြေဒေသရဲ့အပြင်ဘက်မှာပဲ ရှိနေပါတယ်။ နှစ်ဖက်စလုံးက သင်္ဘောတွေပါ။ တရုတ်ဘက်က ငါးဖမ်းသင်္ဘောတချို့တော့ရှိတယ်။ ကမ်းခြေရေတိမ်ပိုင်းထဲမှာ ရှိနေဆဲပဲဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ပင်လယ်ပြင်တွေက ကြမ်းတမ်းပြီး အခြေအနေတွေကလည်း ဆိုးရွားတာကို ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့် အဲဒီ့ကမ်းခြေပိုင်းမှာ ငါးဖမ်းတဲ့ တံငါသည်တွေအတွက်တော့ သဘာဝဆိပ်ကမ်းတစ်ခုလိုဖြစ်နေတာပေါ့လေ။

အခု သဘောတူညီမှုက ထူးခြားပါတယ်။ ဘာကြောင့်လဲဆိုဒါဟာ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်တို့ နှစ်ဖက်စလုံးက အခြေအနေကို ပြင်းထန်မှုမရှိတဲ့ ပုံစံတစ်ရပ်ဖြစ်ဖို့ သဘောတူခဲ့ကြလို့ပါ။ ပြီးတော့ နှစ်ဖက်စလုံးကလည်း သဘောတူညီချက်က ကိုယ်ဖြည့်ဆည်းရမယ့်အပိုင်းတွေကို အမှန်တကယ် ဖြည့်ဆည်းခဲ့ကြပါတယ်။ ဒါ့ကြောင့် ဒါဟာဖြင့် သိပ်ကြိုဆိုစရာကောင်းတဲ့ ဖြစ်ထွန်းတိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

**ဒီသဘောတူညီချက်က အခြားအခြေအနေတွေအတွက်ရှေ့ဆက်လုပ်ဆောင်နိုင်ဖို့ ပုံစံအကြမ်းအဖြစ်အသုံးတော်ခံနိုင်မယ့်အခွင့်အရေးတစ်ခုများ ရှိမလား။**

ဒါဟာ အငြင်းပွားမှုကြီးတစ်ခုလုံးရဲ့ အလွန်သေးငယ်တဲ့အပိုင်းတစ်ခုပါ။ ပြီးတော့ ထပ်ပြောရရင် ကျွန်တော်တို့က အနောက်ဖိလစ်ပိုင်ပင်လယ်လို့ခေါ်ပြီး သူတို့က တောင်တရုတ်ပင်လယ်လို့ခေါ်တဲ့ ဒေသအပေါ် အငြင်းပွားမှုဟာ ဆက်နွယ်မှုအလုံးစုံရဲ့ အစိတ်အပိုင်းသေးသေးလေးမျှသာဖြစ်ပါတယ်။ ပြီးတော့ ဒီကမ်းခြေရေတိမ်ပိုင်းဒေသ ကိစ္စက ရုတ်တရက်ပဲ အငြင်းပွားမှုကြီးတစ်ခုလုံးကို ဖြစ်လာစေခဲ့တာပါပဲ။ ကျွန်တော်တို့ကြားမှာ တင်းမာမှုတွေ ဖြစ်လာစေခဲ့တာပါပဲ။ ဒါကြောင့် စကာဘောရိုးကမ်းခြေဒေသကိစ္စကို ကျွန်တော်တို့ နှစ်ဖက်စလုံးက ဘေးဖယ်ထားခဲ့တာဟာ ကျွန်တော်တို့ နောက်ကြောင်းပြန်သွားလိမ့်မယ်ဆိုတဲ့ သတင်းစကားကို ပေးသလိုဖြစ်နေတယ်။ ဒါဟာ ပြဿနာပါ။ ဒါပေမဲ့ ပြဿနာရယ်လို့တော့ မဟုတ်ပြန်ပါဘူး။

**နောက်ထပ် တင်းမာမှုဖြစ်ပွားရာနေရာတစ်ခုကတော့ ရိဒ်ကမ်းခြေပါပဲ။ စကာဘောရိုး ကမ်းခြေမှာရော တိုးတက်မှုတစ်ခုရခဲ့ပါပြီလား။ အဲဒီမှာ သမ္မတကြီးတို့ဖိလစ်ပိုင်ဘက်က ဆက်လက်တူးဖော်သွားဦးမှာလား။**

ရှာဖွေတူးဖော်မှုတွေကတော့ လုပ်ပြီးကြပြီးသားလို့ ကျွန်တော်ထင်တယ်။ ဆက်လက်ဖြစ်ပေါ်နေဆဲ ညှိနှိုင်းဆွေးနွေးမှုတွေရှိနေတဲ့အတွက် ကျွန်တော့်အနေနဲ့ နောက်ထပ် ဒေါသဖြစ်စရာတစ်ခုကို မဖန်တီးချင် အန္တရာယ်မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အနေအထားက သိပ်ပြီး ရှင်းလင်းပါတယ်။ ရိဒ်ကမ်းခြေက သဘာဝရင်းမြစ်တွေကိုသာ ကျွန်တော်တို့ အသုံးချနိုင်စွမ်းရှိမယ်ဆိုရင် ဒါဟာ ဖိလစ်ပိုင်ရဲ့ အကျိုးစီးပွားကိုသာမက ဒေသတစ်ခုလုံးရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းစေမှာပါ။ အထူးသဖြင့် အာရပ်နွေဦးပြီးနောက် စွမ်းအင်ဈေးနှုန်းတွေ မတည်မငြိမ်ဖြစ်နေတာတွေ ပြီးတဲ့နောက်မှာပေါ့လေ။ ကျွန်တော်တို့ရဲ့ ဒေသအတွင်း ရင်းမြစ်တွေရှိထားတာဟာ ဖိလစ်ပိုင်အတွက်သာမက ဒေသတစ်ခုလုံးအတွက်ပါ ဆက်လက်တိုးတက်မှုကို သေချာအောင် ကူညီနိုင်မှာပါ။

ကျွန်တော်တို့ အတွေးအခေါ်ကတော့ လူတိုင်းအတွက် အဆက်မပြတ်ကြွယ်ဝမှုရှိနေတာဟာ တည်ငြိမ်မှုအတွက် သော့ချက်ဖြစ်ပါတယ်။

**တရုတ်ဟာ ဒီပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ နိုင်ငံတကာဥပဒေကိုလိုက်နာမယ် ဒါမှမဟုတ် မလိုက်နာဘူးလို့ သမ္မတကြီး ထင်ပါသလား။ သူတို့ဟာ နိုင်ငံတကာဥပဒေကို မျက်ကွယ်ပြုနေပါသလား။**

အဆုံးတစ်နေ့မှာတော့ သူတို့ မဟုတ်နိုင်တဲ့ အခြေအနေတွေရှိကောင်းရှိလာမှာပါ။ တစ်ခါထပ်ပြောရရင် ကမ္ဘာတစ်ဝန်းမှာ သဘာဝရင်းမြစ်တွေကို ရယူခွင့်၊ ကိုယ့်နိုင်ငံသားတွေဘဝတိုးတက်ရေးအတွက် ရင်းမြစ်တွေကို ကုန်သွယ်မှုတွေရှိကိုရှိလာမှာပါ။ အခုလက်ရှိမှာတော့ သူတို့ နိုင်ငံတကာဥပဒေနဲ့ မကိုက်ညီတာလုပ်ရင် ကျွန်တော်တို့လိုပဲ ကိုယ့်အဖြစ်ကိုယ် ရှာတွေ့မိကြပေမယ့် တခြားနိုင်ငံတွေ အများကြီးရှိလာမှာပါပဲ။ ပြီးတော့ အဲဒီ့နိုင်ငံတွေက တွေးမယ်။ "တရုတ်နဲ့ ငါတို့ ဆက်ဆံရေး ဘယ်လိုဖြစ်သင့်သလဲ" ဆိုပြီးတော့ပေါ့။

**ဖိလစ်ပိုင်ဟာ အမေရိကန်နဲ့ စစ်ရေးအရ ဆက်ဆံမှုဖွံ့ဖြိုးနေပါတယ်။ သမ္မတကြီးစိတ်ထဲမှာရော အမေရိကန်တပ်ဖွဲ့တချို့ကို ဝင်နိုင်ထွက်နိုင် လှည့်လည်စေနိုင်မယ့် သုံးလို့ရမယ့်နေရာတစ်ခု ရှိထားပါသလား။**

ရှင်းလင်းအောင် ပြောရရင် ကျွန်တော်တို့ သံအမတ်ကလည်း ရှိနေတဲ့နေရာကနေ နောက်ပြန်မသွားချင်ဘူးလို့ တကယ်ဖော်ထုတ်ခဲ့ပြီးသားပါ။ ကျွန်တော်တို့ နိုင်ငံထဲမှာ (အမေရိကန်) စစ်အခြေစိုက်စခန်းတချို့ရှိမယ်။ အဲဒါကိုပြောရရင် ကျွန်တော်တို့မှာလည်း စွမ်းဆောင်နိုင်စွမ်း တချို့ အားနည်းတယ်ဆိုတော့လေ. . ။

သူတို့(ကန်တပ်ဖွဲ့တွေ)သွားနိုင်တဲ့နေရာတွေများ ရှိသလားမေးရင် ရှိတယ်ပဲ။ ကျွန်တော်တို့ အခြေခံဥပဒေကလည်းနိုင်ငံတွင်းမှာ ပြည်ပစစ်စခန်းတွေ ထားရှိတာ ခွင့်ပြုထားတယ်။ ဒါကြောင့် တပ်ဖွဲ့တွေကင်းလှည့်မှုတိုးပွားရင် အလုပ်ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။ နှစ်ဖက်စလုံး လုပ်နိုင်တဲ့ အခြေအနေတစ်ရပ် ဖြစ်လာမှာပါ။

**စစ်သုံးပစ္စည်းတွေ၊ လက်နက်ကိရိယာ၊ ယာဉ်တွေ အဆင့်မြှင့်တင်ချင်တဲ့ စိတ်ဆန္ဒကိုလည်း သမ္မတကြီး ထုတ်ပြောဖူးထားတယ်။ ဒါနဲ့ပတ်သက်လို့(အမေရိကန်နဲ့)စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးမှုဘာတွေဆက်ဖြစ်နေပါပြီလဲ။**

ကျွန်တော်တို့ ပထမဆုံးသော ကမ်းခြေစောင့်စစ်သင်္ဘောကြီးတစ်စင်း ရရှိထားပြီးပါပြီ။ ဒုတိယတစ်စင်းကိုလည်း ဒီနှစ် ဒီဇင်ဘာလောက်မှာ ရမယ်လို့ ကျွန်တော်နားလည်ထားပါတယ်။ ကျွန်တော်တို့ဟာ ပင်လယ်ပြင်စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာလက်နက်ကိရိယာပိုင်း၊ လေယာဉ်တွေလည်း ပါကောင်းပါမှာပေါ့လေ။ အဲဒါတွေကို ရှာဖွေနေပါတယ်။ ကျွန်တော်တို့မှာ ကျွန်းပေါင်း ၇,၁၀၀ ရှိတယ်။ ကမ်းခြေအရှည် ကီလိုမီတာ ၃၆,၀၀၀ ရှိထားတယ်။ ဒီကမ်းခြေလိုင်းကိုစောင့်ရှောက်ဖို့ ကျွန်တော်တို့မှာ သင်္ဘော ၁၃၂ စင်းပဲရှိတယ်။ အများစုက ဒုတိယကမ္ဘာစစ် လက်ကျန်တွေပါ။ ပြီးတော့လည်း ကျွန်တော်တို့ နှစ်တိုင်းမှာ တိုင်ဖွန်းမုန်တိုင်း ၂၃ ခုကနေ ၂၄ ခုလောက်ကို ကြုံနေရပါတယ်။

**ဖိလစ်ပိုင်ဟာ ဒီနှစ်ထဲမှာ ကမ္ဘာမှာ ဘယ်သူမှမရတဲ့နှုန်းနဲ့ အံ့သြဖွယ်စီးပွားရေးတိုးတက်မှုရနေပါတယ်။ အကြောင်းရင်းက ဘာပါလဲ။ တိုးတက်မှုကိုဘယ်လောက်ကြာကြာ တည်တံ့အောင် ထိန်းထားနိုင်မလဲ။**

သူတို့ကတော့ ကျွန်တော့်ကို ပထမဘဏ္ဍာရေးကာလ သုံးလပတ်မှာ တိုးတက်မှုနှုန်း ၆ ဒသမ ၄ ရာခိုင်နှုန်းရတာဟာ နိမ့်သေးတယ်လို့ပြောကြတယ်။ အဲဒါကြာရှည်ခံမလားမေးရင် ကြာရှည်ခံမယ်လို့တော့ ကျွန်တော်တို့ယုံတာပဲ။ ကျွန်တော်တို့ရဲ့ စတော့ဈေးကွက်ကိုကြည့်ပါ။ ကျွန်တော်တို့ ရာထူးယူတာ ၂၄ လရှိပြီ။ စတော့အိတ်ချိန်း(ဈေးကွက်)အတွက် ကျွန်တော်တို့ စံချိန် ၂၇ခု ရခဲ့တယ်။ ဖိလစ်ပိုင်စတော့ဈေးကွက်ညွှန်းကိန်းမှာ အမှတ် ၄,၀၀၀ အဆင့်ကို ကျွန်တော်တို့မရောက်နိုင်ခဲ့တာ ထုံးစံဖြစ်ခဲ့တယ်။ အခုတော့ ကျွန်တော်တို့ ၅,၀၀၀ ကျော်နေပါတယ်။

ဒီထက် ပိုအရေးကြီးတာကတော့ ခရက်ဒစ်ညွှန်းကိန်းသတ်မှတ်ချက်အေဂျင်စီတွေက ကျွန်တော်တို့ကို အဆင့်မြှင့်တင်မှုခုနစ်ကြိမ်ပေးခဲ့တယ်။ ဒီထက်ပိုကောင်းတာကတော့ ဘဏ်တွေက ကျွန်တော်တို့ကို ပိုကောင်းတဲ့ ချေးငွေတွေ ထုတ်ပေးနေတာပဲ။

**တစ်ခုမေးပါရစေ။ ပထမသုံးလပတ်မှာ(စီးပွားရေးတိုးတက်မှုနှုန်း) ၆ ဒသမ ၄ ရာခိုင်နှုန်းရတယ်ဆိုတာ နိမ့်သေးတယ်လို့ သမ္မတကြီး ပြောတော့ ဆိုလိုတာက ဒါဟာ ဒီနှစ်လက်ကျန်ကာလတွေမှာနှုန်းက ဒီထက် ပိုမြင့်နိုင်တယ်လို့ ပြောနေတာလား။**

ဒါ အံ့သြစရာ ဘာမှမရှိဘူးလို့ ပြောရမှာပါ။

**စီးပွားရေးတိုးတက်မှုနဲ့အတူ တိုက်ဆိုင်စွာပဲ သမ္မတကြီး လုပ်ဆောင်ခဲ့တဲ့အရာတွေထဲက တစ်ခုကတော့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးပါ။ ဒီနှစ်ခုက ဆက်နွှယ်နေပါသလား။**

သေချာတာပေါ့။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးကသာ ကောင်းမွန်တဲ့စီးပွားရေးဆီ ဦးတည်စေတာပဲလေ။—*Ref: "Interview Excerpts: Phillipine President Benigno Aquino", Wall Street.*

TRADEMARK CAUTION
Celgene Corporation, a company organized under the laws of Delaware, and having its principal office at 86 Morris Avenue Summit, New Jersey 07901, USA, is the owner and sole proprietor of the Trademark:
IMLINEER
Reg.4/5089/2012
In respect of : Int'l class 05 : " Pharmaceutical preparations, namely, cytokine inhibitory drugs; pharmaceutical preparations that modulate the immune system; pharmaceutical preparations for the treatment of certain cancers and blood diseases and printed dosage instructional manuals sold together as a unit."
Any unauthorized use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 23.Aug.2012
(For: Patrick Mirandah Co. (S) Pte Limited Singapore)

# Entertainment

7DAY NEWS JOURNAL

Vol.11, No.24 • AUGUST 23 , 2012





## ခရစ်စတင်စတီးဝပ်နှင့် လက်တွဲဖြုတ်ရန် ရောဘတ်ပက်တင်ဆန်ကို မိတ်ဆွေများ တိုက်တွန်း

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၁၈**

နာမည်ကျော် Twilight ရုပ်ရှင်ဇာတ်ကားများ၏ မင်းသား ရောဘတ်ပက်တင်ဆန်အား ၎င်း၏ အနုပညာအသိုင်းအဝိုင်းမှ မိတ်ဆွေများက ခရစ်စတင်စတီးဝပ်နှင့် ထပ်မံ လက်မတွဲစေချင် ကြောင်း ပြောကြားထားကြသည်ဟု US Weekly သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၃ ရက်က Comedy Central ရုပ်သံလိုင်းမှ ထုတ်လွှင့်သည့် Daily Show ရုပ်သံအစီအစဉ်တွင် ပင်တိုင် တင်ဆက်သူ ဂျွန်စတီးဝပ်က ပက်တင်ဆန်သည် ခရစ်စတင်စတီးဝပ်ကို ခေါက်ထားသင့်ကြောင်းပြောဆိုခဲ့သည်။

စာ(၄၉)သို့




လူကြိုက်အများဆုံး သီချင်းဇယားတွေရဲ့ နံပါတ်(၁)နေရာကို အကြာကြီး ရယူထားနိုင်ခဲ့တဲ့ Call Me Maybe အဆိုတော် ကနေဒီယန်းမလေး ကာလီရေးလ်ဂျပ်ဆင်က သူမရဲ့ပွဲဦးထွက်တစ်ကိုယ်တော် တေးအယ်လ်ဘမ် 'KISS'ကို စက်တင်ဘာ ၁၈မှာ စတင်ဖြန့်ချိမယ်လို့ သူမရဲ့ဖေ့စ်ဘွတ်ခ်နဲ့တွစ်တာစာမျက်နှာများကတစ်ဆင့် ပရိသတ်ကို အသိပေးခဲ့ပါတယ်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## "တယ်လီဖုန်းကိုင်ပါဦး"ကို တမူထူးခြားအောင် ရိုက်ထားတယ်ဆိုတဲ့ ဘန်နီဖြိုး

**ကြူကြူဟန်**

**ရန်ကုန်၊ ဩဂုတ်-၁၂**

'ချစ်တယ်ဟုတ်' VCD ရိုက်ကူးရာတွင် 'တယ်လီဖုန်းကိုင်ပါဦး' သီချင်းကို တမူထူးခြားအောင် ရိုက်ကူးထားပြီး မည်သို့ ရိုက်ကူးထားသည်ကို အခွေထွက်လာတဲ့အထိ စောင့်ကြည့်ပေးပါဟု ဘန်နီဖြိုးကပြောသည်။

"ရိုက်ထားတာတော့ အကုန်လုံးကို ထူးထူးခြားခြားဖြစ်အောင် ရိုက်ထားတာပဲဗျ။ 'တယ်လီဖုန်းကိုင်ပါဦး'ကတော့ အားလုံးထဲမှာ အထူးခြားဆုံးဖြစ်လိမ့်မယ်ဗျ။ အဲဒါလည်း အခွေထွက်လာမှ ကြည့်ပေးပါလို့။ ဘယ်လိုပြောရမလဲ။ အမြည်းသဘောအနေနဲ့ ပြောပြလို့မရဘူးဗျ။ အဲဒီလိုမျိုး Music Video တစ်ခုမှ မရှိဘူးဗျ"ဟု ဘန်နီဖြိုးကပြောသည်။

ဘန်နီဖြိုးက သူ၏VCDအတွက် ၎င်းနှင့်ပရိသတ်များတွဲရိုက်ထားသော ဓာတ်ပုံများကိုဘန်နီဖြိုး ဖေ့စ်ဘွတ်ခ်အကောင့်သို့ ထပ်မံပို့ပေးရန် ပရိသတ်များကို တောင်းဆိုထားပြီး ဓာတ်ပုံပေးပို့ထားသူများလည်းရှိကြောင်း ပြောကြားသည်။

"ထူးထူးဆန်းဆန်း တစ်ခုတော့ လုပ်ချင်တယ်ဗျ။ အမှတ်တရလေးလည်း ဖြစ်မယ့်ဟာ။ နောက်ပြီးတော့ အကုန်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ပေ့ါ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ကျွန်တော်တို့ကြိုက်တဲ့ အဆိုတော်တွေဗျာ။ သူတို့နဲ့တွဲပြီး ဓာတ်ပုံရိုက်ခွင့်ရရင် ကျွန်တော်တို့ ပျော်တယ်ဗျာ။ အမှတ်တရလေးတစ်ခု ဖြစ်နေရင် ဝမ်းသာတယ်။ ကျွန်တော့်ပရိသတ်ကို အဲဒီလို ခံစားချက်ကို ပြန်ပေးချင်တယ်ဗျ။ ကျွန်တော့်ပရိသတ်တွေနဲ့ ဓာတ်ပုံကို အဲဒီလို ပြန်သုံးမှာဗျ"ဟု ပိုစတာအတွက် စိတ်ကူးများကို ဘန်နီဖြိုးကပြောသည်။

'ချစ်တယ်ဟုတ်'VCDကို စက်တင်ဘာလကုန်တွင် ထွက်နိုင်ရန် ပြင်ဆင်နေပြီး ဒါရိုက်တာအဖြစ် အောင်မြတ်သူ၊ ရဲမြင့်သူ၊ ဝင်းလွင်ထက်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုးကိုယ်တိုင် ရိုက်ကူးထားကာ ပါဝင်သည့် သရုပ်ဆောင်များ ကို အခွေထွက်ခါနီးကျမှ ပြောလိုကြောင်း ဘန်နီဖြိုးက ပြောသည်။


ဓာတ်ပုံ-ကျော်မျိုးဦး

## ဂီတကိုဝါသနာပါပေမယ့် မော်ဒယ်အလုပ်ကိုဇောက်ချလုပ်ဖြစ်နေတဲ့ ဆန်းသစ်လ

**ကြူကြူဟန်**

**ရန်ကုန်၊ဩဂုတ်-၁၈**

အနုပညာခြေလှမ်း ခပ်စိပ်စိပ်လှမ်းလာတဲ့ ဆန်းသစ်လက ဓာတ်ပုံမော်ဒယ်အဖြစ် လှုပ်ရှားနေရင်းယခုအချိန်တွင် အဆိုနှင့် သရုပ်ဆောင်ပိုင်းကိုပါ ဇောက်ချလုပ်သွားမည်ဖြစ်ပြီး သူမ စံထားအားကျသူမှာ ထွန်းအိန္ဒြာဗိုဖြစ်ကြောင်းသူမကပြောကြားခဲ့သည်။

"ဂီတကတော့ ငယ်ငယ်ထဲက နားထောင်ရင်ဖွဲလည်းရှိတယ်။ အမေကလည်း အဆိုတော်ဆိုတော့ ဂီတနဲ့တော့ မစိမ်းဘူးပေ့ါ။ ပထမက အဆိုတော်လုပ်မယ်ဆိုပြီး ဝင်လာတာ။ ဒါပေမဲ့ Photo မော်ဒယ်ဘက်ကို ရောက်သွားတယ်" ဟု အဆိုတော်မေရွှက်ဝါ၏ သမီးဖြစ်သူ ဆန်းသစ်လက ပြောသည်။

ဒါရိုက်တာမီးပွား ရိုက်ကူးသည့် 'ကာလာစုံ Lesson' ဇာတ်ကားတွင် ဆန်းသစ်လက ဓာတ်ပုံမော်ဒယ်အဖြစ် သရုပ်ဆောင်ထားကာ ပထမဆုံးရိုက်ကူးသည့် ဇာတ်ကားဖြစ်ပြီး စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေး၊ မာရီနာ၊ ခင်သဇင်တို့နှင့်အတူ ရိုက်ကူးထားသည်။ "အသစ်ဆိုတော့ သရုပ်ဆောင်ချင်တာပဲသိတယ်။ ဘယ်လိုနေရာမှာ ဘယ်လိုသရုပ်ဆောင်ရမယ်မသိဘူး။ ဇာတ်ကားရိုက်တဲ့အခါကျတော့ နည်းနည်းသဘောပေါက်လာတယ်ပေ့ါနော်။ ကိုယ့်ထက်ဝါရင့်တဲ့ အနုပညာရှင်တွေက သင်ပေးတော့ အဆင်ပြေပါတယ်။ ဦးမီးပွားဆို သေသေချာချာ သင်ပေးပါတယ်"ဟု ဆန်းသစ်လက ပထမဆုံးသရုပ်ဆောင် မှု အတွေ့အကြုံကို ပြောသည်။ မိခင်မေရွှက်ဝါသည် လာမည့်နှစ်တွင် အသက်၅၀ပြည့် ဂီတဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ပြီး ထိုပွဲတွင်လည်း မိခင်၏ စတီရီယိုသီချင်းများကို သီဆိုမည်ဖြစ်ကြောင်း ပြောသည်။




7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# စေ့စပ်လက်စွပ်ကို ယခုထိ ထုတ်မဝတ်သေးတဲ့ ဂျန်နီဖာအန်နစ္စတန်

**လန်ဒန်၊ ဩဂုတ် - ၁၈**

မကြာသေးမီကပင် လူသိနည်းသည့်မင်းသားဂျပ်စတင်သီးရော့စ်နှင့်စေ့စပ်လိုက်သည့် ဟောလိဝုဒ်နာမည်ကျော်မင်းသမီး ဂျန်နီဖာအန်နစ္စတန်သည် မြောက်ကယ်ရိုလိုင်းနားပြည်နယ်ရှိရိုက်ကွင်းတစ်ခုတွင် ရုပ်ရှင်ရိုက်ကူးနေစဉ်အတွင်း သူမ၏ စေ့စပ်လက်စွပ်ကို ဝတ်ဆင်ထားခြင်းမရှိဘဲ သိမ်းထားသဖြင့် လက်စွပ်ကိုမြင်ချင်သော ပရိသတ်များနှင့် မီဒီယာများ မချင့်မရဲဖြစ်ခဲ့ရကြောင်း သိရသည်။

People မဂ္ဂဇင်းသတင်းကိုကိုးကား၍ ဒေးလီးမေးလ်သတင်းဝက်ဘ်ဆိုက်တွင် မင်းသမီး ဂျင်နီဖာ၏ပုံကို ဖော်ပြခဲ့ရာ၌ သူမ၏လက်တွင် စေ့စပ်လက်စွပ်ဝတ်ထားခြင်းမရှိသည်ကိုတွေ့ရသည်။ ဂျန်နီဖာ(၄၃ နှစ်)အတွက် သီးရော့စ်(၄၁နှစ်)က ပေးအပ်ခဲ့သော စေ့စပ်လက်စွပ်မှာ ဘေးတွင် စိန်ပွင့်လေးများဖြင့် စီခြယ်ထားသောစိန်လက်စွပ်ကြီးဖြစ်ကြောင်း Life & Style မဂ္ဂဇင်းက နီးစပ်သူတစ်ဦး၏ အဆိုကိုကိုးကားဖော်ပြထားသည်။

ဒေး လီးစတားသတင်းကမူ သူမ၏ ထိုလက်စွပ်မှာ တန်ကြေးဒေါ်လာသန်း ၈၀ရှိမည်ဟုဖော်ပြခဲ့သည်။

ဂျန်နီဖာအန်နစ္စတန်သည် လက်ရှိတွင် We're the Miller ဇာတ်ကားကို ရိုက်ကူးနေပြီး လာမည့်နှစ်အတွင်း သီးရော့စ်နှင့် လက်ထပ်ဖွယ်ရှိကြောင်း ခန့်မှန်းနေကြသည်။ ဂျင်နီဖာသည် ခင်ပွန်းဟောင်း ဘရက်ပစ်နှင့် ၂၀၀၅ တွင် လမ်းခွဲခဲ့ပြီးနောက် ဗင့်ဗောင်ဂန်၊ အိုဝင်ဝီလ်ဆင်တို့နှင့် ခဏတာ ဇာတ်လမ်းများဖြစ်ခဲ့သည်။



ထို့နောက် သူမသည် ပြီးခဲ့သည့်နှစ်မှစ၍ ဇာတ်ညွှန်းဆရာ၊ မင်းသားသီးရော့စ်နှင့် ချစ်သူဖြစ်ခဲ့သည်။ —Ref: Dailymail

# သရုပ်ဆောင်အသစ်များ ပွဲထုတ်မည့် ''ထာဝရမန္တလေး''

ကြူကြူဟန်

**ရန်ကုန်၊ ဩဂုတ်-၁၆**

ပုဂ္ဂလိကရုပ်သံလိုင်း နှစ်ခုဖြစ်သော Channel 7 နှင့် MRTV-4 တို့တွင် ထုတ်လွှင့်ရန် သရုပ်ဆောင်သစ်များစွာကို ပွဲထုတ်ရိုက်ကူးမည့် 'ထာဝရမန္တလေး' မြန်မာဇာတ်လမ်းတွဲကိုဩဂုတ် ၂၅ရက်မှစတင်ရိုက်ကူးမည်ဖြစ်ကြောင်း ဇာတ်ညွှန်းရေးသားကာ ကိုယ်တိုင်ရိုက်ကူးမည့် ဦးငြိမ်းမင်းက ပြောသည်။

ထိုဇာတ်လမ်းတွဲတွင် နေအောင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ မေသဥ္ဇာဦး စသည့် ဝါရင့်သရုပ်ဆောင်များနှင့် အောင်ရေချမ်း၊ အောင်မင်းခန့်၊ ဟန်လင်းသန့်၊ ဂျူးဂျူးကေ၊ မေမီကျော်ကျော်၊ စျူးစျူးစျာန်၊ ခင်စန္ဒာမြင့်၊ အိန္ဒြေဝင့်ထည် စသည့် မျက်နှာသစ်သရုပ်ဆောင် ၁၈ ဦး ပါဝင်မည်ဖြစ်ပြီး ထိုသရုပ်ဆောင်များကို Forever Bec. Tero မှ လျှောက်လွှာခေါ်ယူကာ စိစစ်ရွေးချယ်ထားသော သရုပ်ဆောင်သစ်များဖြစ်ကြောင်း သိရသည်။ လူကြီးနှင့်လူငယ်တို့အကြား တွေးခေါ်ပုံမတူသည့် ပြဿနာများ၊ လူငယ်တွေက အချစ်ကို အလေးအနက် မထားကြခြင်းကို ရသစုံရိုက်ကူးမည်ဖြစ်ကာ မြန်မာ့ယဉ်ကျေးမှု ပုံရိပ်များကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းရိုက်ကူးမည်ဖြစ်ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်လည်း သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း ဦးငြိမ်းမင်းက ပြောသည်။

လေးလကြာ ရိုက်ကူးမည်ဖြစ်ပြီး ယခုနှစ် မကုန်ခင်အတွင်း ထုတ်လွှင့်ပြသရန် ရည်ရွယ်ထားပြီး အပိုင်းသုံးဆယ် ပါဝင်မည်ဖြစ်ကြောင်း ဦးငြိမ်းမင်းက ပြောသည်။ ယင်းဇာတ်လမ်းတွဲကို ထိုင်းနိုင်ငံရှိ ရုပ်သံလိုင်းမှာ ပြသနိုင်ရန် Forever Bec-Tero မှ စီစဉ်နေပြီး မြန်မာနိုင်ငံတွင် ထုတ်လွှင့်ပြသပြီးမှ ထိုင်းနိုင်ငံတွင် ဆက်လက်ပြသမည်ဖြစ်ကြောင်း ဦးငြိမ်းမင်းက ပြောသည်။










7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# ကိုရီးယားမင်းသား လီဆောင်ကျူ ဆိုက်ကယ်မတော်တဆမှုဖြင့် ကွယ်လွန်

**ဆိုးလ်၊ဩဂုတ် - ၁၃**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသား လီဆောင်ကျူသည် ဩဂုတ် ၁၁ ရက်(စနေနေ့)က မော်တော်ဆိုင်ကယ် မတော်တဆမှုတစ်ခုကြောင့် ကွယ်လွန်သွားကြောင်းသိရသည်။ မင်းသား၏ အေဂျင်စီ တေပန်အန်တာတိန်းမန့်၏ အဆိုအရ လီဆောင်ကျူသည် အိုလံပစ်ဘောလုံးပြိုင်ပွဲမှ တောင်ကိုရီးယားနှင့် ဂျပန်ပွဲစဉ်ကို သူငယ်ချင်းများနှင့် ကြည့်ရှုပြီး အိမ်အပြန်လမ်းတွင် ဆိုင်ကယ်မှောက်ကာ ဦးခေါင်းနှင့် ဆိုင်ကယ်လက်ရန်းတိုက်မိ၍ ဒဏ်ရာများရကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လီသည် ဆိုင်ကယ်မှောက်ချိန်တွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားသော်လည်း ထိခိုက်မှုပြင်းထန်သဖြင့် ချက်ချင်းသေဆုံးခဲ့ရကြောင်းဆိုသည်။



အသက် ၃၀ အရွယ် မင်းသား လီဆောင်ကျူသည် ၂၀၀၇ တွင် ဟာသဒရာမာဇာတ်ကား Kid Gang ဖြင့် အနုပညာဘဝစတင်ခဲ့ပြီး ပြဇာတ်များ၊ Thieves Diary နှင့် Queen Seon Deok ကဲ့သို့ ရုပ်သံဒရာမာကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် မကွယ်လွန်မီ နောက်ဆုံးအနေဖြင့် သမိုင်းနောက်ခံစစ်ကား God of War ကို ရိုက်ကူးခဲ့သည်။

—Ref: CNA

# ပရိသတ်များပေးပို့သော ဆန်၁၀တန်ကို အဖွဲ့အစည်းများထံ လီဂျွန်ကီပြန်လှူမည်

**ဆိုးလ်၊ ဩဂုတ် - ၁၄**

ကိုရီးယားသရုပ်ဆောင်မင်းသား လီဂျွန်ကီသည် ကုသိုလ်ရေးအဖွဲ့အစည်းများသို့ ပြန်လည်လှူဒါန်းနိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ပရိသတ်များထံမှ ဆန်တန်ချိန် ၁၀ လက်ခံရရှိထားကြောင်း သိရသည်။

ဆိုးလ်မြို့လယ်ရှိ ဂျန်ချွန်ဒေါင်းအရပ်မှ ဂရန်းအမ်ဘက်ဆဒါဟိုတယ်တွင် ပြုလုပ်သော မင်းသားလီ၏ Arang and the Magistrate ဒရာမာဇာတ်ကား သတင်းစာရှင်းလင်းပွဲတွင် မင်းသား၏အေဂျင်စီက ထိုသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတွင် ပရိသတ်များထံမှရရှိသော ဆန်အိတ် များစွာကိုလည်းပြသထားခဲ့သည်။

လီ၏ အေဂျင်စီက "လီဂျွန်ကီရဲ့ ပရိသတ်တွေဟာ ပြီးခဲ့တဲ့သုံးလလောက်ကတည်းက ဆန်တွေကိုစုဆောင်းပေးပို့ခဲ့ကြတာပါ။ ကျွန်တော်တို့ဟာ ဒီလက်ဆောင်ဆန်တွေကိုပြန်လှူဒါန်းဖို့ အကောင်းဆုံးနည်းလမ်းကို လီနဲ့ ပြောဆိုဆွေးနွေးခဲ့ပါတယ်"ဟုဆိုသည်။ မင်းသားလီ၏ အလှူခံရရှိထားသော ဆန်အိတ်များမှာ ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ ပရိသတ်များထံမှဖြစ်ပြီး မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ရိုမေးနီးယားနိုင်ငံများမှ ပရိသတ်များဖြစ်သည်။

လီဂျွန်ကီသည်ပြီးခဲ့သော ဖေဖော်ဝါရီလဆန်းက စစ်မှုထမ်း ဥပဒေအရစစ်မှုထမ်းတာဝန်ပြီး၍ စစ်ထဲမှပြန်ထွက်လာပြီးနောက် ၎င်း၏ပထမဆုံးရုပ်သံ ဒရာမာ Arang and the Magistrate ကို MBC ရုပ်သံမှ ဩဂုတ် ၁၅ရက်တွင် ထုတ်လွှင့်မည်ဟုသိရသည်။

—Ref: Hancinema



# စာ-၄၇၊ ခရစ်စတင်စတီးဝပ်နှင့် ထပ်မံ လက်မတွဲရန် ရောဘတ်ပက်တင်ဆန်ကို မိတ်ဆွေများ တိုက်တွန်းနေ မှ

ထို့အပြင် ယူအက်စ်မဂ္ဂဇင်းမှ နီးစပ်သူတစ်ဦးကို ကိုးကား၍ အသက် ၂၆နှစ်အရွယ် မင်းသားပက်တင်ဆန်ကို ဆီယန်နာမေလာ၊ တွမ်စ်တားရစ်စသည့်သူငယ်ချင်းများကလည်း ဒါရိုက်တာရူးပတ်ဆန်းဒါးနှင့် တိတ်တဆိတ် ဖောက်ပြန်ခဲ့သောခရစ်စတင်စတီးဝပ်ကိုဆက်လက်လက်မတွဲသင့်ကြောင်းတိုက်တွန်းခဲ့သည်ဟုဆိုသည်။

မဂ္ဂဇင်းတွင်အဆိုပါနီးစပ်သူက "သူငယ်ချင်းတွေက ခရစ်စတင်စတီးဝပ်ဟာ ရောဘတ်ကို နောက်တစ်ကြိမ် နာကျင်စေမှာပဲ လို့တွေးထင်နေကြလို့ပါ"ဟု ရှင်းပြထားသည်။

ရောဘတ်ပက်တင်ဆန်သည် ခရစ်စတင်စတီးဝပ်နှင့် တွဲဖက်ပါဝင်ထားသော နောက်ဆုံးထွက်ရှိမည့် Twilight-Breaking Down 2 ရုပ်ရှင်အတွက် ယခုနှစ်ကုန်ပိုင်းတွင် ပရိမိုးရှင်းပြုလုပ်ရန်ရှိသည်။ သို့သော် ၎င်းသည် The Rover၊ Mission: Blacklist ဇာတ်ကားများကို ၂၀၁၃ တွင် ရိုက်ကူးသွားရန် ရှိသည်။

ခရစ်စတင်စတီးဝပ်သည် ပက်တင်ဆန်နှင့် Twilight ဇာတ်ကားများ ရိုက်ကူးစဉ် ချစ်သူဖြစ်ခဲ့ပြီး ထို အချိန်ပိုင်း၌ပင် သူမ၏ Snow White and the Huntsman ဒါရိုက်တာရူးပတ်ဆန်းဒါး (၄၁ နှစ်)နှင့် ဖောက်ပြန်ခဲ့ကြောင်း သတင်းများထွက်ပေါ်ပြီးနောက် ဇူလိုင် ၂၄ ရက်တွင် သူမ၏ ပရိသတ်များနှင့် ချစ်သူရောဘတ်တို့ကို လူသိရှင်ကြား တောင်းပန်ခဲ့သည်။

—Ref: USmagazine/People




**ကြုံကြုံဟန်**

■ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးသည့်'၃'ရုပ်ရှင်ဇာတ်ကားကိုဩဂုတ်လ ၂၄ ရက်မှစ၍ ရုံတင်ပြမည်ဖြစ်သည်။ ကျော်ရဲအောင်၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ချောရတနာ၊ သင်ဇာဝင့်ကျော်၊ ထွန်းထွန်းတို့ ပါဝင်သရုပ်ဆောင်ထားပြီး အရိုးဇာတ်လမ်းကို နေစိုးသော်က ဇာတ်ညွှန်းရေးသားခြင်းဖြစ်သည်။

■အနုပညာရှင်နိုင်ငံရေးလှုပ်ရှားသူတစ်ဦးဖြစ်သော အဆိုတော်ထူးအိမ်သင်(ခ)ကိုကျော်မြင့်လွင်၏ ၈ နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားကို New Zero Art ၌ ကျင်းပခဲ့သည်။

အဆိုတော်ထူးအိမ်သင်သည် ၂၀၀၄ ခုနှစ်က ကွယ်လွန်ခဲ့ပြီး ၎င်း၏ အောက်မေ့ဖွယ် အခမ်းအနားတွင် ထူးအိမ်သင်အား ချစ်မြတ်နိုးသော ကဗျာဆရာများ၊ စာရေးဆရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

■၈၈ ကျောင်းသားများနှင့် အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေမည့် ၈၈မျိုးဆက်သစ်ကျောင်းသားများ၏ 'စေတနာဝသာန်'ရန်ပုံငွေဂီတဖျော်ဖြေပွဲ'ကို စက်တင်ဘာ ၁ ရက်တွင် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း M3 Food Center တွင် ယနေ့ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရှိရသည်။ ၈၈ မျိုးဆက်သစ်ကျောင်းသား ရန်ပုံငွေပွဲတွင် ရောက်စစ် လိုင်း၊ Lazy Club ၊ Metal Zone၊ မဖ္ဖိုလိုင်းစသည့် တီးဝိုင်းရှစ်ဖွဲ့နှင့်အတူ ခင်မောင်တိုး၊ ရဲလွင်၊ မာ ရဗ္ဗ၊ ရင်ဂို၊ ဆောင်းဦးလှိုင်၊ စည် သူလွင်၊ အဲလက်စ်၊ R ဇာနည်၊ Acid၊ Big Bag၊ မေခလာ၊ ကော်နီ၊ ထွန်းအိန္ဒြာဗို၊ ကဗျာဘွဲ့မှူး၊ မီးမီးခဲ၊ ဆုန်သင်းပါရ်၊ ချစ်သုဝေ၊ ချမ်းချမ်း၊ ဗိုင်းစုခိုင်သိန်း၊ အိမ့်ချစ် စသည့် အဆိုတော်၅၀ နီးပါး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဝင်ကြေးလက်မှတ်များကို City Mart, Ocean စူပါမားကတ်များနှင့် မောနင်းစတားလက်ဖက်ရည်ဆိုင်၊ Music Box ဆိုင်များတွင် လက်မှတ်များကို နှစ်သောင်း၊ တစ်သောင်းခွဲ၊ တစ်သောင်းနှုန်းများဖြင့် ဝယ်ယူနိုင်မည်။ ရရှိလာမည့် ရန်ပုံငွေများကို လူမျိုးဘာသာ၊ နေရာဒေသ မခွဲခြားဘဲ လိုအပ်သည့်နေရာများတွင် မျှဝေသုံးစွဲသွားမည်ဖြစ်ကြောင်း ကျောင်းသားခေါင်းဆောင်ဦးကိုကိုကြီးက ပြောသည်။

■ဓိရာမိုရ်၏ 'လမင်းဖမ်းပွဲ'တေးအယ်လ်ဘမ်ကို Excellent Creation က ဖြန့်ချိနေပြီဖြစ်သည်။ အငြိမ့်ကြည်တော်၊ အေမင်းဆက်၊ ဓိရာမိုရ်တို့ ရေးသားထားပြီး စိမ်းမီး၊ ကောင်းခေတ်သစ်တို့ ပါဝင်သီဆိုထားသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Bourne Legacy | Universal Pic | ၃၈,၁၄၂,၈၀၀ | ၁ |
| ၂။ | The Campaign | Warner Bros. | ၂၆,၅၈၈,၂၀၀ | ၁ |
| ၃။ | The Dark Knight Rises | Warner Bros. | ၃၈၉,၅၈၈,၀၀၀ | ၄ |
| ၄။ | Hope Springs | Sony Pic. | ၁၉,၁၀၃,၂၀၀ | ၁ |
| ၅။ | Total Recall | Sony Pic. | ၄၄,၁၀၁,၄၀၀ | ၂ |
| ၆။ | Diary of Wimpy Kid: Dog Days | 20th Century Fox | ၃၀,၃၅၆,၂၀၀ | ၂ |
| ၇။ | Ice Age: Continental Drift | 20th Century Fox | ၁၄၃,၆၉၅,၀၀၀ | ၅ |
| ၈။ | Ted | Universal Pic | ၂၀၉,၈၄၉,၀၀၀ | ၇ |
| ၉။ | Step Up: Revolution | Summit Entertainment, LLC | ၃၀,၂၅၆,၆၀၀ | ၃ |
| ၁၀။ | The Watch | 20th Century Fox | ၃၁,၃၉၆,၁၀၀ | ၃ |

## Movie Review

### Hit & Run




လူငယ်စုံတွဲတစ်တွဲသည် သူတို့၏ မြို့ငယ်လေးတွင် နေရသောဘဝကို ငြီးငွေ့လာပြီး တိုးတက်ရာ တိုးတက်ကြောင်း အခွင့်အလမ်းများရှာဖွေရန် ကားတစ်စီးဖြင့် ထွက်ခွာလာခဲ့ကြသည်။ လမ်းများပေါ်တွင် ကားမောင်းရင်း ဟန်းနီးမွန်းခရီးလိုဖြစ်နေသော သူတို့အတွက် မထင်မှတ်သောအရာများကလည်း စောင့်ကြိုနေပါသည်။ အတိတ်တုန်းက သူငယ်ချင်းတစ်ယောက်၊ ဖက်ဒရယ်ရဲအရာရှိတစ်ဦးနှင့် အခြားခွကျကျလူများနှင့်ပါ သူတို့ပတ်သက်လာရသောအခါ လူငယ်စုံတွဲ၏ မူလရည်မှန်းချက်များ အထမြောက်ဦးမလားဆိုတာ. . . ။

Dax Shepard နှင့် David Palmer တို့ ပူးတွဲရိုက်ကူးထားသော အချစ်၊ ဟာသ၊ စွန့်စားခန်းဇာတ်လမ်းတွင် Dax Shepard၊ Kristen Bell၊ David Koechner၊ Tom Arnold တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဩဂုတ်လ ၂၂ ရက်တွင် Open Films က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST , 2012

## အောင်မြင်ခြင်းနည်းလမ်းကို နာကာတာ မျှဝေ


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၂၀

ကိုယ်တိုင်ကြိုးစားအားထုတ်မှုနှင့် လေ့လာမှုမရှိပါက ကမ္ဘာကျော်နည်းပြများ လာရောက်သင်ကြားပြသသော်လည်း တိုးတက်လာမည်မဟုတ်ကြောင်း ကမ္ဘာကျော် ဂျပန်လက်ရွေးစင်ဘောလုံးသမားဟောင်း နာကာတာက မြန်မာယူ-၁၉ အသင်း ကစားသမားများနှင့် တွေ့ဆုံစဉ်ပြောကြားသွားသည်။

"တတ်နိုင်လို့ ဂျပန်၊ ဂျာမနီ နည်းပြတွေခေါ်ပြီး သင်ပေးလည်း ကိုယ်တိုင်က ကြိုးစားအားထုတ်မှု မရှိဘူးဆိုရင် ဘာမှမဖြစ်နိုင်ဘူး။ ကိုယ်တိုင်က ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုက အရေးကြီးဆုံးပဲ။ ကိုယ် ကိုယ်တိုင်က တွေးခေါ်ပြီးတော့ ကစားတတ်တဲ့စိတ်၊ ကိုယ်တိုင် လေ့လာဖို့လည်း လိုအပ်တယ်"ဟု ရန်ကုန် ဒုတိယအကြိမ် လာရောက်သည့် နာကာတာက ပြောသည်။

ဩဂုတ်လ ၁၉ ရက်က ရန်ကုန်သို့ ရောက်ရှိခဲ့သည့် နာမည်ကျော် ဂျပန်ဘောလုံးသမားဟောင်းသည် ယနေ့နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ၎င်းသည် ညနေ ၃ နာရီခွဲခန့်တွင် ရန်ကုန်ယူနိုက်တက်မြက်ခင်းတုကွင်းသို့ လာရောက်၍ မြန်မာယူ-၁၉ အသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းများ၏ လေ့ကျင့်မှုများအား လာရောက်ကြည့်ရှုခဲ့သည်။

နာကာတာနှင့်တွေ့ဆုံစဉ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် အဓိကဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ကမ္ဘာကျော်ဘောလုံးသမား လေး ငါးယောက်အပါအဝင်ဂျပန်နာမည်ကြီးဘောလုံးသမားများ ပါဝင်သည့်အသင်းနှင့်မြန်မာ့လက်ရွေးစင်အသင်းတို့ လာမည့်နှစ်တွင် ရန်ပုံငွေဘောလုံးပွဲတစ်ရပ် ဖြစ်မြောက်ရန်ကြိုးစားနေကြောင်း ဦးဇော်ဇော်ကပြောသည်။

ဂျပန်လက်ရွေးစင်ဘောလုံးသမားဟောင်းသည် ၎င်း၏ သုံးရက်ခရီးစဉ်အတွင်း ရန်ကုန်မြို့တစ်မြို့တည်းသာ လည်ပတ်မည်ဖြစ်ပြီး ဩဂုတ်လ ၂၂ရက်တွင် ပြန်မည်ဖြစ်သည်။

အသက်၃၅နှစ်အရွယ်နာကာတာသည် ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ် စီးရီးအေကလပ်ငါးသင်းအပါအဝင် ပရီးမီးယားလိဂ်ကလပ် ဘော်လ်တန်အသင်းတို့၌ ကစားခဲ့ဖူးပြီး အသက် ၃၀ အရွယ်တွင် အနားယူခဲ့သူဖြစ်သည်။

## အားကစားသံတမန် ဖလှယ်ရေးအတွက် အမေရိကန်ဘတ်စကက်ဘောကစားသမားဟောင်းသုံးဦး ရန်ကုန်သို့ လာရောက်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဩဂုတ်-၁၄

အမေရိကန်နိုင်ငံမှ ကမ္ဘာကျော်ဘတ်စကက်ဘောပြိုင်ပွဲဖြစ်သော အင်န်ဘီအေနှင့် ဒဗလျူအင်န်ဘီအေမှ လက်ထောက်နည်းပြ အပါအဝင် ကစားသမားဟောင်း သုံးဦးသည် အားကစားနှင့် ယဉ်ကျေးမှုရေးရာ လှုပ်ရှားမှုများမှ တစ်ဆင့် မြန်မာလူငယ်များနှင့် တွေ့ဆုံရန် ရန်ကုန်မြို့သို့ ယခုလ ၂၆ ရက်တွင် လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ချာလော့ဘော့လ်ကက်စ် အထွေထွေမန်နေဂျာ ရစ်ချတ်ချို၊ ဒဗလျူအင်န်ဘီအေ ကစားသမားဟောင်း အယ်လီဆင်ဖီဆတာ၊ လက်ရှိလော့စ်အိန်ဂျလိစ်လိကားစ် (LA Laker)လက်ထောက်နည်းပြနှင့် အင်န်ဘီအေကစားသမားဟောင်း ဒါဗင်ဟမ်နှင့် အင်န်ဘီအေကစားသမားဟောင်း မာတီကွန်လွန်တို့ လာရောက်မည်ဖြစ်ကြောင်း အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံနှင့် ပထမဦးဆုံးသော အားကစားသံတမန်ဖလှယ်ရေးကို အမေရိကန်နိုင်ငံခြားရေးဌာန၏ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာဌာနသည် အင်န်ဘီအေ၊ ဒဗလျူအင်န်ဘီအေတို့နှင့် ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ အထက်ပါ အားကစားသံတမန်များသည် ဘတ်စကက်ဘော လက်တွေ့ကစားပြခြင်း၊ အားကစားဆွေးနွေးပွဲများအားဖြင့် ပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့် မတူကွဲပြားမှုတို့ကို အလေးထားခြင်းများ၏ အရေးကြီးပုံကို အလေးပေးတင်ပြကြမည်ဖြစ်ကြောင်း သံရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

၎င်းတို့၏ ငါးရက်တာခရီးစဉ်အတွင်း တော်ဝင်စင်တာတွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်သွားမည်ဖြစ်ပြီး ကျောင်းများနှင့် အားကစားရုံများတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် သိမ်ဖြူအားကစားရုံ၌ မြန်မာ့ရိုးရာခြင်းလုံးကစားခြင်းကိုလည်း လေ့လာကြည့်ရှုကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကမ္ဘာမှာ နာမည်ကြီး အင်န်ဘီအေ ဘတ်စကက်ဘော ပွဲစဉ်တွေဆိုတာ ရုပ်သံကပဲ ကြည့်ရှုခဲ့ရတာပါ။ သူတို့ဆီက နည်းပြကစားသမားဟောင်းတွေကို ခုလိုသင်တန်းတွေ၊ သရုပ်ပြပွဲတွေ လာရောက်ပြသမယ်ဆိုတော့ မြန်မာဘတ်စကက်ဘော ကစားသမားတွေအတွက် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အစီအစဉ်ဖြစ်မှာပါ"ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်န်ဘီအေမှ Boston Celtics ကလပ်နည်းပြ ဦးဆောင်ပြီး မန်နေဂျာ၊ကစားသမားတစ်ဦး ပါဝင်သည့်အဖွဲ့သည် ၁၉၇၅ က မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးကြောင်း သတင်းရရှိသည်။

## မြန်မာ့ဘောလုံးအနာဂတ်အတွက် မျိုးဆက်သစ်များ မွေးထုတ်ရန် အရေးတကြီးလိုအပ်နေ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဩဂုတ်-၁၅

မြန်မာ့ဘောလုံး အနာဂတ်အောင်မြင်မှု ရရှိရန်အတွက်ဆိုပါက လက်ရှိလက်ရွေးစင်အသင်းကို ပိုကောင်းအောင် လုပ်နေခြင်းဖြင့် မလုံလောက်ပဲ မျိုးဆက်သစ်မွေးထုတ်ပေးမည့်လူငယ်စီမံကိန်းများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းကပိုအရေးကြီးကြောင်း မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက ပြောကြားသည်။

အနီးကပ်ဆုံးပြိုင်ပွဲအဖြစ် လာမည့် အောက်တိုဘာလအတွင်း ဆူဇူကီးဖလားခြေစစ်ပွဲယှဉ်ပြိုင်ကစားရန် ရှိနေသည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်နေသည့် ပတ်ဆောင်ဟွာက ဩဂုတ်လ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် MNL All Star အသင်းနှင့်ပွဲစဉ်အပြီး ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည့် ညစာစားပွဲတွင် သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါခြေစမ်းပွဲတွင် မြန်မာလိဂ်တွင် ကစားနေသည့် နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Star အသင်းက ပဏာမလက်ရွေးစင်အသင်းကို ၄-၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

"ဒီနေ့ပွဲစဉ်ကတော့ မြန်မာဘောလုံးအသင်းအနေအထားကို ချပြလိုက်တာပါပဲ။ ကျွန်တော်တို့အသင်းဟာ ပြိုင်ဘက်အသင်းက နိုင်ငံခြားသားကစားသမားတွေထက် နည်းပညာပိုင်း၊ မြန်နှုန်း၊ ခွန်အား၊ အသင်းလိုက်စုစည်းမှုပိုင်းတွေမှာ အားနည်းချက်တွေရှိနေပါတယ်။ နိုင်ငံခြားကစားသမားတွေကတော့ အရည်အချင်းရှိတဲ့အတွက် စုစည်းချိန်နည်းပါးပေမယ့် ကောင်းကောင်းကစားနိုင်ခဲ့တယ်"ဟုပတ်ဆောင်ဟွာက ပြောကြားခဲ့သည်။

လက်ရှိမိမိတာဝန်ယူနေသည့် အချိန်တွင်မူ မြန်မာဘောလုံးအသင်းအား အကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သို့သော် အနာဂတ်မြန်မာ့ဘောလုံး အောင်မြင်မှုရချင်ပါက လက်ရှိအနေအထားထက် မျိုးဆက်သစ်ကစားသမားများ ခါးဆက်မပြတ်သွားရန် မွေးထုတ်ပေးနိုင်ဖို့က ပိုအရေးကြီးပါကြောင်း၊ လက်ရှိ မြန်မာနေရှင်လိဂ်အသင်းကြီးများ အနေဖြင့်လည်း ကစားသမားအသစ်များကို ရှာဖွေရာတွင် အခက်အခဲရှိမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အောက်ခြေမှ ကစားသမားများ ပေါ်ထွက်လာခြင်း မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံများတွင် မူလတန်းအဆင့်၌ပင် ကစားသမားထောင်သောင်းမက ရှိနေပြီဖြစ်ကြောင်း မြန်မာအသင်းနည်းပြချုပ်က ပြောသည်။

"အရင်တုန်းက မြန်မာအသင်းအနေနဲ့ ဆူဇူကီးဖလားပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ အခုလက်ရှိဝင်ပြိုင်မယ့်အသင်းနဲ့ အရင်အသင်းတွေနဲ့ ပြောင်းလဲသွားတာ ဘာမှမရှိသေးပါဘူး။ ပြောင်းလဲသွားတာဆိုလို့ နည်းပြတွေ ပြောင်းလဲသွားတာပဲ ရှိပါတယ်"ဟုပတ်ဆောင်ဟွာက ပြောသည်။

ပတ်ဆောင်ဟွာက ဆက်လက်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဘောလုံးအသင်းများ ပေါ်ထွက်လာရန်လည်း လိုအပ်ကြောင်း၊ အောက်ခြေမှ ဘောလုံးသမားများ ထွက်ပေါ်လာအောင် စနစ်တကျမလုပ်ဆောင်ပါက ကလပ်အသင်းကြီးများ၏ အဆင့်အတန်းသည်လည်း လက်ရှိအခြေအနေထက် ပိုမြင့်မားလာမည် မဟုတ်ကြောင်း ပြောဆိုပါသည်။

ကျွန်တော်တို့ ရွှေမန္တလာ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို (၁၂)နှစ်တိုင်တိုင်
အခိုင်အမာရပ်တည်နိုင်အောင် အစဉ်တစိုက် အားပေးလာခဲ့သော ရဟန်း ရှင် လူ ခရီးသွားပြည်သူအပေါင်းအား ကျေးဇူးတုံ့ပြန်သောအားဖြင့်
ရန်ကုန် ⇌ မန္တလေး ⇌ အထူးခရီးစဉ် ကို ကျယ်ဝန်း၍ သက်သောင့်သက်သာရှိသော (၂၇)ယောက်စီး VIP Seat များ တပ်ဆင်ထားသည့်
ဂျာမနီနှင့်ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော လုံခြုံစိတ်ချရသည့် Brand New အထူးဘတ်(စ်)ကားသစ်ကြီးများဖြင့်
ည(၉း၀၀) ခရီးစဉ်ကို (၁၅.၈.၂၀၁၂)မှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် နံနက်(၈း၃၀) ခရီးစဉ်ကို (၂၁.၈.၂၀၁၂)တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း
မိတ်ဟောင်းမိတ်သစ်များအား အထူးသတင်းကောင်းပါး ဖိတ်ခေါ်အပ်ပါသည်။
Promotion အစီအစဉ်အနေဖြင့် ပထမဦးဆုံးလက်မှတ်ဝယ်ယူသော ခရီးသည်(၁၀၀)အား 100% အထိ Discount ရနိုင်သည့်
Coupon များ မေတ္တာလက်ဆောင်ပေးမည် ဖြစ်ပါသည်။

Up to 100% Discount






ရွှေမန္တလာ ရန်ကုန် ⇌ မန္တလေး ⇌ တောင်ကြီး အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ရန်ကုန် ☎ (အောင်မင်္ဂလာ) ၀၁-၆၃၇၅၆၀၊ ၆၃၇၅၆၁၊ ၇၀၆၂၄၂၊ ၀၉-၈၃၅၀၉၃၇၊ (အောင်ဆန်းကွင်း) ၀၁-၂၄၉၉၃၃၊ ၀၉-၈၃၅၀၉၃၈
မန္တလေး ☎ (ကျွဲဆည်ကန်) ၀၂-၈၁၈၁၀၊ ၀၉-၆၅၀၂၃၅၇၊ (မြို့တွင်းဂိတ်) ၀၂-၃၃၈၉၉၊ ၀၉-၂၀၂၃၁၁
တောင်ကြီး ☎ (ကန်ရှေ့ရပ်) ၀၈၁-၂၄၅၆၃၊ ၀၈၁-၂၀၀၄၅၆




# မြန်မာကာယအလှမယ်နှစ်ဦး အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲဝင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၆**
(၄၆)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ မြန်မာနိုင်ငံမှကာယအလှမယ်နှစ်ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့တွင် လာမည့် စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၌ ပြီးခဲ့သည့် ဇွန်လက ကျင်းပခဲ့သော ပြောင်းလဲပြင်ဆင်လိုက်သည့် ဝတ်စားဆင်ယင်မှုအသစ် ကာယအလှမယ်ပြိုင်ပွဲမှ ပထမဆုရ ပြိုင်ပွဲဝင်နှစ်ဦးသည် အာရှအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"ပြီးခဲ့တဲ့ပြိုင်ပွဲကနေ ပဏာမလက်ရွေးစင်ငါးဦးရွေးချယ်လိုက်ပြီး အာရှအဆင့်ပြိုင်ပွဲအတွက် လေ့ကျင့်ပေးခဲ့ပါတယ်။ ထိုင်းနည်းပြဆရာနှစ်ဦးလည်း နှစ်ပတ်ခန့်လာရောက်ပြီး လေ့ကျင့်အကြံပေးမှုတွေပြုလုပ်ပေးခဲ့ပါတယ်။ ခုတော့ လက်ရွေးစင်နှစ်ဦးကို ရွေးချယ်လိုက်ပါပြီ" ဟု မြန်မာနိုင်ငံကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်အမှုဆောင် ဒေါ်ရီရီဝင်းက ပြောသည်။

အာရှအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံခဲ့ရသည့်ကာလအလှမယ်နှစ်ဦးမှာ ပြီးခဲ့သည့် အိုလံပစ်နေ့အထိမ်းအမှတ်ကျင်းပခဲ့သည့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Physique ခေါင်းစဉ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည့်မဝတ်ရည်ဖြိုးနှင့် Fitness Physique ခေါင်းစဉ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည့် မအေးအေးစိုးတို့ဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်း ၃၀ ကျော်နောက်ပိုင်း ပထမဆုံးအကြိမ် ဝတ်စားဆင်ယင်မှုအသစ်ဖြစ်သည့် အင်္ကျီလက်ပြတ်၊ ဘောင်းဘီတို၊ အားကစားဝတ်ဖြင့် ယှဉ်ပြိုင်ရသည့် ကာယအလှမယ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇွန်လက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

## လက်ရွေးစင် ဘော်လီဘောကစားသမား ကျော်ရွှေ ဗီယက်နမ်ကလပ်တစ်ခုတွင် သွားရောက်ကစား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၅**
မြန်မာ့လက်ရွေးစင်ဘော်လီဘောကစားသမားကျော်ရွှေသည် ဗီယက်နမ်နိုင်ငံ ARMY(4) ဘော်လီဘောကလပ်တွင် ဩဂုတ် ၁၅ ရက်မှ စတင်ကာ တစ်လအငှားသွားရောက်ကစားခွင့် ရရှိခဲ့ကြောင်း သတင်းရရှိသည်။

လက်ရွေးစင်ကစားသမားကျော်ရွှေသည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၂ ဗီယက်နမ်လိဂ် အမျိုးသား ဘော်လီဘောပြိုင်ပွဲဝင် ARMY(4) အသင်းတွင် လစာအမေရိကန်ဒေါ်လာ ၂,၅၀၀ ဖြင့် သွားရောက် ကစားခြင်းဖြစ်ကြောင်း သိရသည်။

"သူ့(ကျော်ရွှေ)စာချုပ်ကတော့ တစ်လပါပဲ။ တခြားပြည်ပဘော်လီဘောကလပ်အသင်းတွေအနေနဲ့လည်းမြန်မာ့လက်ရွေးစင်ကစားသမားတွေကို ကမ်းလှမ်းထားတာတွေရှိပါတယ်"ဟုမြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာဘော်လီဘော လက်ရွေးစင်ကစားသမားကျော်ရွှေသည် ယခင်ကလည်း ဗီယက်နမ်လိဂ်အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်အသင်းများတွင် နှစ်ကြိမ်သွား ရောက်ကစားခဲ့ဖူးကြောင်းနှင့် ယခုအကြိမ်သည် တတိယမြောက် သွားရောက်ကစားခြင်းဖြစ်ကြောင်း သိရသည်။

## မြန်မာ ယူ-၁၇ နှင့် ဆော်ဒီအာရေးဗီးယား ယူ-၁၇ ခြေစမ်းမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဩဂုတ်-၁၈**
မြန်မာယူ-၁၇ ဘောလုံးအသင်းသည် ဆော်ဒီအာရေးဗီးယား ယူ-၁၇အသင်းနှင့်လာမည့်စက်တင်ဘာလတွင် ခြေစမ်းပွဲတစ်ရပ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆော်ဒီအာရေးဗီးယားအသင်းဘက်မှကမ်းလှမ်းချက်အရဖြစ်ပေါ်လာသည့် အဆိုပါ ခြေစမ်းပွဲကို စက်တင်ဘာလ ၆ ရက်တွင် မလေးရှားနိုင်ငံ၊ကွာလာလမ်ပူမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဆော်ဒီဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု မလေးရှားနိုင်ငံသား အဗ္ဗဒူရာဇက်၏ ဆက်သွယ်ပေးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မြန်မာဘက်မှ လက်ခံခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မလေးရှားမြေမှာ ခြေစမ်းဖြစ်တာက ဆော်ဒီအသင်းအနေနဲ့ မလေးရှားအသင်း အပါအဝင် အခြားအသင်းတွေနဲ့ ခြေစမ်းမယ့် အစီအစဉ်တွေ ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် မြန်မာအသင်းလည်း ကွာလာလမ်ပူမှာ သွားရောက်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ထို့ပြင် အဆိုပါခြေစမ်းပွဲအတွက် မြန်မာယူ-၁၇ အသင်းအနေဖြင့် လက်တလော စုဖွဲ့လေ့ကျင့်မှု မရှိသေးသော်လည်း အကယ်ဒမီမှ ကစားသမားများ၊ ယူ-၁၉ အသင်းမှ အသက်မီသည့် ကစားသမားများဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ယခုလ ၁၈ ရက်က ဆိုသည်။

အာရှအရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်ဆော်ဒီအာရေးဗီးယားနိုင်ငံ လက်ရွေးစင်အသင်းသည် အာရှဘောလုံးထိပ်သီးနိုင်ငံများထဲတွင် ပါဝင်သည့် အသင်းဖြစ်သည်။ ဆော်ဒီယူ-၁၇ အသင်းသည် ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားချန်ပီယံကို ၁၉၈၉ ခုနှစ်ကရရှိထားပြီး AFC ယူ-၁၆ ပြိုင်ပွဲတွင် ချန်ပီယံနှစ်ကြိမ်နှင့် တတိယနှစ်ကြိမ် ရရှိထားကြောင်း သိရသည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

# မန်ယူ-ဖူလ်ဟမ်၊ ချယ်လ်ဆီး-နယူးကာဆယ်၊ လီဗာပူး-မန်စီးတီးတွေ ဆုံမှုနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂)ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၂)ကတော့ မန်ယူ-ဖူလ်ဟမ်၊ ချယ်လ်ဆီး-နယူးကာဆယ်၊ လီဗာပူး-မန်စီးတီးပွဲတွေနဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမှာပါ။ တန်းတက်အသင်းတွေထဲက ရီဒင်း၊ ဆောက်သမ်ပတန်၊ ဝက်စ်ဟမ်းတို့ကလည်း ဝီဂန်၊ ဆွမ်းဆီး၊ ဆန်းဒါးလန်းတို့လို အလယ်အလတ်အဆင့် အသင်းတွေနဲ့ ရင်ဆိုင်ရမှာမို့ ရာသီအဖွင့်မှာ အမှတ်တွေ ရယူသွားမလား စောင့်ကြည့်ရပါမယ်။





**ဩဂုတ် ၂၅၊ စနေ။**
**ညနေ ၆း၁၅ နာရီ**
**ဆွမ်းဆီး-ဝက်စ်ဟမ်း**
**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင် ဆွမ်းဆီးတို့ အသာရနိုင်တဲ့ပွဲပါ။ နည်းပြမိုက်ကယ်လောဒရပ်အနေနဲ့ ဒီနှစ် ရာသီအဖွင့် အိမ်ကွင်းပွဲမှာ ပရိသတ်ကျေနပ်အောင် လုပ်ပြနိုင်မလား ကြည့်ရမယ်။ ဝက်စ်ဟမ်းကလည်း စပို့တင်းဘရာဂါအပါအဝင်ကလပ်အသင်းခြေစမ်းပွဲတွေနဲ့ ပြင်ဆင်ထားတာမို့ ဆွမ်းဆီးတို့ ဂိုးအနည်းနဲ့ပဲနိုင်ဖို့ မျှော်လင့်ရမှာပါ။

**ည ၈း၃၀ နာရီ**
**ဗီလာ-အဲဗာတန်**
**ယမန်နှစ်ရလဒ် ၁-၁**

ထိပ်တိုက်တွေ့တိုင်း သရေကျတာ များတဲ့နှစ်သင်းပါ။ ဗီလာတို့ အိမ်ကွင်းမှာ အနိုင်ပြတ်သားဖို့ခက်ပါတယ်။ ကပ်နိုင်ဖို့ရှိပြီး သရေလည်း ဖြစ်နိုင်တဲ့ပွဲပါပဲ။

**မန်ယူ-ဖူလ်ဟမ်**
**ယမန်နှစ်ရလဒ် ၁-၀**

ဗန်ပါစီ ပွဲချိန်ပြည့်ကစားမလား စောင့်ကြည့်ရမှာဖြစ်ပြီး မန်ယူတို့ အိမ်ကွင်းနိုင်ပွဲ သေချာသလောက်နီးပါး ရှိနေပါတယ်။ ဖူလ်ဟမ် ချေပဂိုးတလေရဖို့တောင် လမ်းမမြင်ဘဲ မန်ယူ နှစ်ဂိုးပြတ်လောက် ရနိုင်ခြေရှိနေတယ်။

**နော်ဝစ်ချ်-ကျူပီအာ**
**ယမန်နှစ်ရလဒ် ၂-၁**

နော်ဝစ်ချ်တို့ အိမ်ကွင်းတွေ့ဆုံမှုတိုင်း အသာရလေ့ရှိပေမယ့် ခြေမကွာတဲ့ အသင်းတွေပါပဲ။ သရေ (သို့မဟုတ်) ဒီတစ်ခါတော့ ညှော်သည်ကျူပီအာဘက်က နေကြည့်သင့်တယ်။ ဂိုးအနည်းပဲဖြစ်ဖို့များပါတယ်။

**ဆောက်သမ်တန်-ဝီဂန်**
**ယမန်နှစ်ရလဒ် - မရှိ**

အေဂျက်ဇ်အသင်းနဲ့ခြေစမ်းပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ကပ်ရှုံးထားတဲ့ ဆောက်သမ်တန်တို့ ဝီဂန်ကို အိမ်ကွင်းတိုက်စစ်ဖွင့်ကစားနိုင်တယ်။ ဒါပေမဲ့ ညှော်သည် ဝီဂန်တို့ ရာသီအဖွင့်မှာ ခြေစမ်းပွဲငါးပွဲစလုံး နိုင်ထားခဲ့တဲ့အရှိန်နဲ့ အသာစီးယူသွားမှာပါ။ ဝီဂန် တစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်ခြေရှိတယ်။

**ဆန်းဒါးလန်း-ရီဒင်း**
**ယမန်နှစ်ရလဒ် - မရှိ**

၂၀၀၇-၀၈ ဘောလုံးရာသီ ပရီးမီးယားလိဂ် တွေ့ဆုံခဲ့မှုအရတော့ အပြန်အလှန် ၂-၁ ဂိုးနဲ့ နိုင်ခဲ့ကြတဲ့အသင်းတွေပါပဲ။ ဒါပေမဲ့ လက်ရှိခြေစွမ်းအရ ဆန်းဒါးလန်းတို့ အိမ်ကွင်းအားသာချက်အပြင် ကစားအားလည်း ပိုကောင်းနိုင်တယ်။ ဆန်းဒါးလန်းတို့ နှစ်ဂိုးလောက်အထိ ရနိုင်တယ်။

**စပါး-ဝက်စ်ဘရွန်း**
**ယမန်နှစ်ရလဒ် ၁-၀**

စပါးတို့ ခြေစွမ်းကို ပြန်မြင်ရမှာပါ။ ဝက်စ်ဘရွန်းတို့ ခံစစ်ကစားပြီး ပွဲကိုထိန်းပါလိမ့်မယ်။ စပါး နှစ်ဂိုးလောက်ရနိုင်ပြီး အိမ်ကွင်းနိုင်ပွဲ စတင်ရယူပါလိမ့်မယ်။

**ည ၁၁း၀၀ နာရီ**
**ချယ်လ်ဆီး-နယူးကာဆယ်**
**ယမန်နှစ်ရလဒ် ၀-၂**

ချယ်လ်ဆီးတို့ နယူးကာဆယ်ကို လွယ်လွယ်နိုင်ဖို့မရှိဘူး။ အိမ်ကွင်းအနိုင်နဲ့ သရေ သေချာပေမယ့် ဒီပွဲမှာ ဂိုးနည်းနိုင်ခြေရှိပါတယ်။ သရေဖြစ်နိုင်ခြေ ပိုများနေတယ်။

**ဩဂုတ် ၂၆၊ တနင်္ဂနွေ။**
**ည ၇း၀၀ နာရီ**
**စတုတ်-အာဆင်နယ်**
**ယမန်နှစ်ရလဒ် ၁-၁**

စတုတ်အိမ်ကွင်းမှာ အာဆင်နယ်တို့ သတိထားရပါမယ်။ အာဆင်နယ်တို့ ပထမဆုံး အဝေးကွင်းနိုင်ပွဲရဖို့ ရှိနေပေမယ့် ဂိုးနည်းမှာပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အာဆင်နယ်ကပ်နိုင်ခြေရှိတယ်။

**ည ၉း၃၀ နာရီ**
**လီဗာပူး-မန်စီးတီး**
**ယမန်နှစ်ရလဒ် ၂-၂**

လီဗာပူးဟာ မန်စီးတီးအတွက် ပြိုင်ဘက်ကောင်းဖြစ်ပါတယ်။ မန်စီးတီးရဲ့ ဘာလော့တယ်လီ၊ တီဗက်ဇ်၊ အဂူရို၊ဆေးလ်ဗားတို့ တိုက်စစ်က အဝေးကွင်းမှာ အိမ်ရှင် လီဗာပူးကို ဘယ်လိုထိုးဖောက်မလဲ ကြည့်ရပါမယ်။ မန်စီးတီး အခွင့်အရေးအနည်းငယ်သာနေပြီး နှစ်ဖက်သွင်းဂိုးများနိုင်ပါတယ်။





Photo: AFP

## ပါကစ္စတန်လေတပ်အခြေစိုက်စခန်းအား သေနတ်သမားများ တိုက်ခိုက်၍ လူရှစ်ဦးသေဆုံး

**ကမ်ရာ၊ ဩဂုတ် – ၁၆**

ပါကစ္စတန်နိုင်ငံ၏ အဓိက လေတပ်အခြေစိုက်စခန်းတစ်ခုအား လက်နက်ကိုင်စစ်သွေးကြွများက သေနတ်များ၊ ရော့ကက်လောင်ချာများဖြင့် အရဏ်တက်ချိန်မတိုင်မီ တိုက်ခိုက်ခဲ့ရာ နာရီပေါင်းများစွာ တိုက်ပွဲများပြင်းထန်ခဲ့ပြီး လူရှစ်ဦးသေဆုံးသွားကြောင်း အရာရှိများက ပြောကြားသည်။

ကမ်ရာဒေသရှိပါကစ္စတန်လေတပ် မင်းဟတ်စ်အခြေစိုက်စခန်း တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူများထဲတွင် ထိပ်တန်းလုံခြုံရေးအရာရှိများလည်းပါဝင်ကြောင်းနှင့် အစ္စလာမ်မစ်ဟု မသင်္ကာသူများသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်သော နိုင်ငံတွင် အရေးကြီးသောစစ်အခြေစိုက်စခန်းများကိုထိုးဖောက်ဝင်ရောက်နိုင်ခြင်းကို ပြသနေကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

သေနတ်သမားခြောက်ဦးလုံး သေဆုံးသွားပြီဟု တိုက်ပွဲများစတင်ပြီး ငါးနာရီအကြာတွင် လေတပ်က အတည်ပြုပြောကြားသည်။ ယင်းအခြေစိုက်စခန်းတွင် Mirage တိုက်လေယာဉ်များနှင့် တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် JF-17 တိုက်လေယာဉ်များ တပ်ဆင်ထုတ်လုပ်ကြောင်း သိရသည်။

“လုံခြုံရေးအရာရှိနှစ်ဦးနဲ့ တိုက်ခိုက်ရေးသမားခြောက်ဦးသေဆုံးခဲ့ပါတယ်”ဟု ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အေအက်ဖ်ပီသို့တယ်လီဖုန်းဖြင့်ပြောကြားသည်။

ယင်းအခြေစိုက်စခန်းများမှာ အစ္စလာမာဘတ်မြို့အနောက်မြောက်ဘက် ၃၇ မိုင်အကွာတွင် တည်ရှိပြီး ညသန်းခေါင်ကျော် နံနက် ၂ နာရီတွင် တိုက်ခိုက်မှုများ စတင်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

—*Ref: AFP*

## အမေရိကန်အနောက်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးများ မြို့ရွာများကို ခြိမ်းခြောက်နေ

**အီဒါဟို၊ ဩဂုတ် – ၁၆**

နေပူရှိန်ပြင်းပြနေသော အမေရိကန်အနောက်ပိုင်းတွင် တောမီးများ ထိန်းမနိုင်သိမ်းမရ လောင်ကျွမ်းလျက်ရှိရာ အီဒါဟိုပြည်နယ်မှ မြို့ငယ်လေးများမှာ တောမီးအန္တရာယ်ရင်ဆိုင်နေရကြောင်း သိရသည်။ ထိုအတောအတွင်း ဝါရှင်တန်ပြည်နယ်တွင်အိမ်ပေါင်း ၆၀ အား ဝါးမျိုခဲ့သော တောမီးကို မီးသတ်သမားများက လျော့ကျသွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ယခုနှစ်တွင် လောင်ကျွမ်းသောတောမီးများကြောင့် အမေရိကန်ရှိ အီဒါဟို၊ ဝါရှင်တန်၊ အိုရီဂွန်၊ ကယ်လီဖိုးနီးယား စသောပြည်နယ်များတွင် မြေဧကပေါင်း ၅၀၀,၀၀၀ ခန့်မီးသင့်ခဲ့ပြီး မီးသည် လူနေအိမ်များ၊ ကွင်းပြင်အဆောက်အအုံများကို ဖျက်ဆီးခဲ့သည်။ လူပေါင်းထောင်ပေါင်းများစွာကို ရွှေ့ပြောင်းပေးခဲ့ရပြီး မီးသတ်သမားတစ်ဦး သေဆုံးခဲ့ရသည်။

အီဒါဟိုပြည်နယ်တွင် ဖယ်သာဗီးလ်နှင့် ပိုင်းမြို့များ၌ နေထိုင်သူ ၁,၀၀၀ အား ရွှေ့ပြောင်းရေးအတွက်ပြင်ဆင်ထားရန် အာဏာပိုင်များကပြောကြားထားသည်။ ယင်းမြို့နှစ်မြို့မှမိုင်အနည်းငယ်အကွာတွင် လောင်ကျွမ်းနေသောတောမီးမှာ မြေဧကပေါင်း ၆၃,၀၀၀ အား ဝါးမျိုသွားပြီဖြစ်ကြောင်းသိရသည်။

ယင်းမြို့နှစ်မြို့သို့ တောမီးများ ကူးစက်မလာအောင် စွမ်းဆောင်နေကြောင်း၊ သို့သော် အခြေအနေမှာပြော၍ မရကြောင်း၊ စောစောစီးစီး သတိပေးရခြင်းမှာ အမှန်တကယ် ပြောင်းရွှေ့ရချိန်တွင် ဝရုန်းသုန်းကား ရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေးအတွက်ဖြစ်ကြောင်း အယ်လ်မိုးစီရင်စု ရဲအရာရှိရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် ဂယ်ရီဝေါလ်ကာကပြောကြားသည်။

—*Ref: Reuters*

## ကန်ဒေါ်လာဘီလီယံ ၆၀ စီးပွားရေးနှိုးဆွမှုအစီအစဉ် ဘရာဇီးကြေညာ

**ရီယိုဒီဂျနေးရိုး၊ ဩဂုတ် – ၁၆**

ယိုင်နဲ့လာသောနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန် ဘရာဇီးအစိုးရက ပထမဦးဆုံး ကြီးကြီးမားမားစီးပွားရေးနှိုးဆွမှုအစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ကြေညာခဲ့သည်။

လာမည့် ၂၅နှစ်အတွင်း နိုင်ငံတစ်ဝန်းတွင် ကားလမ်း၊ ရထားလမ်းတည်ဆောက်၍ ကန်ဒေါ်လာဘီလီယံ ၆၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ယင်းမှ ထက်ဝက်ကို လာမည့်ငါးနှစ်အတွင်း သုံးစွဲသွားမည်ဖြစ်သည်။ အစီအစဉ်အရ ကားလမ်း ၈,၀၀၀ ကီလိုမီတာနှင့် ရထားလမ်း ကီလိုမီတာ ၈,၀၀၀ အသစ်ဖောက်လုပ်တည်ဆောက်သွားမည်ဖြစ်သည်။

ဆိပ်ကမ်းနှင့် လေဆိပ်များတည်ဆောက်မည့် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကိုလည်း ရှေ့လာမည့်ရက်သတ္တပတ်များတွင် ကြေညာသွားမည်ဟု မျှော်လင့်ရသည်။

ဘရာဇီးနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယခုနှစ်အတွင်း ၂ရာခိုင်နှုန်းသာ တိုးတက်လာပြီး ယင်းမှာ ၂၀၀၉ ခုနှစ်နောက်ပိုင်း အားအနည်းဆုံးဖြစ်ကာ ၂၀၁၀ပြည့်နှစ်က ရရှိခဲ့သော ၇ ဒသမ ၅ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် များစွာကွာခြားသွားပြီဖြစ်သည်။

မကြာသေးမီ လများအတွင်း ဘရာဇီးအစိုးရက ၎င်း၏ငွေကြေး(ရီယယ်)ကိုတန်ဖိုးချပေးခြင်းနှင့် အတိုးနှုန်း ဆက်တိုက်လျှော့ချခြင်းများ လုပ်ဆောင်ခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်မှု သိသိသာသာ မရရှိခဲ့ကြောင်းသိရသည်။

—*Ref: BBC*



7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012

## ဆီးရီးယားကို အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ထုတ်ပယ်ရန် အဆိုတင်သွင်း

**ဘေဂျင်း၊ ဩဂုတ် - ၁၄**

ကမ္ဘာ့မွတ်ဆလင်နိုင်ငံများပါဝင်သော အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)မှ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ရန်အဆိုတင်သွင်းခဲ့ပြီး ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချမှတ်ဖွယ်ရှိကြောင်း သိရသည်။

OIC ၏ ထိပ်တန်းသံတမန် များသည် ဩဂုတ် ၁၃ ရက်က ဆော်ဒီအာရေဗီးယား၌ ကျင်းပသော အဖွဲ့ထိပ်သီးစည်းဝေးပွဲတွင်ဆီးရီးယားအားထုတ်ပယ်ရန်အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ ထိုအဆိုကိုအတည်ပြုဆုံးဖြတ်ရန် အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံခန့်က မဲပေးထောက်ခံရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်မှာ ထောက်ခံမှုရဖွယ်ရှိကြောင်း သိရသည်။

ဤအတောအတွင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်ကလည်း ဆီးရီးယားအစိုးရသည် သူပုန်များအားနှိမ်နင်းရာတွင်လေကြောင်း တိုက်ခိုက်မှုအင်အားကို တိုးမြှင့်အသုံးပြုနေကြောင်း ပြောထားသည်။ ပင်တဂွန်ပြောခွင့်ရ ပုဂ္ဂိုလ်က ၎င်းတို့ဌာန၏ ထုတ်ပြန်ချက်တွင် "ကျွန်တော်တို့ဟာ လေကြောင်းကနေ ဆီးရီးယားအစိုးရက ပြင်းပြင်းထန်ထန်တိုက်ခိုက်နေတာတွေ့ရပါတယ်"ဟုပြောသည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ အတိုက်အခံ သူပုန်များက လေကြောင်းမပျံသန်းရကန့်သတ်ဇုန်များ ထားရှိရန် တောင်းဆိုထားပြီး ရုရှားနှင့် တရုတ်နိုင်ငံတို့ကမူ ဆီးရီးယားနိုင်ငံသို့မည်သည့်စစ်ရေးအရ စွက်ဖက်မှုမျှမလုပ်ရန် ကန့်ကွက်ထားသည်။

*—Ref: Xinhua*



၂၀၁၂ ခုနှစ် ဩဂုတ် ၁၉ ရက်က လန်ဒန်ရှိ အီကွေဒေါသံရုံး ဝရန်တာမှနေ၍ မီဒီယာများနှင့် ၎င်းအပေါ် ထောက်ခံသူများအား စကားပြောကြားနေသော ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းကို တွေ့ရစဉ်။ ဩဂုတ် ၁၆ ရက်က အီကွေဒေါနိုင်ငံက ၎င်းအား နိုင်ငံရေးခိုလှုံခွင့်ပေးအပ်ပြီးနောက်ပိုင်း ဂျူလီယန်အက်ဆန်းက ပထမဆုံးအကြိမ် လူထုသို့ ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ Photo: AFP

## ဂျပန်အစိုးရဝန်ကြီးနှစ်ဦး စစ်သားဟောင်းဗိမာန်သို့ သွားရောက်ဂါရဝပြု

**တိုကျို၊ ဩဂုတ် - ၁၅**

ဂျပန်အစိုးရအဖွဲ့ ဝန်ကြီးနှစ်ဦးသည် ဒုတိယကမ္ဘာစစ်တွင် ဂျပန်လက်နက်ချခြင်း(၆၇)နှစ်မြောက် နှစ်ပတ်လည်အဖြစ် ဂျပန်စစ်သားဟောင်းများအား ဂုဏ်ပြုတည်ဆောက်ထားသည့် ယာဆူကူနီဗိမာန်သို့ သွားရောက်ဂါရဝပြုခဲ့ကြသည်။

အမျိုးသား ပြည်သူ့ဘေးအန္တရာယ်ကင်းရှင်းရေးကော်မရှင်ဥက္ကဋ္ဌ မက်ဆုဘာရာနှင့် မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ယူအိချီရိုဟာတာတို့နှစ်ဦးသည် ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါ၏ ယင်းဗိမာန်သို့ မသွားရန် တောင်းဆိုမှုရှိခဲ့သော်လည်း ယခုကဲ့သို့ အငြင်းပွားဖွယ်ရာ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးမက်ဆုဘာရာက "ဒါဟာဂူဗိမာန်ကို သွားကန်တော့တဲ့ ပုဂ္ဂလိကခရီးတစ်ခုပါ"ဟုဆိုခဲ့ပြီး ဝန်ကြီးဟာတာကလည်း အငြင်းပွားဖွယ်ရာများ ရှိနေသော်လည်း ၎င်းသည် ဗိမာန်သို့ အစိုးရကိုယ်စားပြု၍မဟုတ်ဘဲ မိမိဆန္ဒသဘောဖြင့် သွားရောက်မည်ဟု မကြာသေးမီကပင် ပြောကြားထားခဲ့သည်။ ဩဂုတ် ၁၅ ရက်တွင် ထိုဗိမာန်သို့ ဂျပန်နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီဖြစ်သော လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဆာဒါကာဇူတာနီဂါကီလည်းသွားရောက်ကန်တော့ခဲ့သည်။

ယခု ဝန်ကြီးများ၏ခရီးစဉ်မှာ ဂျပန်နိုင်ငံတွင် ၂၀၀၉ မှစ၍ အာဏာရလာခဲ့သော ဂျပန်ဒီမိုကရက်တစ်ပါတီ ဦးဆောင်သည့် အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ အခြားဝန်ကြီး ၁၆ ဦးကမူ ဗိမာန်သို့ မသွားရန် ဆုံးဖြတ်ခဲ့သည်။ ဂျပန်ကျူးကျော်မှုဒဏ်ခံစားခဲ့ရပြီး ဒုတိယကမ္ဘာစစ်အတွင်း ပြည်သူ ၁၀ သန်းကျော်အထိ သေဆုံးခဲ့ရသည့် တရုတ်၊ တောင်ကိုရီးယား စသည့် အာရှအိမ်နီးချင်းနိုင်ငံများကမူ ထိုဂူဗိမာန်သို့ ဂျပန်တာဝန်ရှိသူများ သွားရောက်မှုကို အတိတ်က ဖက်ဆစ်ဝါဒကို ပြသခြင်းလက္ခဏာအဖြစ် ရှုမြင်ပြီး ကန့်ကွက်လေ့ရှိကြသည်။

ဂျပန်နှင့် ယင်းနိုင်ငံများ၏ ဆက်ဆံရေးသည်လည်း ဂူဗိမာန်သို့ သွားရောက်မှုခရီးစဉ်များကြောင့် အတိတ်တွင် အလှည့်အပြောင်းများကြုံခဲ့ရသည်။ ယာဆူကူနီဗိမာန်ကို ဖက်ဆစ်ဝါဒီ စစ်ရာဇဝတ်သား ၁၄ ဦးအပါအဝင် စစ်အတွင်းကျဆုံးခဲ့သော ဂျပန်စစ်သား ၂၂ ဒသမ ၅ သန်းအား ဝတ်ပြုကန်တော့ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

*—Ref: Xinhua*




၂၀၀၀ ကျပ်နှင့်အထက် C'CARE ပစ္စည်း(၁)ဘူး ဝယ်ရုံနဲ့

ငွေကျပ် တစ်သန်း(၁,၀၀၀,၀၀၀) ရနိုင်မည့် အခွင့်အရေး

ကံစမ်းမဲကာလ (၂၀၁၂ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ နှင့် အောက်တိုဘာလ)

C'CARE

ဇူလိုင်လအတွက် အပိုဆုပေါက်မဲများ

ဇူလိုင်လ ပေါက်မဲများအား ၂၀-၉-၂၀၁၂ နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ တိုက်ရိုက် (သို့) ဝယ်ယူခဲ့သည့်ဆိုင်မှတစ်ဆင့် ပေါက်မဲကူပွန်နှင့်မှတ်ပုံတင်တို့အား ပူးတွဲတင်ပြ၍ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

| ကံစမ်းမဲအမှတ် | သုံးစွဲသူအမည် (မှတ်ပုံတင်အမှတ်)၊ မြို့။ | ဝယ်ယူသည့်ဆိုင်အမည်၊ မြို့။ |
|---|---|---|
| 07676 | မငြိမ်းချမ်းခင် (၉/မခန(နိုင်) ၁၈၈၈၅၀)၊ မန္တလေး။ | ပတ္တမြား စတိုး၊ ၃၄ x ၇၅ လမ်းထောင့်၊ မန္တလေး။ |
| 12012 | မခင်ပပ (၁၂/ရကန(နိုင်) ၀၆၁၅၅၈)၊ ရန်ကုန်။ | စူပါဝမ်း (ကျိုက္ကဆံ)၊ ရန်ကုန်။ |
| 07756 | မဖြူ (၉/နထက(နိုင်) ၀၀၀၁၇၅)၊ မန္တလေး။ | Fuji (3) စစ်ကိုင်းလမ်းခွဲ၊ မန္တလေး။ |
| 26496 | မစန္ဒာနွယ် (၁၀/မလမ(နိုင်) ၁၄၃၁၇၄)၊ မော်လမြိုင်။ | Best 149၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။ |
| 16468 | ဒေါ်မိုမိုအောင် (၁၂/ရကန(နိုင်) ၀၆၀၆၁၅)၊ ရန်ကုန်။ | ပြည့်ဝ စတိုး၊ ယုဇနပလာဇာ၊ ရန်ကုန်။ |
| 08212 | မစန်းစန်းတင့် (၁၃/တကန(နိုင်) ၀၉၇၅၇၃)၊ မိုးကုတ်။ | ရီရှင်း Cosmetic Center (လမ်း ၈၀)၊ မန္တလေး။ |
| 30646 | မဝင့်ဝါ (ပြုလုပ်ဆဲ)၊ ရန်ကုန်။ | City Mart (၉၀န)၊ ရန်ကုန်။ |
| 15341 | ကိုမြတ်စိုးကျော် (၉/အမဇ(နိုင်) ၀၄၁၇၅၆)၊ မန္တလေး။ | အောင်သပြေ စတိုး၊ ၇၉ လမ်း၊ မန္တလေး။ |
| 01146 | မရတနာ (၁၂/တတန(နိုင်) ၂၁၁၉၇၀)၊ ရန်ကုန်။ | City Mart (Junction Mawtin)၊ ရန်ကုန်။ |

သုံးစွဲသူများအတွက်

ကျပ် (၁,၀၀၀,၀၀၀) ဆု (၁)ဆု
ကျပ် (၅၀၀,၀၀၀) ဆု (၂)ဆု
ကျပ် (၃၀၀,၀၀၀) ဆု (၃)ဆု
ကျပ် (၁၅၀,၀၀၀) ဆု (၅)ဆု
ကျပ် (၁၀၀,၀၀၀) ဆု (၇)ဆု
ကျပ် (၇၀,၀၀၀ တန် C'CARE ပစ္စည်းများ) (၉)ဆု

ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက် အပိုဆုများ
လစဉ် ကျပ်(၁၀၀,၀၀၀)ဆု(၉)ဆု

ရောင်းချသူများအတွက်
အထက်ပါ ဆုအရေအတွက်များအတိုင်း ဆုတန်ဘိုး၏ ထက်ဝက်

NEW LINK MARKETING LTD.
ရန်ကုန် ❖ အမှတ် (3-G)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း ၀၁-၅၇၂၃၄၀၊ ၀၉-၇၃၁၄၇၉၃၉
မန္တလေး ❖ အမှတ်(တ-၁)၊ သဇင်လမ်းနှင့် ခရေလမ်းထောင့်၊ ၆၄×၆၅ ကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၁၉၂၅၊ ၀၉-၄၀၂၅၇၁၈၆၉

7 DAY NEWS JOURNAL

# International

Vol.11, No.24 • AUGUST 23 , 2012



Photo: AFP

## ဝီကီလိခ်အား နှိပ်ကွပ်နေခြင်းကို ရပ်ဆိုင်းရန် ဂျူလီယန်အက်ဆန်းက အိုဘားမားအားတိုက်တွန်း

**လန်ဒန်၊ ဩဂုတ် - ၂၀**

အချက်ပေးခေါင်းလောင်းထိုး အသိပေးမှုများ လုပ်ကိုင်သော ၎င်းတို့၏ဝက်ဘ်ဆိုက်အပေါ် စုန်းမတစ်ကောင်အား လိုက်လံဖမ်းဆီးသကဲ့သို့ နှိပ်ကွပ်နေခြင်းကို အဆုံးသတ်ရန် ဝီကီလိခ်ဝက်ဘ်ဆိုက် တည်ထောင်သူ ဂျူလီယန်အက်ဆန်းက အမေရိကန်သမ္မတဘားရက်အိုဘားမားအား တိုက်တွန်းပြောကြားလိုက်သည်။

စာ(၄၅)သို့



**ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့တော်တွင် ဩဂုတ် ၁၉ ရက်က အဓိကလမ်းမကြီးတစ်ခု၏ အလယ်ဗဟို၌ ကျင်းကြီးတစ်ခုဖြစ်ပေါ်နေပုံ။ နောက်ဆုံးသတင်းများအရ ဗီယက်နမ်မြောက်ပိုင်းသို့ ပြီးခဲ့သော ရက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့သော ကိုင်တက်တိုင်ဖွန်းမုန်တိုင်းကြောင့် အနည်းဆုံး လူ ၁၇ ဦးသေဆုံးပြီး နေအိမ်ထောင်ပေါင်းများစွာနှင့် အဖိုးတန်စိုက်ခင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အာဏာပိုင်များက ဩဂုတ် ၂၀ တွင် ပြောကြားခဲ့သည်။** Photo: AFP

## ကိုင်တက် တိုင်ဖွန်းကြောင့် ဗီယက်နမ်တွင် လူကိုးဦးသေဆုံး

ဟန္နွိုင်း၊ ဩဂုတ် - ၂၀

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် 'Kai Tak'(ကိုင်တက်)ဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူကိုးဦးသေဆုံးပြီး ထောင်ပေါင်းများစွာသော လူနေအိမ်ခြေများပျက်စီးကာ လယ်မြေအမြောက်အမြား ရေနစ်မြုပ်နေကြောင်း အာဏာပိုင်များကပြောသည်။

ဩဂုတ်လ ၁၇ ရက်တွင် ကုန်းတွင်းသို့ဝင်ရောက်လာသော မုန်တိုင်းနှင့်အတူ လေပြင်း တိုက်ခတ်မှုများ၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်ခဲ့ရာ မြို့တော်ဟန္နွိုင်းမြောက်ပိုင်း လူနေထူထပ်ရာဒေသများတွင်ပါ ရေနစ်မြုပ်နေခဲ့သည်။ စာ(၄၅)သို့

## နှစ်စဉ်ပြုလုပ်နေကျတောင်ကိုရီးယားနှင့် အမေရိကန် စစ်ရေးလေ့ကျင့်မှုကြီး စတင်

**ဆိုးလ်၊ ဩဂုတ် - ၂၀**

မြောက်ကိုရီးယားနှင့်ပတ်သက်၍ ၎င်းတို့၏ ကာကွယ်ရေးစွမ်းရည်ကိုစမ်းသပ်ရန်ရည်ရွယ်၍ တောင်ကိုရီးယားနှင့် အမေရိကန်တို့က နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ်လ ၂၀ရက်တွင် စတင်လိုက်ကြောင်းသိရပြီး မြောက်ကိုရီးယားနိုင်ငံကယင်းစစ်ရေးလေ့ကျင့်မှုမှာ စစ်ပွဲအတွက် ဇာတ်တိုက်ခြင်းဟု ရှုတ်ချပြောဆိုလိုက်သည်။

Ulchi Freedom Guardian ဟုခေါ်သောစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားအခြေစိုက် စစ်စခန်းနှစ်ခုမှ တပ်ဖွဲ့ဝင်များနှင့် ပြည်ပအခြေစိုက်တပ်ဖွဲ့ဝင် သုံးထောင်ပါဝင်ခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်သုံးသောင်း ပါဝင်လေ့ကျင့်နေကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကြေညာချက်တစ်ရပ်ကဖော်ပြသည်။ အဆိုပါလေ့ကျင့်မှုမှာ ဩဂုတ် ၃၁ ရက်အထိ စစ်ရေးလေ့ကျင့်ကြမည်ဖြစ်သည်။

စာ(၄၅)သို့





## လျှပ်စီးလက်ရာမှ လောင်ကျွမ်းသောတောမီးများကြောင့် ကယ်လီဖိုးနီးယားတွင် လူ ၃,၀၀၀ အား ရွှေ့ပြောင်းပေးခဲ့ရ

**ကယ်လီဖိုးနီးယား၊ ဩဂုတ် - ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတွင် လျှပ်စီးလက်မှုများကြောင့် အလွန်ခြောက်သွေ့နေပြီဖြစ်သော မြက်ခင်းများ၊ ချုံပုတ်များနှင့် သစ်တောများ ထိန်းမနိုင်သိမ်းမနိုင် လောင်ကျွမ်းခဲ့ရာ ကျေးလက်ဒေသအများအပြားမှ ပြည်သူ ၃,၀၀၀ ခန့်အား ရွှေ့ပြောင်းပေးခဲ့ရကြောင်းသိရသည်။




Photo: AP

အကြိမ် ၉၀၀ ခန့် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများကြောင့် ဖြစ်ပေါ်ခဲ့သော တောမီးများမှာ ရှက်စတာနှင့် တီဟာမာစီရင်စုများတွင် မြေဧကပေါင်း ၁၂,၀၀၀ ကို လောင်ကျွမ်းစေခဲ့သည်။ ထိခိုက်ဒဏ်ရာရမှုသတင်းမကြားရသော်လည်း Ponderosa ဟုခေါ်ဝေါ်သောမီးကြောင့်အနည်းဆုံးလူနေအိမ်ခုနစ်လုံးပျက်စီးခဲ့ပြီး နောက်ထပ်အိမ်ပေါင်း ၃,၀၀၀ ကိုလည်း ခြိမ်းခြောက်လျက်ရှိကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနကပြောကြားသည်။

စာ(၄၅)သို့

NEWS ANALYSIS



အစ္စရေးက အီရန်အပေါ် တစ်ကိုယ်တော်တိုက်ပွဲ ဆင်နွှဲမည်လား

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချုပ်ပိုု
Vol.11, No.24 • AUGUST 23 , 2012

# မြစ်ကြီးနားတက္ကသိုလ်တွင် ကျောင်းသူကျောင်းသားများအတွက် အဆောင်များဖွင့်ရန်စတင်ဆောင်ရွက်

## လက်ရှိအဆောင်တွင်နေသော ဆရာ၊ ဆရာမများ နေရာပြောင်းရွှေ့ရာတွင် အခက်အခဲရှိ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ဩဂုတ်-၁၉**

မြစ်ကြီးနားတက္ကသိုလ်ဝန်းအတွင်းအဆောင်များ ဖွင့်ရန်အတွက်ကျောင်းဆောင်များတွင် နေထိုင်သောဆရာ၊ဆရာမများကိုပြောင်းရွှေ့ပေးရမည်ဖြစ်သော်လည်းနေရာချထားပေးမှုတွင် အခက်အခဲများရှိနေကြောင်းဆရာ၊ဆရာမများကပြောသည်။

“နေရာပြန်ချပေးမယ့် အဆောင်က အိမ်သာအခက်အခဲရှိတယ်။ ရေနဲ့ မီးလည်း အခက်အခဲရှိတယ်”ဟု လက်ထောက်ကထိကဆရာမတစ်ဦးကပြောသည်။

ဆရာ၊ ဆရာမများကို ပြန်လည်နေရာချထားပေးမည့် အဆောင်သည် ယခင်က လူနေထိုင်သော အဆောင်ဖြစ်ပြီး ရေနှင့်မီးမှာလည်း အဆင်သင့်ရှိကြောင်းကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ပြန်လည်ရှင်းပြသည်။

မြစ်ကြီးနားတက္ကသိုလ် အိမ်ခန်းနေရာ ချထားရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ဇူလိုင် ၃၀ ရက်တွင် ကျင်းပသော အစည်းအဝေးအရ တက္ကသိုလ်ဆရာ၊ ဆရာမများမှာ အိမ်ခန်းနေရာ ချထားသည့် နေ့မှစ၍ နှစ်ပတ်အတွင်း နေထိုင်ခြင်းမရှိပါက နေထိုင်ခွင့်ကို ရုပ်သိမ်းသွားမည်ဖြစ်သည်။

“ဆရာမတို့က အချိန်အခက်အခဲ မဟုတ်ပါဘူး။ ပြောင်းရွှေ့ရမယ့်နေရာက ရေမီးအဆင်သင့်ဖြစ်စေချင်တယ်။ ပြီးရင် ကျောင်းသားတွေကို လွှဲပေးမှာပါ” ဟု ကထိကဆရာမတစ်ဦးက ပြောသည်။ ကချင်ပြည်နယ်အတွင်း ဝေးလံခေါင်သီသော ဒေသမှ ကျောင်းလာတက်သောကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ပြီး မြစ်ကြီးနားတက္ကသိုလ်ဝန်းအတွင်းအဆောင်(၄)ဆောင်ကို ဒီဇင်ဘာတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဒေါ်ဘောက်ဂျာက ပြောသည်။

အဆောင်ဖွင့်လှစ်ရန်အတွက်နေရာပြောင်းရွှေ့ရမည့်ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအင်အား ၂၄ ဦးကျော်ရှိသည်။

# မလေးရှားတွင် ရခိုင်အမျိုးသားတစ်ဦး သေဆုံးခြင်းမှာ အသတ်ခံရ၍ မဟုတ်

**အိဖြူမွန်**

**ရန်ကုန်၊ဩဂုတ်-၁၇**

မလေးရှားနိုင်ငံ စွန်ရိုင်းပတာနီမြို့တွင် ရခိုင်အမျိုးသားတစ်ဦး သေဆုံးရခြင်းမှာ အသတ်ခံရ၍ မဟုတ်ဘဲ ကားမှောက်ခြင်းကြောင့်ဖြစ်ကြောင်း ပီနန်-မလေးရှား နာရေးကူညီမှုအသင်းမှ တာဝန်ခံ ကိုဝင်းသန်းထွန်းက ပြောသည်။

“အသတ်ခံရတာမဟုတ်ပါဘူး။ ဟိုက်ဝေးမှာလော်လီမှောက်တာပါ။ ပီနန်မှာ ရခိုင်ကိစ္စ အရှုပ်အရှင်း မရှိပါဘူးခင်ဗျ”ဟု အထက် ပါပုဂ္ဂိုလ်ကပြောသည်။

လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် မလေးရှားနိုင်ငံရှိ အလုပ်လုပ်ကိုင်နေသော ရခိုင်အမျိုးသား များ အသတ်ခံရသည်ဟူသော စာသားများနှင့် ဓာတ်ပုံများ ထွက်ပေါ်လာခြင်းနှင့် ပတ်သက်ပြီး မေး မြန်းရာတွင် ၎င်းကပြောကြားခြင်းဖြစ်သည်။

ဇူလိုင်လ ၂၇ ရက်တွင် လော်လီကားမှောက်မှုကြောင့် မောင်တောမြို့နေ ရခိုင်အမျိုးသားကိုတင်လှိုင်နှင့်မလေးရှား နိုင်ငံသား တရုတ်လူမျိုးတစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ လုပ်ငန်းခွင်အတွင်းအလုပ်လုပ်ကိုင်ရင်း မတော်တဆဖြစ်ပွားခြင်းကြောင့် အလုပ်ရှင်မှ လျော်ကြေးကိစ္စများ တာဝန်ယူပေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“မဟုတ်မမှန် လူမျိုးရေးလှုံ့ဆော်တာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အသင်းကိုတော့ ဘယ်ကမှ ဆက်သွယ်မလာပါဘူး” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော ပဋိပက္ခများနောက် မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင် သော ရခိုင်အမျိုးသားများ အသတ်ခံရသည့်သတင်းများ လူမှုကွန်ရက်ဝက်ဆိုက်တွင် ထွက်ပေါ်ခဲ့သည်။

# FMIက ရန်ကုန် – နေပြည်တော် တစ်ရက်သုံးကြိမ် လေကြောင်းခရီးစဉ်ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ဩဂုတ်-၂၀**



ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ FMI က နေပြည်တော်နှင့် စီးပွားရေးမြို့တော် ရန်ကုန်တို့အကြား တစ်ရက်လျှင်သုံးကြိမ်လေကြောင်းပျံသန်းမှု ခရီးစဉ်ကို လာမည့် စက်တင်ဘာ ၉ ရက်မှ စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ ဈေးကွက်ဒါရိုက်တာ ဦးစိုးသူရလှိုင်ကပြောသည်။

FMI Air Charter ဟုခေါ်သော ယခုခရီးစဉ်တွင် ထိုင်ခုံ ၄၄ ခုံပါဝင်သော ATR-42 လေယာဉ်တစ်စင်းနှင့် ထိုင်ခုံ ၁၆ ခုံပါဝင်သော Beechcraft လေယာဉ်တစ်စင်းတို့အား မြန်မာ့လေကြောင်းမှ ငှားရမ်းပျံသန်းမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်းလျှင် အမေရိကန်ဒေါ်လာ ၁၄၉ ဒေါ်လာ သတ်မှတ်ထားကြောင်း ဦးစိုးသူရလှိုင်ကပြောသည်။

ယခုကဲ့သို့ နေ့စဉ်လေယာဉ်ခရီးစဉ် ပြေးဆွဲမှုမှာ ရန်ကုန်မှ နေပြည်တော်အသွားအပြန် ပြုလုပ်မည့် အစိုးရအရာရှိများ၊ နိုင်ငံခြားသံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ချက်ချင်းအကျိုးသက်ရောက်စေမည်ဖြစ်ပြီး၊ လာမည့် ၂၀၁၃ တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ကမ္ဘာ့စီးပွားရေး ဖိုရမ်ကဲ့သို့ ပွဲကြီးများကို လက်ခံကျင်းပရန် ရှိခြင်းအတွက်လည်း ကြိုတင်ပြင်ဆင်မှုတစ်ရပ်ဖြစ်သည်။

FMI ကုမ္ပဏီ၏ဥက္ကဋ္ဌ မစ္စတာဆာ့ပန်းကငှင်းသည်ရန်ကုန်-နေပြည်တော်ခရီးကို ကားလမ်းဖြင့် သွားရခြင်းအား အချိန်ကုန်လွန်းသည်မြင်၍ ယခုကဲ့သို့ လေကြောင်းခရီးစဉ် ပြေးဆွဲရန် စဉ်းစားဆုံးဖြတ်မိခဲ့ကြောင်း ပြောသည်။ “ကျွန်တော်က လေကြောင်းလိုင်းလုပ်ငန်း လောကထဲက မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလုပ်ငန်းကို အမြဲလုပ်ချင်ခဲ့တာပါ။ (ရန်ကုန်-နေပြည်တော်) ၁၁ နာရီခရီးကို ကျွန်တော်မကြိုက်ဘူးဗျ။ ဒါဟာ ဈေးကွက်က လိုအပ်နေတဲ့ အရာတစ်ခုဖြစ်ပါတယ်”ဟု ဆာ့ပန်းက Financial Time သတင်းစာသို့ ပြောသည်။

“ဘန်ကောက်ကနေ TG စီးလာပြီး ရန်ကုန်မဝင်ဘဲ တိုက်ရိုက်သွားချင်တဲ့ လူတွေအတွက် အဆင်ပြေအောင် နောက်ရန်ကုန်ကနေ မနက်စာစားပြီးမှ သွားချင်တဲ့ လုပ်ငန်းရှင်တွေအဆင်ပြေအောင်နဲ့ ကြိုပို့အစီအစဉ်တွေပါ Executive Traveller ပုံစံနဲ့ သွားလို့ရအောင် စီစဉ်ထားပါတယ်”ဟု ဦးစိုးသူရလှိုင်ကပြောသည်။

ထို့အပြင် Air Mandalay လေကြောင်းလိုင်းကလည်း စက်တင်ဘာလ ၁ ရက်မှစ၍ အပတ်စဉ်တနင်္လာနေ့နှင့် သောကြာနေ့များတွင် ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို ပျံသန်းမည်ဖြစ်သည်။ တနင်္လာနေ့တွင်နံနက်ပိုင်းပျံသန်းမည်ဖြစ်ပြီး သောကြာနေ့တွင်မူ ညနေပိုင်းပျံသန်းမည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။လက်ရှိတွင် မြန်မာ့လေကြောင်းက ရန်ကုန်-နေပြည်တော်ခရီးစဉ်အား ပြည်တွင်းခရီးသွားတစ်ဦးလျှင် ကျပ်လေးသောင်းလေးထောင်ဖြင့် ပျံသန်းပေးလျက်ရှိသည်။

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့ တက်လာပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာသဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုမြင့်တက်လာပြီး ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများ၏ အခန်းခဈေးနှုန်းမှာအရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်ခဲ့သည်။

ရန်ကုန်လေဆိပ်သို့နိုင်ငံတကာမှ လေကြောင်းများမှ တစ်နေ့လျှင် လေယာဉ် ၂၆ စင်းခန့် နေ့စဉ်ဆင်းသက်နေပြီး တစ်နေ့လျှင် လူတစ်ထောင် ခန့် ဝင်ထွက်နေကြောင်း သတင်းရရှိသည်။

# မင်္ဂလာပါ ဒီမိုကရေစီ ရုပ်ရှင်ပွဲတော် ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၁၆**

ဒုတိယအကြိမ်မြောက် ကျင်းပမည့် လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်ကို ‘မင်္ဂလာပါဒီမိုကရေစီ’အမည်ဖြင့် ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင်ပွဲတော်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကိုဖော်ညွှန်းဖွဲ့ဆိုသည့် ဂီတပွဲတော်ကိုပါ တစ်ပါတည်း ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါပွဲတော်ဖြစ်မြောက်ရေးတာဝန်ခံတစ်ဦးဖြစ်သည့် ဇာဂနာကပြောသည်။

‘မင်္ဂလာပါဒီမိုကရေစီ’ ရုပ်ရှင်ပွဲတော်အတွက် မှတ်တမ်းရုပ်ရှင် (Documentary Film) ၊ ဇာတ်လမ်းတို (Short Film)၊ အထူးပြုလုပ်ချက် (Animation) နှင့် ဓာတ်ပုံအက်ဆေး (Photo Essay) တို့ဖြင့် ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ရုပ်ရှင်ကားများကို နိုဝင်ဘာ ၄ ရက် နောက်ဆုံးထား၍ ဗိုလ်အောင်ကျော်လမ်းရှိ Home ရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်ဇာတ်ကားများကို အင်္ဂလိပ်စာတန်းထိုးရမည်ဖြစ်ပြီး ကြာမြင့်ချိန် ၃၀မိနစ်စာ သတ်မှတ်ထားသော်လည်း ရုပ်ရှင်ကား၏အရည်အသွေးပေါ်မူတည်၍ အချိန်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားပေးမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော်ဖြစ်မြောက် ရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယမန်နှစ်က လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်ဟုသာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ‘မင်္ဂလာပါဒီမိုကရေစီ’ ဟုခေါင်းစဉ်သတ်မှတ်ထားပြီး ယခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ဂုဏ်ရည်ကို ဖော်ညွှန်းစပ်ဆိုသော သီချင်းများကို ရေးသားယှဉ်ပြိုင်မည့် လွတ်လပ်ခြင်းဂီတပွဲတော်ကိုပါပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဂီတပွဲအတွက် ကိုယ်ပိုင်သံစဉ်စာသားများဖြင့် ရေးသားယှဉ်ပြိုင်ရမည် ဖြစ်ပြီး မြန်မာသံစဉ်နှင့်ဖြစ်စေ၊ ခေတ်ပေါ်ဂီတသံစဉ်နှင့်ဖြစ်စေ ယှဉ်ပြိုင်နိုင်ကာ နိုဝင်ဘာ ၄ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

“မနှစ်ကတည်းက လုပ်ချင်ခဲ့တယ်။ ဗိုလ်ချုပ်သီချင်းဆိုရင် တစ်ခါလာလည်း ရာဇဝင်အတ္ထုပ္ပတ္တိလည်းရှိရမယ်ပဲ ဖြစ်နေတယ်။ ဒါကြောင့် ဗိုလ်ချုပ် ဂုဏ်ကိုဖော်ညွှန်းတဲ့သီချင်းလို့ အကြောင်းအရာသတ်မှတ်ထားတာပါ” ဟု ဇာဂနာကပြောသည်။

ယမန်နှစ်လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်၏ ဆုချီးမြှင့်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်က တော်ဝင်စင်တာတွင် ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က ဆုရရှိသူများကို ဆု ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင်မူ ဇာဂနာက ဒိုင်အဖြစ် ဆောင်ရွက်မည်မဟုတ်ဘဲ ဖြစ်မြောက်ရေးကော်မတီအနေဖြင့်သာ ဆောင်ရွက်မည်ဖြစ်သည်။ အကဲဖြတ်ဒိုင်များအဖြစ် မင်းထင်ကိုကိုကြီး၊ ဒါရိုက်တာကြည်ဖြူသျှင်၊ ဒါရိုက်တာ အိအိခိုင်နှင့်ဒါရိုက်တာဝိုင်းတို့က ဆောင်ရွက်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ကို ဒေါ်အောင်ဆန်းစုကြည်ကပင် အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

# စကိုင်းနက် ယခုနှစ် ပရီးမီးယားလိဂ်ပွဲစဉ်များ မလွှင့်တော့

**ယုဇနကိုကို၊ ဗိုလ်ဗိုလ်ဝင်း**
**ရန်ကုန်၊ ဩဂုတ်-၂၁**

ပြည်တွင်းအခပေး ရုပ်သံလိုင်းတစ်ခုဖြစ်သော စကိုင်းနက်(Sky Net)က ယခုနှစ်အတွက် ပရီးမီးယားလိဂ် ဘောလုံးပွဲစဉ်များကို ပြသနိုင်တော့မည်မဟုတ်ကြောင်း ယင်းရုပ်သံလိုင်း၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယမန်နှစ်က စကိုင်းနက်ရုပ်သံလိုင်းများတွင် ပြသနိုင်ခဲ့သည့် အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်များကို ယခုနှစ်ရာသီတွင် ပြသနိုင်ခြင်း မရှိခြင်းမှာ ၎င်းတို့၏ လုပ်ငန်းတူရုပ်သံလိုင်းတစ်ခုဖြစ်သော Forever Group က ယင်းဘောလုံးပွဲစဉ်များကို တစ်ဦးတည်းမူပိုင်ထုတ်လုပ်ခွင့် ရရှိသွားခြင်းကြောင့်ဖြစ်သည်။

"ကျွန်တော်တို့ ပရီးမီးယားလိဂ်ပွဲတွေကို အိမ်အရောက်ဝန်ဆောင်မှုစနစ်နဲ့ ပြသဖို့အတွက် သွားပြီး ဝယ်ယူခဲ့တဲ့အခါ နိုင်ငံခြားကုမ္ပဏီက ကျွန်တော်တို့ကို မရောင်းပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနက ဟိုဘက်က ကုမ္ပဏီ (Right Owner)ကို ကျွန်တော်တို့ဟာ ဒီတီအိတ်(ချ)စနစ်နဲ့ပြသနေတဲ့ရုပ်သံလိုင်းတစ်ခုဖြစ်တယ်လို့ထောက်ခံပေးတာတောင် ဝယ်လို့မရတာပါ"ဟု အထက်ပါရုပ်သံလိုင်းမှ တာဝန်ရှိသူက ပြောသည်။

ကြည့်ရှုသူများအတွက် အရှုံးခံ ထုတ်လွှင့်ပြသနေရသည်ဟုဆိုသည့် စကိုင်းနက်ရုပ်သံလိုင်းအနေဖြင့် ယခုနှစ်၏ ယူအီးအက်ဖ်အေချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှ ဖိုင်နယ်ပွဲစဉ်များနှင့် ယူရိုပါလိဂ်ပွဲစဉ်အစဆုံး၊ စပိန်လာလီဂါပွဲစဉ်များ၊ အီတလီစီးရီးအေ၊ ဂျာမန်ဘွန်ဒက်စ်လီဂါ၊ အက်(ဖ)အေကပ်၊ ကားလင်းကပ်၊ မေဂျာလိဂ်အစရှိသည့် လူကြိုက်များသည့် ဘောလုံးပွဲစဉ်များအပြင် အခြားသော အားကစားပြိုင်ပွဲများကို ဆက်လက်ထုတ်လွှင့်ပြသပေးသွားမည်ဟု ဆိုသည်။

သို့သော်စကိုင်းနက်ဝယ်ယူထားသူများကမူ ယခင်နှစ်ကကဲ့သို့ ပရီးမီးယားလိဂ် ပွဲစဉ်များ ကြည့်လိုပြီး၊ အခြားရုပ်သံဖမ်းစက် ထပ်မံဝယ်ယူရပါက ကုန်ကျစရိတ် ပိုလာမည်ကို ပူပန်နေကြသည်။ ယူရို-၂၀၁၂ ဘောလုံးပွဲစဉ်များတွင်မူ စကိုင်းနက်ကသာ ပြသခွင့်ရရှိပြီး၊Forever Group ၏ ပရိသတ်များအခက်တွေ့ခဲ့သည်။

စကိုင်းနက်မှ တာဝန်ရှိသူက "ကျွန်တော်တို့က အစကတည်းကတော့ ပရီးမီးယားလိဂ်ရမယ်ဆိုပြီး အာမခံချက် မပေးခဲ့ပါဘူး။ ဒါပေမဲ့ ကြေညာတဲ့လိုင်းတွေမှာ မပါတဲ့လိုင်းတွေကို ထုတ်လွှင့်ပေးတာလည်း ရှိပါတယ်။ ပရီးမီးယားလိဂ်မရလို့ မကြည့်တော့ဘူးဆို ကျန်တဲ့လိုင်းတွေကို မကြည့်ပဲအလွတ်ခံမှာလားဆိုတာတော့ ရှိပါတယ်" ဟု ပြန်လည်ပြောကြားသည်။

သို့သော် လာမည့်နှစ်များတွင်မူ စကိုင်းနက်ဘက်မှ ပရီးမီးယားလိဂ်ပွဲစဉ်များ ထုတ်လွှင့်ပြသနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များကို တစ်ဦးတည်း မူပိုင်ထုတ်လွှင့်ပြသခွင့်ရရှိပြီး နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်လည်း ထုတ်ပြန်ထားသော Forever Group နှင့် MRTV-4 ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမျိုးမြတ်သူက အထက်ပါ အကြောင်းအရာနှင့် ပတ်သက်ပြီး "မူပိုင်ခွင့် ယူထားရင် ပြသလို့ရပါတယ်။ မူပိုင်ခွင့်မယူထားရင်တော့ ပြသလို့ မရဘူးပေ့ါ။ ကျွန်တော်တို့က နိုင်ငံခြားကုမ္ပဏီနဲ့ တစ်ခါစာချုပ်ချုပ်ရင် သုံးနှစ်စာအတွက်ကြိုတင်ချုပ်ပြီး အလုပ်လုပ်ကြပါတယ်။ ဈေးကွက်ယှဉ်ပြိုင်မှုကတော့လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့် ရှိတယ်။ နောင်ဆိုယှဉ်ပြိုင်မှုတွေ ဒီထက်ပိုများလာမယ်။ လိုင်းတစ်လိုင်းထဲဝယ်ထားပြီး အားလုံးကြည့်ချင်လို့တော့မရဘူးပေ့ါ"ဟု ဆိုသည်။

ပြည်တွင်း အခပေးရုပ်သံလိုင်းများ တစ်ခုနှင့်တစ်ခု ဈေးကွက်တွင် ယှဉ်ပြိုင်မှုပြင်းထန်လာခြင်းကြောင့် ဝယ်ယူသုံးစွဲသူများအတွက် အခွင့်ပိုသာလာမည်ဟု ထင်ထားကြသော်လည်း လက်တွေ့တွင်မူ ဆန့်ကျင်ဘက် အခြေအနေတချို့နှင့် ရင်ဆိုင်နေရကြောင်း ရုပ်သံလိုင်း ဝယ်ယူတပ်ဆင်ထားသူ တချို့ကပြောသည်။

# လားရှိုးတွင် ရေကြီး၍ လူတစ်ဦးသေဆုံး၊ မြေနိမ့်ပိုင်းရပ်ကွက်များ ရေလွှမ်း

**နေလင်းအောင်**
**ရန်ကုန်၊ ဩဂုတ် - ၂၁**

လားရှိုးမြို့တွင် ဩဂုတ်လ ၁၈ရက်မှစတင်၍ ၂၂နာရီကြာ မိုးဆက်တိုက်ရွာသွန်းပြီး ရေကြီး၍ လားရှိုးမြို့ပေါ်ရှိ အိမ်ထောင်စုအများအပြား နေအိမ်များမှ စွန့်ခွာခဲ့ရပြီး မိုးရေချိန် ၉ လက်မရှိသည်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လားရှိုးမြို့ အေတီချောင်းရေလျှံခဲ့ပြီး အနီးတစ်ဝိုက် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

"ခုလောလောဆယ်မြို့အထွက်အေတီချောင်းတံတားပေါ်မှာ ရေက လေးပေလောက်အထိရှိနေတော့ ကားတွေသွားလို့မရတော့ဘူး။ ကယ်ဆယ်ရေးစခန်းတွေတော့ ဒီနေ့အထိ ဆက်ဖွင့်နေတုန်းပဲ" ဟု ရေကြီးမှုအခြေအနေနှင့်ပတ်သက်၍ လားရှိုးမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမင်းအောင်ဝင်းက ဩဂုတ်လ ၂၁ရက်ကပြောကြားသည်။

ရေကြီးမှုကြောင့် လားရှိုးမြို့မှ ရပ်ကွက်၁ အတွင်းရှိ နယ်မြေ ၇၊ ၈၊ ၉ တို့တွင် အိမ်ခြေ ၁၆၀ကျော်ခန့် ရေမြုပ်ခဲ့ပြီး ရပ်ကွက် ၁၁၊ ၁၂ တို့တွင်လည်း အိမ်ခြေအများအပြား ရေမြုပ်လျက်ရှိသည်။ ရပ်ကွက်(၁)မှာပင်ရေဘေးဒုက္ခသည်၅၅၀ ကျော်ရှိကြောင်းဒေသခံတစ်ဦးကပြောသည်။ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်များမှ ဒေသခံအများအပြားအား မြို့နေလူထုနှင့် ရပ်ကွက်လုပ်အားပေးများ၊ တပ်မတော်သားများ စုပေါင်း၍ ကယ်ဆယ်ရေးစခန်းများသို့ပြောင်းရွှေ့နေရာချထားပေးနေသည်။

# ရန်ကုန်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှ မြို့နယ်အချို့တွင် လျှပ်စစ်မီး ၄ ရက်ပျက်မည်

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ ဩဂုတ် - ၂၁**

ပဲခူးတိုင်းဒေသကြီးအတွက် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရန် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံချိတ်ဆက်ခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ခုရှိ မြို့နယ် အချို့တွင် ဓာတ်အားဖြတ်တောက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းအမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဩဂုတ် ၂၅ ရက် နံနက် ၆ နာရီမှ ၂၈ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်ရာ ထိုနေ့များတွင် မနက် ၆ နာရီမှ ည ၉ နာရီအတွင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၏ နေရာအချို့တွင် လျှပ်စစ်မီးပြတ်တောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပဲခူးတိုင်းဒေသကြီးအား ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်နှင့် သုံးစွဲဓာတ်အားပြည့်မီစေရန်အတွက် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ မင်းလှပင်မဓာတ်အားခွဲရုံအား ဓာတ်အားပို့လွှတ်ကာ ၂၃၀ ကေဗွီရွှေတောင်-မြောင်းတကာ မဟာဓာတ်အားလိုင်းနှင့် ချိတ် ဆက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်အတွက် လျှပ်စစ်မီးဖြတ်တောက်ရခြင်းဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

# ချမ်းမြသာစည်မြို့နယ်မှ လယ်၁၅ ဧက ဇာတ်လမ်း

**ညီညီဇော်**
**မန္တလေး၊ ဩဂုတ် - ၂၀**

နိုင်ငံတော်အစိုးရက တောင်သူများထံမှ သိမ်းယူပြီးဖြစ်သော မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ လယ်မြေ ၁၅ ဧကကို KIO မှ ခွဲထွက်ပြီး နယ်ခြားပြည်သူ့စစ်အဖွဲ့အစည်းအနေဖြင့် ရပ်တည်နေသည့် အဖွဲ့အစည်းက တောင်သူများထံမှပင်ဝယ်ယူခဲ့ပြီးနောက် ယင်းလယ်မြေများပေါ်တွင် မန္တလေးမြို့ရှိ ကျူးကျော်ပေါင်းစုံက ဝင်ရောက်နေထိုင်နေကြောင်း သတင်းရရှိသည်။

ယင်းလယ်မြေ၁၅ဧကသည် ၁၉၉၂ ခုနှစ်ဝန်းကျင်က နိုင်ငံတော် အစိုးရက တောင်သူများထံမှ တစ်ဧကလျှင် ကျပ်လေးထောင်နှုန်းဖြင့် သိမ်းခဲ့ခြင်းဖြစ်သည်ဟု ယင်းလယ်မြေများပိုင်ဆိုင်လုပ်ကိုင်ခဲ့သည့် တောင်သူများက ပြောသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် အကွက် အမှတ် ၅၃၇ ရှိ လယ်မြေ ၁၅ ဧကပေါ်တွင် သံလမ်းကျူး၊ တာဝါတိုင်ကျူး၊ လမ်းဘေးကျူးတို့အပြင် အိမ်ငှားခ မတတ်နိုင်တော့သည့်သူများက ဝင်ရောက်နေထိုင်နေခြင်းဖြစ်သည်။ ယင်း လယ်မြေ ၁၅ ဧကကို ဝယ်ယူထားသည်ဟုဆိုသည့် နယ်ခြားပြည်သူ့စစ်အဖွဲ့တွင် ဒုဗိုလ်မှူးကြီး တာဝန်ထမ်းဆောင်နေသူ ဒုဗိုလ်မှူးကြီး ညွှန့်စိန်က "ကျွန်တော်တို့ လယ်သမားသုံးဦးဆီကနေ သိန်း ၁,၈၀၀ နဲ့ ၂၀၁၂ခုနှစ် ဇွန်လကုန်ပိုင်းကနေ စာချုပ်စာတမ်းနဲ့စဝယ်ခဲ့ပါတယ်။ ဝယ်ထားပြီး မကြာခင်ရက်ပိုင်းအတွင်းပဲ ကျူးကျော်ခံရတာပါ။ စည်ပင်က ဩဂုတ် ၁၅ ရက်နေ့ နောက်ဆုံးဖယ်ပေးဖို့ ကြေညာချက်ထုတ်ထားပေမယ့် ခုထိမထူးခြားသေးဘူး"ဟုပြောသည်။



ယင်းလယ်မြေတွင် ကျူးကျော်နေထိုင်သူ အိမ်ထောင်စုပေါင်း ၅၂၀ ရှိပြီး လူဦးရေ ၂,၀၈၀ ဦးရှိသည်ဟု ကျူးခေါင်းဆောင် ကိုဝင်းမြင့်ထွန်းက ပြောသည်။ "ခု ကျွန်တော်တို့ လယ်မြေတွေက နိုင်ငံတော်ကလည်း သိမ်းပြီးသား။ သိမ်းပြီးသားကို တောင်သူတွေကိုတော့ လယ်စိုက်ခွင့် ပေးထားတယ်။ တောင်သူတွေက လယ်မစိုက်ဘဲ ပြန်ရောင်းတယ်။ အစကတော့လယ်မစိုက်ဘဲပြန်ရောင်းစားတဲ့တောင်သူတွေကိုကန့်ကွက်ချင်လို့ ဝင်နေတာ။ နောက်ပိုင်းကျတော့ တကယ်ဒုက္ခရောက်နေတဲ့သူတွေကလည်း နေစရာမရှိလို့ နေချင်တယ် ပြောလာကြတော့ ခုလို တစ်စုတစည်းတည်းနေ ဖြစ်သွားတာပါ။ ပရမ်းပတာ ကျူးကနေ စနစ်တကျ ကျူးလိုက်တာပေါ့ဗျာ။ အစိုးရကို ကလန်ကဆန် မလုပ်ပါဘူး။ အသနားခံပြီး နေခွင့်ရဖို့ တောင်းဆိုသွားမှာပါ"ဟု ၎င်းကဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှလည်း မြို့တော်နယ်နိမိတ်အတွင်းရှိ လူနေထိုင်သုံးစွဲရန် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးခဲ့သောမြေကွက်များပေါ်တွင် မိမိပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ခိုင်လုံစွာတင်ပြရရှိထားခြင်းမရှိဘဲ ကျူးကျော်နေထိုင်ခြင်း၊ ပြန်ရောင်းချနေခြင်းစသည့်ကိစ္စရပ်များအား ဥပဒေမဲ့ပြုလုပ်နေကြသည်ကို လက်မခံကြောင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်နေသူများ ဩဂုတ် ၁၅ ရက် နောက်ဆုံးထားထွက်ခွာရန် အမိန့်ကြေညာချက်ထုတ်ပြန်ခဲ့ထားသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူသွားမည်ဟု မန္တလေးထုတ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့်အသိပေးကြေညာခဲ့သည်။

"မန္တလေးမှာ ကျူးတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ခုလောက် တစ်စုတစ်ဝေးတည်း ကျူးကျော်နေထိုင်ကြတာ ဒါပထမဆုံးပဲ၊ အထက်က ညွှန်ကြားတဲ့အတိုင်း ဆက်လုပ်ရမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနမှ ဌာနမှူး ဦးတင်ထွဋ်ကျော်က ဆိုသည်။

ယင်းနေရာက ကျူးကျော်များအပါအဝင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် ကံကြီးကုန်းကျေးရွာ၊ ဇီးအုပ်ကျေးရွာနှင့် ရွာသစ်ကလေးကျေးရွာ၊ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာတို့အတွင်းရှိ ကျူးကျော်တဲ ၁,၁၁၈ လုံး တရားမဝင် ဝင်းခြံ ခတ်ထားသည့်မြေကွက်လပ် ၂,၂၂၆ ကွက်၊ စုစုပေါင်း ၃,၃၄၄ ကွက်တို့သည်လည်းထွက်ခွာပေးရမည်ဟု သတင်းရရှိသည်။

## တီတီစီမှ ဆရာမနှစ်ဦးအား ကျောင်းမပြောင်းရန် ကျောင်းသားများက သမ္မတနှင့် တာဝန်ရှိသူများထံ မေတ္တာရပ်ခံစာပို့ရန် စီစဉ်

**အောင်သူရ**
**ရန်ကုန်၊ ဩဂုတ်-၂၀**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း TTC (ကမာရွတ်)တွင် နှစ်၃၀ကြာတာဝန်ထမ်းဆောင်ခဲ့သောဆရာမနှစ်ဦးအား ကျောင်းပြောင်းရွှေ့သည့်အတွက် ကျောင်းမပြောင်းရန် သမ္မတနှင့်တာဝန်ရှိသူများထံ ကျောင်းသားများကမေတ္တာရပ်ခံစာပေးပို့တောင်းဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့၏နာမည်ကျော်ကျောင်းဖြစ်သော TTCကျောင်း တွင် ၉ တန်းနှင့် ၁၀တန်း ကျောင်းသားများက ရူပဗေဒသင်ကြားပေးသော ဆရာမဒေါ်အေးအေးသိန်းနှင့် အင်္ဂလိပ်စာသင်ကြားပေးသောဆရာမဒေါ်မာလာကြိုင်တို့အား ဩဂုတ် ၁၃ ရက်က ကျောင်းပြောင်းရွှေ့ခဲ့သဖြင့် ထိုနေ့မှစ၍ TTC ကျောင်းမှ၉တန်းနှင့်၁၀တန်းကျောင်းသားအချို့သည် တံဆိပ်ပြောင်းပြန်ကပ်ခြင်း၊ ကျောင်းမတက်ခြင်းနှင့် မေတ္တာရပ်ခံစာပို့ရန် လက်မှတ်စုဆောင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ဆေးတက္ကသိုလ်နှင့် ရေကြောင်းတက္ကသိုလ်တွင် တက်ရောက်နေကြသောကျောင်းသားဟောင်းများကလည်း အဆိုပါ ဆရာမနှစ်ဦး ကျောင်းပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့စာပို့မည်ဟု ရေကြောင်းတက္ကသိုလ်တွင် ကျောင်းတက်နေသော ကျောင်းသားကိုမင်းရဲထွဋ်ကပြောသည်။

"စီမံခန့်ခွဲမှုလိုအပ်ချက်အရပြောင်းရွှေ့ပေးလိုက်တယ်လို့ ပြောတယ်"ဟု ကျောက်တန်းမြို့ အထကခွဲ (မြိုင်သာယာ)သို့ပြောင်းရွှေ့ခဲ့ရသူ ဆရာမဒေါ်အေးအေးသိန်းကပြောသည်။ ဆရာ၊ ဆရာမများ တာဝန်ထမ်းဆောင်စဉ် ကျောင်းပြောင်းရွှေ့ရလေ့ရှိသည် မှာ ဖြစ်လေ့ဖြစ်ထရှိသော်လည်း ယခုကိစ္စတွင်မှ ကျောင်းသားများက သက်ဆိုင်ရာသို့ မေတ္တာရပ်ခံစာပေးပို့ခြင်းဖြစ်သည်။ ဩဂုတ် ၂၁ရက်တွင်ကျောင်းသား၄၀၀ကျော်နှင့်ကျောင်းသားမိဘ၈၄ ဦးက ထိုဆရာမနှစ်ဦးအား ပြောင်းရွှေ့ခြင်း မပြုရန် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူထံသို့စာတင်မည်ဟုကျောင်းသားမိဘတစ်ဦးက ပြောသည်။ ထိုကိစ္စနှင့်ပတ်သက်၍ TTC ကျောင်းအုပ်ကြီးထံ မှတ်ချက်တောင်းယူရန် ဩဂုတ် ၂၁ ရက်တွင် ဆက်သွယ်သော်လည်း ဆက်သွယ်မေးမြန်း၍ မရခဲ့ပေ။

7 DAY NEWS JOURNAL
Vol.11, No.24 · AUGUST 23 , 2012

## ဘရာဇီးလေယာဉ်နှစ်စီး မြန်မာ့လေကြောင်းက ဝယ်ယူရန် စီစဉ်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၂၀**

မြန်မာ့လေကြောင်းပိုင် သက်တမ်းရင့်လေယာဉ်များနေရာတွင် အစားထိုးပျံသန်းပြေးဆွဲရန်အတွက် ဘရာဇီးနိုင်ငံမှ လေယာဉ်သစ်နှစ်စီးကိုလာမည့်ပွင့်လင်းရာသီအမီ ဝယ်ယူပျံသန်းရန် စီစဉ်နေပြီဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ သတင်းရရှိသည်။ လေယာဉ်သစ်များမှာ Embraer ကုမ္ပဏီမှထုတ်လုပ်သည့်ခရီးသည် ၁၀၀ ကျော်ခန့် E-190 လေယာဉ်များဖြစ်ပြီး မြန်မာ့လေကြောင်းမှ ယခုပြေးဆွဲလျက်ရှိသည့် သက်တမ်းနှစ် ၃၀ ဝန်းကျင်ရှိ F-28 လေယာဉ်များနေရာတွင် အစားထိုးပြေးဆွဲမည်ဟုဆိုသည်။ လေယာဉ်သစ်များရောက်ရှိလာပါက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ၊ ထိုင်းနိုင်ငံချင်းမိုင်နှင့်ပြည်တွင်း ခရီးစဉ်များတွင်ပါ ခရီးစဉ်လိုအပ်ချက်အရ ပျံသန်းပြေးဆွဲသွားမည်ဟု မြန်မာ့လေကြောင်းမှ ဦး ဆောင်ညွှန်ကြားရေးမှူးဦးသန်းထွန်းက ပြောကြားသည်။

## ဒီမိုကရေစီစနစ်၏ လက်တွေ့အကျိုးကျေးဇူးကို ပြည်သူများ မခံစားရသေးကြောင်း ဦးသိန်းဆွေ ပြောကြား

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁၇**

ဒီမိုကရေစီစနစ်အရ ပြည်သူက ရွေးကောက်တင်မြှောက်ထားသောလွှတ်တော်နှင့် အစိုးရတစ်ရပ်ပေါ် ပေါက်လာသည်မှာ တစ်နှစ်ခွဲခန့်ရှိပြီဖြစ်သော်လည်း ပြည် သူများအနေဖြင့် ယင်းစနစ်၏ အကျိုးကျေးဇူးကို လက်တွေ့မခံစားရသေးကြောင်း အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းဆွေက ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး ၂၉ ရက်မြောက်နေ့ပြောကြားသည်။ "ပြည်သူတွေဟာ ဒီမိုကရေစီစနစ်ရဲ့ အကျိုးကျေးဇူးကို လက်တွေ့မခံစားရသေးပါဘူး"ဟူ၍ ၎င်း၏ အဆိုအတည်ပြုရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူလိုကြောင်း ထပ်မံတင်သွင်းစဉ် ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၎င်းအပြင် ယခုအချိန်သည် စနစ်သစ်တစ်ခုဆီ သွားနေသည့် အချိန်ဖြစ်ကြောင်း၊ တာဝန်ရှိအဖွဲ့များအနေဖြင့်လည်း ခံယူချက်များ၊ အတွေးအခေါ် များ ပြောင်းလဲရန် လိုအပ်လာပြီဖြစ်ကြောင်းလည်း၎င်းကပင်ထပ်မံပြောကြားခဲ့သည်။

## အိမ်စီးကားများကို အင်္ဂလိပ်အက္ခရာနှင့် ဂဏန်း တပ်ဆင်ခွင့်ပြုရန် အစီအစဉ်မရှိသေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၆**

ပြည်ပမှ တင်သွင်းလာပြီး အိမ်စီးကားအဖြစ် ပြုလုပ်မည့်ကားများကို အင်္ဂလိပ်အက္ခရာ၊ အင်္ဂလိပ်ဂဏန်းများတပ်ဆင်ခွင့်ပြုရန် အစီအစဉ်မရှိသေးကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "တက္ကစီတွေကိုပဲ အင်္ဂလိပ်အက္ခရာနဲ့ ပေးနေသေးတယ်။ တခြားကားတွေကို ပေးဖို့မရှိသေးပါဘူး" ဟု ၎င်းက ပြောသည်။ ဩဂုတ် ၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ပမှ တင်သွင်းလာသော မည်သည့်ကားကိုမဆို ကားပိုင်ရှင်များဆန္ဒရှိပါက အင်္ဂလိပ်အက္ခရာ၊ အင်္ဂလိပ်ဂဏန်းများဖြင့်ထုတ်ပေးတော့မည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့ သည်။ သို့သော် အိမ်စီးကားများကို အင်္ဂလိပ်အက္ခရာနှင့် နံပါတ်ထုတ်ပေးသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ယနေ့ ဩဂုတ်၁၇ ရက်ထုတ်မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ဖော်ပြထားသည်။

## အဝေးပြေးခရီးသည်တင်ကားများ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ချိတ်ဆက်လုပ်ကိုင်ရမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၈**

အဝေးပြေးခရီးသည်တင်ကားများတွင် ယာဉ်အစားထိုးခြင်း၊ နုတ်ထွက်ခြင်း၊ အသစ်ဝင်ရောက်ခြင်း၊ အမည်ပြောင်းနယ်ကျော်သယ်ဆောင်ခြင်းများပြုလုပ်ပါက သက် ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းပန်းဆက် သွယ်ရေး ဝန်ကြီးဌာနသို့ပါ တင်ပြရတော့မည်ဖြစ်ကြောင်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းသို့ တင်ပြရာတွင် ယာဉ်လိုင်းပိုင်ရှင် (သို့မဟုတ်) ယာဉ်ပိုင်ရှင်ကိုယ်တိုင် စာရွက်စာတမ်းမူရင်းများကို ယူဆောင်ပြီး သွားရောက်တွေ့ဆုံရမည်ဖြစ်သည်။ ယာဉ်စီးရေပြောင်းလဲခြင်း နှင့် ပတ်သက်၍ ယခင်က မ. ထ. သ အဝေးပြေးတစ်ခုတည်းကိုသာတင်ပြပါက လုံလောက်သော်လည်း မ. ထ. သ ရုံးများအပြင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ပါ တင်ပြရမည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် နှစ်နေရာလုံးတွင် တင်ပြရမည်ဖြစ်သည်။

# ပုသိမ်ခရိုင်တွင် ရေဘေးဒုက္ခသည်သုံးသောင်းကျော်ရှိ

### ရေဘေးဒုက္ခသည် ၁၂,၀၀၀ ကျော်ရှိသော သာပေါင်းမြို့နယ်မှာ အဆိုးဆုံးဖြစ်ပြီး အကူအညီများ လိုအပ်နေ



ဓာတ်ပုံ - ဖိုးညို

**ရေလျှံနေသော ကျောင်းကုန်းမြို့နယ်တွင် မိသားစုတစ်စုကိုတွေ့ရစဉ်**

**နေလင်းထွန်း**

**ပုသိမ်၊ ဩဂုတ် - ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုမှာ နှစ်ပတ်ကျော် ကြာမြင့်လာပြီဖြစ်ပြီး ယာယီကယ်ဆယ်ရေးစခန်းများရှိရေဘေးဒုက္ခသည် သုံးသောင်းကျော်အတွက် ကူညီထောက်ပံ့မှုများ ပေးနေရဆဲဖြစ်ကြောင်း ခရိုင်ကြီးကြပ်ရေးကော်မတီမှ သတင်းရရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှု၊ ငဝန်မြစ်ရေကြီးမှုနှင့် ဒီရေတိုးမှုတို့ကြောင့် ပုသိမ်ခရိုင်ရှိ ပုသိမ်၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များတွင် ရေလွှမ်းမိုးမှုသည် ရက်ပေါင်း ၁၅ရက်အထိ ရှိလာပြီဖြစ်သည်။

"ဒီထက် ရက်ကြာလာရင် တော်တော်ခက်ခဲသွားမှာပါ။ အခုတော့ ပြင်ပအလှူရှင်တွေရှိနေလို့ပါ။ ရေကြီးတာက ရက်ကြာလာတော့ သက်ရောက်မှုကကြီးနေတယ်။ ထိခိုက်တဲ့သူတွေက ပျံ့ကျဲတွေနဲ့တောင်သူလယ်သမားတွေပါနေတယ်။ အခု အဓိက လိုအပ်နေတာကတော့ဆန်၊ဆီ၊ဆားတွေဖြစ်ပါတယ်"ဟု ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တိုင်းဒေသကြီး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးမြင့်က ပြောကြားသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးအစိုးရ၊ ပြင်ပအလှူရှင်များနှင့် ဘုန်းတော်ကြီးများက ရေဘေးဒုက္ခ ကြုံတွေ့နေရသူများအတွက်ဆန်နှင့်ထမင်းထုပ်များကိုဦးစားပေးဝေငှလျက်ရှိသော်လည်း ရေလွှမ်းမိုးမှုကာလ ကြာမြင့်လာသည်နှင့် အမျှ ကူညီပံ့ပိုးမှုများ ပိုမိုလိုအပ်လာကြောင်း ၎င်းကဆိုသည်။

ပုသိမ်ခရိုင်တွင် ရေဘေးကူညီရေးလုပ်ငန်းများအတွက် ယာယီကယ်ဆယ်ရေးစခန်း ၂၀၇ ခု ဖွင့်လှစ်ထားပြီး ရပ်ကွက်၊ ကျေးရွာပေါင်း ၇၂၇ ခုသည် ရေလွှမ်းမိုးမှုခံနေရသည်။

သာပေါင်းမြို့နယ်သည် ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရပြီး ကယ်ဆယ်ရေးစခန်း ၆၀ ၌ ဒုက္ခသည်ပေါင်း ၁၂,၀၀၀ ကျော် နေထိုင်နေရကာ အကူအညီများလိုအပ်နေသည်။

"လောလောဆယ် ရေဘေးဒုက္ခသည်တွေရဲ့ နေထိုင်၊ စားသောက်ရေးတွေကို တာဝန်ယူထားတယ်။ အလှူရှင်တွေကလည်း စေတနာအလျှောက် လာကူညီကြပါတယ်။ လိုအပ်ချက်ကတော့ စားဖို့ရရင် အဆင်ပြေပါတယ်။ အခုက ပုသိမ်ခရိုင်မှာ ငပုတောမြို့နယ်ပဲ ကျန်တယ်။ ကျန်တဲ့မြို့နယ်တွေ ရေဝင်နေတဲ့အတွက် တိုင်းဒေသကြီးထဲမှာ ပုသိမ်ခရိုင်က ရေဘေးဒဏ်ကို ပိုခံစားနေရတယ်"ဟု ကူညီကယ်ဆယ်ရေးဆောင်ရွက်နေသည့် ခရိုင်ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဒေါ်မာမာအေးသီချင်း ပြန်လည်ထည့်သွင်း

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ယခုနှစ်တွင် ကျင်းပမည့် (၁၉) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသည့် အဆိုတော်ဒေါ် မာမာအေးသီဆိုခဲ့သောတေးသီချင်းများအား ပါဝင်ယှဉ်ပြိုင်ရမည့်စာရင်းတွင် ထည့်သွင်းထားကြောင်း ယခုလ ၁၇ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများ၌ဖော်ပြထားသည်။

"ကျွန်တော်တို့ကတော့ သီချင်းတွေကိုပဲရွေးတာများပါတယ်။ ဘယ်သူဘယ်ဝါဆိုတာ မရှိပါဘူး။ အဆိုအကဲဖြတ်အဖွဲ့က တင်ပေးလိုက်တဲ့သီချင်းတွေကိုခွင့်ပြုတာများပါတယ်။ အဓိကကတော့ သီချင်းကောင်းဖို့ပါပဲ။ ဒီနှစ်မှာတော့ ဒေါ် မာမာအေးသီချင်းတစ်ပုဒ်ပါပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကပြော သည်။ အဆိုပါပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ ခေတ်ဟောင်းတေး၊ ကာလပေါ် တေးဘာသာရပ်၏ ဝါသနာရှင် (ပထမတန်း) အဆင့် အမျိုးသမီးပြိုင်ပွဲတွင် သီဆိုယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်း ၁၀ ပုဒ်အနက် ဒေါ် မာမာအေး၏ 'ပိတောက်လမ်း' တေးသီချင်းအား ပါဝင်ယှဉ်ပြိုင်ရန် ထည့်သွင်းထားခြင်းဖြစ်သည်။

ဒေါ် မာမာအေးသည် ၁၉၉၅ မှ ၁၉၉၇ ခုနှစ်အထိ အဆို အကဲဖြတ်အဖွဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၈ ခုနှစ် တွင် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားပြီးနောက်ပိုင်း ၎င်း၏တေးသီချင်းများအား နိုင်ငံပိုင်ရုပ်သံ လိုင်းများ၌ ထုတ်လွှင့်ပြသခြင်း၊ အသံလွှင့်ခြင်းများပြုလုပ်ခြင်းမရှိတော့ပေ။ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှစ၍ သီဆိုသူမာမာအေး အမည်ဖြင့် တေးသီချင်းများအား ထည့်သွင်းယှဉ်ပြိုင်စေခြင်းမပြုဘဲ ယခုနှစ်တွင်မှ ယှဉ်ပြိုင်ခွင့်ပြုခြင်းဖြစ်သည်။

## လက်ဖက်ရည်ဆိုင်များတွင် လိုက်လံဖျော်ဖြေသော 'ပန်းရဲ့လမ်း လူမှုကွန်ရက်' က အလှူငွေသိန်း ၆၀၀ ကျော် ပြန်လည်လှူဒါန်းပြီးဟုဆို

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

လက်ဖက်ရည်ဆိုင်များတွင် သီဆိုဖျော်ဖြေရင်းအလှူငွေများကောက်ယူပေးသည့် 'ပန်းရဲ့လမ်း လူမှုကွန်ရက်' က ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသည့် ဒေသများသို့ အလှူငွေများ ပြန်လည်လှူဒါန်းခဲ့ရာ သိန်း ၆၀၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း အဆိုပါကွန်ရက်မှ တာဝန်ရှိသူ ဦးရဲလွင် (မဖွိုမလှိုင်း)ကပြောကြားသည်။

'ပန်းရဲ့လမ်းလူမှုကွန်ရက်' အနေဖြင့် ပြည်တွင်းစစ်ဖြစ်နေသည့် ကချင်ပြည်နယ်နှင့် ပဋိပက္ခများဖြစ်သည့် ရခိုင်ပြည်နယ်များသို့ အဓိကထောက်ပံ့ငွေများ ပေးခဲ့ပြီး ဒုက္ခရောက်နေသည့် အခြေခံ လူတန်းစားများဆီသို့ အလှူငွေများ အရောက်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ ကွန်ရက်အနေနဲ့ စခဲ့တာ လေးလကျော်ပြီ။ ဒီကာလမှာ အလှူငွေသိန်း ၆၀၀ ကျော်ရခဲ့တယ်။ ရသမျှလည်း အကုန်ပြန်လှူခဲ့တယ်။ သီချင်းလိုက်ဆိုဖြစ်တာတော့ တစ်ပတ်တစ်ရက် အနည်းဆုံးဆိုတယ်။ တစ်ခါတလေ စနေနဲ့ တနင်္ဂနွေနေ့တွေမှာ လိုက်ဆိုဖြစ်တယ်။ ခရစ္စမတ်သီချင်းဆိုသလိုပေ့ါ။ အခုနောက်ပိုင်းမှာ အလှူငွေပေးတဲ့သူတွေဘက်ကလည်း ကျွန်တော်တို့အဖွဲ့ကိုသိလာပြီး အားပေးလာကြတယ်"ဟု ဦးရဲလွင်(မဖွိုမလှိုင်း)ကဆိုသည်။

ပန်းရဲ့လမ်းလူမှုကွန်ရက်အနေဖြင့် အဖွဲ့ဝင် ၁၀ ဦးခန့်ဖြင့် Morning Star လက်ဖက်ရည်ဆိုင်၊ IT လက်ဖက်ရည်ဆိုင်၊ ပတ္တမြားလက်ဖက်ရည်ဆိုင်၊ Lucky Seven ဆိုင်များသို့ အလှည့်ကျသွားရောက်ဖျော်ဖြေခဲ့သည်။ နယ်မြို့ ၂၀ ဝန်းကျင်သို့လည်း သွားရောက်ဖျော်ဖြေခဲ့သည်။

"ကျွန်တော်တို့ ရန်ကုန်မှာ လိုက်ဆိုရတာ နည်းနည်းအခက်အခဲရှိပါတယ်။ အာဏာပိုင်တွေရဲ့ စောင့်ကြည့်မှုတွေ၊ ဆိုင်တွေကို မဆိုခိုင်းဖို့ ပိတ်ပင်တာတွေနဲ့ ကြုံခဲ့ရတယ်"ဟု ကွန်ရက်မှ တာဝန်ရှိသူ ဦးသားထွေးကပြောသည်။

"ကျွန်တော်တို့အဖွဲ့ဟာ ကြားခံအဖွဲ့အစည်းတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့သီချင်းဆိုလို့ရတဲ့ငွေကိုပြန်လှူတယ်ဆိုပေမယ့် ကျွန်တော်တို့ဟာ ကြားခံသက်ဖြစ်ပါတယ်။ ဂီတနဲ့ဖျော်ဖြေပြီး တစ်ဖက်မှာ ဒုက္ခရောက်နေသူတွေရဲ့ သောကကို ရှိတဲ့အလှူငွေနဲ့ဖြေလျှော့ပေးတာပါ"ဟု ၎င်းက ဆိုသည်။

'ပန်းရဲ့လမ်းလူမှုကွန်ရက်' အနေဖြင့် ၂၀၁၂ မေလ ၆ ရက်တွင် စတင်၍ ကွန်ရက်အဖြစ် ဖွဲ့စည်းခဲ့သည်။ ကချင်ပြည်နယ်သို့ ဘုရားကျောင်းအဖွဲ့အစည်းများမှတစ်ဆင့်လှူဒါန်းခြင်း၊ ရခိုင်ပြည်နယ်သို့ဦးကျော်သူ(နာရေးကူညီမှုအသင်း)၊ ကိုမင်းကိုနိုင်(ပွင့်လင်းလူ့အဖွဲ့အစည်း)တို့မှတစ်ဆင့် လှူဒါန်းခဲ့သည်။

ယင်းကွန်ရက်သည် ယခုရေကြီးနေသည့် ဒေသများဖြစ်သည့် သနပ်ပင်၊ ဝေါနှင့် အခြားမြို့နယ်များသို့ အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.24 • AUGUST 23 , 2012



# လက်နက်ကိုင်တပ်ဖွဲ့များက ကချင်ဒေသခံများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေဟုဆို

**ရန်ကုန်၊ ဩဂုတ် - ၁၆**

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများ၌ လက်နက်ကိုင်တပ်ဖွဲ့များက ဒေသခံကျေးရွာလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအချို့ရှိနေကြောင်းမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်သည်။

ကချင်ပြည်နယ်တွင် အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)တို့ အကြား တိုက်ပွဲများမှာ ၂၀၁၁ ခုနှစ် ဇွန်လ ၉ရက်မှစတင်ဖြစ်ပွားခဲ့ပြီး ယခုအခါ တစ်နှစ်ကျော်လာပြီဖြစ်သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လက်နက်ကိုင်အဖွဲ့များသည် ဒေသခံများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအချို့ရှိနေသည်ဆိုသော်လည်း မည်သည့်လက်နက်ကိုင်တပ်ဖွဲ့က ကျူးလွန်သည်ကိုမူ ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပေ။

မြစ်ကြီးနားမြို့နယ် တာလော်ကြီးကျေးရွာမှ သက်သေများ၏ ထွက်ဆိုချက်အရ ကေအိုင်အေမှ ကျေးရွာသားများကို တပ်သားသစ်အဖြစ် အတင်းအဓမ္မစုဆောင်းများရှိခဲ့သည်ဟုဆိုသည်။ ထို့ကြောင့်ကော်မရှင်က မည်သည့်နယ်မြေဒေသတွင်မဆို လက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်သားသစ်များ အတင်းအဓမ္မခေါ်ယူစုဆောင်းခြင်းမပြုရန်တိုက်တွန်းထားသည်ကိုတွေ့ရသည်။

သို့သော်ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)က လူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်အပေါ် ကန့်ကွက်သည်။ ကော်မရှင်အဖွဲ့သည်မြစ်ကြီးနားနှင့်ဝိုင်းမော်သာရောက်ရှိပြီး ၎င်းတို့ ရွေးခေါ်သူများကိုသာတွေ့ဆုံမေးမြန်းကာ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်၍ ထုတ်ပြန်ချက်မှာ မျှတမှုမရှိကြောင်းကေအိုင်အိုဒုတိယအထွေထွေအတွင်းရေးမှူးဦးလာနန်က ကချင်သတင်းဌာနတစ်ခုကို ဖြေကြားထားသည်။ မိမိတို့တိုင်းရင်းသားများကို ကာကွယ်ရန် စစ်သားစုဆောင်းမှုမှာ လူ့အခွင့်အရေးချိုးဖောက်မှုမဟုတ်ကြောင်းလည်း ၎င်းကဖြေကြားခဲ့သည်။

ထို့အတူ အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များက မသင်္ကာသူများအားခေါ်ယူစစ်ဆေးစဉ် ညှဉ်းပန်းနှိပ်စက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သဖြင့် ရှောင်ကြဉ်ရမည်ဟု ကော်မရှင်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်နှစ်ဦးတို့သည် ဇူလိုင် ၂၃ ရက်မှ ၂၇ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့များရှိ ဒုက္ခသည်စခန်း ၁၆ ခုသို့ သွားရောက်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်သည်ဟု ယူဆသော တိုင်ကြားစာများနှင့်ပတ်သက်၍ သက်သေများကိုခေါ်ယူစစ်ဆေးခဲ့သည်ဟုဆိုသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ကေအိုင်အေမှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂွမ်မော်ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် သုံးကြိမ်အလွတ်သဘောတွေ့ဆုံခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ တွေ့ဆုံဆွေးနွေးရန်မှာ နေရာရွေးချယ်မှု အဆင်မပြေသဖြင့် လက်တွေ့ဖြစ်ပေါ်မလာသေးပေ။

# စုံစမ်းရေးကော်မရှင် ပထမအကြိမ်အစည်းအဝေး ကျင်းပ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၁၉**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့်ပတ်သက်၍ အဖြစ်မှန်ပေါ်ပေါက်ရေးအတွက်စုံစမ်းရေးနှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးအကြံပြုရန် နိုင်ငံတော်သမ္မတ အမိန့်ဖြင့် ဖွဲ့စည်းပေးခဲ့သောစုံစမ်းရေးကော်မရှင်၏ပထမဆုံးအစည်းအဝေးကိုယနေ့(ဩဂုတ် ၁၉ရက်) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိမြန်မာအီးဂရက်ရုံးတွင် ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။



"အများစုကတော့ အကြံပြုချက်တွေ ဆွေးနွေးတာများတယ်။ အလုပ်လုပ်ဖို့ ရုံးခန်းတစ်ခုဖွင့်ဖို့တော့ သဘောတူခဲ့ကြတယ်" ဟု အဆိုပါအဖွဲ့တွင် ပါဝင်သူဒေါ်သန်းသန်းနု(ဒီမိုကရက်တစ်ပါတီမြန်မာ)ကပြောသည်။

အစည်းအဝေးတွင် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှဦးကိုကိုကြီးက ပြောရေးဆိုခွင့်ရှိသူတစ်ဦးထားပေးရန်နှင့် အတွင်းရေးမှူးဦးကျော်ရင်လှိုင်က ကော်မရှင်လက်အောက်တွင် အဖွဲ့ရှစ်ဖွဲ့ထပ်မံဖွဲ့စည်းရန် တင်ပြခဲ့သည်ဟု ဒေါ်သန်းသန်းနုကပြောသည်။

ဦးကျော်ရင်လှိုင်တင်ပြသော အဖွဲ့ရှစ်ဖွဲ့ထဲတွင် ပဋိပက္ခဖြစ်ပွားခြင်းနှင့် အဖြစ်မှန်ရှာဖွေရေးအဖွဲ့၊ ဆုံးရှုံးမှုများလေ့လာရေးအဖွဲ့၊ ငြိမ်းချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအဖွဲ့၊ ငြိမ်းချမ်းစွာအတူနေထိုင်ရေးအဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့တို့ ပါဝင်သည်ဟု သတင်းရရှိသည်။

နိုင်ငံတော်သမ္မတက ဩဂုတ် ၁၇ ရက်တွင် ဖွဲ့စည်းပေးလိုက်သောအဖွဲ့၌ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ ဦးကိုကိုကြီး၊ တိုင်းရင်းသားထဲမှ ဦးခွန်ထွန်းဦး၊ ဦးအေးသာအောင်နှင့် သတင်းစာဆရာဦးစိုးသိန်း(ခ)မောင်ဝံသ၊ ပညာရှင်များဖြစ်သော ဒေါက်တာမျိုးမြင့်ဦး၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆလိုင်းမှုးကျုံးလျန်နှင့် အစ္စလာမ်သာသနာရေးရာကောင်စီချုပ် ဥက္ကဋ္ဌ ဟာဂျီဦးညွန့်မောင်ဿျိန်တို့အပါအဝင် ၂၇ ဦးပါဝင်သည်။

ပထမဆုံးအကြိမ် ပြုလုပ်သောအစည်းအဝေးသို့ အဖွဲ့ဝင် ၂၇ ဦးထဲမှ ၂၀ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဩဂုတ် ၂၁ ရက်တွင် နယ်စပ်ရေးရာနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် တွေ့ဆုံမည်ဖြစ်သည်။

# ပျူမြို့ဟောင်းများ၏ ကာကွယ်ရေးဇုန်ဧရိယာ ထပ်မံတိုးချဲ့

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၄**

ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမည့် ပျူမြို့ဟောင်းသုံးမြို့၏ သတ်မှတ်ထားသောမူလကာကွယ်ရေးဇုန်ဧရိယာနယ်နိမိတ်ကို ထပ်မံတိုးချဲ့သတ်မှတ်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

ယင်းမြို့ဟောင်းသုံးမြို့မှာ ပြည်မြို့နယ်တွင်ရှိသော သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိဗိဿနိုးနှင့် ရွှေဘိုမြို့နယ်ရှိဟန်လင်းမြို့ဟောင်းတို့ ဖြစ်သည်။ ယင်းမြို့ဟောင်း သုံးမြို့သည် ကမ္ဘာ့အမွေအနှစ်စာရင်း ယူနက်စကိုသို့ တင်သွင်းရန်ပြင်ဆင်နေသောမြို့ဟောင်းသုံးမြို့ဖြစ်သည်။

"ဥပဒေအရ ကာကွယ်ရအောင်လို့ပါ။ ယူနက်စကိုကို တင်တဲ့အခါ တန်းဝင်အောင်တင်ရပါတယ်။ နဂိုသတ်မှတ်ထားတဲ့ ဧရိယာထက် ပေ ၁၀၀၀ လောက်ပဲ ထပ်တိုးမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းကဲ့သို့ မူလဧရိယာနယ်နိမိတ်ထက် ဧရိယာပိုတိုးချဲ့သတ်မှတ်လိုက်သော်လည်း အဆိုပါနယ်နိမိတ်အတွင်းနေသော သူများ၊ လယ်ယာများ ရွှေ့ပြောင်းရန်မလိုအပ်ကြောင်း၊ ရွှေ့ပြောင်းရန်မလိုအပ်သော်လည်း ရှေးဟောင်းအမွေအနှစ်ကိုထိန်းသိမ်းကာကွယ်ခြင်းကို ကူညီသောအားဖြင့် သတ်မှတ်ထားသည့် ဧရိယာအတွင်း စိုက်ပျိုးနယ်မြေ တိုးချဲ့ခြင်း၊ စက်ရုံနှင့် ဟိုတယ်ဆောက်လုပ်ခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်စေမည့် မြေယာတိုးချဲ့ခြင်း စသည့် စည်းကမ်းများလိုက်နာရန် လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မြေဧရိယာ တိုးချဲ့သတ်မှတ်ချက်ကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တင်ပြဆောင်ရွက်မည်ဖြစ်ပြီး ယင်းနယ်နိမိတ်တွင် နေထိုင်ကြသည့် ရပ်ရွာလူထုများကိုလည်း ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ဘာမှ မစိုးရိမ်ပါနဲ့။ သူတို့ လက်ရှိလုပ်နေတဲ့ အလုပ်တွေ ရွှေ့ခိုင်းမှာ မဟုတ်ပါဘူး။ ကာကွယ်ထိန်းသိမ်းမယ်ဆိုတဲ့အတွက် ချမှတ်ထားတဲ့စည်းကမ်းချက်တွေ လိုက်နာရုံပဲပါ။ လိုက်နာရမယ့်ဟာတွေကလည်း စောစောက ကျွန်တော်ပြောခဲ့သလိုပါပဲ။ ပေါ့ပေါ့ပါးပါးပါပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ဖြစ်လာ

**သီဟ**

**နေပြည်တော်၊ဩဂုတ်-၁၅**

သီဟသူရဦးတင် အောင်မြင့်ဦး နုတ်ထွက်သွားပြီးနောက် လစ်လပ်နေသည့်ဒုတိယသမ္မတအား တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့က ရေတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးညဏ်ထွန်းအား ပြည်ထောင်စုလွှတ်တော်နာယကထံ အမည်စာရင်းတင်သွင်းခဲ့ရာပြည်ထောင်စုလွှတ်တော်က ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး အဌမမြောက်နေ့တွင် အတည်ပြုရွေးချယ်ခဲ့သည်။

"ဗိုလ်ချုပ်ကြီးက ကျွန်တော်တို့စစ်တပ်ထဲမှာ လုပ်သက်ရင့်ပြီးတော့ အတွေ့အကြုံပေါင်းများစွာရှိတော့ ဒါလုပ်ဆောင်နိုင်တဲ့အရည်အချင်းရှိတယ်လို့ သတ်မှတ်လို့ရတယ်"ဟု တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မင်းနောင်က ပြောသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) သက်တမ်းလေးနှစ်ခန့်ရှိပြီဖြစ်သည့်ဗိုလ်ချုပ်ကြီးညဏ်ထွန်းသည် စစ်တက္ကသိုလ်အပတ်စဉ်(၁၈)ဆင်းဖြစ်ပြီး တပ်မတော်(ရေ)တွင် အရာရှိငယ်ဘဝမှစ၍ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

"များသောအားဖြင့် ရေတပ်ကလူတွေက ပညာသည်အုပ်စုတွေဖြစ်လို့ လုံးဝမစဉ်းစားမဆင်ခြင်ဘဲနဲ့တော့ မလုပ်နိုင်ပါဘူး" ဟုပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟက ပြောသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတရာထူးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ၃ ပါ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံသည့်အတွက် ရေ-၁၁၉၆ ဗိုလ် ချုပ်ကြီးညဏ်ထွန်းသည် တပ်မတော်သားကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ကြေညာခဲ့သည်။

"ပျော့ပျောင်းတဲ့လူလို့တော့ ယူဆရပါတယ်။ စိတ်ထဲမှာ ဖြစ်စေချင်တာတော့ ဦးစိုးသိန်းတို့လို ဦးအောင်မင်းတို့လို ပုဂ္ဂိုလ်မျိုးတွေပေါ့နော်။ သူတို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီခေတ်စနစ်နဲ့အညီ ပြောလည်းပြောတယ် ၊ လုပ်လည်းလုပ်တယ်။ ဦးညဏ်ထွန်းအနေနဲ့လည်း ဦးစိုးသိန်းတို့လိုပဲပြုပြင်ပြောင်းလဲရေးကို လိုလားတဲ့စိတ်နေ စိတ်ထားရှိရင်တော့ အများကြီးအကူအညီရ မှာပါ"ဟု သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက ပြောသည်။

ပြည်ထောင်စုလွှတ်တော်နာယက က လစ်လပ်သွားသည့် ဒုတိယသမ္မတနေရာအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ကပြန်လည်ရွေးချယ်ပေးရန်အတွက် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပထမနေ့တွင် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

"စိတ်ထဲမှာ ရိုးသားတယ်၊ ဒီမိုကရေစီကိုအားပေးတယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုမယ်ဆိုရင် အဆင်ပြေမှာပါ"ဟု ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟက ဒုတိယသမ္မတသစ်အပေါ် သူ၏မျှော်လင့်ချက်ကိုပြောပြသည်။

"ဒုတိယသမ္မတတစ်ယောက်ဖြစ်လာပြီဆိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာမှာတော့ ဆောင်ရွက်မှုအပိုင်းမှာမှန်ကန်ဖို့ပဲလိုတာပေါ့"ဟု အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူကလည်း သူမ၏ အမြင်ကိုပြောပြသည်။

ဒုတိယသမ္မတအဖြစ်ရွေးချယ်ခြင်းခံသည့် ဗိုလ်ချုပ်ကြီးဟောင်း ဦးညဏ်ထွန်းသည် ပင်ကိုရိုးသား အေးဆေးသူဖြစ်ပြီး အနုပညာ ဝါသနာထုံသူတစ်ဦးဖြစ်ကြောင်း နီးစပ်သည့်အသိုင်းအဝိုင်းမှ သိရသည်။

တပ်မတော်အစိုးရ တာဝန်ယူပြီးသည့် ၁၉၈၈ နောက်ပိုင်းတွင် ရေတပ်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်သည် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသည်။

ထို့နောက် နာဂစ်မုန်တိုင်းပြီးသည့်နောက်ပိုင်းတွင် ရေတပ်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ရာ ယနေ့အချိန်အထိ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခုဗိုလ်ချုပ်ကြီးညဏ်ထွန်းသည် တပ်မတော်(ရေ)မှ အရပ်ဘက်တာဝန်အား အမြင့်ဆုံးထမ်းဆောင်ခွင့်ရသူတစ်ဦးဖြစ်သည်။

# ပြန်လည်ဆန်းသစ်လာတော့မည့် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရေးစနစ်

ဆရာဖော်

**မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့က အရေးကြီးသလို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အဓိကမဏ္ဍိုင်ဟာ 'ပညာရေး' ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စက်မှုနိုင်ငံဖြစ်လာဖို့ဆိုရင်လည်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုဟာ မရှိမဖြစ်လိုအပ်ချက်ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လူသားတစ်ဦးချင်းအနေနဲ့ပဲဖြစ်ဖြစ်၊ လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်အနေနဲ့ပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ပဲ ဖြစ်ဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့အတွက် 'ပညာ' ကိုသာ မဏ္ဍိုင်ပြုပြီး လိုရာခရီးကို ချီတက်ကြရမှာ ဖြစ်ပါတယ်။**

ဥပမာအားဖြင့် ပြရမယ်ဆိုရင် ဂျပန်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေလို သဘာဝသယံဇာတအရင်းအမြစ်မရှိတဲ့နိုင်ငံတွေအနေနဲ့ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာတဲ့နိုင်ငံတွေဖြစ်လာတာက နည်းပညာဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ခဲ့ကြပြီး အဲဒီနည်းပညာတွေကို ထိထိရောက်ရောက် အသုံးချနိုင်တဲ့၊ အရည်အချင်းရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ခဲ့ကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ စက်မှုလက်မှု အထက်တန်းကျောင်းများနဲ့ ကွန်ပျူတာတက္ကသိုလ်များရဲ့ အခန်းကဏ္ဍဟာ အရေးပါနေတယ် ဆိုတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနအနေနဲ့ ၁၉၉၆ ခုနှစ်ကစပြီး ယနေ့အထိ အင်ဂျင်နီယာ၊ ဗိသုကာနဲ့ ကွန်ပျူတာဘွဲ့ရများ၊ မဟာဘွဲ့ရများနဲ့ ပါရဂူဘွဲ့ရအရေအတွက်စုစုပေါင်းတစ်သိန်းကျော်ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုပညာရှင်အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့သော်လည်း အဲဒီအင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရှင်တွေဟာ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ အရည်အချင်းရှိတဲ့ ပညာရှင်တွေ ဖြစ်ရဲ့လားဆိုတာ ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ အကယ်၍ ဒီပညာရှင်တွေဟာ နိုင်ငံတကာစံချိန်မီတဲ့ ပညာရှင်တွေသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့ ဝမ်းမြောက်ဂုဏ်ယူရမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ တစ်ချိန်က ရန်ကုန်စက်မှုတက္ကသိုလ်က ဆရာတစ်ဦးဖြစ်ခဲ့တဲ့အတွက် အခြေအနေမှန်ကို သုံးသပ်နိုင်ပါတယ်။ ဒီနေရာမှာ အထူးပြောကြားလိုတာကတော့ အင်ဂျင်နီယာပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ၊ ကွန်ပျူတာပညာရှင်တွေကို မွေးထုတ်ပေးရာမှာ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးဖို့ လိုတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံမှာ အရေအတွက်များစွာရှိနေတဲ့ ဒီနည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ ကျောင်းများအပြင် ကွန်ပျူတာတက္ကသိုလ်၊ အားလုံးကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့၊ အရည်အချင်းပြည့်ဝတဲ့ ပညာရှင်တွေကို သင်ကြားမွေးထုတ်ပေးနိုင်ဖို့အတွက် ငွေကြေးအားဖြင့် သော်လည်းကောင်း၊ သင်ထောက်ကူပစ္စည်းများနဲ့သင်ကြားရေး ဆရာ၊ ဆရာမများ ပြည့်စုံစွာဖြည့်ဆည်းပေးဖို့အတွက်သော်လည်းကောင်း လောလောဆယ်မှာ ဖြစ်နိုင်မယ့် အခြေအနေမရှိသေးကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံတော်တော်များများမှာ နိုင်ငံအလိုက် နည်းပညာတက္ကသိုလ်များ၊ သိပ္ပံများနဲ့ ကွန်ပျူတာတက္ကသိုလ်များ စသည်ဖြင့် အရေအတွက်များစွာ ဖွင့်လှစ်ထားကြသော်လည်း၊ ဒီတက္ကသိုလ်များအနက်က တချို့ကိုသာ အဆင့်မြင့်တက္ကသိုလ် (Centre of Excellence) အဖြစ် သတ်မှတ်ရွေးချယ်ပြီး နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားရေး ဆရာ၊ ဆရာမများ၊ ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ သင်ကြားပုံနည်းစနစ်များနှင့် ငွေကြေးအကုန်အကျခံပြီးတော့ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့အညီ ဖွင့်လှစ်ပို့ချပေးလျက်ရှိတာကိုတွေ့ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေအရ နည်းပညာတက္ကသိုလ် ၃၃ ခုနဲ့ ကွန်ပျူတာတက္ကသိုလ် ၂၅ ခုရှိနေပြီးဖြစ်တဲ့အတွက် ဒီနည်းပညာတက္ကသိုလ် ၃၃ ခုနဲ့ ကွန်ပျူတာတက္ကသိုလ် ၂၅ ခုလုံးကို အဆင့်မြင့်တက္ကသိုလ်များအဖြစ် တစ်ပြိုင်နက်တည်း တိုးမြှင့်ပေးဖို့အတွက် ငွေကြေးအခြေအနေနဲ့ အခြားသော သင်ကြားမှုဆိုင်ရာလိုအပ်ချက်များအရလောလောဆယ်မှာ ပံ့ပိုးပေးနိုင်ခြင်း မရှိသေးတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာ တက္ကသိုလ်တွေအနက်က အဆင့်မြင့် နည်းပညာတက္ကသိုလ်ဖြစ်နိုင်ဖို့အလားအလာ အကောင်းဆုံးဖြစ်တဲ့ ရန်ကုန် နည်းပညာတက္ကသိုလ်နဲ့ မန္တလေး နည်းပညာတက္ကသိုလ်တို့ကို အဆင့်မြင့်နည်းပညာတက္ကသိုလ်များအဖြစ် ဦးစွာအဆင့်မြှင့်တင်နိုင်မှာဖြစ်သလို ကွန်ပျူတာတက္ကသိုလ် ၂၅ ခုထဲကလည်း ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နဲ့ မန္တလေး ကွန်ပျူတာတက္ကသိုလ်တွေကို အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များအဖြစ် ဦးစွာအဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်။

Centre of Excellence များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာမှာ အဆောက်အဦပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ အခက်အခဲများစွာ မရှိသော်လည်းဘဲ လက်ခံသင်ကြားပေးမယ့် အထူးပြုပညာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးခြင်းနဲ့ အရည်အချင်းပြည့်ဝတဲ့ သင်ကြားရေးဆရာ၊ ဆရာမတွေကို တာဝန်ပေး ခန့်အပ်ဖို့ စတဲ့လုပ်ငန်းတွေကို ဦးစွာစီစဉ်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါဟာ စက်မှုတက္ကသိုလ် ဆရာဟောင်းတစ်ဦးအနေနဲ့ ကျွန်တော်ဖြစ်စေချင်တဲ့ ဆန္ဒအိပ်မက်ဖြစ်ပြီး၊ အခုလို နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာတွေ ချမှတ်ဆောင်ရွက်နေချိန်မှာ အချိန်ကိုက် ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် ဘယ်တော့များ ကျွန်တော်တို့နိုင်ငံမှာ အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရေးစနစ်မှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာမလဲဆိုပြီး မျှော်လင့်စောင့်စားနေခဲ့ပါတယ်။

ဒီလို မျှော်လင့်နေတဲ့အချိန်မှာပဲ (၁၁-၈-၂၀၁၂)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများနဲ့ ကွန်ပျူတာတက္ကသိုလ်များရဲ့ ပညာရည်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပြောကြားခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရေးစနစ်ကို လာမယ့်ပညာသင်နှစ်ကစပြီးတော့ မြှင့်တင်ဆောင်ရွက်သွားမယ့် အစီအစဉ် အပြည့်အစုံကို (၁၂-၈-၂၀၁၂)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ဖတ်လိုက်ရတော့ အင်ဂျင်နီယာဆရာဟောင်းတစ်ဦးရဲ့ ဆန္ဒအိပ်မက်ဟာ လက်တွေ့အကောင်အထည်ပေါ်လာတော့မှာပါလားဆိုတဲ့ မျှော်လင့်ချက်ရောင်ခြည်များသန်းလာခဲ့ပါတယ်။ ဒီအစီအစဉ်တွေကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်သွားနိုင်ဖို့ကျွန်တော်တို့လို တက္ကသိုလ်ဆရာဟောင်းတွေနဲ့ပညာရှင်တွေအနေနဲ့ တတ်အားသရွေ့ ပါဝင်ကူညီကြဖို့ ပြည်ထောင်စုဝန်ကြီးကလည်း ဖိတ်ခေါ်ထားတဲ့အတွက် ဘယ်လိုအကူအညီများ ပေးနိုင်မလဲဆိုတာကို ဘဝတူ အငြိမ်းစားဆရာကြီးများက ညှိနှိုင်းတိုင်ပင်နေကြပြီဖြစ်လို့ အိမ်အပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေကြတဲ့ ဆရာဟောင်းကြီးတွေတောင် ပြန်ပြီးနိုးနိုးကြားကြား ဖြစ်လာကြတာကို ဝမ်းမြောက်စွာ မြင့်တွေ့နေကြရပြီဖြစ်ပါတယ်။

ဒီနေရာမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက လျာထားသတ်မှတ်ချက်တွေဖြစ်တဲ့ တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်စုစုပေါင်း အနည်းဆုံး ၄၅၀ မှတ်နှင့်အထက် ရရှိသူများထဲက အဆင့်မြင့်တက္ကသိုလ်များအဖြစ် အခုလာမယ့် ပညာသင်နှစ်ကစပြီး ဖွင့်လှစ်သွားမယ့် ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ မန္တလေးနည်းပညာတက္ကသိုလ်တွေမှာ တစ်နှစ်ကို ကျောင်းသား၊ ကျောင်းသူအများဆုံး ၂၅၀ ဦးစီနဲ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့်မန္တလေးကွန်ပျူတာတက္ကသိုလ်တွေမှာလည်း တစ်နှစ်ကို ကျောင်းသား၊ ကျောင်းသူအများဆုံး ၂၀၀ ဦးစီကို လက်ခံပညာသင်ကြားပေးသွားမယ်ဆိုတာကို သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရေးစနစ်မှာ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရမယ့် အနေအထားလည်း ရှိပါတယ်။ ဒါ့အပြင် အဲဒီ ကျောင်းသား၊ ကျောင်းသူတွေကို နိုင်ငံတကာ အဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်များ၊ စာမေးပွဲစစ်ဆေးတဲ့နည်းစနစ်များ၊ အရည်အချင်းရှိတဲ့ သင်ကြားရေးဆရာ၊ ဆရာမများနဲ့သင်ထောက်ကူပစ္စည်း ပြည့်ပြည့်စုံစုံနဲ့ သင်ကြားပေးမှာဖြစ်ကြောင်းသိရပြီး သင်တန်းကာလကိုလည်း အဆင့်မြင့်နည်းပညာတက္ကသိုလ်များအတွက် ခြောက်နှစ်နဲ့ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များအတွက် ငါးနှစ်သတ်မှတ်ထားပါတယ်။ နောက်ပိုင်းမှာ သင်ကြားပုံနည်းစနစ် မြင့်လာပြီး ဝင်လာမည့် ကျောင်းသား၊ သူတွေရဲ့ အခြေခံပညာအဆင့်လည်း ပိုမြင့်လာတဲ့အခါ ပညာသင်ကာလကို လိုအပ်သလို လျှော့ပြီးသတ်မှတ်သွားနိုင်မှာဖြစ်ပါတယ်။

ဒီလို ကြိုးပမ်းဆောင်ရွက်သွားနိုင်မှသာ သက္ကရာဇ် ၂၀၂၀ ခုနှစ်လောက် အရောက်မှာ ဒီအဆင့်မြင့်တက္ကသိုလ်တွေဟာ နိုင်ငံတကာအဆင့် မရောက်ရှိသေးရင်တောင်မှ အာဆီယံနိုင်ငံများရှိ အလားတူ တက္ကသိုလ်များအဆင့်သို့ ရောက်ရှိနိုင်မှာဖြစ်လို့ ဒီကိစ္စကို နိုင်ငံတော်ဘက်ကရော ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြင်ပက ပညာရှင်များကပါ ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကိုလည်း ဘက်စုံပံ့ပိုးကူညီပေးဖို့ များစွာလိုပါမယ်။

အလားတူပဲ အခုလာမယ့် ပညာသင်နှစ်မှာ တက္ကသိုလ်စတက်ကြမယ့် ကျောင်းသား၊ သူတွေအနေနဲ့ နည်းပညာတက္ကသိုလ်၊ သိပ္ပံနဲ့ ကျောင်းများမှာ နည်းပညာ ဒီပလိုမာလက်မှတ် (A.G.T.I Certificate) ရရှိဖို့ သုံးနှစ်တက်ရောက်ရန် သတ်မှတ်လိုက်တဲ့ အချက်ဟာလည်း အလွန်သင့်တော်တဲ့အချက်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ ဘယ်နိုင်ငံမှာမဆို စက်ရုံ၊ အလုပ်ရုံတွေမှာ အများစုလိုအပ်တဲ့ ကျွမ်းကျင်သူတွေဟာ A.G.T.I ဒီပလိုမာလက်မှတ်ရအဆင့်ကျွမ်းကျင်သူ(Technician)များနဲ့ T.H.S အောင်အဆင့် Skilled Workers တွေပဲဖြစ်ပါတယ်။ သူတို့ဟာ စက်ရုံ၊ အလုပ်ရုံတွေအတွက် အဓိက မောင်းနှင်အား (Prime Mover)များပဲဖြစ်ပါတယ်။ သူတို့တွေအနေနဲ့ သီအိုရီထက် လက်တွေ့ကျွမ်းကျင်မှုရှိဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတကာမှာလည်းကျွမ်းကျင်သူအဆင့်ကိုသင်ကြားမွေးထုတ်ပေးလျက်ရှိရာမှာ သီအိုရီနည်းနည်းနဲ့လက်တွေ့များများ သင်ပေးနိုင်ဖို့ အချိန်သုံးနှစ်လောက် ယူလေ့ရှိတဲ့အတွက်ပါ။

ဒါ့အပြင် ဒီလို A.G.T.I ဒီပလိုမာသင်တန်းသုံးနှစ်အောင်မြင်ပြီးမြောက်သူတွေအထဲက သတ်မှတ်ထားတဲ့ အရည်အချင်းမီသူတွေကို B.E ဘွဲ့ပေးမယ့် နည်းပညာတက္ကသိုလ်တွေမှာ အင်ဂျင်နီယာ အသွင်ပြောင်းသင်တန်း (Engineer Orientation Course) တစ်နှစ် တက်ခိုင်းပြီး အောင်မြင်သူတွေကို နောက်ထပ် ၃ နှစ်ကြာအောင် အင်ဂျင်နီယာလိုင်းသက်သက်နဲ့ သက်ဆိုင်တဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ သင်ကြားပေးသွားမယ်ဆိုတဲ့ လုပ်ငန်းစဉ်ဟာလည်း လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းစဉ်ဖြစ်တာကို တွေ့ရှိရပါတယ်။ အကြောင်းကတော့ A.G.T.I ၃ နှစ်သင်တန်းဟာ Technician ဘက်ကို စောင်းပေးပြီး သင်ကြားပေးတဲ့ သင်တန်းဖြစ်လို့ Technician လိုင်းဘက်က အင်ဂျင်နီယာလိုင်းဘက်ကို ကူးပြောင်းသင်ကြားဖို့ အဆင့်မီတဲ့ ကျောင်းသား၊ သူတွေအနေနဲ့ မိမိတို့ ၃ နှစ်တာသင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်တဲ့ Technician လိုင်းဘက်ကနေပြီး အင်ဂျင်နီယာ လိုင်းဘက်ကို ကူးပြီးပညာသင်ရာမှာ အင်ဂျင်နီယာဆိုင်ရာ အခြေခံဘာသာရပ်များကို နားလည်သိရှိဖို့ လိုအပ်တဲ့အတွက် ဒီလို Engineer Orientation Course ကို တစ်နှစ်တက်ရောက်ဖို့ သတ်မှတ်ထားတယ်လို့ သဘောပေါက်ပါတယ်။ တကယ်ဆိုတော့ ဒီစနစ်ဟာ အခုမှအသစ်ထွင်ပြီး လုပ်ထားတဲ့စနစ် မဟုတ်ဘဲ ကျွန်တော်တို့စက်မှုတက္ကသိုလ် ဆရာဘဝမှာကတည်းက ကျင့်သုံးခဲ့တဲ့စနစ်ဖြစ်ကြောင်းနှင့် ထိရောက်မှုရှိခဲ့ကြောင်းကိုလည်း အခုလူငယ်ကျောင်းသားများနဲ့ မိဘများကို အသိပေးလိုပါတယ်။

အလားတူပဲ A.G.T.I သင်တန်း ၃ နှစ် အောင်မြင်ပြီးမြောက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် B.E ဘွဲ့သင်တန်းတက်ဖို့ အဆင့်မမီသူတွေအတွက်လည်း မိမိတို့တက်ရောက်နေတဲ့ နည်းပညာတက္ကသိုလ်တွေမှာပဲ B.Tech ဘွဲ့အတွက် ၂ နှစ် ဆက်လက်တက်ရောက်ပြီး အောင်မြင်ပြီးမြောက်ခဲ့လို့ရှိရင် နည်းပညာဘွဲ့တစ်ခုဖြစ်တဲ့ Bachelor of Technology (B.Tech) ဘွဲ့ကို ပေးအပ်သွားမှာဖြစ်တဲ့အပြင် နိုင်ငံတော်က လိုအပ်ချက်ရှိပြီး အခြေအနေပေးလာတဲ့အချိန်မှာ Master of Technology (M.Tech)လို ဘွဲ့လွန်သင်တန်းတွေ ဖွင့်လှစ်ပေးဖို့ ကြိုးပမ်းသွားမယ် ဆိုတာကိုလည်း သိရှိရပါတယ်။ ဒါဟာလည်း အရည်အချင်းရှိသူတွေကို အရည်အချင်းရှိသလောက် ပညာရေးအခွင့်အလမ်း ဖွင့်ပေးသွားမယ်ဆိုတဲ့ သဘောလို့လည်း ထင်မြင်မိပါတယ်။

ဒီနေရာမှာ ကျောင်းသားတွေရော မိဘတွေပါ သိထားသင့်တဲ့ အရေးကြီးတဲ့ အချက်ကတော့ အင်ဂျင်နီယာလိုင်းနဲ့ ကျွမ်းကျင်သူလိုင်းဟာ သီးခြားစီရှိတဲ့အတွက် အရင်ကလို B.Tech ဘွဲ့ရပြီးသူတွေအနေနဲ့ အင်ဂျင်နီယာလိုင်းဘက်ကို ကူးပြောင်းသွားဖို့ အမှန်အတိုင်းပြောရမယ်ဆိုရင် အချိန်နောက်ကျနေပြီဆိုတဲ့ သဘောပဲဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေကို B.Tech ပြီးမှ အင်ဂျင်နီယာလိုင်းဘက်သို့ကူးပြောင်းစေခြင်းမပြုတော့ဘဲ အင်ဂျင်နီယာဖြစ်ဖို့ အလားအလာရှိသူတွေကို A.G.T.I ဒီပလိုမာသင်တန်း ၃ နှစ်ပြီးစကတည်းက ရွေးချယ်ပြီး စောစောကတည်းက အင်ဂျင်နီယာလိုင်းဘက်သို့ ပေါင်းကူးခွင့်ပေးထားခြင်းဖြစ်တယ်လို့ တက္ကသိုလ်ဆရာကြီးများက သဘောပေါက်သလို ကျောင်းသားတွေရော မိဘတွေပါ နားလည်သဘောပေါက် လက်ခံပေးကြဖို့ အလွန်လိုအပ်ပါတယ်။ အရင်ကကျင့်သုံးခဲ့တဲ့ လှေကားထစ်ပညာရေးစနစ်ကို မည်သည့်နိုင်ငံကမှ အသုံးမပြုကြတာဟာလည်း လက်တွေ့အကျိုးမများလို့သာ ဖြစ်ရမယ်လို့လည်း ယူဆနိုင်ပါတယ်။

အခုလာမယ့်ပညာသင်နှစ်ကစပြီးတော့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းပိတ်ချိန်မှာ လုပ်ငန်းခွင် လက်တွေ့သင်တန်းများ ပေးနိုင်ဖို့သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းဌာနများနဲ့ ညှိနှိုင်းထားပြီးဖြစ်ကြောင်း သိရှိရတဲ့အတွက်ကျောင်းသား၊ကျောင်းသူများအနေနဲ့လက်တွေ့လုပ်ငန်းများနဲ့လည်း ပိုမိုထိတွေ့ အကျွမ်းဝင်လာမယ့် အခွင့်အလမ်းများကို ရရှိနိုင်မှာဖြစ်လို့ ဒီလုပ်ရပ်ဟာလည်း လုပ်နိုင်သလောက် အကျိုးရှိမည့် ကိစ္စရပ်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ထိုနည်းတူစွာပဲ (၁၄-၈-၂၀၁၂)ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နဲ့ မန္တလေးနည်းပညာတက္ကသိုလ်တွေကို အခုလာမယ့် ပညာသင်နှစ်ကစပြီးတော့ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်တော့မှာဖြစ်လို့ ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီအဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်တွေမှာ ကွန်ပျူတာပညာရပ်ဆိုင်ရာ အထူးပြုဘွဲ့တွေဖြစ်တဲ့ B.C.Sc (Software Engineering), B.C.Sc (Knowledge Engineering), B.C.Sc (Business Information System), B.C.Sc (High Performance Computing), B.C.Tech (Computer Communication and Network), B.C.Tech (Embedded System) ဘွဲ့နဲ့ B.C.Tech (Computer System) ဘွဲ့အစရှိတဲ့ အထူးပြုဘွဲ့တွေ ပေးသွားတော့မယ်ဆိုတာကို သိရှိရလို့လည်း ကွန်ပျူတာပညာရှင်များက မြန်မာနိုင်ငံရဲ့ ကွန်ပျူတာပညာရေး တစ်ခေတ်ဆန်းလာတော့မှာကို ကြိုဆိုကြကြောင်းလည်း သိရှိရပါတယ်။

> **အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များနဲ့ ဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင်ရာမှာ ဆရာ၊ ဆရာမများဟာ အခြေခံအကျဆုံးကဏ္ဍက ပါဝင်နေသူတွေဖြစ်တဲ့အတွက် ဆရာ၊ ဆရာမများဟာ တပည့်များကို လေ့ကျင့်သင်ကြားပေးရာမှာ စာမေးပွဲအောင်ဖို့သက်သက်သာ မဟုတ်ဘဲ ပညာရပ်ဆိုင်ရာ တတ်မြောက်သိရှိနားလည်သဘောပေါက်ပြီး ကျွမ်းကျင်မှုနဲ့ အသိပညာဗဟုသုတပါ ပြည့်စုံတဲ့ အင်ဂျင်နီယာပညာရှင်တွေနဲ့ ကွန်ပျူတာပညာရှင်တွေဖြစ်လာအောင်ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါတယ်**

အခုရေးသားဖော်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အင်ဂျီနီယာနဲ့ကွန်ပျူတာပညာရေးစနစ်ကို ပိုပြီးအဆင့်မြင့်တဲ့ ပညာရေးစနစ်အဖြစ် ပြုပြင်ပြောင်းလဲသွားမယ့် ပုံစံသစ်ဟာ အခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြပြီး တက္ကသိုလ်ကို စပြီးတက်ရောက်ကြမယ့် ကျောင်းသား၊ ကျောင်းသူတွေနဲ့သာ သက်ဆိုင်မှုရှိမှာဖြစ်ပြီး နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ လက်ရှိပညာသင်ကြားနေတဲ့ကျောင်းသား၊ ကျောင်းသူတွေကတော့ လက်ရှိ စနစ်ဟောင်းအတိုင်းပဲ ဆက်ပြီးသွားကြရမှာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

အငြိမ်းစားတက္ကသိုလ်ဆရာတစ်ဦးအနေနဲ့ အကြံပေးလိုတာကတော့ ကျွန်တော်တို့ရဲ့ အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များနဲ့ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာမှာ ဆရာ၊ ဆရာမများဟာ အခြေခံအကျဆုံးကဏ္ဍက ပါဝင်နေသူတွေဖြစ်တဲ့အတွက် ဆရာ၊ ဆရာမများဟာ တပည့်များကို လေ့ကျင့်သင်ကြားပေးရာမှာ စာမေးပွဲအောင်ဖို့သက်သက်သာ မဟုတ်ဘဲ ပညာရပ်ဆိုင်ရာ တတ်မြောက်သိရှိနားလည် သဘောပေါက်ပြီး ကျွမ်းကျင်မှုနဲ့ အသိပညာဗဟုသုတပါ ပြည့်စုံတဲ့ အင်ဂျင်နီယာပညာရှင်တွေနဲ့ကွန်ပျူတာပညာရှင်တွေဖြစ်လာအောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါတယ်။ မိမိရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိဖို့အတွက် ပညာရေးနဲ့ မပတ်သက်တဲ့ ကိစ္စတွေနဲ့ အချိန်ကုန်မခံဘဲ စာပေကိုသာ တစိုက်မတ်မတ် ကြိုးစားသင်ယူရေးနဲ့ ကျန်းမာရေး ကောင်းမွန်ဖို့တို့အတွက် ဆရာ၊ ဆရာမများအနေနဲ့ တပည့်များကို မိမိတို့ရဲ့ သား၊ သမီးများ၊ တူ၊ တူမများလို စေတနာမေတ္တာထားပြီး အခါမလပ်သွန်သင်ဆုံးမပေးကြဖို့ အကြံပေးလိုပါတယ်။

ဒါ့အပြင် ကျောင်းသား၊ ကျောင်းသူများကို မှာကြားလိုတာကတော့ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာများကို မျက်ခြည်ပြတ်မခံဘဲ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်အောင် အဆင့်မြင့်ခေတ်မီ နည်းပညာရပ်များကို အမြဲမပြတ် ဆည်းပူးလေ့လာရင်း နိုင်ငံတော်ရဲ့ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမယ့် သုတေသနလုပ်ငန်းများကို ဆထက်ထပိုး ပြုလုပ်ကြပါလို့ အကြံပေးလိုပါတယ်။

ကျောင်းသား၊ ကျောင်းသူများအနေနဲ့ မိမိတန်ဖိုးထားတဲ့ ဘွဲ့ကို ရယူနိုင်ဖို့အတွက် ဒီဘွဲ့နဲ့ ထိုက်တန်တဲ့ အရည်အချင်းရှိအောင် ကြိုးစားအားထုတ်ပြီး နိုင်ငံ့ဂုဏ်ဆောင် ပညာရှင်များဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြပါလို့ အလေးအနက်တိုက်တွန်းလိုက်ပါတယ်။ ။